www.burmeseclassic.com

အောင်မြင်

လုံးချင်းဝတ္ထုသစ်

# မြပုလဲခင်


## ချစ်သူ့လိပ်ပြာ

BURMESE CLASSIC .com



www.burmeseclassic.com

www.burmeseclassic.com



၈၉၅.၈၃

မြပုလဲခင်

ချစ်သူ့လိပ်ပြာ/မြပုလဲခင်။ -ရန်ကုန်၊

အောင်မြင်စာပေ၊ ၂၀၁၀။

၂၇၂-စာ၊ ၁၂.၅×၁၈.၂ စင်တီ။

(၁) မြပုလဲခင်

**ပုံနှိပ်မှတ်တမ်း**

စာမူခွင့်ပြုချက်အမှတ်--၅၀၁၇၀၈၃၁၂၀၉ မျက်နှာဖုံးခွင့်ပြုချက်အမှတ်--၅၀၀၀၂၄၀၁၁၀

**ဖြန့်ချိရေး** အောင်မြင်စာပေ၊ အမှတ်(၁)၊ အောင်ဘာလေး၊ ကျောက်မြောင်း။

**အတွင်းနှင့်မျက်နှာဖုံးပုံနှိပ်** ဦးအောင်မြင့်၊ အောင်မြင့်ပုံနှိပ်တိုက်၊ အမှတ်(၁၆)၊ သစ်ရာပင်လမ်း၊ သုဝဏ္ဏ၊ ရန်ကုန်မြို့။

**ထုတ်ဝေသူ** ဦးအောင်မြင့်၊ အမှတ်(၇)၊ သီတာလမ်း၊ ကျောက်မြောင်း၊ ရန်ကုန်မြို့။ ပထမအကြိမ်၊ ဇွန်လ၊ ၂၀၁၀ခုနှစ်၊ အုပ်ရေ(၅၀၀)၊ တန်ဖိုး ၁၅၀၀ ကျပ်။



"အား. . . မွှေးလိုက်တာ"

ရင်ထဲ စိမ့်အေးပြီး ကြည်နူးမှုက လှိုက်တက်လာသည်။ လက်ဖျံပေါ်မှ မွှေးညင်းကလေးများပင် ထောင်ထသွား၏။

"သိပ်နှစ်သက်တဲ့ ပိတောက်ရနံ့ပဲ"

ဘယ်ဆီကလဲ။

အရပ်ရပ်ကို ဝေ့ဝဲ၍ ကြည့်မိတော့. . .

လား. . . လား. . . ပိတောက်ပန်းတွေ အဆုပ်လိုက် အခဲလိုက် မြေမှာ ကော်ဇောခင်းထားလေသည်။

"အား. . . ပျော်လိုက်တာ"

ပိတောက်ပန်းကြွေများကို ကျုံးယူပြီး ကောင်းကင်ထက်သို့ ပစ်မြှောက်တင်လိုက်၏။ ထိုအခါ ပိတောက်ပန်းမိုးများက တဖွဲဖွဲ ရွာသွန်းလာ၏။

ဟေး. . . ဟေးဟု ပျော်ရွှင်စွာ ဟစ်အော်ရင်း ပိတောက်



www.burmeseclassic.com

www.burmeseclassic.com



မိုးပန်းများကို လိုက်ဖမ်းနေမိစဉ်. . .

"အား. . ."

တစ်စုံတစ်ရာကို ခလုတ်တိုက်မိပြီး လဲကျသွား၏။

"အို. . ."

ထိုတစ်စုံတစ်ရာသည် ပန်းမွေ့ရာထဲ၌ နစ်မြုပ်လဲလျောင်းနေသော လူသားတစ်ဦးပင်။ မျက်ခွံတခါးပိတ်လျက် ဝိညာဉ်ကင်းမဲ့နေသော မျက်နှာနှင့် လူသားတစ်ဦး။

"တိုး. . . တိုး"

ရင်ထဲ စူးနစ်နာကျင်လျက် တိုးကို သူမ ပွေ့ပိုက်လိုက်သည်။

တိုးကား ပါမလာ။

ရင်ခွင်ထဲ၌ ပိတောက်ပန်းများသာ ပြည့်နှက်နေသည်။

"တိုး. . ."

တိုး ဘယ်မှာလဲ။

ဘယ်ရောက်သွားသလဲ။

မူးနောက်နေအောင် လှည့်ပတ်ရှာဖွေမိတော့။

ဟော. . . တွေ့ပြီတိုး။

 သြော်. . . ချစ်သက်လက်ဆောင်ပေးမည့် ပိတောက်ပန်းများကို ပွေ့ပိုက်ပြီး ရပ်နေသော တိုး။

ကြင်နာရွှန်းလက်သော အပြုံးနှင့် တိုး။

"တိုး. . ." ဟု ဝမ်းသာစွာ ဟစ်အော်ပြီး တိုးရင်ခွင်ဆီသို့ တအားပြေးဝင်သွားမိသည်။

သို့သော်. . .

တိုးဆီ မရောက်။

တိုးသည် နီးလာလိုက် ဝေးသွားလိုက်နှင့်. . .





"ဘယ်လိုဖြစ်နေတာလဲ"

ခြေထောက်များ လှမ်း၍မရ။

ပိတောက်ခင်းထဲ နစ်ဝင်ကျွံကျနေသည်။

ပိတောက်ပန်းမိုးကလည်း ရွာသွန်းနေဆဲ။

အသက်ရှူမဝချင်တော့၊ မွန်းကျပ်လာသည်။ ခန္ဓာကိုယ်ပေါ်သို့ ပိတောက်ပန်းတို့ ပြိုဆင်းဖိစီးမှုကြောင့် လေးလံလာသည်။

"မွန်းလိုက်တာ"

BURMESE CLASSIC .com



www.burmeseclassic.com

www.burmeseclassic.com



အပိုင်း(၁)

# ခြောက်လှန့်တတ်သော ပိတောက်အိပ်မက်

BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com





## အခန်း(၁)

"အား. . . မွန်းတယ်. . . မွန်းတယ်"

"သမီး. . . သမီး ထတော့လေ၊ အို. . . စောင်ကြီးကလဲ မျက်နှာအုပ်လို့ပါလား၊ ဒီလောက်အိုက်ရတဲ့အထဲ စောင်ခြုံအိပ်ရတယ်လို့"

ဒေါ်လေးက စောင်ကို ဖယ်ရှားရင်း ဗျစ်တောက်ဗျစ်တောက်နှင့် ပြောနေသဖြင့် အိပ်ယာထက်၌ ငူငူကြီး ထိုင်နေမိသည်။ ပိတောက်အိပ်မက် လွင့်ပျယ်သွားလေပြီ။





သို့သော် ရင်မှာ တသသနှင့် အိပ်မက်ကို ပြန်လည်ခံစားနေရဆဲ ဖြစ်သည်။ မနေ့တစ်နေ့ကလို ခံစားနေရဆဲပါ တိုးရယ်။

အိမ်ရှေ့ဘက်ဆီမှ ကားသံကြောင့် ဒေါ်လေး အိပ်ခန်းတွင်းမှ အိပွဲအိပွဲနှင့် ထွက်သွားသည်ကို ငေးကြည့်ရင်း လှုပ်ရှားချင်စိတ် မရှိသေးသဖြင့် ခပ်ငူငူပင် ထိုင်နေမိသည်။

ရင်မှာ တနုံ့နုံ့နှင့် နာကျင်မှု ဝေဒနာရပ်က ကြီးစိုးလာသည်။

သည်နေ့ သင်္ကြန်အကျနေ့ ရောက်ပြီကော တိုးရယ်၊ ရင်မှာ တမြည့်မြည့် လောင်ကျွမ်းဆဲ ဖြစ်ခဲ့သည်မှာ ဆယ်နှစ်တင်းတင်း ပြည့်ခဲ့ပြီကော။

သို့ပေမင့် မနေ့တစ်နေ့ကလိုပါပဲ၊ ခံစားမှု ဝေဒနာက လတ်လတ်ဆတ်ဆတ် ရှိနေဆဲပင်။

"ဆရာမရေ. . . ထတော့၊ တပည့်တွေ လာတယ်ဟေ့"

ဒေါ်လေးအသံကြောင့် ပွရောင်းနေသော ဆံပင်ကို ဘီးဖြင့် တစ်ချက်နှစ်ချက် သပ်လိုက်ပြီး ကသုတ်ကရက် ထွက်ခဲ့သည်။

ဖိနပ်ချွတ်တွင် ဝတ်မှုန်၊ နီနီ၊ ထွန်းဦး အစရှိသော တပည့်ငါးယောက် ရပ်နေကြသည်။ အသီးသီး၌ ပိတောက်ခက်များ ပွေ့ပိုက်ထားကြသည်။

ချိုအီသော ပိတောက်ရနံ့က မိမိ၏နှလုံးသားအစုံကို စူးစူးရှရှ ထိုးဖောက်ဝင်ရောက်လာသည်။ သို့သော် ပုဂ္ဂလိက ရင်တွင်းခံစားမှုကို ဘေးဖယ်ထားလိုက်ပြီး. . .

"လာ. . . ကလေးတို့ အိမ်ထဲ ဝင်ထိုင်ကြ"

"ဟင့်အင်း. . . မီးတို့က ရေစိုတွေနဲ့မို့ မဝင်တော့ဘူး ဆရာမ"

"ဆရာမကို လာခေါ်တာပါ၊ ဝတ်မှုန်တို့အိမ်မှာ ဆွမ်း



www.burmeseclassic.com

www.burmeseclassic.com



ကျွေးရှိပါတယ်၊ မေမေက ဆရာမကို မရမက ခေါ်ခဲ့ရမယ်တဲ့၊ ပြီးတော့ ဝတ်မှုန်တို့နဲ့ ရေပက်ခံ လိုက်ခဲ့ပါလား ဆရာမ"

ဝတ်မှုန်က ပြောပြောဆိုဆို ပိတောက်ခက်များကို မိမိလက်ထဲသို့ လာ၍ ထည့်လေသည်။ ကျန်တပည့်များကလည်း အားကျမခံ ပေးသဖြင့် ပေးသမျှကို 'Thank You' ဟု ဆိုကာ လက်ခံယူလိုက်ရလေသည်။

ရင်ထဲ၌ ပိတောက်တွေ တပွေ့တပိုက်ကြီး ဖြစ်နေသည်။ သင်္ကြန်နှင့် ပိတောက်ပွင့်ချိန် ကြုံကြိုက်မှုကို လူတိုင်း လိုလားကြပါသည်။

သို့သော် ထိုလူတိုင်း လိုလားသော ပိတောက်ကို မိမိသည် ကား ကြောက်လန့်နေပါသည်။ ထို့အတူ သင်္ကြန်ကိုလည်း ကြောက်လန့်ပါသည်။

ထို့ကြောင့် ပိတောက်နှင့် သင်္ကြန်ကို ရှောင်ရှားခဲ့ပါသည်။

သို့သော်လည်း တပည့်များ ပေးလာသော ပိတောက်ပန်းများကိုတော့ ငြင်းဆန်ရန် မသင့်တော်သဖြင့် နှလုံးသားနှင့် အနီးကပ်ဆုံးသော ရင်ခွင်၌ တပွေ့တပိုက်ကြီး ပိုက်ထွေးလိုက်ရသည်။

ရင်တွင်းမှာတော့ သောကမီးရေ တဖြိုင်ဖြိုင် ရှာသွန်းနေလေပြီ။

"လိုက်မယ်မဟုတ်လားဟင် ဆရာမ"

"ဆွမ်းကျွေးတော့ လိုက်မယ်၊ ဆရာမ သင်္ကန်းနဲ့ ဝတ္ထုပစ္စည်း ကပ်စရာ ရှိနေတယ်၊ သမီးတို့ ဆွမ်းကျွေးက ပင့်သံဃာတွေဆီမှာပဲ ကပ်လိုက်တော့မယ်၊ ရေပက်ခံကိုတော့ မလိုက်တော့ဘူး၊ ဆရာမက အခါတွင်းမှာ ဥပုသ်စောင့်တာမို့လို့ပါကွယ်၊ ကလေးတို့ပဲ သွားကြပါ"

"ဒါဖြင့် ဝတ်မှုန်တို့ မြို့ထဲ ဟစ်ပတ်လှည့်ပြီးတာနဲ့ ဆရာမ





တို့ တရားနာအမီ လာခေါ်မယ်နော် ဆရာမ"

နှုတ်ဆက်နေကြသော တပည့်များကို ပိတောက်ပွေ့လျက်ကနေ အောက်အထိ လိုက်ပို့ပေးရင်း. . .

"အေးကွယ်. . . ဘုန်းကြီး တရားနာ မှီရင် ပြီးတာပါပဲ၊ လွတ်လွတ်လပ်လပ်သာ လည်ကြပါ၊ ကားကိုလဲ ဂရုစိုက် မောင်းခိုင်းနော်၊ ကဲ. . . သွားကြ. . . သွားကြ"

မြူးတူးရွှင်လန်းစွာနှင့် ကားပေါ် အပြေးအလွှား တက်သွားကြသော တပည့်လေးများကို ငေးကြည့်နေမိသည်။

ငယ်ရွယ်သူတို့၏ဘာသာဘာဝအရ လွတ်လပ်ပျော်ရွှင်နေကြသည်။

လွန်ခဲ့သောဆယ်နှစ်လောက်က မိမိသည်လည်း ဤကဲ့သို့ပင် ပျော်ရွှင်စွာ သွားလာခဲ့ကြသည်ပဲ။

ရင်မှာ စူးနစ်နာကျင်လာသည်။

တမ်းတမ်းတတနှင့် သတိရစိတ်၊ လွမ်းမောစိတ်၊ ကြေကွဲစိတ်တို့နှင့်အတူ သောက၏ဖွားဖက်တော် မျက်ရည်ဥတို့က အတားအဆီးမဲ့စွာ လိမ့်ဆင်းလာသည်။


"တိုး. . . တိုးရယ်"



www.burmeseclassic.com

www.burmeseclassic.com





## အခန်း(၂)

"တိုး မကောင်းဘူးကွာ"

ရေလုံးများ မွန်းနေအောင် သဲသဲမဲမဲ လောင်းပက်ခံနေရသည့်ကြားက ပါးပြင်တစ်ဖက်၌ အနမ်းသူခိုးပွင့် ခြွေချခံလိုက်ရသဖြင့် 'တိုး' ကို တိတ်တိတ်ကြိတ်၍ မာန်မဲမိသည်။ သူငယ်ချင်းတွေ ကြားသိသွားမှာလည်း စိုးရိမ်ရသေးသည်။

ထိုအခါ တိုးသည် ဆင်ခြေတက်တော့သည်။

"ရေက တအားပက်တော့ ဘာမှ မမြင်ရဘူးကွာ၊ အက်ဆီးဒင့် အနမ်းပါကွာ"





နှုတ်ခမ်းစူကာ မူနေသော မိမိအား တိုးက တိုးတိုးတိတ်တိတ် ဆင်ခြေတက်ရင်း တောင်းပန်စကားကို ပြုံးစိစိလေး ဆိုလာသည်။

"ကြိုတင်ကြံစည်ထားခြင်း မရှိတဲ့အတွက် တရားသေလွှတ်သင့်ပါတယ် အချစ်တရားသူကြီးခင်ဗျား"

"သွား. . ."

နား,နားကပ်ပြီး တတွတ်တွတ် ချော့နေသူကို မျက်နှာသာမပေးဘဲ ဟံတောင်နှင့် တွက်လိုက်မိ၏။ ဥပဒေကျောင်းသားပီပီ သူ့အတွက် ရှေ့နေလိုက်သည်။ လိပ်မျိုး၊ အမြင်ကတ်ကတ်နှင့် မကျေနပ်ဟန် ဆောင်နေခဲ့၏။

နည်းနည်းလေးတော့ ဒဏ်ပေးထားလိုက်ဦးမှ။ ဘယ်အထိများ ဖွဲကောင်းကောင်းနဲ့ ချော့နေနိုင်မလဲလို့။

ခပ်တည်တည်ကလေး နေပစ်လိုက်သည်။

ရန်ကုန်တက္ကသိုလ်ကို စတင်ခြေချသည့်နှစ်မှာပင် တိုးက မိမိအနား၌ အပါးတော်မြဲ လုပ်လာသည်။ ဖွဲကောင်းကောင်းနှင့် အချစ်ငို့ကာ ဖွင့်ပြတတ်၏။

သို့နှင့် ပထမနှစ်ဝက် စာမေးပွဲအပြီးတွင် တိုးကို အဖြေပြန်ပေးလိုက်၏၊

"ချစ်တယ်" ဟု။

အမှန်တကယ်လည်း ချစ်နေသည်ပဲ၊ တိုးကို မြင်မြင်ချင်းချစ်ခဲ့သည်။ သူငယ်ချင်းတွေက "ဟဲ့. . .ဟဲ့. . .မိသွေးရဲ့၊ မိန်းကလေး သိက္ခာကျတယ်၊ နည်းနည်းမူလိုက်ပါဦး' ဆို၍ မနည်းအောင့်အည်းပြီး ခံနေခဲ့ရသေးသည်။

အချစ်ကို မျိုသိပ်ရသည်မှာ အင်မတန် ပင်ပန်းသောအလုပ်ဖြစ်သည်။ တိုးအား 'ချစ်တယ်' ဟု အဖြေပေးပြီးမှ အသက်



www.burmeseclassic.com

www.burmeseclassic.com



ဝဝရှုနိုင်တော့သည်။ ရင့်မှာလည်း ပေါ့ပါးပြီး အရမ်းကို ပျော်ရွှင်ခဲ့မိသည်။

တိုးကို သွေးက သိပ်ချစ်သည်ကိုး။

ထိုအကြောင်းများကို တိုးနှင့် ချစ်သူဖြစ်ပြီးမှ ပြန်ပြောပြလိုက်တော့ တိုးက ရယ်လိုက်သည်မှာ ဟက်ဟက်ပက်ပက်။ ထိုအခါ မိမိပင် အထိတ်တလန့်ဖြစ်ပြီး "ဘာဖြစ်လို့ ရယ်တာလဲ တိုး၊ သွေးကို အထင်သေးသွားပြီလား' ဟု မေးယူရသည်အထိ။

"မဟုတ်ရပါဘူး. . . ဘာဆိုင်လို့ အထင်သေးရမှာလဲ၊ ဟန်မဆောင်တတ်ဘူး၊ မှန်ရာကို ပွင့်ပွင့်လင်းလင်း ပြောတတ်တဲ့ သွေးကို မောင်သဘောကျလို့ အရမ်းအရမ်းကို ချစ်သွားပြီကွာ" တဲ့။

တိုး ပျော်ရွှင်နေသည်ကို ကြည့်ပြီး အသည်းယားသည်နှင့် 'သူ့ကိုယ်သူ မောင်တဲ့၊ ဒီကလဲ မခေါ်ဘဲနဲ့များ' ဟု ကျီစယ်မိတော့

"တစ်ခါလောက် ကိုယ့်ချစ်သူ အရင်းခေါက်ခေါက်လေး စိတ်ချမ်းသာအောင် ခေါ်ပါလား သွေးရာ၊ မောင့်မှာ အိမ်တောင် မပြန်နိုင်ဘဲ ချစ်သူအားကိုးနှင့် ရန်ကုန်မှာ သောင်တင်နေတဲ့ အကောင်ပါကွာ၊ သနားသဖြင့်လေးတော့ မောင်လို့ ခေါ်လိုက်ပါနော်. . . နော်"

မော်လမြိုင်မှ လာတက်သော နယ်ကျောင်းသား တိုးသည် ကျောင်းပိတ်ရက်တွင် အိမ်မပြန်နိုင်ဘဲ ဦးလေးအိမ်တွင် နေကာ မိမိဆီသို့ နေ့စဉ် အခစား ဝင်နေခဲ့သည်။ ထို့ကြောင့်လည်း သွေးကို တိုးပြောသလိုပါပဲ၊ အရမ်း. . . အရမ်းကို ချစ်ခဲ့တာပါ တိုးရယ်"

ဒါပေမယ့် မောင်လို့ ခေါ်စေချင်တဲ့တိုးကို ရှက်လည်းရှက် အမြင်ကတ်ကတ် ရှိတာနဲ့ 'သေလိုက်ပါတော့လား ကြောင်ရယ်' လို့တောင် စ,ခဲ့မိသေးတယ်နော် တိုး။

"ရောက်ပြီဟေ့. . . ဆင်းကြ. . . ဆင်းကြ"

☺ အောင်မြင်စာပေ ☺



တိုးကို စိတ်ကောက်ဟန်ပြုရင်း အတွေးအိမ်ထဲ တဒင်္ဂနစ်မျောသွားရာ ရှစ်မိုင်ရှိ သူငယ်ချင်း ဝေမာအိမ် ရောက်တော့မှ လက်ရှိကာလသို့ သတိပြုမိလိုက်သည်။

အားလုံး ကားပေါ်မှ ဆင်းခဲ့ကြသည်။

ဝေမာတို့အိမ်၌ ကြာဇံဟင်းခါး လုပ်ကျွေးသဖြင့် လိုက်စားရင်း မနက်ပိုင်း ရေပက်ခံ ခရီးစဉ်ကို တစ်ထောက်နားခဲ့ခြင်း ဖြစ်သည်။

ပိတောက်ရနံ့တို့ တိုးဝှေ့လာသည်။

ပိတောက်ပန်းများ ဝေဆာ၍ ဖူးပွင့်နေသော ဝေမာတို့ခြံကို မြင်သည်နှင့် ဟန်မဆောင်နိုင်ဘဲ. . .

"ဟာ. . . ပိတောက်တွေဟေ့၊ ပွတာပဲ"

ပိတောက် အရမ်းကြိုက်သူပီပီ ပိတောက်ပင်အောက် အပြေးရောက်သွားခဲ့သည်။

ထိုအခါ အပါးတော်မြဲ အနမ်းသူခိုးက အရိပ်ပမာ လိုက်ပါလာခဲ့၏။

"တောက်. . . မြင့်လိုက်တာ ဝေမာရာ၊ ဘာဖြစ်လို့ ဒီလောက်မြင့်အောင် စိုက်ထားရတာလဲ"

ထိုအခါ ဝေမာက. . .

"လာစမ်းပါ သွေးရာ၊ အဝတ်လဲ ဟင်းခါးပူပူသောက်ပြီးမှ ဆင်းခူးချင်ခူး၊ အိမ်ထဲမှာလဲ ခူးပြီးသားတွေ ရှိဦးမှာပါ"

ဝေမာ ပြောပြောဆိုဆို ဆွဲခေါ်ခြင်းကို မလိုက်နိုင်သေးဘဲ

"ဟင့်အင်းကွာ. . ကိုယ်တိုင်ခူးချင်တယ်၊ တံချူရှိသလား"

"ရှာမနေနဲ့. . . တိုး ခူးပေးမယ်"

ချစ်အမျက်တော်ပြေစေဖို့ တိုးက မျက်နှာလုပ်လာသည်။ သို့သော် သွေးက လက်မခံနိုင်။

☺ အောင်မြင်စာပေ ☺

www.burmeseclassic.com

www.burmeseclassic.com

"အို. . . ဘယ်ဖြစ်မလဲ၊ အမြင့်ကြီးပဲဟာ"

"တိုးတို့ မော်လမြိုင်အိမ်မှာဆိုရင် ဒီထက်မြင့်တဲ့ ပိတောက်ပင်တွေတောင် တက်ခူးပေးနေကျပါကွာ၊ ဒီအပင်လောက်တော့ စပျော့လေးပါ"

ဝေမာက ထပ်ဆင့်၍ 'လာကြစမ်းပါကွာ' ဟု ဆွဲခေါ်သော်လည်း တိုးက မိမိကို မျက်ရိပ်ပြကာ. . .

"သွားနှင့်ကြ ဝေမာ၊ ချစ်သွေးကို အမျက်တော်ပြေစေဖို့ ပန်းတော်ဆက်ချင်လို့"

"နေကွာ"

ဟု ဆိုကာ သူငယ်ချင်းတွေက ထားရစ်ကာ ဝေမာတို့အိမ်ပေါ်သို့ တက်သွားကြ၏။

ထိုအခါ တိုးက မချိုမချဉ်အပြုံးနှင့် မိမိအား ကြည့်ကာ. .

"သွေး. . ."

"ဘာလဲ"

"ပန်းခူးပေးမယ်. . . ပြီးရင် မောင်ကိုယ်တိုင် ပန်ပေးမယ်၊ အဲဒါဆိုရင် မောင့်ကို တစ်ခုလိုက်လျှော့ရမယ်"

"ဘာကိုလဲ"

"နမ်းခွင့်"

"အို. . . သွား၊ မခူးနဲ့တော့ ပန်ဘူး"

ရှက်ရှက်နှင့် ချာခနဲ လှည့်ပြေးမယ် ကြံရွယ်လိုက်သောအခါ တိုးက လက်မောင်းအိုးကို လှမ်းဆွဲပြီး. . .

"စကားကို ဆုံးအောင် နားမထောင်ဘူး၊ သူလိုရာပဲ ဆွဲတွေးတယ်၊ နမ်းခွင့်ဆိုတာ ပန်းကို ပြောတာခင်ဗျ၊ သွေး ပန်ထားမယ့် ပိတောက်ပန်းကို နမ်းခွင့်တောင်းတာပါကွာ၊ ဒါတော့ မတွန့်တိုကောင်းဘူး"





တိုး သက်သက်ဉာဏ်များခြင်းဖြစ်သည်။ သို့သော် ဘာမှ မပြောချင်တော့ပါ၊ မိန်းကလေးများသည် ချစ်သူရဲ့ချစ်ပရိယာယ်ဉာဏ်များတာကိုပင် နှစ်သက်သဘောကျတတ်သည်။ အမျက်မပါသော မျက်စောင်းကလေးကို ဝင့်လိုက်ရင်း. . .

"ပန်းကိုပဲနော်"

"အင်း. . . ပန်းကိုကော၊ ပန်းနဲ့ တူတဲ့အရာကိုကော အဆစ်ပါတယ်"

ပြုံးစိစိနဲ့ စပြီး ပိတောက်ပင်စည်ကို တွယ်ကပ် တက်သွားတဲ့ တိုးကို ကြည့်ပြီး ရင်မှာ လှိုက်ဖိုလာတယ်။ ပိတောက်ကိုင်းအဆုပ်လိုက် အခိုင်လိုက်တွေ ချိုးပြီး နှုတ်ကလည်း တဖွဖွ ပြောဆိုရင်း ပစ်ချပေးခဲ့သည်။

"ရော့. . . ချစ်သက်လက်ဆောင်တွေ၊ ဖမ်းတော့ သွေး"

"ဒီအခက်က တိုးအသည်း"

"ရော့. . . လာပြန်ပြီဟေ့၊ တိုးနှလုံးသား"

"ဒါက တိုးအချစ်"

"ခု ချမှာက တိုးကလိစာ"

ကြုံကြုံဖန်ဖန်တွေ လျှောက်ပြောရင်း ပန်းအကိုင်းများကို ချချပေးနေတဲ့ တိုးကို ကြည့်ပြီး ကြည်နူးစွာ ရယ်မောခဲ့မိ၏။ ကျလာသမျှ ပန်းများကို ဖမ်းယူပိုက်ထွေးရင်း တိုးကို ပို၍ပို၍ ချစ်လာခဲ့၏။

"လာပြီဟေ့. . . ရော့၊ တိုးအသက်၊ ဟာ. . . သွေး"

"ချွတ်. . ."

"တိုး"

ပိတောက်ကိုင်းကျိုးနှင့်အတူ တိုးသည် မြေပြင်ပေါ်သို့ 'အုန်းခနဲ' ကျခဲ့ရှာသည်။



www.burmeseclassic.com

www.burmeseclassic.com



'တိုး' ဟု ငယ်သံပါအောင် အော်ဟစ်ပြီး တိုးကို ပွေ့ထူလိုက်၏။ ပိတောက်ပန်းများကို အနီရောင် လွှမ်းသွားခဲ့လေပြီ။


မိမိ၏ခေါင်းတစ်ခုလုံး ပြုတ်ထွက်မတတ် နာကျင်လာ၏။ နှလုံးသားမှာတော့ ရစရာ မရှိအောင် ပျက်သုဉ်းသွားခဲ့လေပြီ။

"တိုး. . . တိုးရယ်"

ဝိညာဉ်ကင်းမဲ့နေသော တိုးမျက်နှာထက် ပါးအပ်လိုက်မိစဉ် လူတစ်ကိုယ်လုံး တွယ်ရာမဲ့ကာ လေဟာနယ်ထဲ လွင့်မျောသွားခဲ့၏။







## အခန်း(၃)

"ဟဲ့. . . သမီး၊ အို. . . ငိုနေပြန်ပြီ"

ပိတောက်ပန်းများကို ပွေ့ပိုက်ရင်း အတိတ်လွင်ပြင်ဆီသို့ အလည်ရောက်နေခြင်းကို ဒေါ်လေးက ဖျက်ဆီးပစ်လိုက်သည်။

ဆိုးရွားသော အဖြစ်ဆိုးကြောင့် သည်းကြွေလုမတတ် ငိုကြွေးခဲ့ရသည်မှာ ဆယ်နှစ်တင်းတင်း ပြည့်ခဲ့ပြီကော တိုးရယ်။

မျက်ဝန်းမှ မျက်ရည်ဥများကို သုတ်သင်လိုက်နိုင်သည့်တိုင် နှလုံးသား အက်ကွဲကြောင်းမှ ကြွေကျွံမှုသော်က မျက်ရည်စက်များကိုကား သုတ်၍ မရနိုင်သေးပါ။



www.burmeseclassic.com

www.burmeseclassic.com



ချစ်သူအတွက် ပန်းလက်ဆောင်ပေးရင်း ချော့မြှူသွားခဲ့ရှာသောတိုး။

အကျမတော်သဖြင့် ပန်းခြွေရင်း အသက်ပါ ကြွေသွားခဲ့ရှာသော တိုး၏ပုံရိပ်ကို မည်ကဲ့သို့ ဖျောက်ဖျက်နိုင်ပါမည်နည်း။

ကျိုးကျခဲ့သော ပိတောက်ကိုင်းက မိမိခေါင်းကိုပါ ထိမှန်သွားခဲ့သဖြင့် တိုးအလောင်းကို ပွေ့လိုက်ရင်း သတိလစ်သွားခဲ့သည်။

ခေါင်းမှ ဒဏ်ရာအပြင် ကြေကွဲဖွယ် ချစ်သူ၏ကြမ္မာဆိုးမြင်ကွင်းကြောင့် လန့်ဖျား,ဖျားပြီး ဆေးရုံ၌ တစ်ပတ်သောင်တင်သွားခဲ့သည်။

ထိုအတွက် ချစ်သူ့ဈာပနကိုပင် ပို့ဆောင်ခွင့် မရခဲ့။

ဖြေ၍ပြေပါနိုင်အံ့။

ခြောက်လှန့်တတ်သော ပိတောက်နှင့်အတူ သကြံန်ကိုပါ ရှောင်ရှားရင်း တိုးအတွက် ရည်စူး၍ သီတင်းသီလ ဆောက်တည်ကာ အမျှအတန်း ဝေပေးခဲ့သည်။

ကျန်အချိန်ကာလများတွင်တော့ ဘီအီးဒီ ငါးနှစ်တာကာလကို ပြီးဆုံးအောင် တက်လိုက်ရသည်။ ပြီးသည်နှင့် တာဝန်ကျရာဒေသ၌ ကျောက်ရိုင်းတုံးကလေးများကို သွေးရင်းဖြင့် အချိန်တို့ကို ကုန်ဆုံးစေခဲ့သည်။

မော်လမြိုင်သို့ ပြောင်းလာသည်မှာ လေးလသာ ရှိသေးသည်။ သို့သော် ဘဝကို အပြောင်းအလဲများစွာ ပေးနိုင်သော ဆယ်တန်းကို သင်ပေးရသဖြင့် ကလေးမိဘများက ပူပန်ကာ မိမိထံ အပ်နှံအကြံယူရင်း ခင်မင်သူ ပေါများလာခဲ့သည်။

ဝတ်မှုန်၏မိခင်ကတော့ ဝတ်မှုန်အတွက် ကျောင်းသားအားကစားပွဲတော်အတွက် အကလေ့ကျင့်ရာတွင် လိုက်ပါပေးရင်း





မှ မိမိနှင့် ပို၍အကျွမ်းတဝင် ရှိခဲ့သည်။

ထို့ကြောင့် ဝတ်မှုန်တို့အိမ်မှ ဆွမ်းကျွေးကို လိုက်ရန် ဆုံးဖြတ်ခဲ့ခြင်းဖြစ်သည်။

ဆွမ်းကျွေးမသွားခင် တိုးအတွက် လုပ်ဆောင်စရာရှိသည်တို့ကို လျင်မြန်စွာ လုပ်ဆောင်လိုက်သည်။

ဘုရားစင် သန့်ရှင်းရေးလုပ်၊ ပိတောက်ပန်းများတင်၊ ဆွမ်းချိုချဉ်ခဲဖွယ်တို့ကို တိုး သက်စေ့ကပ်လှူ၊ ရေသက်စေ့ကပ်၊ ဖယောင်းတိုင်နှင့် အမွှေးတိုင်တို့ကိုပါ သက်စေ့ ထွန်းညှိပူဇော်လိုက်သည်။

"ဖြစ်လေရာဘဝမှာ တိုးတစ်ယောက် ခုလို ကြမ္မာဆိုးနှင့် ကင်းဝေးပါစေဘုရား" ဟု ဆုတောင်းရင်း အမျှအတန်းဝေရသည်။

တိုးအတွက် အမျှအတန်း ဝေတိုင်းဝေတိုင်း မျက်ဝန်း၌ ပုလဲရောင်လွှင်ပြင် ဖြစ်လာပြန်သည်။

"ဆရာမ. . . အာ. . . ကန်တော့ ကန်တော့၊ ဆရာမက ဘုရားရှိခိုးနေတာကိုး"

ဝတ်မှုန်အသံကြောင့် ကြမ်းပြင်သို့ ပြားပြားဝပ် ဦးချလိုက်သည်။ လက်ဖမိုးအစုံနှင့် မျက်ရည်တို့ကို ပွတ်သပ်ပစ်လိုက်သည်။ ဆရာမ၏နှလုံးသား မျက်ရည်စက်တို့ကို တပည့်များ မမြင်သင့်ဘူးဟု ယူဆမိ၍ ဖြစ်သည်။

"ဆရာမ. . . ဒါ ဘယ်သူ့ပုံလဲဟင်"

ဝတ်မှုန်က တိုးဓာတ်ပုံကို ညွှန်ပြပြီး မေးသဖြင့် ရင်မှာ နာကျင်လျက် ရှိနေရာမှ. . .

"ဆရာမမောင် ပုံပါကွယ်"

ဥပုသ်စောင့်သည့်သူက မုသားသုံးမိလေပြီထင့်။ သို့သော် မောင်ဟု ခေါ်စေချင်လွန်းသော တိုးအတွက် 'မောင်'ဟု ရည်စူး



www.burmeseclassic.com

www.burmeseclassic.com



ခေါ်လိုက်ရခြင်းပါလေဟု ရှာကြံဖြေသိမ့်လိုက်မိသည်။

"ဆုံးသွားရှာပါပြီ. . . ဒီသက်န်းရယ် ဟောဒီမှာ ဆရာမ ကိုယ်တိုင် ထိုးထားတဲ့ ခေါင်းအုံးစွပ်ကလေးတွေရယ်က သူ့အတွက် လှူပေးမလို့လေ၊ သူဆုံးတာ ဒီနှစ်ဆို ဆယ်နှစ်ပြည့်ပြီလေ"


ဆွေးဆွေးငွေ့မြွေ့ ဖွင့်အန်မိလိုက်သည်။ ဝတ်မှုန်က မိမိ လက်မှ လှူဖွယ်ပစ္စည်းများကို အသာအယာ လှမ်းယူရင်း ကားဆီသို့ ဦးဆောင်ခေါ်သွားသည်။ ရှေ့ခန်းတံခါးကို ဖွင့်ကာ မိမိကို ထိုင်စေ ရင်းမှ. . .

"ဆရာမ. . . ကမ္ဘာကြီးဟာ ကျဉ်းကျဉ်းကလေးဆိုတာ ဝတ်မှုန်တော့ ယုံသွားပြီ"

ဝတ်မှုန် ဘာကိုဆိုလိုပြီး ပြောလိုက်မှန်း မသိသဖြင့် မမေး လိုက်နိုင်ခင် ဝတ်မှုန်က တံခါးပိတ်ပြီး နောက်ခန်းသို့ ထွက်သွားလေ သည်။ ဆယ်တန်းတောင် ဖြေပြီးခဲ့ပြီးပြီပဲ၊ တွေးခေါ်ဆင်ခြင်သုံးသပ် တတ်နေနိုင်ပြီ၊ ဝတ်မှုန်စကားမှာ တစ်စုံတစ်ရာကို ရည်ညွှန်းမှန်း တော့ သိနေသည်။ ဘာကိုရည်ညွှန်းသလဲ၊ နောက်မှ အေးအေးဆေး ဆေး မေးတော့မည်။







အခန်း(၄)

"ဘုန်းကြီးတွေ ဆွမ်းဘုဉ်းပေးနေတယ် ထင်တယ်၊ အနှောင့်အယှက်ဖြစ်ပါ့မယ်၊ ဆရာမ ခြံထဲမှာ ပန်းပင်တွေ ကြည့် လိုက်ဦးမယ်နော် သမီး"

ဝတ်မှုန်က. . .

"ဆရာမ သဘောလေ၊ သမီး ဒီပစ္စည်းတွေ သွားထားရင်း ဘွားဘွားတို့ကို သွားပြောလိုက်ဦးမယ်"

ပြောပြောဆိုဆိုနှင့် အိမ်ထဲ ပျောက်ကွယ်သွားသည်။

မြင့်မားသော ပိတောက်ပင်ကြီးများက မြိုင်ညီးရိုး ပတ်



www.burmeseclassic.com

www.burmeseclassic.com



ပတ်လည်၌ ရှိနေရာ ပိတောက်ပန်းအချို့သည် ကြွေလျက် မြေမှာ ကော်ဇောခင်းထားသည်။ အချို့က အပင်ထက်မှာ ဝေလျက် မာန်ဝင့်နေသည်။

ပိတောက်ကို မြင်တိုင်း မျက်ရည်ဝိုင်းရသည်။

ရင်မှာ မချိမဆန့် ဝေဒနာနဲ့ တမ်းတရဆဲပါလား တိုးရယ်။

"သွေး"

". . . . ."

"သွေး"

အနားကပ်ပေါ်လာသောအသံက ကြည်ကြည်လင်လင်ပင်။ တိုးအသံမှ တိုးအသံအစစ်။ ဆတ်ခနဲ နောက်လှည့်ကြည့်လိုက်သောအခါ ပိတောက်ပန်းများကို ပိုက်လျက် ရပ်နေသော တိုး။

နေ့ခင်းကြောင်တောင် ခြောက်လှန့်တတ်သော ပိတောက်အိပ်မက် မက်ပြန်လေပြီ။

"တိုး"

တိုး ပျောက်ကွယ်သွားမှာ စိုးကြောက်လှသဖြင့် တိုးရှိရာ ပြေးသွားပြီး ဖက်တွယ်ထားမိသည်။

"သွေး. . . သွေးရယ်"

အချိန်နှင့် အရွယ်ကို မေ့သွားလေပြီ။

တိုး ထပ်မံပျောက်ကွယ်သွားမှာ စိုးကြောက်သည့် အသိတရားကလွဲ၍ ဘာမှမရှိချေ။

"တိုး. . . တိုး. . . ဘယ်မှ မသွားရဘူး"

ပိတောက်ပန်းလေးများက နှစ်ဦးသား၏ရင်ခွင်ဝယ် နာကျင်စွာ အော်မြည်နေရှာသည်။

"တိုး. . . တိုး မသေဘူးနော်"

"ဒါပေါ့ သွေးရယ်၊ တိုး မသေပါဘူး၊ တိုးဟာ မင်းနှလုံးသား





မှာ အမြဲတမ်း ရှင်သန်နေပါစေ"

ထိုစဉ်. . .

"လေးလေးနဲ့ ဆရာမ"

"ဟင်"

အိပ်မက်လေလား၊ တကယ်လေလား။ ဝိုးတိုးဝါးတားသံသယအတွေးသည် အသိတရားသို့ ဝင်ရောက်လာသဖြင့် တိုးရင်ခွင်မှ ထွက်လိုက်သည်။

"လေးလေးနဲ့ ဆရာမတို့ တရားနာကြဖို့ ဆရာမက ခေါ်ခိုင်းလိုက်ပါတယ်"

ဝတ်မှုန်အသံ ထပ်မံပေါ်လာတော့မှ လက်ရှိအနေအထားကို သတိရလိုက်မိသည်။ အိပ်မက်ဖြစ်နိုင်ပါ့မလား။ အိပ်မက်ဆိုလျှင်လည်း ထူးဆန်းနေသည်။ မိမိအား နှစ်စဉ်ခြောက်လှန့်နေသော အိပ်မက်နှင့် မတူညီတော့ပါလား။ ဘယ်လိုဖြစ်ကုန်ပြီလဲ။

တိုးအား နားမလည်စွာ မော့ကြည့်လိုက်မိသည်။

ထိုအခါ တိုးက ကြင်နာစွာ အပြုံးနှင့် ပြုံးပြလျက်. . .

"လာ. . . သွေး၊ နောက်တော့ ရှင်းသွားလိမ့်မယ်"

"လာပါ ဆရာမ"

ဝတ်မှုန်၏လက်တွဲခေါ်ရာသို့ လိုက်ပါခဲ့ရသော်လည်း ခေါင်း၌ ရှုပ်ထွေးနောက်ကျိနေလေပြီ။ ဧည့်ခန်းထဲ ရောက်တော့ ဘုန်းကြီးက သီလပေးအပြီး တရားဟောနေချိန်နှင့် ကြုံကြိုက်သွားသည်။

ဘုန်းကြီးအား ဦးချလိုက်သည်။

"ခုလို ဒကာလေး 'တိုး' တမလွန်ဘဝ ပြောင်းသွားတာကို ရည်စူးပြီး သူ့အတွက် ကောင်းမှုကုသိုလ် ပြုလုပ်ခဲ့တာ ဆယ်နှစ်တိတိ ရှိပေပြီဆိုတော့. . ."



www.burmeseclassic.com

www.burmeseclassic.com



ဘုန်းဘုန်း ဘာတွေ ဆက်ဟောပြီး တရားချနေသည်ကို မကြားမိတော့။

'တိုး' သည် အမှန်တကယ် သေဆုံးသွားခြင်း ဖြစ်သည်ပဲ။

သို့ဆိုလျှင် စောစောက လူသည် တိုးမဟုတ်နိုင်၊ တိုး မဟုတ်လျှင်. . .

ခေါင်းသည် ရှုပ်ထွေးနောက်ကျိနေသည့်ကြားက အတိတ်ကို သတိရသွားသည်။

တိုး ပြောခဲ့ဖူးသည်။

"တိုးမှာ အမြွှာညီတစ်ယောက် ရှိတယ် ချစ်သွေးရဲ့၊ 'ဒိုး'တဲ့၊ သူက အငယ်ပေမယ့် တိုးအပေါ် အနစ်နာခံတယ်၊ ဖေဖေဆုံးတော့ တိုးကိုသာ ကျောင်းတက်ပြီး ဆယ်တန်းဆက်ဖြေခိုင်းတယ်၊ ဒိုးက ဖေဖေ့ကိုယ်စား သစ်စက်ကို အုပ်ချုပ်ပြီး ပြင်ပကပဲ ဖြေခဲ့တယ်၊ ဒါပေမယ့် ဆယ်တန်းကို တိုးလိုပဲ တစ်နှစ်တည်း အောင်ခဲ့တာပါပဲ၊ အောင်ပြန်တော့လဲ တိုးကိုသာ တက္ကသိုလ် ဆက်တက်စေတယ်၊ သူက စာပေးစာယူပဲ ယူတယ်လေ၊ တိုးကို အဲဒီအထိ ချစ်တာ၊ တိုးကလဲ ချစ်တာပါပဲ၊ တိုးတို့က စိတ်တူသဘောတူ ခံစားမှုပါ တူညီကြတယ်" ဟု ပြောပြခဲ့ဖူးသည်ကို သတိရလိုက်မိသည်။

ဒါဖြင့် စောစောက 'တိုး' သည် 'တိုး' မဟုတ်နိုင်၊ တိုး၏ညီ ဒိုးသာလျှင် ဖြစ်ချေမည်။

သို့ဆိုပြန်လျှင်. . .

မိမိမျက်နှာတစ်ပြင်လုံး မည်သည့်နေရာ၌ ထားရမှန်းမသိအောင် ထူပူသွားလေတော့သည်။

တိုးအထင်နှင့် ဒိုး၏ရင်ခွင်သို့ မိမိဝင်ရောက်ခဲ့မိပါလား။

"ကဲကဲ. . . သမီးလေး သွေးကပဲ တိုးအတွက် ရေစက်ချလိုက်ပါကွယ်၊ အမေ့လက်တွေ တုန်နေလို့"





တိုး၏မိခင်က မိမိအား ရေခွက်ကမ်းပေးရင်း ပြောလိုက်သည်။

အားလုံးက သိနေကြပြီပဲ၊ မိမိနှင့် တိုးတို့၏မဆုံစည်းသောကြမ္မာရိုင်းကို အားလုံးက နားလည်အသိနှင့် သိရှိနေကြပြီ ထင်ပါသည်။

တိုး၏အမေ၊ အမ၊ ယောက်ဖ၊ ဒိုးနှင့် တူ တူမများ၏ မျက်ဝန်းရိပ်များက မိမိအား ချစ်ခင်ကြင်နာ စာနာမှုများဖြင့် ပြုံးရိပ်ဆင်ထားလေသည်။

တိုးမိသားစုသည် အမြင်မကျဉ်းမြောင်းဘဲ သဘောထားပြည့်ဝသည်ဟု ဆိုနိုင်သည်။ အဘယ်ကြောင့်ဆိုသော် မိမိအတွက် ပန်းခူးပေးရင်း တိုး မတော်တဆ သေဆုံးသွားခဲ့ခြင်း ဖြစ်သည်။ ဤသည်ကို မိမိကြောင့်ရယ်ဟု အပြစ်မမြင် အာဃာတ မထားသည့်အပြင် နှစ်လိုဖွယ်အပြုံးနှင့် ကရုဏာအကြည့်များကြောင့် ရင်ဝယ် နွေးထွေးစွာ ခံစားလိုက်ရသည်။

ထိုတဒင်္ဂ အပိုင်းအခြားလေးမှာပင် တိုးမိသားစုသည် မိမိ၏သွေးသားသဖွယ် တစ်သားတည်း ဖြစ်သွားလေပြီ။

ဝတ်မှုန်၏ 'ကမ္ဘာကြီးဟာ ကျဉ်းကျဉ်းလေးဆိုတာ ဝတ်မှုန်ယုံသွားပြီ' ဟူသောစကားနောက်ကွယ်မှ အဓိပ္ပါယ်ကိုလည်း သိရှိနားလည်လိုက်ပြီ။

ဖန်ကရားမှ ရေစက်များကို တစ်စက်ချင်း ချလိုက်သည်။ ထို့အပြင် နှလုံးသားမှ စီးဆင်းလာသော ဝမ်းနည်းမှု ဝမ်းသာမှု ရောထွေးလျက်ရှိသည့် မျက်ရည်စက်များ တစ်စက်ချင်း တစ်စက်ချင်း ရေခွက်ထဲသို့ ရောထွေးကျဆင်းသွားလေရာ. . .

နွေးထွေးသော လက်တစ်ဖက်က မိမိလက်ကို အုပ်မိုး၍ ဖန်ကရားကို ကူထိန်းပေးလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



စွေစောင်းကြည့်လိုက်သောအခါ တိုးက ကြင်နာရွှန်းလက်စွာ ပြုံးပြနေသည်။

တိုး. . . တိုးမဟုတ်ပါဘူး၊ ဒိုးပါ၊ တိုး၏အမြွှာညီအစ်ကို ဒိုးပါဟု သတိထားမိသည်နှင့် လက်ကို ရုန်းဖယ်လိုက်ချင်သည်။ မရပါ။ စိမ်းကားသောအကြည့်ဖြင့် တုန့်ပြန်လိုက်ချင်သည် မရ။

အမြွှာတို့၏နှလုံးသား ခံစားမှုသည် တူညီနေတတ်၏။ သို့ဆိုပါလျှင် ဒိုး၏နှလုံးသား၌ တိုး စွဲစွဲလန်းလန်း ချစ်ခဲ့ဖူးသော မိမိ၏ပုံရိပ် ထင်ဟပ်နေမည်လား။

မိမိကကော တိုး၏ကိုယ်ပွား ဒိုးအပေါ်၌ တိုးကဲ့သို့ပင် သဘောထားနိုင်မည်လား၊ မိမိနှလုံးသားကို မေးကြည့်ရဦးမည်ထင့်။

သို့သော်. . .

လောလောဆယ်တော့ အုပ်မိုးဆုပ်ကိုင်ထားသော လက်အောက်မှ မိမိလက်ကို ရုန်းထွက်လို့ပါသည်။

အဆက်မပြတ် ချနေသော ရေစက်ခွက်ကို ကိုင်ကာ တစ်စက်ချင်း ချနေသော မိမိလက်၏တုန်ယင်မှုကို ဒိုးက ဖေးမကာ ထိန်းထားပေးခြင်းသာ ဖြစ်သည်။ ရုန်း၍မရပါချေ။

လေအဝေ့ ပိတောက်ရနံ့များက ကလူကျီစယ်လိုက်လေသည်။

ခြောက်လှန့်ခဲ့သော ပိတောက်အိပ်မက်တို့သည် ယနေ့မှစ၍ မိမိအား အပြီးတိုင် နှုတ်ဆက်ထွက်ခွာသွားတော့မည် ထင်ပါသည်။

သို့သော်. . .

ရေစက်ခွက်ထဲသို့ တိုးအတွက် ရင်ကွဲမတတ် နာကျင်နေရသော နှလုံးသားမှ ကြေကွဲပွင့် မျက်ရည်စက်တို့က ရောထွေးချနေဆဲ။





"ကိုင်း. . . အမျှဝေတော့ ဒကာမလေး"

ဘုန်းကြီး၏အသံကို ကြားလိုက်ရသည်နှင့်. . .

"တိုးရေ. . . အမျှ. . . အမျှ. . . အမျှ"

အသံသည် ရင်၌ပင် နင့်နင့်သီးသီး တိုးဝင်ပျောက်ကွယ်သွားလေသဖြင့် ဒိုးတို့မိသားစုကပင် အမျှဝေရတော့သည်။

အသည်းကြွေလုမတတ် ခံစားလိုက်ရသည်။

"တိုးရေ. . . ရောက်လေရာ ဘုံဘဝက သာဓုခေါ်နိုင်ပါစေ၊ အမျှ. . . အမျှ. . . အမျှ"



www.burmeseclassic.com


www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com





# အခန်း(၅)

"သကြံန်တွင်းကြီး ပြန်လာရသလား သမီးရယ်"

မိခင်က ကရုဏာနှင့်အတူ ဆီးကြိုအပြစ်တင်သံလေးကို ဖြေရှင်းချက် မပေးအားသေးဘဲ. . .

"ချမ်းလိုက်တာ မေမေရာ"

ပြောပြောဆိုဆို ရေချိုးခန်း တန်းဝင်ခဲ့လိုက်သည်။

"အမိနာရေ. . . ရေလဲ ယူခဲ့ဟေ့"

အိမ်ဖော်မလေးကို လှမ်းအော်ပြီး ရေစိုအဝတ်များကို ချွတ်ကာ ရေပန်းဖွင့်လျက် ခေါင်းလောင်းချိုးလိုက်သည်။





ရေပန်းမှ ကျဆင်းသောရေနှင့်အတူ သောကမျက်ရည် ...းပါ ကျဆင်းသွားကြောင်းကို ဘယ်သူကမှ သိမည်မထင်ပါ။

"အအေးမိမယ်. . . မြန်မြန်ချိုး"

မိခင်က တံခါးခေါက်၍ သတိပေးလိုက်သည်။

ချမ်းတုန်နေပြီ ဖြစ်သဖြင့် ဆပ်ပြာတိုက်ကာ အမြန်ထပ် ...လိုက်သည်။

ရင်နှင့် မဆန့်အောင် ခံစားနေရသော သံယောဇဉ် အပူ ...သည် ဘယ်သောအခါမှ ငြိမ်းအေးမှု ရနိုင်ပါမည်နည်း။

"လာမယ်ဆိုရင်လဲ ဖုန်းဆက်လိုက်ရောပေါ့၊ ဘူတာလာကြို ...ပေါ့၊ ရော့. . . ကော်ဖီပူပူလေး သောက်လိုက်ဦး"

"အနွေးထည် အရင်ဝတ်လိုက်၊ နောက်မှ သနပ်ခါးလူး"

"ဥပုသ်စောင့်ထားတယ်၊ ကော်ဖီမသောက်တော့ဘူး၊ ...နွေးပဲ သောက်မယ်"

"ခရီးသွားလာတဲ့အခါများ ဥပုသ်ဖျက်လိုက်ရောပေါ့"

"မဖျက်ချင်ပါဘူး"

ကိုယ့်ဝမ်းနာ ကိုယ်သာ သိပါသည်။ သောကအမြိုက်ကို ...ားရေအေးနှင့် တိုက်ချွတ်ဆေးကြောနေရခြင်း ဖြစ်သည်။

သို့တိုင်အောင် ငြိမ်းချမ်းမှု ဖြေဆည်ရာကို ရှာဖွေ၍မရ ...သေး‌ချေ။

"ကျောင်းကိစ္စတွေကော ပြီးလာပြီလား"

"ပြီးလာပါပြီ"

ဇင်သား ရှပ်အင်္ကျီပွပွကို အရင်ဝတ်လိုက်ပြီးမှ ခေါင်းကို ...ားဒရိုင်ယာဖြင့် ခြောက်သွေ့စေသည်။

အမှန်တော့ အောင်စာရင်းထွက်ရက်ပြီးမှ ပြန်လာရန် ...သည်။ သို့သော် ရင်၌ ခံရခက်သောဝေဒနာရပ်ကြောင့် ဒေသခံ



www.burmeseclassic.com

www.burmeseclassic.com



ဆရာမတစ်ဦးအား မိမိတာဝန်များကို လက်ပြောင်းပေးပြီး ချ
ချင်းပင် ပြန်ချလာခဲ့သည်။

"သမီး. . . တယ်လီဖုန်း"

ခရီးရောက်မဆိုက် ဖခင်၏ ညှော်ခန်းမှ ခေါ်သံကြော
အံ့အားသင့်သွားသည်။

"ဘယ်ကပါလိမ့်"

"မော်လမြိုင်က ထင်တယ်၊ စောစောက တစ်ခါဆက်သေ
တယ်၊ ရန်ကုန်မှာ ရှိသလား မေးတော့ ဖေဖေက မော်လမြိုင်မှာ
လို့ ပြောလိုက်သေးတယ်. . . ရော့"

ဖခင်က ရှင်းပြလိုက်သည်။

"ဟုတ်လား ဖေဖေ"

တယ်လီဖုန်း စကားပြောခွက်ကို လှမ်းယူပြီး. . .

"ဟဲလို. . . အမိန့်ရှိပါ"

"ဆရာမ. . . သမီးပါ ဝတ်မှုန်ပါ"

"ဩော်. . . ဝတ်မှုန် ကိစ္စရှိလို့လား"

"ဆရာမက မပြောမဆိုနဲ့ ပြန်ချသွားတာကိုး၊ လေးလေ
သမီးက သမီးတို့ စတုဒီသာ ကျွေးတဲ့မဏ္ဍပ်ကို ခေါ်သွားမလို့ လ
ခေါ်တာ၊ အိမ်သော့ပိတ်ထားတော့ ဘယ်သွားသလဲ မသိဘူးဆို
ရိပ်သာတောင် လိုက်သွားသေးတယ်၊ မတွေ့တော့ လေးလေး
ရန်ကုန်များ ပြန်သွားသလား မသိဘူး ပြောတာနဲ့ သမီး ဖုန်းဆ
ကြည့်တာ"

တပည့်များအား ရန်ကုန်လိပ်စာနှင့် ဖုန်းနံပါတ်ကို ပေ
ထားခဲ့မိခြင်းသည် မိမိ၏ပထမဦးဆုံးသော အမှားအယွင်းတစ်
ဖြစ်နေပြီ ထင်ပါသည်။

"ဩော်. . အေး. . စကားမစပ်လို့ ပြန်မယ်ဆိုတာ မပြေ





ဆိုတ်မိဘူး"

"လေးလေးက မေးနေတယ်၊ ဆရာမ ဥပုသ်နဲ့လားတဲ့"

"အင်း. . ."

"လေးလေးဘာသာ ပြောပါလား၊ ဆရာမ လေးလေးက
စကားပြောမလို့တဲ့"

ထိတ်ထိတ်လန့်လန့်နှင့် ငြင်းပယ်လိုက်ရလျှင် ကောင်း
မည်လား၊ မိဘနှစ်ပါးက လှမ်း၍အကဲခတ်နေသည်ဆိုတော့
အမူအယာ ပျက်၍မကောင်း။

ဘာဖြစ်၍များ ဤမျှ တုန်လှုပ်မှု ဖြစ်နေရပါလိမ့်။

"သွေး"

"ပြောပါ"

"ဘာဖြစ်လို့ ရုတ်တရက် ထွက်သွားရတာလဲ"

"အချိန်တန် အိမ်ပြန်ရမှာပေါ့၊ ကျွန်မအိမ်က ရန်ကုန်မှာပဲ
ဟာ"

ကျွန်မဟူသော အသုံးကို သုံးလေ့သုံးထ မရှိပါသော်လည်း
[illegible]တမင်ရွေး၍ သုံးလိုက်ရသည်။ မြန်မာဆန်သော စိမ်းကားမှု
[illegible]နာမ်စားတစ်ခုဟု ထင်သည်။

"ဘယ်တော့ ပြန်လာမှာလဲ"

"ကျောင်းဖွင့်တော့မှ"

"တိုးရဲ့သွေးဟာ ဒေါ်မြတ်လေးနွယ်မှန်း မသိနိုင်တာကို
နောင်တရနေတယ်"

ဒိုးစကားက ဘာကို ဆိုလိုသနည်း။ မိမိနားမလည်နိုင်ချေ။
တစ်ခါတစ်ရံ အလွယ်ကူဆုံး စကားများသည် နားလည်ရ
အခက်ဆုံးသော စကားများ ဖြစ်နေတတ်သည်။

"တိုးဟာ 'သွေး' ဆိုတဲ့ သင်္ကေတလေးကလွဲလို့ ဘာကိုမှ



www.burmeseclassic.com

www.burmeseclassic.com

သဲလွန်စ မထားခဲ့ဘူး၊ ထားပါတော့လေ၊ သေသူကို အပြစ်တင်သလို ဖြစ်သွားမှာ စိုးရတယ်၊ ဒိုးက သွေးကို သိပ်တွေ့ချင်နေခဲ့တယ်ဆိုရင် ယုံမလား"

"ကျွန်မ သွေးမဟုတ်ဘူး၊ သွေးဟာ တိုးနဲ့အတူ သေဆုံး သွားပါပြီ၊ ကျေးဇူးပြုပြီး ကျွန်မကို သွေးလို့ မခေါ်ပါနဲ့ ဦးဒိုး"

မထူးတော့ပါဘူး၊ မိဘတွေ သိရင်လည်း သိကြပါစေ တော့၊ ရှင်းပြလိုက်မည်။ တိုးကိစ္စတုန်းက ရှိုးတိုးရိုပ်တိတ်တော့ သိထားကြသည်။

မိမိ၏မိဘများသည် သားသမီးများ၏ အိမ်ထောင်ရေး၌ စီးပွားရေးဆန်ဆန် တွက်ချက်၍ ဖန်တီးပေးတတ်သူများ မဟုတ်ကြ ပေ။ အစ်ကို အစ်မများအားလုံး အိမ်ထောင်အသီးသီး ကျကုန်ကြ သည်။ သူတို့သဘောအလျောက် ရွေးချယ်တည်ဆောက်ကြသူများ ဖြစ်သည်။

"တိုးနဲ့ဒိုးဟာ အချင်းတစ်ခုတည်း မွေးခဲ့တဲ့ အမြွှာဆိုတာ သွေး သိထားမယ်ဆိုရင် ဒိုးအပေါ် စိမ်းကားနိုင်မယ် မထင်ဘူး"

"ကျွန်မ ခရီးက အခုပဲ ရောက်လာပါတယ် ဦးဒိုး၊ အနား ယူချင်ပြီ"

"ဆောရီး သွေး၊ ဆယ်နှစ်ကျော်ကျော် ရှာဖွေခဲ့တုန်းက မတွေ့ခဲ့တဲ့ မမျှော်လင့်တဲ့အချိန်မှာ ဘွားခနဲ တွေ့လိုက်ရပြီးမှ ထပ်မံပျောက်ဆုံးသွားမှာ စိုးရိမ်နေလို့ပါ၊ တို့ ရန်ကုန်ရောက်တဲ့အခါ သွေးတို့အိမ်ကို လာလည်လို့ ရပါသလား"

"ကျွန်မ ခရီးထွက်ဦးမှာဖြစ်လို့ ဝမ်းနည်းပါတယ်"

သက်ပြင်းချသံနှင့်အတူ. . .

"ဒါဖြင့်လဲ ပြန်လာရက်ကို စောင့်ကြိုရုံပဲ ရှိတော့တာပေါ့ဗျာ၊ ဝတ်မှုန်နဲ့ ဘာပြောဦးမလဲ"





"မပြောတော့ပါဘူး"

ပြောပြောဆိုဆို တယ်လီဖုန်း ချလိုက်သည်။ ရင်ထဲ ကြေကွဲ ရိပ်တို့ ဖုံးလွှမ်းလာသည်။ တိုးသည်တိုး၊ ဒိုးသည် ဒိုးပါပဲ၊ ဘာမှ မဆိုင်ဘူးဟု ထင်ပါသည်။

"ဘယ်သူ့ဆီကလဲ သမီး"

မိခင်သည် သိလျက်နှင့် တမင်မေးခြင်း ဖြစ်သည်။

"တိုး‌ရဲ့အမွှာညီ ဒိုးပါ၊ ဟိုမှာ သွားတွေ့တယ်"

"ဩော်. . . တိုးနဲ့ တူသလား"

"ခွဲမရဘူး"

တိုးအကြောင်း ပြောနေသည့်အခါတိုင်း လက်ဖျားခြေဖျား တို့ ကျဉ်တက်ကာ ရင်ထဲ အောင့်တောင့်တောင့် ဝေဒနာမျိုး ခံစားရ သဖြင့် အသက်ပြင်းပြင်းတစ်ချက်ရှူလိုက်ပြီး. . .

"နောက်တစ်ခါ မော်လမြိုင်က ကျောင်းက ဖုန်းဆက်တာ ကလွဲရင် ကျန်တဲ့သူတွေ ဆက်ရင် သမီး ပေလီဘက် ခရီးထွက်သွား တယ်လို့သာ ပြောလိုက်ပါ မေမေ၊ အဟောင်းဟာ အသစ်မဖြစ်ချင် ဘူး၊ သမီး အိပ်တော့မယ်"

"အေး. . . အေး"

မိဘများသည် ငယ်ရာမှ ကြီးလာသူများပီပီ သမီးဖြစ်သူ ၏နှလုံးသားပြဿနာ အကျည်းတန်မှုကို နားလည်နေပေလိမ့်မည်။ မိမိအိပ်ခန်းထဲသို့ တန်းဝင်ခဲ့သည်။ အောက်ထပ်မှ အစ်မလတ်နှင့် ကလေးများ ဆူညံစွာ ဆော့ကစားသံ ထွက်ပေါ်လာသဖြင့် အိပ်ခန်းတံခါးကို ပိတ်လိုက်သည်။

တံခါးပိတ်ပြီး ကျောခိုင်းလိုက်သည်နှင့် မျက်ရည်တို့ စီးဝဲ လာသည်။

'ဥပုသ်ကြီးနှင့် သီလစင်ကြယ်အောင် နေမှ' ဟူသော


www.burmeseclassic.com

www.burmeseclassic.com

အသိတရား ဝင်လာသည်နှင့် အိပ်ယာဆီသို့ ခပ်သွက်သွက် လှမ်းကာ လှဲချလိုက်သည်။ ခေါင်းအုံးအောက်၌ နှိုက်လိုက်သည်နှင့် စိပ်ပုတီးလေး ရှိနေသည်။

ဂုဏ်တော်ကိုးပါး စိပ်ရင်းကြားမှ ဖောက်ထွင်းဝင်ရောက်လာသော တိုးကို ဖွတ်ဖျောက်ဖျက်ယူရသည်။

အချစ်ဦးဖြစ်၍ အရူးအမူး ချစ်ခဲ့ပါသည်။ မိမိအားနောက်ဆုံးထွက်သက်လေးအထိ ချစ်ပြသွားသည့် တိုး၏ကံကြမ္မာဆိုးအကြောင်း တွေးမိတိုင်း နှလုံးသားကို ဓားနှင့် ထိုးဆွခံရသည့်အလား နာကျင်နေဆဲပင်။

မိမိအချစ်သည် တိုးနှင့်အတူ သေဆုံးသွားခဲ့ခြင်း ဖြစ်ပါသည်။

ဒိုးအား အဝင်မခံနိုင်ပါ။ ဘယ်နည်းနှင့်မှ အဝင်မခံနိုင်။

ဒိုးသည် တိုးမဟုတ်ခြင်းဖြစ်ကြောင်းကို မိမိခံယူထားပေမည်။


ဒိုးမျက်လုံးများက မိမိအပေါ် မရိုးသားသကဲ့သို့ ဒိုးစကားတို့သည် သံယောဇဉ်နှောင်ဖွဲ့နေသော စကားများဖြစ်ကြောင်းကို မိမိ၏အသိစိတ်က အလိုအလျောက် သိနေသဖြင့် ဒိုးကို ရှောင်နေရန် ဆုံးဖြတ်ခြင်းသည် မိမိအမှား မဟုတ်နိုင်ပါ။

တိုးအပေါ် မိမိ၏နောက်ဆုံးအချိန်ပိုင်းအထိ သစ္စာရှိရှိ ချစ်သွားမည်ဟု. . .။

ခြော်. . . ဥပုသ်ကြီးနဲ့တောင်မှ တိုးရယ်။ ဘယ်လိုမှ မမေ့ရက်နိုင်အောင်ပါပဲလား။







# အခန်း(၆)

"စွဲလမ်းခြင်းဆိုတာ ကောင်းကျိုးမဖြစ်ထွန်းသော တရားတစ်မျိုးပဲ၊ လူ့ဘဝသက်တမ်းဆိုတာ တိုတိုလေးပဲ၊ ဒီတော့ သက်တမ်းတိုတိုလေးမှာ စွဲလမ်းခြင်းနဲ့ တမ်းတခြင်းဆိုတဲ့ သောကရဲ့ ကြီးစိုးမှုနဲ့ ပျော်ရွှင်ခြင်းတွေ ဆုံးရှုံးရမှာ လိုလားသလား သမီး"

မိခင်သည် တမှိုင်မှိုင် တတွေတွေ ဖြစ်နေသော မိမိအား ဆုံးမနေသည်။

တိုးကို စွဲလမ်းတမ်းတခြင်းကြောင့် အိမ်ထောင်ရေးကိုးဝမစဉ်းစားဘဲ တစ်ကိုယ်တည်း နေထိုင်ခြင်းဖြစ်သည်ဟု ယူဆသဘောတ


www.burmeseclassic.com

www.burmeseclassic.com



ကျကျ တွေးမိကာ အပျိုကြီး လုပ်နေခဲ့ခြင်းသည် မကောင်း၍လား။

"တစ်ဖက်က ဘဝတစ်ပါးကို ပြောင်းသွားပြီးမှများ သမီးရဲ့အစွဲအလမ်း၊ သူ့ရဲနောက်ဆုံးအစွဲအလမ်းကြောင့် မကျွတ်မလွတ်ဖြစ်နေလေရော့သလားကွယ်"

သည်တစ်ချီတွင်တော့ ကြက်သီးမွေးညင်းများ ထောင်ထသွားသည်အထိ တုန်လှုပ်သွားသည်။

မိမိ တစ်ခါမှ မတွေးခဲ့ မစဉ်းစားခဲ့ဖူးသော အကြောင်းတရားတစ်ခုပါလား။

"ဘဝခြားသွားပြီဆိုတော့ သူ ကောင်းလေရာ ဘုံဘဝကို ရောက်ဖို့ ကောင်းမှုကုသိုလ် များများပြုလုပ်ပြီး ရေစက်ချ အမျှဝေပေးရမှာ သမီးရဲ့တာဝန်လို့ ထင်တယ်၊ ဒါမှလဲ သူ့အပေါ် ချစ်ရာရောက်ပါတယ်၊ အချို့အယူအဆ တစ်မျိုးက သေဆုံးသူအတွက် ကျန်ရစ်သူတွေက ဝမ်းနည်းပက်လက် ငိုကြွေးကြတဲ့အခါ သေဆုံးသူရဲ့ဝိညာဉ်လိပ်ပြာဟာ အဲဒီသောကမျက်ရည် ပင်လယ်ထဲမှာ ကူးခတ်ရင်း အခြားတမလွန်ဘဝကို ရှာမတွေ့နိုင်အောင် ဖြစ်နေတတ်တယ်လို့လဲ ဆိုကြတယ်၊ မေမေက သမီးကို ကလေးတစ်ယောက် ဖျောင်းဖျသလို ဖျောင်းဖျနေရတာ အကြောင်းရှိတယ်၊ သမီးဟာ တိုးအပေါ် တမ်းတမ်းတတ စွဲလန်းလွန်းတော့ တိုးခမျာ ကျွတ်မှကျွတ်ရဲ့လားလို့တောင် မေမေ သံသယ ဝင်မိတယ်"

နှစ်စဉ် မက်လေ့ရှိသော အိပ်မက်၏ခြောက်လှန့်မှု အကြောင်းကို မေမေ ရည်စူးပြောလိုက်ခြင်း ဖြစ်မည်။

မေမေပြောသလိုများ တိုးသည် မကျွတ်မလွတ်ခဲ့ဘူးလား၊ သို့ဆိုလျှင် မိမိပယောဂ ကင်းပါမည်လား။ ဒါလည်း မဆိုင်ဘူးထင်ပါသည်။

ရင်ထဲ၌ လေးလံနေသော ဆို့နင့်နေသော လောင်မြိုက်နေ





သော သောကအလုံးကြီး တစ်ဆို့နေသည်။

"အိပ်မက်က မက်တုန်းပဲလား"

"မက်တုန်းပဲ မေမေ"

မိမိအဖြေအဆုံး၌ မိခင်က သက်ပြင်းချကာ. . .

"ဒါကို အခုမှ မေမေ့ကို ပြောရသလား"

"မေမေက အခုမှ မေးတာကိုး၊ မေမေ့ သားကြီး သမီးကြီးမြေးတွေ တစ်ဒါဇင်လောက်နဲ့ အလုပ်ရှုပ်နေပြီးတော့ သမီးကိုကောဂရုစိုက်လို့လား"

"သမီးကကော အဖေအမေနဲ့ အနေများလို့လား"

ဘီအီးဒီ ငါးနှစ်သင်တန်းဆင်းပြီး ပို့စတင်ကျရာ ရှမ်းပြည်နယ် ဗထူး၌ သုံးနှစ်၊ ထိုမှတစ်ဖန် မန္တလေးတိုင်း၊ ကျောက်ပန်းတောင်းမြို့နယ်၌ နှစ်နှစ်၊ ထိုမှ မော်လမြိုင်သို့ ရောက်လာသည်မှာ လေးလကျော်သာ ရှိသေးသည်။

မိဘ၏ရင်ခွင်မှ ကင်းကွာပြီး မိမိတတ်ထားသောပညာနှင့် ပြည်နယ်နှင့်တိုင်း ဆယ့်လေးခု၌ နှစ်နှစ်စီ တာဝန်ထမ်းဆောင်ရင်း ပညာပါရမီ ဖြည့်ဆည်းမည်ဟူသော ရည်မှန်းချက်အတိုင်း နိုင်ငံ့ဝန်ထမ်း ခရီးသည်ဘဝဖြင့် မိမိ၏ဘဝသက်တမ်းကို မြှုပ်နှံထားခဲ့ခြင်းဖြစ်သည်။

"ဒါကတော့ မေမေရယ်. . . ဝန်ထမ်းကိုး"

"သမီးကိုက တမင် ရန်ကုန်မှာ မနေချင်လို့ပါ၊ နေချင်ရင် ပြန်ဝင်လို့ ရနေပြီပဲ"

"ရေများရာမှာ မိုးမရွာချင်လို့ပါ မေမေ၊ ရန်ကုန်ကျောင်းတွေဟာ အဘက်ဘက်က ပြည့်စုံပါတယ်၊ နယ်မှာ ဆရာလုပ်ရတာကမှ စေတနာထားပြီး သင်လို့ကောင်းတယ်၊ ဆရာအပေါ် ကျောင်းသားတွေရဲ့ယုံကြည်ကိုးစားမှုကို ရရှိတော့ ဆရာတွေလဲ သင်ရကျိုး



www.burmeseclassic.com

www.burmeseclassic.com



နပ်တာပေါ့ မေမေရယ်၊ ရန်ကုန်ကျောင်းသားတွေက ကျူရှင်ကိုပဲ အားထားနေကြတာ”

“ကောင်းပါတယ် သမီးဝါသနာနဲ့သမီး ပျော်ရွှင်နေရင်ပြီးတာပါပဲ၊ လောကကြီးမှာ နေတတ်အောင် နေရမယ်၊ လူ့ဘဝ သက်တမ်းတိုတိုလေးမှာ သောကမျက်ရည် ဖုံးလွှမ်းခြင်းနဲ့ ဘဝကို မကုန်ဆုံးစေချင်ဘူး၊ လူဖြစ်ရကျိုးမနပ်ဘဲ ဖြစ်မှာ စိုးရိမ်တယ်”

“သမီးလဲ တတ်နိုင်သမျှ မေ့မေ့ပျောက်ပျောက် ထားပါတယ်၊ ဒါပေမယ့် သူဆုံးသွားတဲ့ နှစ်ပတ်လည်နေ့တွေ ရောက်လာရင် အိပ်မက်ကလဲ မက်တော့ သတိရပြီး ခံစား. . .”

ပြောရင်းဖြင့် ရင်ထဲ ဆို့နင့်လာသည်။ ရင်ပွင့်မတတ် နာကျင်ခံစားရပြန်သဖြင့် စကားဆုံးအောင် မဆက်နိုင်တော့၊ မိမိ၏ အစွဲအလန်းကြောင့် တိုးသည် လွတ်ရာကျွတ်ရာ ကောင်းရာဘုံဘဝ တစ်ခုခုသို့ မကူးပြောင်းသေးဘူးဆိုပါက မိမိဆင်ခြင်ရပေမည်။

“ကြို့ပင်ကောက် လေချွတ်နတ်ကတော့ နာမည်ကြီးတယ်၊ ကျွတ်မကျွတ် သိချင်ရင် သွားမေးလို့ရတယ်”

“သမီး အယုံအကြည် မရှိပါဘူး၊ သမီးရဲ့အစွဲအလန်း ကြောင့် ဖြစ်မှာပါ။ သတိရလို့ အိပ်မက်မက်တာပဲ ဖြစ်ရမယ်၊ သူ ဆုံးတုန်းကလဲ. . .”

တွေးမိတိုင်း မျက်ရည်ဝိုင်းရသည့်အဖြစ်အတွက် မတွေးချင်တော့ပါ။

သူ ခူးချိုးပစ်ချပေးခဲ့သော ပိတောက်ပန်းတို့အလယ်၌ သွေးစွန်းသွားရသည့် တိုး၏အဖြစ်ကို ကြေကွဲမှုနှလုံးသား၌ ပုံရိပ်ထင်လာသည်။

သတိရလို့ အိပ်မက်မက်တာလား။

အိပ်မက်မက်လို့ သတိရတာလား။





ဝေခွဲ၍မရ။ သို့သော် ရင်ပွင့်မတတ် ခံစားနေရသည်မှာတော့ သေချာသည်။

“သူ ကျွတ်သွားမှာပါ၊ သမီးကသာ စွဲလန်းနေတာပါ။ မေ့အောင် ကြိုးစားလိုက်ပါ့မယ်”

မဖြစ်နိုင်မှန်း သိလျက်နှင့် မိဘများ စိတ်ချမ်းသာစေရန် ကတိပေးစကား ပြောကြားလိုက်သည်။

“မေ့အောင် ကြိုးစားခြင်းထက် စွဲလမ်းခြင်းဆိုတဲ့ တဏှာရာဂစိတ်ကိုသာ ဖျောက်နိုင်အောင် ကြိုးစား သမီး၊ စွဲလမ်းခြင်းဆိုတဲ့အရာဟာ လူ့ဘဝကို အနှောင့်အယှက် အပေးနိုင်ဆုံးပဲ”

မေမေ၏စကားသည် ‘စွဲလမ်းခြင်းသည် တဏှာရာဂပဲ’ ဟူ၍သာ အပ်ကြောင်းထပ်လာမည်ဖြစ်သည်။

ထို့ကြောင့်. . .

“သမီး ဝေမာတို့အိမ် မရောက်တာကြာပြီ၊ သွားလည်လိုက်ဦးမယ်”

“အေးအေး. . . ဒရိုင်ဘာ ခေါ်သွားနော်”

“ဟုတ်ကဲ့”

မေ့အောင် ကြိုးစားမည့်သူက အတိတ်ဇစ်မြစ်ကို တူးဖော်စေနိုင်သော ရပ်ဝန်းသို့ အဘယ်ကြောင့်များ ခြေချချင်ရပါလိမ့်။

“ဦးသောင်း”

“ဗျို့”

“ကားကို ဘုရားဆီပဲ မောင်းတော့”

“ဘယ်ဘုရားလဲ”

ကားပေါ် ရောက်မှ စိတ်ကူးက ပြောင်းလဲသွားသဖြင့် လမ်းပြောင်းခိုင်းကာမှ ဦးသောင်း၏အမေးကြောင့် ချွေးမြီးတိုသွားသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဘယ်ဘုရားကမှာလဲ. . . ရွှေတိဂုံပဲပေါ့၊ ဦးသောင်းကလဲ ဒါတောင် မသိဘူးလား"

"ရန်ကုန်မှာ ဘုရားတွေ အများကြီးဆိုတော့ အနီးဆုံး ကမ္ဘာအေးပဲ သွားမလား၊ ငါးထပ်ကြီး၊ ခြောက်ထပ်ကြီး၊ ဗိုလ်တစ်ထောင်"

"တော်ပါတော့ ဦးသောင်းရာ၊ စိတ်ညစ်ရတဲ့အထဲ"

သောကြာသားကို စကားစမိခြင်းသည် ငါးပါးမှောက်တော့မည် ထင်ပါသည်။

"စိတ်ညစ်တယ်. . . ကလေးမှာ ဒီလောက် အဖက်ဖက်က ပြည့်စုံတာ စိတ်ညစ်ရတယ်လို့၊ ဦးသောင်းတို့ ညည်းဖို့ ထားပါဦး"

"လောကကြီးမှာ ချမ်းသာတယ်၊ ပညာတတ်တယ်၊ မိစုံဖစုံ ရှိတယ်၊ ဒါကို ပြည့်စုံတယ်လို့ ခေါ်နိုင်သလား ဦး"

"ခေါ်နိုင်တယ်. . . အကြွေးကင်းတဲ့သူကို ပြည့်စုံတယ်လို့ ခေါ်နိုင်တယ်"

ဩော်. . . အလွှာမတူညီသော လူတန်းစားတို့၏အတွေးအခေါ် ခံယူချက်ခြင်းတို့က မတူညီနိုင်ကြပါလား။

"လွမ်းတယ် ဆွေးတယ် တမ်းတတယ်ဆိုတာ အဘက်ဘက်က ပြည့်စုံနေတဲ့သူတွေအတွက် အချိန်ပိုနေတော့ ဖြစ်ပေါ်လာတဲ့ အပိုခံစားမှုတွေပါ ကလေးမရယ်"

ဦးသောင်းသည် မိမိအား တမင်စောင်းပြောနေသည့် အလားကြောင့် အနာပေါ် တုတ်ကျသည့်နှယ် ခံစားလိုက်ရသည်။

အော်ငေါက် ဟန့်တားလိုက်လိုပါသော်လည်း မိမိ၏အလုပ်သမား ဒရိုင်ဘာ ဆိုသော်ငြား အသက်အားဖြင့် ကြီးနေသူ ဖြစ်သဖြင့် ခံရခက်သောစိတ်တို့ကို မျိုသိပ်ထားလိုက်ရသည်။

ဆိတ်ဆိတ်နေခြင်းဖြင့် စကားစကို ဖြတ်တောက်ပစ်လိုက်





သည်။

သေသေချာချာ တွေးကြည့်လိုက်တော့လည်း ဦးသောင်းပြောတာ မှန်သည်ဟု ဆိုရမည်။ အဘယ်ကြောင့်ဆိုသော် ကျောင်း၌ တာဝန်ဝတ္တရားများ ထမ်းဆောင်နေစဉ်ကာလ၌ တိုးကို တမ်းတမ်းတတ လွမ်းဆွတ်မနေတတ်ခြင်းကြောင့်ပင်။

သို့သော် တစ်ခါတစ်ရံ မှန်သောစကားပင် ဖြစ်လင့်ကစား တစ်ဖက်လူ ခံရခက်သွားတတ်သောအခါလည်း ရှိတတ်သည်ပင်။ ရွှေတိဂုံဘုရား ရောက်သည်နှင့် စနေထောင့်သို့ သွားကာ တိုးအတွက် တောင်းဆုခြွေမိသည်။

"တိုး ကောင်းရာသုဂတိသို့ ရောက်ရှိပါစေ" ဟု. . . ။



www.burmeseclassic.com

www.burmeseclassic.com





## အခန်း(၇)

ထိန်းချုပ်ထားသည့်ကြားက မျက်ရည်များ ရစ်ဝဲလာ
သည်။

အစွဲအလန်းဆိုသည်မှာ အခက်သားပါလား။

"တိုး. . ."

တိုးသေဆုံးပုံကို စိတ်မြင်ကွင်းထဲမှ ဖျောက်ဖျက်ပစ်၍မ
တောင်းဆုခြွေအပြီး မျက်လုံးအဖွင့်၌ တိုးကို တွေ့လိုက်
သည်။

"တိုး"





နှုတ်ဖျားက ထွက်ပေါ်မလာသော ရင်ဖွင့်သံနှင့် ခေါ်လိုက်မိသည်။

"သွေး. . ."

ခြေကျဥ်နေသဖြင့် ရုတ်တရက် ထ၍မရ။ တိုး ကိုယ်ထင်ပြခြင်းလား။

မဖြစ်နိုင်သောအတွေးတို့ကို ခေါင်းတွင်းမှ မောင်းထုတ်ပစ်လိုက်သည်။ အတွေးခေါင်ရန်ကော။

"သွေးဟာ တိုးအပေါ် တော်တော်ချစ်တယ်နော်"

မိမိဘေးနားသို့ ရောက်လာသူသည် တိုး၏အမွှာညီ ဒိုးဖြစ်ကြောင်း သိလိုက်သည်နှင့် ရင်တွင်း လှိုင်းခတ်သံ ဖြစ်ပေါ်လာသည်။

တိုး သေသွားသည်မှာ ဟုတ်မှ ဟုတ်ပါလေစဟု ထင်ယောင်ထင်မှားလောက်အောင် ရုပ်အင်္ကျီလက်တိုလက်ရှည် အမြဲဝတ်တတ်သည်။

လက်ရှည်ဝတ်သည့်အခါတိုင်း လက်ဖျားကို ခေါက်ကာဝတ်တတ်သည်။

မခင်စိန် ဒူးဝါးကြီး ကချင်လုံချည် အစိမ်းကွက်တို့ကိုဝတ်ဆင်တတ်သည်။

ဒိုးသည်လည်း ထိုသို့ပါတကား။

"တစ်ယောက်တည်းလား"

"အင်း. . ."

မဖြေချင့်ဖြေချင် ဖြေပြီးထွက်ခဲ့သည်။

ထိုအခါ ဒိုးသည် ဘေးမှ ထက်ကြပ်မကွာ ပါလာသည်။

"သွေးဟာ ဒိုးကို တမင်ရှောင်နေတယ် ထင်တယ်"

"ထင်လို့ပါ. . . ရှောင်စရာအကြောင်း မရှိပါဘူး"



www.burmeseclassic.com

www.burmeseclassic.com



တမင်သက်သက် ဖြေလိုက်သည်။

"ထင်တာ မဟုတ်ဘူး၊ အတိအကျ သိနေတာ"

မြတ်လေးနွယ် သူ့အား စူစမ်းသောအကြည့်ဖြင့် ငဲ့စောင်းကြည့်လိုက်သည်။

တိုးကဲ့သို့ပင် သူ့မျက်နှာသည် အမြဲရွှင်လန်းကာ တောက်ပြောင်နေသည်။

"မနေ့က ဖုန်းဆက်တယ်၊ ရိပ်သာဝင်နေပါတယ်တဲ့လေ၊ လူကြီးတွေကိုပါ ဝိုင်းညာခိုင်းထားတာ မကောင်းဘူးထင်တယ်"

"ရှင့်အပူ မပါပါဘူး"

"တစ်ဖက်သတ်ကြီး စိမ်းကားဖို့ မကြိုးစားပါနဲ့ ဒေါ်မြတ်လေးနွယ်၊ ဒိုးမှာ ဘာအပြစ်ရှိလို့ ရှောင်ရှားဖို့ ကြိုးစားနေတာလဲ"

"အဲဒီလိုက်လျှောနေတာကိုက အပြစ်တစ်ခုပဲ၊ နောက်တစ်ခု ရှိသေးတယ်"

"ဘာလဲ"

"သွေးလို့ ခေါ်တာ၊ တိုးကလွဲပြီး ကျွန်မကို ဘယ်သူကမှ သွေးလို့ မခေါ်ရဘူး"

"တိုးရဲ့ဒိုင်ယာရီကို ဖတ်ပြီး သွေးဆိုတာ ဒိုးနဲ့ တရင်းတနှီးဖြစ်နေလို့ နှုတ်ကျိုးသွားခဲ့တယ်၊ ဒါပေမယ့်. . သွေး. . အဲ. . ဒေါ်မြတ်လေးနွယ် မကြိုက်ရင် ကျွန်တော် ဆင်ခြင်ပါ့မယ်"

ထိုသို့ဆိုပြန်တော့လည်း မြတ်လေးနွယ် ရင်ထဲ၌ တစ်မျိုးတစ်မည် ခံစားလိုက်ရသည်။

တိုးသည် မိမိနှင့် အဝေးဆုံးကမ္ဘာသို့ ရောက်ရှိသွားသည့်နှယ်။

သို့သော် ခုရုပ်မှ နောင်ရှင်းမည် ဖြစ်သောကြောင့်. . .

"အခုလောလောဆယ် ရှင့်မှာ အကြီးမားဆုံး အပြစ်တစ်ခု





ရှိနေတယ်"

"မကုန်နိုင်အောင်ပါပဲလား. . . ဒိုးဟာ ဒီလောက် မိုက်တွင်းနက်တဲ့သူဖြစ်မှန်း အခုမှပဲ သိတော့တယ်"

"အပိုတွေ မပြောပါနဲ့၊ ရှင်နေခဲ့တော့၊ ကျွန်မနောက်ကို မကြည်ဖြူဘဲ ရှင်မလိုက်ခဲ့နဲ့"

"မမျှော်လင့်ဘဲ ဆုံတွေ့ခွင့်ရတဲ့ ကံကြမ္မာလေးကိုတောင် ချမ်းသာခွင့် မပေးပါလား"

"မပေးနိုင်ဘူး. . . နေခဲ့နော်၊ ရှင်လိုက်ခဲ့မယ်ဆိုရင် ကျွန်မမော်လမြိုင်ကို ခြေမချတော့ဘူး၊ ကျွန်မအတွက် လခစားအလုပ်ဆိုတာ အရေးမကြီးဘူး၊ ဝါသနာအရ အလုပ်လုပ်တာ၊ သောကစိပ်ကို ထွက်ပေါက်ပေးတဲ့အနေနဲ့ အလုပ်လုပ်နေတာ၊ ဒီကြားထဲမှာ စိတ်အနှောင့်အယှက် ရှိလာမယ်ဆိုရင် ကျွန်မ အလုပ်ထွက်ဖို့ ဝန်မလေးဘူးဆိုတာ ရှင် နားလည်ထားပါ"

"ကောင်းပါပြီ. . . ကျွန်တော် နားလည်ပါတယ်၊ ကျွန်တော် အခု ဆက်မလိုက်ပါဘူး၊ စိတ်အေးလက်အေးသာ ပြန်ပါ၊ ခင်ဗျား စိတ်ချမ်းသာစေရပါ့မယ်"

"အခု ဆက်မလိုက်ပါဘူး မဟုတ်ဘူး၊ နောင်လဲ ဘယ်တော့မှ ဆက်မလိုက်နဲ့"

"ဒါကတော့ ကတိမပေးနိုင်ဘူး"

"ရှင်နော်"

"ကျွန်တော် မညာတတ်လို့ပါဗျာ"

မြတ်လေးနွယ် စိတ်ရှုပ်ထွေးသွားသည်။ မိမိသည် သူ့အားတာဖြစ်၍များ စိုးကြောက်နေရသနည်း။

ကိုယ့်စိတ်ကို ကိုယ်ထိန်းနိုင်လျှင် ပြီးပြီပေါ့။

"နေခဲ့တော့"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ကဲ့"

သူ ရပ်လိုက်သည်။

မြတ်လေးနွယ်က ဆက်လက်လှမ်းထွက်ခဲ့သည်။ သူ လိုက် မလာတော့ပါ။


ရင်တွင်း လှိုင်းခတ်သံကာ ညံနေဆဲဖြစ်သည်။

တိုး၏ကိုယ်ပွားလေးကို ချန်ရစ်ခဲ့ခြင်းကပင်လျှင် တိုးကို ပို၍ဝေးကွာစေခြင်းလား။

ဝေခွဲမရစိတ်ဖြင့် နေပူခံ ကျောက်ပြားလေးများကို ဖြည်း ညင်းစွာ ထိနင်းရင်း လျှောက်ခဲ့လေသည်။







## အခန်း(၈)

"ပေး . . ပေး . . . ဆရာမ အိတ်နဲ့ခြင်း"

မြတ်လေးနွယ် ဟစ်အော်၍ နှင်ထုတ်လိုက်ချင်စိတ်ကို မျိုသိပ်လိုက်ရသည်။

ဝတ်မှုန်တို့ တူဝရီးက မုတ္တမဘူတာ၌ လာရောက်ကြိုဆိုနေ သည်။ ဒိုးအမူအယာသည် အပြစ်မရှိသော လူတစ်ယောက်ကဲ့သို့ အေးအေးချမ်းချမ်း ငြိမ်သက်လျက်ရှိသည်။

မိမိ၏ခရီးဆောင်အိတ်နှင့် ခြင်းတောင်းကို ဝတ်မှုန်မှ တစ်ဆင့် သူ့လက်ပြောင်းယူကာ ရှေ့မှ ထွက်သွားသည်။



www.burmeseclassic.com

www.burmeseclassic.com



ဝတ်မှုန်က မိမိလက်ကို ဆွဲ၍ သူ့နောက်သို့ လိုက်သည်။

"ဝတ်မှုန်တို့ လာစောင့်တာ သုံးရက်ရှိပြီ"

"မနက်ဖြန်မှ ကျောင်းဖွင့်မှာပဲ၊ ဒီနေ့မှ လာမှာပေါ့"

"အကယ်၍များ ကြုံလာခဲ့ရင်ဆိုပြီး လေးလေးက ဝတ်မှုန်ကို ခေါ်ပြီး လာစောင့်နေတာ"

"ဒီခရီးက လာနေကျပဲကွယ်"

"ဒေါ်လေး မပါဘူးလား"

"နေမကောင်းလို့ ကျန်ခဲ့တယ်၊ နောက်မှ လိုက်လာလိမ့်မယ်"

"ဟင်. . . ဒီလိုဆိုရင် ဆရာမတစ်ယောက်တည်း အိပ်လို့ဖြစ်ပါ့မလား၊ ဝတ်မှုန် လာနေပေးရမလား"

"ဖြစ်ပါတယ်. . . ဆရာမ မကြောက်တတ်ဘူး၊ ဘေးအိမ်ခန်းက ကပ်နေတော့ အချိန်မရွေး အကူအညီရတယ်"

"ဝတ်မှုန်တို့လဲ နေ့တိုင်းလာပေးပါ့မယ်၊ ဆရာမ ထမင်းချက်မစားနဲ့၊ ဝတ်မှုန် လာပို့ပေးမယ်"

"ရပါတယ်. . . ဆရာမက ကိုယ်တိုင်ချက်စားရမှ စိတ်တိုင်းကျတယ်"

မြတ်လေးနွယ် ခပ်ပြတ်ပြတ်ပြောလိုက်ရန် အင်မတန်ခက်နေသည်။ နူတ်၌ ဖွင့်ဟရန် အားနာနေသည်။

စေတနာကို ငြင်းပယ်ရန်မှာ မလွယ်ကူသောအလုပ်ဖြစ်သည်။ သူတစ်ပါး ကျေးဇူးပြုခြင်းကို လက်ခံမိလျှင်လည်း ပြန်ဆပ်ရတော့မည်။ ထိုပြန်ဆပ်ခြင်း၌ အားနာခြင်းသည်လည်း ပါဝင်နေတတ်သည်။

ဇက်ကူးတော့လည်း တူဝရီးနှစ်ယောက်ကြားဝယ် လိုက်ပါလာရသည်။





မော်လမြိုင်သို့ ရောက်တော့ သူတို့၏ကားလေးက စောင့်ကြိုနေပြန်သည်။

သက်ပြင်းသဲ့သဲ့ ချလိုက်မိသည်။

ငြင်းပယ်ရန် ခက်ခဲနေသည်။

ဤကားလေးဖြင့် ကျောင်းကိစ္စ လိုအပ်စဉ်ကလည်း အကူအညီ တောင်းဖူးသည်။ ဤကားလေးဖြင့် သူတို့၏ဆွမ်းကျွေးသို့ လိုက်ပါဖူးသည်။

ရင်းနှီးပြီးဖြစ်နေသော မိသားစုအား ချက်ချင်းဖြတ်တောက်ပစ်ရန် ခက်ခဲနေသည်။

သက်ပြင်းဖြင့် ရင်တွင်းသောကကို ရှင်းလင်းလိုက်သည်။

ဒိုးသည် စကားတစ်ခွန်းမှ မပြောပါချေ။

ဝတ်မှုန်၏အသံတွေသာ ညံစီလျှက်ရှိသည်။

တိုး ပြောဖူးသည်ကို သတိရမိသည်။

"ဒိုးက အငယ်ပေမယ့် လူကြီးဆန်တယ်၊ တိုးကို သူက အကြီးလို လုပ်ပြီး ရှုတည်တည်နဲ့ ဆရာလုပ်တတ်တယ်၊ ဒါပေမယ့် တိုးအပေါ် အရမ်းအနစ်နာခံတယ်၊ တိုးတို့နှစ်ယောက်က အကြိုက်တူတတ်လို့ မေမေကတောင် ပြောသေးတယ်၊ မိန်းမတစ်ယောက်ကိုလဲ တစ်ပြိုင်တည်း ကြိုက်မယ့်အကောင်(၂)ကောင်တဲ့လေ၊ ဒါကြောင့် ဒိုးကို သွေးအကြောင်း မပြောဘဲ လျှို့ဝှက်ထားရမယ်၊ တော်ကြာ ဒီကောင်ကပါ သွေးကို လိုက်ကြိုက်နေရင် ဒီမောင်နှင်ကျိုးရချည်ရဲ့" ဟု. . . ။

"ဟင်. . . ဆရာမ"

"အင်. . . ဘာလဲ ဝတ်မှုန်"

"ဘွားဘွားက ပြောနေတယ်၊ ဆရာမ ဒီအိမ်မှာ လာနေရင် ကောင်းမယ်တဲ့"



www.burmeseclassic.com

www.burmeseclassic.com



"ကျေးဇူးတင်ပါတယ်လို့ ဝတ်မှုန် ဘွားဘွားကို ပြောလိုက်ပါ။ ဆရာမက လွတ်လွတ်လပ်လပ်နေချင်လို့ကို တမင် တစ်ယောက်တည်း နေတာပါလို့"

"ဘွားဘွားက ဆရာမကို မြင်မြင်ချင်း သဘောကျသွားတာ၊ ကျက်သရေ ရှိလိုက်တာဟယ်လို့ တဖွဖွပြောနေတာ"

မြတ်လေးနွယ် ပြုံးလိုက်မိသည်။ ဆရာမ မဖြစ်ခင်က မြတ်လေးနွယ် ပုံပန်းကိုသာမြင်လျှင် ထိုသို့ ပြောလိမ့်မည်မဟုတ်။

ဆရာမ ဖြစ်လာတော့လည်း ဆရာမနှင့် တူအောင် ဝတ်စားဆင်ယင်ခဲ့သည်။

ဒိုးသည် စကားတောင်စား မလုပ်တော့ဘဲ ကားကိုသာ ဂရုတစိုက် မောင်းနေသည်။

သူ့မျက်ဝန်း၌ တောင်းပန်ရိပ်များ ရှုံးတိုးရိပ်တိတ် ပေါ်နေသည်။

အိမ်ရှေ့ရပ်သည်နှင့် သူသည် ပေါ့ပါးစွာ ဆင်းပြီး အိတ်နှင့် ခြင်းတောင်းကို ယူကာ ဝရန်တာ၌ ရပ်နေသည်။

"ဆရာမအိမ် ဖုန်တက်နေမှာပေါ့၊ ဝတ်မှုန် ဝိုင်းလုပ်ပေးမယ်လေ"

"ရပါတယ် သမီး၊ ဆရာမ နားနားနေနေ လုပ်မယ်"

"ရပါတယ် ဆရာမရဲ့၊ ဆရာမ ပင်ပန်းသွားမှာပေါ့"

ထိုအချိန်အထိ ဒိုးသည် စကားတစ်ခွန်းမှ မဟသေး။

"ဒီလိုဆိုရင် သမီးနေချင်နေခဲ့လေ၊ လေးလေးကို နောက်မှ လာကြိုခိုင်းပေါ့"

ထိုအခါ ဒိုးသည် မဲ့ပြုံးပြုံးပြပြီး ချာခနဲ လှည့်ဆင်းသွားလေသည်။

ဝတ်မှုန်က ပြုံးစိစိနှင့်. . .





"လေးလေးက အိမ်မှာ ဝိုလ်လေ၊ တူ တူမတွေတောင် သူ့ကို အရှုံးပေးရတယ်၊ ခုတော့ ခံသွားရပြီ"

မြတ်လေးနွယ်တောင် ပြုံးချင်လာသည်။ သို့သော် ဣန္ဒြေဆည်ကာ. . .

"ဩော်ကွယ်. . . အပျိုဆရာမအိမ်မှာ လူပျိုတစ်ယောက်က လာပြီး အကြာကြီး နေတယ်ဆိုတော့ ပတ်ဝန်းကျင်အမြင်နဲ့ မတင့်တယ်ဘူးလေ. . . ဒါကြောင့်ပါ"

ဆရာမတစ်ယောက်အနေဖြင့် မကောင်းတတ်၍ ဆင်ခြေ့ရန်ရှောင်စကား သုံးလိုက်ရသည်။

"လေးလေးဒိုးက သနားစရာကောင်းတယ်"

"ကျားကိုးစီး စားလို့မကုန်ကြီးကိုများဟယ်"

အရွှန်းဖောက်ခြင်းအားဖြင့် သောကဝေဒနာကို ကုစားကြည့်သည်။

"ဟုတ်တယ် ဆရာမရဲ့"

ပစ္စည်းများကို ချပြီး တံမြက်စည်း လှည်းနေသော ဝတ်မှုန်ကို မသိမသာ အကဲခတ်လိုက်သည်။ ဒိုး့တိုးတို့၏အစ်မမှ ဖွားမြင်သူဖြစ်သည်ကို မပြောဘဲ သိသာသည်။ တိုးတို့နှင့် ရုပ်ချင်း ဆင်နေသည်။

ဒါကြောင့် ထင်ပါသည်။ ဝတ်မှုန်ကို ကြည့်ပြီး ရင်၌ မြင်ဖူးသလိုလို ဖြစ်ခဲ့မိခြင်းသည် ယခုမှ အဖြေပေါ်တော့သည်။

မသိစိတ်အတွင်း၌ပင်လျှင် တိုးသည် ငြိတွယ်ဆဲဖြစ်သည်။

"လေးလေးတိုးရဲ့လွမ်းမိုးမှုကို အမြဲခံရတယ်"

"ဘယ်. . . ဘယ်လို"

"လေးလေးတိုး ပျော်ရင် လေးလေးဒိုးကပါ လိုက်ပျော်တယ်၊ လေးလေးတိုး သောကရောက်ရင် လေးလေးဒိုးကပါ လိုက်



www.burmeseclassic.com

www.burmeseclassic.com



သောကရောက်တယ်"

"ဒါပေမယ့် လိုက်တော့ မသေဘူး မဟုတ်လား"

"ကံသီလို့ပေါ့ ဆရာမရယ်"

"ဘာဖြစ်လို့"

"လေးလေးတိုး မသေခင်မှာပဲ လိပ်ပြာခွဲလိုက်လို့"

ယခုခေတ်ကာလ၌ လိပ်ပြာခွဲသည်ဟူသောစကားသည် အထူးအဆန်းဖြစ်နေသည်။ မြတ်လေးနွယ်ကိုယ်တိုင် လက်မခံချင်။

"ဘယ်လိုခွဲသလဲ"

"မသိပါဘူး. . . ဘွားဘွားတို့ ရန်ကုန်က ဆရာမ တစ်ယောက်ဆီမှာ သွားခွဲတာပဲ"

"အဲဒီတော့ ဘာဖြစ်သွားသလဲ"

"လေးလေးဒိုး လွတ်လပ်သွားတာပေါ့၊ ခါတိုင်းဆို လေးလေးဒိုးမှာ အခြောက်တိုက် ရန်မဖြစ်ဘဲ ဖြစ်သလိုပဲ ခံရတယ်၊ အားကစား မလုပ်ဘဲ လေးလေးတိုး အားကစားပြိုင်ပွဲ ဝင်နေတဲ့ အခါမျိုးမှာ လေးလေးဒိုး မောကြီးပန်းကြီး ခံစားနေရတယ်လေ"

ထူးထူးဆန်းဆန်း ကြားလိုက်ရသဖြင့် ရင်ထဲ တစ်မျိုးကြီး ခံစားလိုက်ရသည်။

"လေးလေးတိုး မဆုံးခင် နှစ်လအလိုလောက်မှာ ဘွားဘွားက မဖြစ်ချေဘူးဆိုပြီး လိပ်ပြာသွားခွဲလို့ တော်တော့တယ်၊ မခွဲများ မခွဲမိရင် ဝတ်မှုန်တို့မှာ လေးလေးခေါ်စရာ မရှိဘဲ ဖြစ်နေမှာ"

ဟင်းခနဲ သက်ပြင်းမော ချလိုက်မိသည်။

ကံကြမ္မာကပဲ ဆိုးလေသလား၊ ပိတောက်မြင်လျှင် ငန်းငန်းတက် လိုချင်သည့် မိမိကပဲ ဆိုးလေသလားမသိ။ တိုးသည် မပွင့်မီ၌ ကြွေလွင့်သွားရသော ပန်းဖူးလေးအဖြစ် သက်ဆိုင်သူများ ရင်၌ တသသနှင့် ရှိနေသည်။





"ဆရာမအပေါ် စိတ်မဆိုးကြဘူးနော်"

"ဘာဆိုင်လို့လဲ ဆရာမရယ်၊ သေနေ့စေ့တဲ့လူဟာ သေမှာပဲ၊ ဘယ်သူ့ကြောင့်ရယ်၊ ဘယ်ဝါ့ကြောင့်ရယ်လို့ တပ်အပ်သေချာ သိလို့ကော သေသူဟာ ပြန်ရှင်လာမှာမှ မဟုတ်ဘဲ၊ လေးလေးဒိုး ပြောဖူးတယ်"

ဆရာတပည့်နှစ်ယောက် လူတစ်လကျော်ကျော် မနေသဖြင့် ကျူးကျော်နယ်ချဲ့နေသော ဖုန်နှင့် ပင့်ကူအိမ်တို့ကို တိုက်ဖျက်ရင်း စကားကောင်းနေကြသည်။

"ဘာတဲ့လဲ"

"ဩော်. . . ချစ်သူအတွက် ပန်းလက်ဆောင်ကို ခဲရာခဲဆစ် တက်ခူးပေးတဲ့ ယောကျာ်းလေးဟာ အပြစ်မရှိသလို ပန်းချစ်တတ်လို့ ပန်းလိုချင်တဲ့ မိန်းကလေးဟာလဲ အပြစ်မရှိဘူး၊ သဘာဝတရား. . . အပျိုလူပျိုတို့ရဲ့နိယာမတရားတစ်ခုပဲတဲ့လေ"

ရင်နှင့် မဆန့်သော ဝေဒနာရပ်က မြတ်လေးနွယ်ရင်ကို ထိုးဆွရိုက်နှက်လေသည်။

"ဆရာမ တိုးကို တားပါသေးတယ်. . . ဒါပေမယ့်"

စကားဆက်၍မရ၊ တိုးကို စိုးရိမ်စိတ်ဖြင့် တားဆီးခဲ့ကြောင်းကို ကိုယ်စောင့်နတ်သာ သိလေမည်။

အတိတ်၏ဆိုးမွေများသည် အနာဂတ်သို့ အနှောင့်အယှက် ဖြစ်နိုင်မည်ဆိုပါက အတိတ်ကို မေ့ပျောက် ဖြတ်ကျော်ရပေမည်ဖြစ်သည်။

"ကိုင်း. . . ဝတ်မှုန် မောရင် နားတော့၊ ဆရာမ ခြင်းတောင်းကို ဖြေလိုက်၊ အရီးတောင်းနဲ့ ရွှေပုဖွန် ကိတ်ပါတယ်၊ ဘွားဘွားဖို့ ဆရာမ ကန်တော့လိုက်ရအောင်၊ ထုတ်လိုက်ပါဦး"

ဘုန်းကြီးကျောင်းနှင့် အိမ်နီးချင်းများအား ဝေရန် ဝယ်



www.burmeseclassic.com

www.burmeseclassic.com



လာသည့်အထဲမှ ဝတ်မှုန်၏အဘွားအတွက်ပါ ခွဲပေးလိုက်သည်။

ဘာရယ်မဟုတ် အကူအညီကို မလိုချင်သော်လည်း ပေးနေသည့်အတွက် အကူအညီ ယူနေရသည်။ ထိုအခါ ကျေးဇူးတရားရှိသွားလေသည်။ ထိုကျေးဇူးတရားအား တုံ့ပြန်သဖြင့် အသိအမှတ်ပြုရုံသာ ဖြစ်ကြောင်းတော့ မိမိကိုယ်မိမိ ရန်ကင်းရှင်းစွာ ခံယူထားသည်။

ဒိုးနှင့်တော့ ပတ်သက်စရာမရှိဟု ဖြေသိမ့်အတွေး တွေးမိသည်။

“ဆရာမကို ဘွားဘွားက ချစ်လို့တဲ့”

‘မြတ်စွာဘုရား’ ဟု ရင်ထဲက တ,လိုက်သည်။ တစ်ဖက်လူများ၏ချစ်ခြင်းကို ခံရလျှင် ဝမ်းသာဖွယ်ရာသာ ရှိသည်ဟု သမားရိုးကျ မှတ်ယူနိုင်သော်လည်း မိမိ ဝမ်းမသာနိုင်ပါ။

ချစ်ခြင်းကို အစားထိုးခြင်းအားဖြင့် ဖြေဖျောက်၍ ရနိုင်မည်မဟုတ်ပါ။ တိုးနှင့် ဒိုး၏မိခင်ချစ်ခြင်းသည် မိမိအတွက် ကောင်းသော သတင်းစကား မဟုတ်နိုင်ပါ။

“မေမေနဲ့ ဖေဖေကလဲ ဆရာမကို ကျက်သရေ ရှိလို့တဲ့၊ ဒါကြောင့် တိုး စွဲလမ်းရှာတာကိုးလို့ ပြောနေကြတယ်”

“ဝတ်မှုန်”

အားတော့ နာသည်။ သို့သော် တိုးမှတစ်ဆင့် ဒိုးဖြစ်လာမှာ စိုးရိမ်သည်။

“ရှင်. . . ဆရာမ”

“ဆရာမကို ခင်တယ် ချစ်တယ်ဆိုရင် နောက်ကို တိုးအကြောင်း မပြောနဲ့တော့”

“ရှင်. . .”

ဝတ်မှုန်မျက်နှာ၌ အံ့ဩရိပ်များ ယှက်သန်းသွားသည်။





ဆရာမလုပ်သူ၏မျက်နှာထားတင်းတင်းနှင့် ဟန့်တားလိုက်ခြင်းအပေါ် မယုံကြည်နိုင်ဟန် ဖြစ်နေသည်။

“ဆရာမ တိုးကို တတ်နိုင်သမျှ မေ့ထားနိုင်အောင် ကြိုးစားနေတယ်”

မိခင်၏စကားများကြောင့် တိုးသည် ဘဝသစ်တစ်ခုကို ရှာဖွေမတွေ့ရှိမှာ စိုးရိမ်ခြင်းလည်းပါသည်။

“ဟုတ်. . . ဟုတ်ကဲ့ ဆရာမ”

ဝတ်မှုန်နှင့် ထိုမျှဖြင့် တိုး၏အကြောင်း ပြတ်သွားသည်။ တအောင့်တဖြုတ်နား၊ ရေချိုးပြီးချိန်၌ ဒိုး ရောက်လာသည်။

“ဝတ်မှုန် ဆရာမအတွက် ညနေစာ ချက်ပြုတ်နေရမှာစိုးလို့တဲ့၊ မမ ပေးခိုင်းလိုက်တယ်”

စတီးလေးဆင့်ချိုင့်နှင့် ဒိုး ရောက်လာသည်။

ယောင်လည်လည် လုပ်ကာ မီးဖိုခန်းဘက်၌ ဒိုးကို ရှောင်နေလိုက်သည်။

ရိုင်းသည်ဟုထင်ထင် အိမ်ရှင်ဝတ် မကျေပွန်မိပါချေ။

ရိုင်းသည်ထင်၍ နောက်ဆုတ်သွားမိပါကလည်း အကောင်းဆုံးပဲဟု တွေးလိုက်မိသည်။

“ဆရာမ. . . သမီး ထားခဲ့မယ်”

“ပြန်ယူသွားပါ ဝတ်မှုန်၊ ဆရာမ ရန်ကုန်က ကြော်လှော်ခဲ့တာတွေ ပါပါတယ်”

“မေမေတို့ စိတ်မကောင်းအောင် မလုပ်ပါနဲ့ ဆရာမ၊ ချိုင့်ထားခဲ့မယ်နော်”

“ဒါဖြင့်လည်း လှယ်သွားလိုက်”

ချိုင့်ထားခဲ့လျှင် နောက်တစ်ခါ ချိုင့်ပြန်ယူဦးမှာ စိုးရသေးသည်။



www.burmeseclassic.com

www.burmeseclassic.com



မိမိသည်လည်း မိုးပြိုမှာ စိုးကြောက်သော တစ်တီတူးငှက် ငယ်လို ကြိုတင်ကြောင့်ကြမှုများက များနေလေပြီထင့်။

ဝတ်မှုန်က ကြောင်အိမ်ထဲတွင် ရှိသော အိုးခွက်ပန်းကန် ထဲသို့ ချိုင့်ထဲမှ ထမင်းဟင်းများ လဲလှယ်ထည့်ပေးပြီးသည်အထိ မီးဖိုခန်းတွင် ပြောင်နေသော မီးဖိုကို ရှင်းသလိုလိုနှင့် နေလိုက် သည်။

ဧည့်ခန်းတွင် ဒိုးသည် အသံအပြုဘဲ တိတ်ဆိတ်ငြိမ်သက် နေသည်။

"ဝတ်မှုန် ပြန်တော့မယ် ဆရာမ၊ ညလာအိပ်ပေးရဦး မလား"

"ရပါတယ် ဝတ်မှုန်၊ ဆရာမ အိပ်ရဲတယ်၊ ကျေးဇူးပဲ၊ နောက်ကို ဆရာမအတွက် ဘာမှ ဒုက္ခခံပြီး လာမပို့နဲ့တော့နော်"

ထိုစကားကိုတော့ ဝတ်မှုန်သည် ခေါင်းမညိတ်ဘဲ ပြုံး၍ ထွက်သွားသည်။

ဝတ်မှုန် လှစ်လှပ်ကာ ထွက်သွားသောကြောင့် လိုက်ကာ အလွှန်၌ ဒိုးသည် ဧည့်ခန်း၌ ရှိမနေဘဲ ကားဘေးနား၌ မှီရပ်ကာ စောင့်ဆိုင်းနေသည်ကို တွေ့လိုက်ရသည်။


အင်းလေ. . . သူလည်း ယောကျ်ားမာန ဘယ်အကျခံ လေမလဲ။ တိုးကတော့. . .

မြတ်လေးနွယ် အတိတ်၏အမွှေကို ပြန်လည်ခံစားတမ်းတ မိသည်။

တိုးသည်. . .







# အခန်း(၉)

အင်းလျားကန်စပ်၌ ဘူးသီးကြော် သွားစားလည်း တိုးက အရိပ်ပမာ လိုက်လာတတ်သည်။

'Hi' ၌ ကြေးအိုးသွားသောက်စဉ်လည်း သူက အပါးတော် မြဲ။ ပြီးလျှင် ပြောင်ကျကျပင် မြတ်လေးနွယ်အတွက် ငွေကြွက်၍ ရှင်းတတ်သည်။

"တိုး. . . နင် မျက်နှာလိုက်တယ်၊ ငါတို့အတွက်တော့ မရှင်းဘူး၊ ဒါကြောင့် တိုးအတွက် ဗွီအိုင်ပီဖြစ်တဲ့သူအတွက်ပဲ သုံးရ တယ်' ဟု ပြောင်းသလိုလိုနှင့် အတည်ပေါက် ပြောတတ်သည်။



www.burmeseclassic.com

www.burmeseclassic.com



ပြီးလျှင်. . .

"ကိုင်း. . . တစ်လုတ်စားဖူး သူ့ကျေးဇူးတဲ့၊ ကျေးဇူးဆပ်သောအားဖြင့် တိုး တောင်းထားတဲ့ ရိဇာတ်ကလေး သိပါရစေ"

မျက်နှာက ပြောင်ချော်ချော် မဟုတ်၊ ခပ်တည်တည်ဖြင့်ပင် အတည်ပေါက် ပြောတတ်သည်။

"ကြေးတိုက်တာလား"

"မဟုတ်ဘူး. . . ဒီယုံမြင်လို့ ဒီခြုံထွင်တာ"

"ရော့. . . ဒါဖြင့် မုန့်ဖိုးပြန်ယူ"

"မယူနိုင်ဘူး. . . ပေးကတည်းက ပြန်လိုချင်လို့ ပေးတာမဟုတ်ဘူး၊ ရလိုမှုတစ်ခုအတွက် ပေးဆပ်ခြင်း ပြုတာ"

"မေတ္တာကို မုန့်နဲ့ လဲစားလို့ ရသလား"

"စတီသဘောပါ. . . ဘဝတစ်သက်တာအတွက် ထာဝရလုံခြုံရေးနဲ့ စားဝတ်နေရေးပါ တာဝန်ယူပါမယ်ဆိုတဲ့သဘောနဲ့စရန်လိုက်သတ်နေတာပါ"

"အပြောကောင်းတယ်. . . တောပြောင်းတော့နော်၊ ကန်တော့ပါသေးရဲ့၊ မေတ္တာအလိုမရှိသေးလို့ပါ။ ဒါကြောင့် စရန်ငွေပြန်အမ်းလိုက်မယ်"

မြတ်လေးနွယ်ကလည်း ထိုစဉ်က ခပ်ရင့်ရင့်ပင်။ ငယ်စိတ်ဖြင့် လောကကြီး၌ စိတ်ညစ်ညူးစရာဟူ၍ လုံးဝမထား။ ပျော်ပျော်သာ နေပစ်လိုက်သည်။

"စရန်ငွေ ကတိကဝတ်ပြုခြင်းရဲ့အပေါ် ခိုင်မာအောင်ပြုလုပ်တဲ့သဘောဖြစ်လို့ ပြန်မအမ်းပါနဲ့တော့နော်"

"မလိုချင်ဘူး. . . အမ်းရမှာပဲ"

"ဒါဖြင့် စရန်ကို ကတိပျက်သူမှာ နစ်ဖက်ရှိတယ်၊ ပေးသူက ပျက်ကွက်ရင် စရန်ရှုံးတယ်၊ ယူသူက ပျက်ကွက်ရင် နှစ်ဆ





လျော်ရတယ်"

"အံမာ. . . အဲဒါ စာချုပ်အပေါ် မူတည်တာပါနော်"

ထိုစဉ်က တိုးနှင့် စကားနိုင်လုရတာကိုကပင် ပျော်စရာအတိ ဖြစ်နေတတ်သည်။

"စကားများတယ်. . . နှစ်ဆပြန်အမ်းမယ်၊ ဘယ်လောက်စရန်သတ်ထားပြီးပြီလဲ ပြော"

"ဟိုရက်တုန်းက ဘူးသီးကြော် စားတာ ဆယ့်ရှစ်ကျပ်၊ ကင်တီးမှာက အအေးဖိုး ရှစ်ကျပ်၊ မုန့်ဟင်းခါးက ဟိုရက်က ဟိုကျပ်၊ ဟိုးရက်က ဟိုးကျပ်၊ ဟိုဒင်းနေ့က. . ."

"တော်ပါတော့. . . နားငြီးလိုက်တာ၊ ခန့်မှန်းခြေ ဘယ်လောက်လဲ ပြော"

"ခန့်မှန်းခြေဆိုတာ ပစ္စလက်ခတ်နိုင်တဲ့ကိစ္စပဲ၊ နေဦး. . . တိုးရဲ့ဒိုင်ယာရီမှာ တိတိကျကျ ရက်စွဲနဲ့ မှတ်ထားတာ ရှိတယ်. . . စာရင်းပြမယ်"

"အပိုဆောင်း တင်ပြရင် ဘယ်နှယ့်လုပ်မလဲ"

"ဒိုင်ယာရီကို လိမ်ညာတဲ့သူကို ဘယ်တော့မှ လူအဖြစ်သတ်မှတ်လို့မရဘူး၊ ဘာဖြစ်လို့လဲဆိုတော့ ဒိုင်ယာရီဆိုတာ မိမိနှလုံးသား ဦးနှောက်ရဲ့ ဟာစ်တိုင်တစ်မျိုး ဖြစ်လို့ပဲ"

မိမိသည် တိုးဘာပြောပြော ရင်တွင်း မသိစိတ်က လက်ခံကျေနပ်နေတတ်သည်ဖြစ်သည်။

သို့သော် နှုတ်မှတော့ တိုးနှင့် ဆန့်ကျင်ဘက်သာ တမင်ရွေးချယ်ပြောနေမိသည်။

ဤသည်ကပင် ပျော်စရာလိုလို ဘာလိုလို။

"ကြားဖူးတာကတော့ ရှေ့နေရှေ့ရပ်တွေရဲ့ဒိုင်ယာရီကတရားရုံးမှာ သက်သေခံအဖြစ် လက်ခံတယ်ဆို"



www.burmeseclassic.com

www.burmeseclassic.com



"ဘာထူးလဲ. . . တိုးလဲ ရှေ့နေလောင်းပဲဟာ၊ သက်သေခံအဖြစ် အကြိုးဝင်ပါတယ်၊ နောင်လာနောက်သားတွေကို ပြဖို့ အချစ်ဒိုင်ယာရီအဖြစ် တိုးက အသေအချာကို မှတ်ထားတာ သိရဲ့လား၊ ဘယ်နေ့မှာ ဘယ်အရောင်ဝတ်ပြီး ခြေသည်း ဘယ်အရောင်ဆိုးတယ်ဆိုတာက အစပေါ့၊ ဘယ်နေ့ ဘာစားလို့ တိုးဘယ်လောက်ရှင်းခဲ့ရတယ်ဆိုတာလဲ ပါတယ်"

"မကျေလည်ရင် အကြွေးပြန်တောင်းမလို့ဆိုတဲ့ ရည်ရွယ်ချက်ကော မပါဘူးလား"

"အဓိကပဲလို့ ယူဆရင် မှားမှာပေါ့၊ ဒါပေမယ့် ယခုလတ်တလော ဖြစ်ပေါ်လာရတဲ့ အကြောင်းရင်းမှာ အဲဒီမုန့်ဖိုးအကြွေးစာရင်း မှတ်ထားမိတာကပဲ အမှတ်ကောင်း ဖြစ်နေတယ်၊ အတိုးအရင်းကို တွက်ပြီး နေ့စဉ် ပြန်ဆပ်ခိုင်းရမယ်၊ မရည်ရွယ်ဘဲ စော်ကဲမင်းဖြစ်သလိုပေါ့၊ ကြိုတင်တြိစည်မှု မရှိဘဲ ဖြစ်ပေါ်လာတဲ့ အိုင်ဒီယာ အသစ်ကလေးက ချစ်သူအပါးမှာ နှစ်ရှည်လများ နေခွင့်ကြုံတယ်"

"အံမယ်. . . နေရလိမ့်မယ် အားကြီးကြီး၊ ဒီက အတိုးရော အရင်းပါ တစ်ခါတည်း ဆပ်လိုက်မှာနော်"

"မရဘူး. . . အရစ်ကျပဲ ပြန်ဆပ်၊ ဒီကြားထဲ ဦးသူကပေးသွားဦးမှာပဲ"

"ရက်လိုက်တာနော်. . . မျက်နှာကလဲ ပြောင်ပါဘိနဲ့"

မြတ်လေးနွယ်သည်လည်း အရှက်အကြောက်တရား လုံးဝမရှိပါချေ။ ကိုယ့်ဆီက မေတ္တာတောင်းခံထားသူ ယောက်ျားသားတစ်ဦးအပေါ် ရှိုးတိုးရှန့်တန့် လုံးဝမဖြစ်သည့်အပြင် မိန်းကလေးသူငယ်ချင်းများကဲ့သို့ပင် သဘောထားသည်။

ယခုလို အပြန်အလှန် စကားပြိုင်နေရသည်ကိုပင်





ပျော်ရွှင်ကြည်မွေ့နေတတ်သည်။

ချစ်ခြင်းကြောင့် ပျော်ရွှင်ကြည်မွေ့ခြင်းပေလား၊ ဒါကိုတော့ ဆယ်ကျော်သက် မြတ်လေးနွယ်သည် မစဉ်းစားတတ်သေး။

မည်သို့ပင် ဖြစ်စေကာမူ တိုးကို တစ်နေ့မမြင်ရလျှင် ဘဝ မချမ်းမြေ့နိုင်သည့်အပြင် တိုး လာရာလမ်းကို မျှော်မှန်းနေမိသည်။

တိုးကို မြင်ရ၊ တိုးနှင့် စကားပြောနေရမှ ချမ်းမြေ့သည်။ တိုး မလာသည့်ရက်ဆိုလျှင်လည်း ဟိုမေးသည်မေးနှင့် သတင်းစုံမ်းရသည်။ ဤသည်ကလည်း မမြင်နိုင်သော သံယောဇဉ်ကြိုးမျှင်လေးကြောင့် ဖြစ်သည်ထင်ပါသည်။

"ကြိုက်မရှက် ငိုက်မရှက်ဆိုတာ ရှိတာပဲ၊ ဒီတော့ ကြိုက်တာပြီဆိုရင် မျက်နှာက ခပ်ပြောင်ပြောင်ပဲပေါ့ သွေးရယ်"

"ဘာသွေးလဲ"

"တိုးခန္ဓာကိုယ် သွေးလှည့်ပတ်သရွေ့ ချစ်နေမှာမို့လို့ သွေးလို့ ခေါ်တာ"

"အမေ မွေးကတည်းက အမည်တစ်မျိုးတည်း ကင်ပွန်းတပ်ခံရတာပါနော်၊ အခုမှ အမေသစ် ပေါ်လာတော့တယ်"

"ခိုလှုံအားထားရာ ရင်ခွင်ပိုင်ရှင်ကို အမေလို့ ခေါ်ရင်ဆိုး ပါဘူး၊ ခင်ပွန်းဟာလဲ ဒုတိယအမေ(သို့မဟုတ်)အမေသစ်ပေါ့"

"တိုးနော်. . . လိပ်ကြီး. . . သွား"

မြတ်လေးနွယ် ပျော်ရွှင်ရယ်မော ကျေနပ်ခြင်းနှင့်အတူ လက်ထဲ၌ ရှိနေသော စာအုပ်ဖြင့် သူ့လက်မောင်းပခုံးသားအား ရိုက်လိုက်မိသည်။

ရယ်မောရွှင်ပျသံလေးများသည် ဆိတ်ငြိမ်နေသော အင်းလေးကန်ရေပြင်ကို ရှပ်တိုက်ပြေးသွားသည် ထင်ပါသည်။

www.burmeseclassic.com




လှိုင်းတွန့်ကလေးများ ဖြစ်ပေါ်သွားသည်။

ထို့အတူပါပဲ။ မြတ်လေးနွယ်၏နှလုံးသား၌ အချစ်လှိုင်းတွန့်ကလေးများ ဖြစ်ပေါ်ခဲ့သည်ပင်။







## အခန်း(၁၀)

"ဆရာမ. . . စောစောက ဘောဂဗလသစ်စက်က သူဌေးလေး ထင်တယ်"

အိမ်ရှင်ဒေါ်နုက မေးလိုက်သည်။ ဒေါ်နု ဘယ်အချိန်က ရောက်လာသည်ကိုပင် မသိလိုက်၊ သူမထံမှ မေးသံ ထွက်ပေါ်လာမှ ရောက်နေမှန်း သိလိုက်သည်။

"ဟုတ်လား. . . သူ့သစ်စက်နာမည်တော့ မသိပါဘူး။ သစ်စက်ပိုင်ရှင်အနေနဲ့တော့ သိပါတယ်"

"ဟုတ်ပါတယ်. . . ဘောဂဗလသစ်စက်က ဒီမြို့မှာ



www.burmeseclassic.com

www.burmeseclassic.com



အကြီးဆုံးပဲလေ၊ ဘိုးဘွားအစဉ်အဆက် သားတွေချည်းပဲ အုပ်ချုပ် ခဲ့တာ၊ ဦးတင့်အောင်သား အမြွာမှာ အငယ်၊ ဒိုးက အဖေဆုံးတော့ ဆယ့်ခြောက်နှစ်သားပဲ ရှိသေးတယ်၊ ချက်ချင်း သူကိုယ်တိုင် အဖေ့ နေရာမှာ အုပ်ချုပ်လိုက်တာ၊ လူကြီးတွေ လက်ဖျားခါရတယ်၊ နိုင်နိုင် နင်းနင်း အုပ်ချုပ်သွားနိုင်တယ်၊ သိပ်တော်တဲ့ လူငယ်တစ်ယောက် ပဲ၊ ခုဆိုရင် သူ့အဘိုးလက်ထက်က နည်းနည်းစီးပွားကျခဲ့တာတွေ သူ့အဖေကိုယ်စား သူက အဖတ်ပြန်ဆယ်နိုင်ရုံ မကဘူး၊ တော် တော်လေးကို စီးပွားတက်သွားခဲ့တယ်၊ ခုဆိုရင် မြို့မျက်နှာဖုံ သူဌေးစာရင်းဝင်ပဲ၊ ဒါပေမယ့် သူတို့က အနေအထိုင် အတော်ပိ တယ်၊ ချမ်းသာလို့ ချမ်းသာမှန်းတောင် မသိရဘူး"

ဒေါ်နုသည် သတင်းဖြန့်ဖြူးရေး၌ ဝါသနာပါသူ ဖြစ်သည့် အလျောက် မြတ်လေးနွယ် ဘာမှ မေးစရာမလိုဘဲ ဒိုးအကြောင် သိလိုက်ရသည်။

"ဟုတ်လား. . နွယ်သိတာက ဝတ်မှုန်အဖေက ဆရာဝ ဆိုတာလောက်ပဲ သိတာ"

"အဲဒါက သမက်လေ၊ ဦးတင့်အောင်နဲ့ ဒေါ်သီတာမှ သမီးဦးနဲ့ သားအမြွာပဲ ရှိတာ၊ သမီးက ဆယ်တန်းမအောင်သေ ဘူး၊ ဆယ့်ခုနစ်နှစ်နဲ့ အိမ်ထောင်ကျသွားတာလေ၊ အားမကိုးရပ ဘူး၊ သူ့ယောက်ျား တာဝန်ကျရာကို လိုက်နေတာ၊ အခု မော်လမြို ဆေးရုံမှာ တာဝန်ကျလို့ ရောက်နေတာ သုံးနှစ်ရှိကြပြီ၊ ပြန်ပြောင်း တော့မယ်တောင် ကြားနေတယ်"

"သြော်. . . ဟုတ်လား၊ ဒေါ်နုက သတင်းတော်တော် တာပဲ"

"ဒီလိုပဲ ဆရာမရေ၊ ကျွန်မတို့လို အိမ်ရှင်မတွေက အလု မရှိတော့ သူများအကြောင်း စပ်စုနေတာနဲ့ အချိန်သုံးနေရတာ





မြတ်လေးနွယ် ပြုံးလိုက်မိသည်။ ယခုလောက်ဆိုလျှင် မြတ်လေးနွယ်၏အကြောင်းလည်း စပ်စုပြီးလောက်ရောပေါ့ဟု တွေးလိုက်မိသည်။

"ဘောဂဗလ သူဌေးလေးကတော့ ပျိုတိုင်းကြိုက်တဲ့ နှင်းဆီခိုင်ပဲ ဆရာမရေ၊ ဘယ်မိန်းမကိုမှ စိတ်ဝင်စားတာ မဟုတ် ဘူး၊ အရောတဝင်လဲ မရှိဘူး၊ ဆရာမဆီ ရောက်လာတာ တွေ့လို့ ကျွန်မတို့ အံ့အားသင့်ပြီး ချောင်းကြည့်နေတာ၊ တော်တော်ချော တယ်နော်၊ နေအောင်လိုလို ကျော်ဆွေလိုလိုနဲ့"

ဒေါ်နုသည် သူကြိုက်သော မင်းသားနှင့် နှိုင်းယှဉ်တင်စား နေသည်။ မြတ်လေးနွယ် ရင်ထဲ၌ မလုံမလဲ ခံစားလိုက်ရသည်။ ထရံတစ်ချပ်သာ ခြားသော အိမ်ချင်း ကပ်လျက်ဖြစ်၍ ဒေါ်နုသည် မိမိနှင့် ဒိုး၏ဆက်ဆံရေးအခြေအနေကို ရိပ်မိနေလောက်ပြီ။

"ဆရာမကလဲ. . . နေနိုင်လိုက်တာ၊ အိမ်လာတဲ့ဧည့်သည် ကို ထွက်မတွေ့ဘူးရယ်လို့"

"ဒါကတော့ ဒေါ်နုရယ်၊ ကျွန်မ ယောက်ျားတွေနဲ့ ကင်း ကင်းနေတတ်တာ သိသားနဲ့၊ လာ. . . အတော်ပဲ၊ ထမင်းစားသွား၊ လက်ဖက်နဲ့ ကိတ်မုန့်လဲ ယူသွားဦး၊ တစ်ယောက်တည်း ထမင်းစားရ မှာ ပျင်းလို့"

"နေဦး. . . နေဦး၊ ဒါဖြင့် အိမ်က ထမင်းဟင်းလေး ပြေး ယူလိုက်ဦးမယ်"

အဒေါ်အရွယ် ဒေါ်နုကို မြတ်လေးနွယ် ဖေ့ယူ၍မရ၊ မိန်းမသားများ၏စပ်စုတတ်သော အတင်းပြောတတ်သော ဝါသနာ ကို နားလည်ခွင့်လွှတ်နိုင်လေသည်။

ကိုယ်ကောင်းလျှင် ခေါင်းမရွေ့ပါဘူးဟု သဘောထား လိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



"နေဦးလေ. . . ကိတ်မုန့်နဲ့ လက်ဖက် ယူသွားပါဦး"

"ထမင်းစားပြီး ပြန်မှ ယူမယ် ဆရာမရေ၊ ဝေးဝေးလံလံ လူတွေမှတ်လို့"

ပြောပြောဆိုဆို ဝဖိုင့်လာသော ခန္ဓာကိုယ်နှင့် မလိုက်စွာ လှစ်ခနဲ ပျောက်ကွယ်သွားသည်။

မြတ်လေးနွယ် ဘာမှ ထပ်မပြောနိုင်ဘဲ ထမင်းပွဲပြင်ရန် ကြောင်အိမ်ဖွင့်လိုက်သည်နှင့် ဝတ်မှုန် လဲလှယ်ပေးထားသော ဟင်း ပန်းကန်များအနက် ငါးရံ့အူဟင်းကို တန်းမြင်လိုက်ရသည်နှင့် ရင်မှာ နာကျင်သွားလေသည်။

ငါးရံ့အူဟင်းကြိုက်သောတိုးကြောင့် မိမိပါ ငါးရံ့အူဟင်း ကြိုက်သွားခဲ့သည့် အဖြစ်ကြောင့် ရင်ဝယ် လွမ်းဆွတ်ဝေဒနာ ပေါ်ပေါက်လာသည်။ ထိုအခါ ထမင်းစားချင်စိတ်ပင် ကုန်ခမ်း သွားသည်။

"သစ်တို့သီး ငါးပိချက်လေးနဲ့ တို့စရာ အစုံအလင်ပါတယ် ဆရာမရေ၊ ထမင်းမြိန်မြိန် စားပေဦးတော့"

အစားအသောက်သည် လူ့ခန္ဓာကိုယ် စက်ယန္တရား လည်ပတ်နေရန်အတွက် မရှိမဖြစ် လိုအပ်နေသည်ဖြစ်ရာ စားရ သောက်ရပေးဦးမည်။

"လာ. . . ဒေါ်နု၊ ဒီမှာလဲ အစုံပဲ၊ မေမေက ကြက်သား ကြော်နဲ့ ချဉ်ပေါင်ကြော် ထည့်ပေးလိုက်တယ်၊ မသိုးဟင်းပုလင်းတွေ လဲ ပါသေးတယ်"

"ထားလို့ရတာထားပါ၊ ဒေါ်နုဆီမှာ ဟင်းတွေ ပါပါတယ်"

အမျိုးအမည် စုံလင်သော ထမင်းပွဲတွင် ဒေါ်နုနှင့် နှစ် ယောက်တည်း စားသောက်ခြင်းဖြင့် စိတ်ပျံ့လွင့်မှုတို့ ငြိမ်သက် လျက်ရှိသည်။





လူ့လောက၌ နေထိုင်ခြင်းတွင် ပတ်ဝန်းကျင်သည်လည်း အရေးပါသော အင်္ဂါရပ်တစ်မျိုး ဖြစ်သည်ဟု မိမိယုံကြည်ပါသည်။

အဘယ်ကြောင့်ဆိုသော် ချစ်သူတို့ကို တမ်းတမ်းတတ လွမ်းဆွတ်နေနိုင်သည့် တစ်ကိုယ်တည်း တွေဝေငေးမောနေနိုင်ချိန် မျိုးကို ပတ်ဝန်းကျင်က ဖန်တီးမထားခြင်းကြောင့်ပင်။

"ဆရာမလို လှလှပပ ပြည့်ပြည့်စုံစုံ အမျိုးသမီး တစ် ယောက်က အပျိုကြီး လုပ်နေတာကို အံ့ဩလို့ မဆုံးကြဘူး၊ အိမ်နီး ချင်းတွေက စိတ်ဝင်စားနေကြတယ်လေ၊ စပ်စုကြတာ"

"အဲဒီအထဲမှာ ဒေါ်နုက ရှေ့ဆုံးက မဟုတ်လား"

"အစစ်ပဲ. . အဲ. . ဟုတ်ပါဘူး ယောင်လို့"

ဒေါ်နုကို ကြည့်ကာ မြတ်လေးနွယ် ရယ်လိုက်မိသည်မှာ ထမင်းသီးသွားမတတ် ဖြစ်သွားသည်။

"အဟင်း. . . ဟင်း. . . ဟင်း"

"အဟဲ. . . ဒေါ်နုလဲ စိတ်ဝင်စားတာပေါ့၊ အဲ. . အပျိုကြီး လုပ်တယ်ဆိုတာ အတိတ်မှာ လွမ်းဆွတ်ဖွယ်ရာ ဇာတ်လမ်းလေး ရှိတတ်တယ်၊ အဲ့ဒီ လွမ်းဝေဒနာ တစ်ရပ်ကို တမြည့်မြည့် ခံစားနေရ တာကိုပဲ အလုပ်တစ်ခုလို တန်ဖိုးထားတတ်တဲ့ အဆွေးသမား အပျို ကြီး လူပျိုကြီးတွေလည်း ရှိတတ်သလို အိမ်ထောင်သားမွေးကိစ္စကို အပိုအလုပ်၊ စိတ်ရှုပ်စရာ အလုပ်အဖြစ် မြင်ပြီး လောကကြီးမှာ ဝွတီးဝွကျနေတတ်တဲ့ အပျိုကြီး လူပျိုကြီးတွေလည်း ရှိတတ်တယ်၊ နောက်တစ်မျိုးက. . ."

"ဟင်း. . . ဒေါ်နုဟာ ဘယ်အမျိုးအစားမှ မကောင်းပါ လား"

"ဟုတ်တယ်. . . နောက်တစ်မျိုးက ပိုတောင် မကောင်း သေးတယ်"



www.burmeseclassic.com

www.burmeseclassic.com



"ရတာမလို လိုတာမရတဲ့ အပျိုလေ၊ ဘယ်တော့မှ လူတွေအပေါ် စိတ်တိုင်းမကျဘဲ ပွစိပွစိနဲ့ လောကကြီးကို အဆိုးမြင်ဝါဒနဲ့ ကြည့်တတ်တဲ့ အပျိုကြီး လူပျိုကြီးမျိုးတွေပေါ့"

"အဟင်း. . . ဟင်း၊ ဒေါ်နုရယ် ပြောလဲပြောတတ်တယ်၊ ဒါဖြင့် နွယ်က ဘယ်အမျိုးအစားလဲဆိုတာတော့ ဒေါ်နု ရိပ်မိနေပြီပေါ့"

"အစကတည်းက ရိပ်မိပါတယ်၊ ခုတော့ တိတိကျကျကို ပြောနိုင်ပြီ"

မြတ်လေးနွယ် ပြုံးပြုံးလေး နားထောင်နေလိုက်သည်။

"အလွမ်းဝေဒနာ တစ်ရပ်ကို မြတ်မြတ်နိုးနိုး ခံစားနေတတ်တဲ့ အပျိုကြီးလေ"

"အဟင်း. . . ဟင်း၊ နွယ့်ပုံက သိသာနေသလား"

ရင်ထဲ၌တော့ နာကျင်သလို ဖြစ်သွားမိသော်လည်း တဒ်မျှပင်၊ အဘယ်ကြောင့်ဆိုသော် ဒေါ်နုထံမှ စကားကို စိတ်ဝင်စားမိသောကြောင့်ပင်။

"သိသာသလား မသိသာသလားတော့ မသိဘူး၊ ဆရာမရောက်လာကတည်းက သိပ်ကို အေးဆေးပြီး အပြုံးအရယ် ချွေတာတတ်တာကို ကြည့်ပြီး စိတ်ထဲမှာ အလိုလို ထင်နေတယ်၊ မဟုတ်မှလွဲရော. . . ဆရာမဟာ ချစ်ဦးသူနဲ့ ဖွဲဟဲ့နော်. . . လွဲဖူးသူ ဖြစ်ရမယ်"

"အင်္ဂဝိဇ္ဇာများ တတ်နေရော့လား ဒေါ်နုရယ်"

"ဒါဖြင့် ဒေါ်နုပြောတာ မှန်တယ်ပေါ့"

"ဆိုပါတော့"

"ဘာဖြစ်လို့လဲ"

"ဒေါ်နု ထင်သလောက်ပဲ မှတ်ယူထားလိုက်ပါ၊ နွယ် ဒီ





အကြောင်းတွေကို မေ့ထားချင်လို့ပါ"

"အေး. . . အေး၊ ဆရာမ ငါးရံ့အူဟင်းလေးက ကောင်းလိုက်တာ၊ ဆရာမတို့တောင် မတို့ပါလား"

"နွယ် သိပ်မကြိုက်လို့ပါ၊ ဒေါ်နုရဲ့ သစ်တိုသီး ငါးပိချက်နဲ့ တို့စရာက ခံတွင်းတွေ့နေတာလဲ ပါတယ်"

အမှန်စင်စစ် ချစ်သူတိုး ကြိုက်သောဟင်းကို မစားရက်နိုင်အောင် ဖြစ်နေကြောင်း မိမိကိုယ်မိမိသာလျှင် အသိဆုံးဖြစ်သည်။

"ဟုတ်လား. . . စားစား. . . ရှိသေးတယ်၊ လိုရင် သွားယူပေးမယ်လေ"

"ရပါတယ်. . . အများကြီး ရှိတာပဲ"

"ဆရာမ ထမင်းစားတာကလဲ အားမရလိုက်တာ၊ ကြောင်စာလောက်လေး"

မြတ်လေးနွယ် ဘာမှ ထပ်မပြောတော့။ ထိုကြောင်စာလောက်သည်ပင်လျှင် ဒေါ်နုက အဖော်ပြုကာ လာရောက်ဝိုင်းဖွဲ့စားပေး၍ ဝင်သွားခြင်း ဖြစ်သည်။

ဒေါ်နုသာ လာမစားပါလျှင် ငါးရံ့အူဟင်း မြင်ကတည်းက ဒီညနေစာထမင်း လွတ်ကင်းသွားပေတော့မည်။


အစွဲအလန်းဖြင့် တိုးကို မိမိနှလုံးသား၌ နှောင်ဖွဲ့မထားလိုတော့ပါ။ သို့သော်လည်း တိုက်ဆိုင်မှုလေးများနှင့် ကြုံတွေ့လာခိုက်တော့ ရင်ဝယ် နွမ်းလျ တမ်းတမ်းတတ ဖြစ်သွားတတ်ခြင်းကိုတော့ ဖျောက်ဖျက်ပစ်လို့ ရနိုင်ပါမည်လားဟု. . .။



www.burmeseclassic.com

www.burmeseclassic.com





## အခန်း(၁၁)

"မေမေနဲ့မမ အခေါ်လွှတ်လိုက်ပါတယ် ဒေါ်မြတ်လေးနွယ်"

ဝတ်မှုန်ဖခင်သည် ပြည်မြို့ ပြည်သူ့ဆေးရုံကြီးသို့ ပြောင်းရွှေ့အမှုထမ်းရမည်ဖြစ်ရာ မိတ်သင်္ဂဟတို့အား နှုတ်ဆက်ပွဲ ကျင်းပလေသည်။ မိမိအား ဒေါ်သီတာကိုယ်တိုင် လာဖိတ်ထားသဖြင့် ငြင်းပယ်ရန် ခက်ခဲသဖြင့် 'ဟုတ်ကဲ့' ဟု ခေါင်းညိတ်လိုက်မိသည်။

အသက်(၁၂)နှစ်အရွယ်ရှိ ဒေါ်နု၏သမီး ဥမ္မာကို အဖော်အဖြစ် ခေါ်ကာ သွားရန် ပြင်ဆင်ထားသည်။ တပည့်တစ်ဦးထံမှ





လည်း ကားအကူအညီတောင်းပြီး ဖြစ်သဖြင့် ထိုတပည့်အလာကို စောင့်ဆိုင်းနေခြင်း ဖြစ်လေသည်။

ထိုစဉ် (Super Roof) ဆလွန်းကားဖြူလေးတစ်စီး အိမ်ရှေ့၌ လာရပ်သည်။ တပည့်ကားအထင်ဖြင့် ထလိုက်စဉ် ဒိုးကို မြင်လိုက်သဖြင့် အံ့အားသင့်သွားသည်။

ဒိုးသည် ဣန္ဒြေရစွာဖြင့် တစ်လှမ်းချင်း အိမ်ပေါ် တက်လာသည်ကိုလည်း ခရီးဦးကြို မပြုမိပါချေ။

ဒိုးကသာ စတင်၍ သူ့မိခင်နှင့် အစ်မက အခေါ်လွှတ်လိုက်ကြောင်းကို တည်ငြိမ်စွာ ပြောပြီး တစ်ဆက်တည်းလိုလို မိမိအား အကဲခတ်ပြီးမှ. . .

"ဒါကြောင့် ကျွန်တော် လာကြိုတာပါ"

သူ့သဘောအလျောက် ကြိုခြင်းမဟုတ်ကြောင်းကို သိသာစေသော စကားဆိုလိုက်သည်။

မှင်တက်ငိုင်တွေနေ၍ ရနိုင်သောကိစ္စ မဟုတ်သဖြင့် ချက်ချင်း အားနာသော အပြုံးလေးကို လှစ်ခနဲ ပြုံးပြလိုက်ပြီး ပြန်တည်ကာ. . .

"ဝမ်းနည်းပါတယ်. . . ကျွန်မကို ကြိုပို့ပေးဖို့ရာ တပည့်တစ်ဦးကို တာဝန်ပေးပြီး ဖြစ်နေလို့ပါ. . . အားနာလိုက်တာ"

သူ့မျက်နှာကို နှုတ်ခမ်းနှစ်လွှာတွန့်ရုံ ပြုံးသောအပြုံးနှင့် တန်ဆာဆင်လိုက်ပြီး. . .

"ကိစ္စမရှိပါဘူး. . . မေမေက ဆရာမ လာရခက် ပြန်ရခက်နေမှာစိုးလို့ လွှတ်လိုက်တာပါ၊ ဆရာမမှာ အခက်အခဲ မရှိဘူး ဆိုတော့လဲ ကျွန်တော်ပြန်ရုံပါပဲ၊ ခွင့်ပြုပါဦး ဆရာမ"

အခေါ်အဝေါ် အပြောအဆိုများကအစ ပြောင်းလဲသွားခြင်းကို အောင့်သီးအောင့်သက်နှင့် ခံလိုက်ရသည်။



www.burmeseclassic.com

www.burmeseclassic.com



"ကောင်းပြီ"

အထက်စီးလေသံနှင့် တမင်ပြောပစ်လိုက်သည်။ သူသည် သုတ်သီးသုတ်ပြာဟန် လုံးဝမရှိသော အလျင်စလို မနိုင်သော ကုတ်ချောင်းချောင်း မနိုင်သော စသည့် လမ်းလျှောက်ရာတွင် မလှခြင်း အင်္ဂါရပ်များ လုံးဝမပါသော လျှောက်လှမ်းပုံနှင့် စတိုင်ကျကျ လျှောက်လှမ်းသွားသည်။

ဤစတိုင်ကလည်း တိုး၏စတိုင်လ်နှင့် တူနေပြန်သည်။

ယောကျ်ားတစ်ဦး၏စိတ်ဓါတ်ကို လမ်းလျှောက်ပုံ ကြည့်ခြင်းဖြင့် အကဲခတ်နိုင်သည်ဟု မြတ်လေးနွယ် ကြားဖူးပါသည်။ သို့သော် ထိုအတတ်ပညာကို မိမိမတတ်၊ ကြည့်၍ကောင်းသည်ကိုတော့ သိသည်။

တိုး စိတ်ဘဝင်မကျသည့်အခါ ထိုပုံစံအတိုင်း မိမိအား ထားရစ်ကာ လှမ်းထွက်သွားတတ်သည်။ မိမိအခေါ်ကို စောင့်သည့်သဘောလည်း ပါသည်ဟု တိုးက ဖွင့်ပြောဖူးသည်။

ယခု ဒိုးသည်ကော. . .။

"ဩော်. . . ဒေါ်မြတ်လေးနွယ်"

ခြေလှမ်းကို လေ့ခါးထိပ်၌ ရပ်လိုက်ပြီး ငုံ့စောင်းရုံမျှ ငုံ့စောင်းလိုက်သော လှုပ်ရှားမှုဖြင့် ခေါင်းကို ငုံ့စောင်းကာ ခေါ်လိုက်သည်။

မြတ်လေးနွယ် အသံမပြုဘဲ ငြိမ်သက်နေလိုက်သည်။ သူ့အကြည့်သည် မိမိထံသို့ မရောက်လေဘဲ. . .

"လာဖြစ်အောင် လာဖို့လဲ မေမေ တစ်ပါတည်း ထပ်မံဖိတ်ခိုင်းလိုက်ပါတယ်"

"ဟုတ်ကဲ့. . . လာခဲ့ဖို့ အဆင်သင့်ဖြစ်နေတာ ရှင်မျက်မြင်ပဲလေ၊ ကြီးကြီးတို့ကို စိတ်ချလက်ချနေဖို့ ရှင် ပြောပြလိုက်





ပါ"

"ကောင်းပြီ"

ကြည့်၊ မိမိ၏ ကောင်းပြီဟူသောစကားကို သူ ရယူသွားလေပြီ။

သည်တစ်ချီတွင်တော့ နောက်သို့ လုံးဝ လှည့်မကြည့်တော့ဘဲ ကားမောင်းထွက်သွားလေသည်။

သက်ပြင်းသူခိုးဖြင့် မရှင်းလင်းသောစိတ်ကို ထွက်ပေါက်ပေးလိုက်သည်။

"အဲဒီဦးဦးက ချောလိုက်တာနော် ဆရာမ"

ဥမ္မာကို ခေါင်းညိတ်ရုံဖြင့်သာ ထောက်ခံလိုက်သည်။ စိတ်အတွင်း၌ ပြောင်းလွဲသွားသော ဒိုးကို နားမလည်နိုင်။

မိမိအား လက်လျှော့သွားသည့်သဘောကို တမင်ပြသခြင်းပေလား။

မိမိ၏မလိုက်လျောခြင်းအပေါ် သူလို လူမျိုးက ဘာအရေးစိုက်စရာ ရှိသလဲဟူသည့်သဘောမျိုးလား။

"လိုက်သွားရောပေါ့ ဆရာမရယ်. . . အားနာစရာ၊ သူ့ဌေးလေးကိုယ်တိုင် ဒရိုင်ဘာလုပ်ပြီး အကြိုတော် ထောက်တဲ့ကိစ္စကို ဆရာမဖို့လို့ ငြင်းရက်တယ်၊ တပည့်တွေ ကားလာကြိုတော့ ကျွန်မ ပြောလိုက်မှာပေါ့"

တစ်ဖက်ဝရန်တာ၌ ထွက်ကြည့်နေသော ဒေါ်နုသည် မနေသာသဖြင့် လှမ်းပြောလိုက်သည်။

"အရင်နဲ့ နောက်ဆိုရင် အရင်ကို ဦးစားပေးရတယ်၊ တပည့်တွေနဲ့က အရင်စီစဉ်ပြီးနေတဲ့ ကိစ္စ မဟုတ်လား"

"သူလဲ အရင်လာကြိုတာပဲ"

"ဒေါ်နုတို့များ မျက်နှာကြီးရာ ဟင်းဖတ်ပါလိုက်တာနော်၊



www.burmeseclassic.com

www.burmeseclassic.com



ဟိုမှာ ကျွန်မတပည့် လာကြိုပြီ"

ဘောက်စ်ဝက်ဂွန်းလေး စက်သံအော်မြည်၍ လာသည်ကို အဝေးမှပင် မြင်တွေ့လိုက်ရသည်။

"ဟွန်း. . . ဒီကားနဲ့များ"

"ဘယ်ကားနဲ့ဖြစ်ဖြစ် လိုရာခရီးရောက်ဖို့ အရေးကြီးတယ် မဟုတ်လား၊ သွားမယ်နော် ဒေါ်နု"

"ဆရာမကလဲ. . . ဒီလိုမှန်းသိရင် သမီး ဟိုဦးကားနဲ့ လိုက်သွားတယ်"

ဥမ္မာစကားကြောင့် မြတ်လေးနွယ် ပြုံးမိလိုက်သည်။ သို့သော် ဘာကိုမှ တုန့်ပြန်ပြောမနေတော့။

"ကျွန်တော် နည်းနည်းနောက်ကျသွားတယ်ထင်တယ် ဆရာမ"

"မကျပါဘူး. . . အတိအကျပဲ"

သော့ခတ်ရင်း ပြောလိုက်ရသည်။

"မင်းပါ အဝတ်အစား မလဲလာဘူးလား"

"ကျွန်တော် ကားစောင့်နေမယ် ဆရာမ"

"မဟုတ်တာကွာ. . . လိုက်ခဲ့ရမယ် ပြောထားသားနဲ့"

"ကျွန်တော် ထမင်းစားခဲ့ပြီးပြီ ဆရာမ၊ မလိုက်ပါရစေနဲ့တော့"

"ဒီလိုပွဲလမ်းမျိုးဆိုရင် လူတောမတိုးချင်ဘူး၊ လက်ဖက်ရည်ဆိုင်တို့ စတိတ်ရှိုးတို့ဆိုရင် ရှေ့ဆုံးက. . . ဟင်း"

"အဟဲ. . . ဟဲ"

အပိုမကျိုးသော တပည့်အား မာန်မဲရင်းဖြင့် လိုက်ပါလာခဲ့သည်။

မီးရောင်စုံ ထွန်းညှိထားသော သံလွင်ဟိုတယ်ရှေ့၌ ကား





များ ပြည့်နှက်နေသည်။

ဟိုတယ်ဝ၌ မြတ်လေးနွယ် ကားပေါ်မှ ဆင်းလိုက်သည်နှင့် လာရောက်ကြိုသူမှာ 'ဒိုး' ဖြစ်နေသည်။

ရင်တွင်း သောကလေပူတစ်ချက်ကို တိတ်တခိုး ချလိုက်ရသည်။

"ကြွပါ ဆရာမ"

"လာ. . . ဥမ္မာ"

"ကားမောင်းပို့တဲ့ ဆရာမတပည့်ကိုကော ခေါ်ပါ"

ဒိုးအား တုန့်ပြန်မပြောလိုသဖြင့် 'လာ. . . ဥမ္မာ' ဟု ရှောင်လွှဲသောစကားကို ဆိုလိုက်သည်။

သို့တိုင်အောင် ဒိုးက မိမိတပည့်ခေါ်ရန် တိုက်တွန်းလိုက်သေးသည်။

"ရပါတယ်. . . ဦး" ဟု တပည့်က ပြောပြောဆိုဆို ကားမောင်းထွက်သွားသဖြင့် အသက်ရှူချောင်သွားသည်။

သူ ဦးဆောင်ရာနောက်သို့ လိုက်ပါခဲ့ရသည်။ စကားတစ်ခွန်းမှ မတုံ့ပြန်မိပါချေ။

သူကလည်း ဝတ်ကျေတန်းကျေ ကြိုဆိုရသည့် ပုံသဏ္ဌာန်မျိုး ပေါက်နေသည်။ အပိုစကား ထပ်မံ၍ မပြောတော့ပါချေ။

"ဟော. . ဆရာမ. . လာ၊ နောက်ကျလို့ လာမှ လာပါ့မလားလို့ ပူနေတာ"

ဒိုး၏အစ်မက ကြိုဆိုနေရာချပေးလိုက်သည်။ ဒိုးမိခင်ရှိသည့်စားပွဲ၌ ဖြစ်သည်။

"ဒိုးကို အပြစ်တင်နေကြတယ်၊ တစ်ပါတည်း အပါမခေါ်ခဲ့လို့တဲ့လေ"

"နွယ်က လာမယ်ဆိုရင် ရောက်အောင် လာတတ်ပါတယ်



www.burmeseclassic.com

www.burmeseclassic.com



ကြီးကြီး"

"အေးကွယ်. . . ကြီးကြီးထင်ပါတယ်၊ ရောက်အောင်တော့
လာမှာပါလို့၊ သမီးကြီးက သျှောင်နောက် ဆံထုံးပါရမယ်ဆိုတော့
ကြီးကြီးတို့ သားအမိပဲ ခြောက်သွေ့စွာ ကျန်ရစ်ကြတော့မယ်လေ၊
ကြီးကြီးတော့ သမီးနွယ်ကိုပဲ သမီးကြီးကိုယ်စား အားထားရတော့မှာ
ပဲ၊ ဘယ့်နှယ့်လဲ နွယ်"

မြတ်လေးနွယ် မျက်နှာပြင်တစ်ခုလုံး၌ ရှိန်းတိန်းဖိန်းတိန်း
ဖြစ်ပေါ်ခံစားလိုက်ရသည်။ ဒေါ်သီတာ ဘာကို ဆိုလိုသနည်း။
သဘောရိုးနှင့် ပြောဆိုခြင်း ဖြစ်လျှင် ရိုင်းရာကျမည်ဖြစ်၍. . .

"ရပါတယ် ကြီးကြီးရယ်၊ နွယ်တတ်နိုင်တဲ့အကူအညီဆိုရင်
ပေးပါ့မယ်" ဟု မယုတ်မလွန် ပြောလိုက်မိသည်။

"ဝတ်မှုန်ကော"

"သူ့သူငယ်ချင်းတွေဆီ ရောက်နေတယ် ထင်တယ်၊ သား
ကော ဘယ်ရောက်သွားပါလိမ့်"

ဒိုးသည် မြို့၏မျက်နှာဖုံးနှင့် အရာရှိ အရာခံများ ရှိရာဝိုင်း
၌ တွေ့လိုက်ရသည်။

ရင်ဝယ် လှုပ်လှုပ်ခတ်ခတ်ကလေး ဖြစ်သွားရပြန်သည်။

အဘယ်ကြောင့်ဆိုသော် ထိုဝိုင်း၌ ရယ်မောစကားပြောဆို
နေသော်လည်း စူးရှလင်းလက်သော သူ့မျက်လုံးအစုံက မိမိထံ
ရောက်ရှိနေသဖြင့် ပတ်ဝန်းကျင်ကို စူးစမ်းကြည့်မိသောအခါ မိမိ
မျက်လုံးအစုံနှင့် ခလုတ်တိုက်မိလိုက်ကြသည်။

မြတ်လေးနွယ် ချက်ချင်းပင် မျက်နှာလွှဲလိုက်သည်။

"သားလဲ အခုမှပဲ ထိုင်မိတော့တယ်၊ ဆရာမ မရောက်
မချင်း သူ့မှာ ဂဏှာမငြိမ်နဲ့ ထိုင်နေလို့ကို မရသေးဘူးလေ"

မီးရောင်စုံဖြင့် လင်းထိန်နေသော ညှော်ခံပွဲဝယ် လူမျိုး





စုံလင်လှသည်။ ဝတ်မှုန်၏ဖခင်သည် စေတနာဆရာဝန် ပီသစွာ
ပင် လူတန်းစား ခွဲခြားမှု မရှိပဲ လူနာများအပေါ် စိတ်ရှည်လက်ရှည်
ကုသပေးတတ်သူ ဖြစ်သဖြင့် မျက်နှာသုတ်ပုဝါ ခေါင်းပေါင်းထား
ကြသော လယ်ယာသမားများ ပါသကဲ့သို့ ရွှေကို အတုံးလိုက် အတစ်
လိုက် ဝတ်ကာ ဆေးလိပ်ကြီး ခဲနေသော ဈေးထဲမှ ငါးသည်ကအစ
ပါလေသည်။

"ဆရာမ ပြုံးပြုံးလေးနေ"

ဝတ်မှုန်ရောက်လာပြီး မြတ်လေးနွယ် နောက်မှ ရပ်လျက်
မာတ်ပုံရိုက်ခံလေသည်။

"သမီးပါ လိုက်သွားမလို့လား"

"လိုက်သွားကြမှာတဲ့အေ. . . တစ်ကောင်တစ်မြီးမှ မနေ
ခဲ့ကြဘူး၊ သူ့အဖေက ခပ်ကြီးကြီးကျယ်ကျယ်လေ၊ သားသမီးဆိုတာ
ပညာမစုံသေးခင်အထိ မိဘနဲ့ ရင်အုပ်မကွာ ထားတာ အကောင်း
ဆုံးပဲတဲ့လေ၊ ဒါကြောင့် သူ သွားလေရာကို အမြဲခေါ်သွားတော့တာ
ပဲ၊ ကြီးကြီးကလဲ ထိန်းရတာတောင် သက်သာသေးတယ်ဆိုပြီး
ဘယ်သူမှ ခေါ်မထားဘူးလေ"

ဝတ်မှုန်က ပြုံးလျက်. . .

"လာလည်မှာပေါ့. . . ဘွားဘွားကလဲ"

"အံမယ်. . မလာချင် နေကြပါတော်၊ လာလိုက်သွားလိုက်
လုပ်မနေနဲ့. . . စရိတ်ကုန်တယ်"

လူကြီးပီပီ ပြောလိုက်သည်။

မြတ်လေးနွယ်ကတော့ မြေးအဘွားကြားတွင် ဘာမှ ဝင်
မပြောဘဲ ကျောင်းမှ လုပ်ဖော်ကိုင်ဖက်များ တွေ့ရသဖြင့် သွား
ရောက် စကားပြောရန် ခွင့်ပန်ပြီး ထွက်ခဲ့သည်။

"ဘယ်တော့လဲ"



www.burmeseclassic.com

www.burmeseclassic.com



"ဘာကိုလဲ ခင်ရ"

ဘီအီးဒီ တက်တုန်းကလဲ တစ်ဆောင်တည်း နေခဲ့ပြီး ယခုမှ မော်လမြိုင်တွင် လာဆုံသော သူငယ်ချင်း ခင်ခင်ထွေးက အဆက်အစပ်မရှိ မေးလိုက်သော စကားကြောင့် မြတ်လေးနွယ် နားမလည်သဖြင့် ပြန်မေးလိုက်ရသည်။

"ဒိုးနဲ့လေ"

"ဟာကွာ. . . ဘာမှ မဆိုင်ပါဘူး"

"မင်းကသာ မဆိုင်နေ၊ ခင့်မျက်လုံးထဲမှာ လွန်ခဲ့တဲ့ ဆယ်နှစ်လောက်က ဘီအီးဒီကင်တင်း၊ ပြည်ထောင်စုပါလာနဲ့ သထုံလမ်း တစ်လျှောက် တွေ့နေရတဲ့ မင်းတို့အတွဲကို အခု သံလွင်ခန်းမမှာ ပြန်တွေ့လိုက်ရသလိုပဲ"

"မဆိုင်လိုက်တာ. . . ဟိုကတိုး၊ အခုလူက ဒိုးပဲ၊ ဘာမှ မဆိုင်ပါဘူး"

ရင်တွင်း လုံးဝ လက်မခံနိုင်သော စကားဖြစ်၍ ခါးခါးသီးသီးပင် ငြင်းလိုက်မိသည်။

"ခင် မေးမယ်"

"မေး. . ."

"စိတ်မဆိုးနဲ့နော်"

"တတ်နိုင်သမျှ နွယ် စိတ်မဆိုးချင်ဘူး၊ စိတ်ဆိုးရတာ ကျန်းမာရေး ထိခိုက်တတ်တယ်၊ အသက်တိုတယ်၊ ပြီးတော့ အိုစာတယ်၊ အရွယ်ကျ မြန်တယ်ပေါ့"

"စိတ်ဆိုးမှလား. . . သောကရောက်တာကကော"

"အဟင်းဟင်း. . . ပါတာပေါ့၊ နှစ်မျိုးစလုံးသာ ခံစားနေရရင် သေရုံပဲ ရှိတော့တယ်၊ ဒါကြောင့် တစ်မျိုးအပေါ် ဆင်ခြင်နေတာလေ၊ ကိုင်း. . . ပြောပါဦး၊ နွယ့်ကို ဘာမေးမလို့လဲ"





"နောက်မှပဲ မေးတော့မယ်ကွာ၊ ကျောင်းရောက်မှ"

ခင်ခင်ထွေးကတော့ ဘာရယ်မဟုတ် အမှတ်မထင် ပြောလိုက်သော စကားဖြစ်သည်။ သို့သော် မိမိနှလုံးသား၌ တိုးအား တမ်းတမ်းတတ လွမ်းဆွတ်ရသော ဝေးနာရပ်က ဖိစီးနှိပ်စက်ကလူ ပြုလေတော့သည်။

"ပြန်တော့မယ် ခင်"

"အေး. . . ခင်လဲ တစ်အောင့်နေ ပြန်မယ်၊ မင်း ဘာနဲ့ လာသလဲ၊ ကျောင်းမှာ စကားမစပ်မိလို့၊ ဒီကို မင်းလာမယ်မှန်း မသိဘူး၊ သိရင် ခင်လာကြိုမှာပေါ့"

"ရပါတယ်. . . နွယ့်ကို ကြိုမယ့်သူ ရှိပါတယ်. . . သွားမယ်နော်"

မြတ်လေးနွယ် ဒေါ်သီတာ၏စားပွဲသို့ ပြန်လျှောက်ခဲ့သည်။ ထိုစားပွဲ၌ ဒိုးရောက်နေသဖြင့် မထိုင်တော့ဘဲ. . .

"နွယ် ပြန်တော့မယ် ကြီးကြီး"

"ပြန်တော့မလား. . . နေပါဦးလား သမီးရယ်၊ ရောက်တာဖြင့် မကြာသေးဘဲ"

"နွယ် လေ့ကျင့်ခန်း ဖျက်စရာတွေ ရှိနေလို့ပါ"

ယနေ့အဖို့ မြတ်လေးနွယ် ငါးပါးသီလ မစင်ကြယ်တော့ပေ။

"ဪ. . အေး. . အေး၊ ဒါဖြင့် သား လိုက်ပို့လိုက်ပါဦး"

"နွယ့်တပည့်လေး ကားစောင့်နေပါတယ်"

"ကားအထိ ပို့ပေးမှာပေါ့၊ သား မင်းအစ်ကိုနဲ့ မမကို ခေါ်လိုက်ပါဦး၊ ဒီမှာ ပြန်တော့မယ်လို့"

ဒေါ်သီတာစကားကို ဒိုးသည် တစ်သဝေမတိမ်း နားထောင်တတ်ပုံရသည်။ မဆိုင်းမတွပင် ဝတ်မှုန်၏ဖခင် ပေါက်တာ



www.burmeseclassic.com

www.burmeseclassic.com



အောင်ဘနှင့် အစ်မ စံပယ်ထံ ရောက်သွားပြီး ခေါ်ခဲ့သည်။

မြတ်လေးနွယ် အနေအထိုင်ရ ခက်သွားသည်။ အားနာ လိုက်သည့်ဖြစ်ခြင်း။ မိမိအား ဤမျှ ဦးစားပေး တရေးတယူ ဆက်ဆံနေသော မိသားစုအား မိမိ မည်ကဲ့သို့ ကင်းကွာနေနိုင်ပါ မည်နည်း။

"ပြန်တော့မလို့လား ဆရာမ၊ ကျွန်တော်က အေးအေး ဆေးဆေး နေမယ်လို့ ထင်ထားတာ"

"ဟုတ်ကဲ့. . . အေးအေးဆေးဆေး နေမလို့ပါပဲ ဒေါက် တာ၊ ဒါပေမယ့် မလုပ်မဖြစ် လုပ်ရမယ့်ကိစ္စလေးတွေ ရှိနေလို့ပါ"

"ဘာလဲ. . . ဘုရားရှိခိုး ဝတ်တက် ပုတီးစိပ်တဲ့အလုပ် လား"

"မဟုတ်ပါဘူး. . . ကော်ရက်ရှင်(Correction) လုပ်မယ် ပါ"

"မသိပါဘူးဗျာ. . . အပျိုကြီးတွေဟာ များသောအားဖြင့် ဘုရားတရားအလုပ်နဲ့ အေးအေးချမ်းချမ်း နေတတ်ကြတာ များပါ ပါ"

ဒေါက်တာအောင်ဘသည် ပျော်ပျော်နေတတ် ပြောတတ် သည်။ ထို့ကြောင့် လူချစ်လူခင် ပေါများသည်။

"ခွင့်ပြုပါဦး ဒေါက်တာနဲ့ မမ"

"ပြည်ကိုလဲ လာလည်ဦးနော် ညီမ"

မြတ်လေးနွယ် ခေါင်းမညိတ်ချင်တော့ပါ။ ကတိလည်း မပေးချင်၊ ဖြစ်နိုင်လျှင် သည်မိသားစုနှင့် အဝေးဆုံးနေရာသို့ ပြေး ထွက်သွားချင်ပါသည်။

ဒေါ်သီတာ၏ အမည်နှင့်လိုက်ကာ အေးမြသောမျက်နှာ အား အပြုံးနှင့် ထပ်မံနှုတ်ဆက်ပြီး ကျောခိုင်းလိုက်သည်။





ဥမ္မာ့လက်ကို ဆွဲကာ ဒိုးနောက်မှ လိုက်ခဲ့သည်။

ဒိုးသည် ဥမ္မာဘေးမှ ယှဉ်တွဲလိုက်ပါလာသည်။

မျက်ဝန်းပေါင်းများစွာသည် မိမိတို့အပေါ်၌ ဆိုက်ရောက် နေကြမည် ထင်ပါသည်။

ဣန္ဒြေမပျက် လှမ်းထွက်ခဲ့ရသော်လည်း ရင်တွင်း၌ အတိတ်မှ ဖြစ်ရပ်တို့သည် ပြန်လည်ရှင်သန်လာသည်။

တိုးနှင့်သာ ဆိုပါလျှင် အဘယ်မျှ ကောင်းလိမ့်မည်နည်း။

တစ်ကမ္ဘာလုံး၏မျက်ဝန်းများကိုပင် အပြုံးလေးနှင့် ရင် ဆိုင်လိုက်မည် ဖြစ်သည်။

ယခုတော့. . .

သက်ပြင်းသာ ချလိုက်မိသည်။

"ဘယ်နားရပ်ထားမယ် ပြောသွားသလဲ"

"ကားပတ်ခ်(Car Park)မှာ ရှိမှာပေါ့၊ ရပါတယ်. . . ကျွန်မဘာသာ ကျွန်မရှာမယ်"

နွယ်ဟူသော နာမ်စားကိုပင် မသုံးမိ။ တမင် စိမ်းကားခြင်း ဖြစ်ကြောင်း သူ သိစေချင်သည်။

သူသည် မိမိစကားကို အရေးမစိုက်ပါ၊ ကားပတ်ခ်ရှိရာသို့ လျှောက်သွားသည်။

ဝင်းထိန်ကတော့ လုပ်လိုက်ပြန်ပြီ ထင်သည်။

တပည့်အား စိတ်မချသောစိတ် ဖြစ်လာသည်။

ကားအစီးနှစ်ဆယ်မျှတွင် ဝင်းထိန်၏ဘောက်စ်ဝက်ဂွန် လေး ပျောက်ဆုံးနေသည်။

"ဆရာမက အခုရောက် အခုပြန်မယ် မထင်လို့ တစ်နေ ရာရာ ခဏသွားတာ ဖြစ်ပါလိမ့်မယ်"

ဒိုးက ထင်ကြေးပေးလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



'ဒီကောင်တော့လား' ဟု စိတ်တွင်း မကျေမနပ် ရေရွတ်လိုက်သည်။ တွေ့ရင်တော့ ခေါင်းပူပေတော့ ဝင်းထိန်ဟု။

"ကျွန်တော် ပို့ပေးပါ့မယ်"

"ရပါတယ်. . . စောင့်နေလိုက်မယ်"

"ဒါဖြင့် အထဲထဲ ပြန်ဝင်စောင့်ပါလား၊ ဒီမှာ မိုးတိုးမတ်တတ် ဖြစ်နေမယ်၊ လာပါဗျာ. . . ကျွန်တော်က တစ္ဆေသရဲ မဟုတ်ပါဘူး၊ ကျွန်တော့်ကို ဒီလောက် ကြောက်လန့်ရှောင်ရှားမနေပါနဲ့. . . ကိုက်မစားဘူး"

ဒိုး၏ပင်ကိုယ်စိတ် ပေါ်လာပုံရသည်။

"မဆိုင်ပါဘူး"

"သိသာပါတယ်"

"ဒီမှာ ရပ်နေ. . . ကားသွားယူလိုက်မယ်"

"အံ့မယ်. . . အမိန့်ပေးတိုင်း နေရမှာလား၊ ကိုယ့်ဘာသာ ကိုယ် ကားငှားပြန်မယ်"

မြတ်လေးနွယ် ဥမ္မာ့လက်ကို ဆွဲပြီး ထွက်လာခဲ့သည် သိပ်မလှမ်းလိုက်ရ။ သူ့ကားက ဘေးနားမှ ကပ်ကျော်ကာ ရှေ့ ပိတ်ရပ်လိုက်သည်။

"ကိုင်း. . . တက်ပါ ဒေါ်မြတ်လေးနွယ်၊ ငြင်းဆန်နေမယ် ဆိုရင် သိပ်ရုပ်ဆိုးသွားလိမ့်မယ်၊ ကားတင်မပြေးပါဘူး"

သူ ပြောသည်မှာ သဘာဝ ကျသဖြင့် မြတ်လေးနွယ် လက်ခံပါသည်။ သူ ဖွင့်ထားသောတံခါးမှ ဥမ္မာကို အရင်တက်စေ ပြီးမှ တက်လိုက်သည်။

ဥမ္မာကတော့ ကလေးပီပီ သူစီးချင်သောကား စီးလိုက် သဖြင့် ကျေနပ်သွားလေသည်။

မြတ်လေးနွယ် ထိုင်မိသည်နှင့် သူသည် ကားပေါ် တ





ပြီးမှ ဒရိုင်ဘာနေရာ ထိုင်၍ ခလုတ်နှိပ်ကာ ကားတံခါး ပိတ်လိုက် လေသည်။

"ကျွန်တော်တောင် ဆေးရုံတက်မလားလို့"

"ဘာဖြစ်လို့လဲ"

"ရောဂါရှာဖွေမလို့လေ. . . အနူအဝဲပုံစံများ ပေါက်နေသလားလို့ပါ၊ ဒီလောက်တောင် မိန်းမသားတစ်ဦးရဲ့ စက်ဆုပ်ရွံရှာ ခံရတဲ့သူတစ်ယောက်အဖြစ်ကို ရောက်နေတော့ ကိုယ့်ကိုယ်ကို တောင် မသင်္ကာချင်တော့လို့လေဗျာ"

မြတ်လေးနွယ် စိတ်တွင်းမှ ကြိတ်ပြုံးလိုက်သည်။ တိုး အတိုင်းပဲ၊ မကျေမချမ်းဖြစ်လာတိုင်း ယဉ်ယဉ်လေးနှင့် ဘုတောတတ်သည်။

"ကောင်းသားပဲ"

ခပ်ရွတ်ရွတ် တမင်ပြောလိုက်သည်။

"ဒေါ်မြတ်လေးနွယ် အသည်းဟာ ပျော့မယောင်ယောင်နဲ့ သံမဏိပါပဲလား"

"ကိုယ်ထင်ရင် ကုတင်ရွှေနန်းပေ့ါ. . . မဟုတ်ဘူးလား"

"တိုးကို ကျွန်တော် ဘယ်သောအခါမှ မယှဉ်ပြိုင်တော့ပါ ဘူး"

"အဲဒါ အကောင်းဆုံးပါပဲ ဦးဒိုး၊ ယှဉ်ပြိုင်ခြင်းဆိုတာ အောင်မြင်မှု ရရင်တော့ ကောင်းတာပေ့ါ၊ ရှုံးနိမ့်မှု ရတဲ့အခါ ဝေဒနာ ရသွားတတ်တယ်၊ ဒါကြောင့် ခံနိုင်ရည် မရှိတဲ့ လူသား အတွက် ယှဉ်ပြိုင်ခြင်း မပြုလုပ်တာ အကောင်းဆုံးပါပဲ"

ဘာဖြစ်၍များ ဒိုးအပေါ် စိတ်ရှည်လက်ရှည် တုံ့ပြန်ပြောဆိုနေမိမှန်း မြတ်လေးနွယ် မိမိကိုယ်မိမိ နားမလည်ချင်တော့။

ဥမ္မာကတော့ အိစင်ညက်ညောသောဆိုဖာနှင့် ငြိမ့်ငြိမ့်



www.burmeseclassic.com

www.burmeseclassic.com



ညောင်းညောင်းလေး စီးရသဖြင့် သဘောတွေ့နေသည်။ မိမိတို့ စကားများကို နားလည်ဟန်လည်းမတူ စိတ်ဝင်စားပုံလည်း မရ။

"ကျွန်တော်ကြားဖူးတာက ပျောက်သောသူ ရှာလျှင်တွေ့၊ သေသောသူ ကြာလျှင်မေ့တဲ့၊ ဆရာမအလှည့်ကျမှ ရာဇဝင် စာတင်တော့မယ် ထင်ပါတယ်"

"ဦးဒိုးက တိုးကို မေ့ထားနိုင်ပြီလား"

"မေ့ထားချင်တယ်. . . မေ့ထားလို့ မရသေးဘူး၊ ဒါပေမယ့် အမြဲတစေတော့ တမ်းတမ်းတတ လွမ်းဆွတ်မနေပါဘူး"

"ဒါကတော့ မေတ္တာချင်းမှ မတူပဲလေ၊ ကျွန်မကတော့ ကျွန်မအပေါ်မှာ တိုး ထာဝရ ရှိနေတယ်လို့ မှတ်ယူထားတယ်၊ ဟုတ်ပါတယ်. . . ကျွန်မအတွက် တိုးဟာ ထာဝရ အသက်ရှင်နေပါတယ်"

"တိုးဟာ သေလွန်ပြီးတဲ့တိုင်အောင် ကျွန်တော့်ကို အနိုင်ရနေတုန်းပဲ"

"ဒါနဲ့ မယှဉ်ပြိုင်ပါဘူးဆို"

"ယှဉ်ပြိုင်ခြင်း မပြုပါဘူး၊ အဖြစ်မှန်ကို ပြောပြတာပါ၊ တိုးရဲ့စိုးမိုးအနိုင်ယူသွားမှုကို ယနေ့ထက်တိုင် ကျွန်တော် ခံစားနေရဆဲ ဖြစ်လို့ပါ"

"လောကကြီးကနေ ကံဆိုးမိုးမှောင်ကျစွာနဲ့ စောစီးစွာ ထွက်ခွာသွားတဲ့ တိုးအပေါ် ဘာဖြစ်လို့များ နှိုင်းယှဉ်သမှု ပြုချင်နေရတာလဲ"

"နှိုင်းယှဉ်စရာကိစ္စ ပေါ်ပေါက်လာပြီကိုး"

"ဝမ်းနည်းပါတယ်. . . ကျွန်မကတော့ တိုးကို ဘယ်သူနဲ့မှ မနှိုင်းယှဉ်နိုင်သလို တိုးနေရာကိုလဲ ဘယ်သူမှ အစားမထိုးနိုင်ပါဘူး၊ ဒါ ကျွန်မရဲ့ဆုံးဖြတ်ချက်ပါ"





"တစ်ခါတစ်ရံ အခြေအနေ အရပ်ရပ်ပေါ် မူတည်ပြီး ဆုံးဖြတ်ချက်ဆိုတာ ပြောင်းလဲသွားတတ်တာပါပဲ"

"ဆုံးဖြတ်ချက် ပြောင်းလဲရလောက်တဲ့ အခြေအနေအရပ်ရပ် ဖြစ်ပေါ်မှုမျိုးကို မဖြစ်ပေါ်အောင် ကျွန်မစောင့်ထိန်းရမှာပေါ့"

"စောင့်ထိန်းမှုထဲမှာတော့ နှလုံးသားကို လိမ်ညာတဲ့ စောင့်ထိန်းမှုမျိုး မရှိပါစေနဲ့လို့တော့ ကျွန်တော် မှာပါရစေ"

"ကျွန်မ ယခုထက်ထိတော့ နှလုံးသားကို မညာမိသေးဘူး ဆိုတာ ကျွန်မ သစ္စာဆိုရဲပါတယ်"

"ဘာပဲဖြစ်ဖြစ်ပေါ့ ဆရာမရယ်၊ ကျွန်တော့်မိခင်ကလဲ ဆရာမကို တိုးကိုယ်စား တွယ်တာနေတယ်ဆိုတော့ သူ့ကို ငဲ့ပြီး ဆရာမ အလိုက်သင့် ဆက်ဆံပေးဖို့ ကျွန်တော် တောင်းပန်ပါရစေ၊ ဒါကလဲ အသားလိုလို့ အရိုးတောင်းတဲ့ကိစ္စ မဟုတ်ပါဘူး၊ ဆရာမနဲ့ ပတ်သက်သမျှကို တိုးရဲ့နေ့စဉ်ဒိုင်ယာရီကို ဖတ်ပြီးကတည်းက တိုးနည်းတူ ကျွန်တော် နှစ်သက်စွဲလန်းခဲ့ပါတယ်၊ တိုးဟာ ကံဆိုးသူ ဖြစ်ခဲ့သလို ကျွန်တော်ဟာလဲ ကံဆိုးသူ ဖြစ်သွားပါပြီလို့ မှတ်ယူထားလိုက်ပါပြီ၊ ဒါပေမယ့် ရှင်းသန့်စွာ တွယ်တာနေတဲ့ ကျွန်တော့်မိခင်ရဲ့မေတ္တာကို စာနာထောက်ထားသောအားဖြင့် ရင်းနှီးစွာ ဝင်ထွက်သွားလာမှုကိုတော့ ခွင့်ပြုပါ"

"ကြီးကြီးကို ကျွန်မ ခင်ပါတယ်၊ ဒါပေမယ့် ရှင်ဝင်ထွက်နေမယ်ဆိုရင် ပတ်ဝန်းကျင်က ဘာပြောမလဲ၊ ဘယ်လောက်ပဲ ရိုးသားရိုးသား အမြင်ကတော့ ဆန်းနေမှာပဲ"

"ကျွန်တော် ကတိပေးပါတယ်၊ မလိုအပ်ဘဲ ဆရာမဆီ မဝင်ထွက်ပါဘူး၊ ဘယ်သောအခါမှလဲ ပရိုပို့စ် မလုပ်တော့ပါဘူး၊ အဲ. . . ဘယ်သောအခါမှလို့ ဆိုပေမယ့် တစ်ခုတော့ ယခုပြတ်ပြောထားပါရစေ၊ ကျွန်တော့်ဘဝမှာ သွေးကလွဲလို့ ဘယ်သူမှ



www.burmeseclassic.com

www.burmeseclassic.com



အဝင်မခံနိုင်သလို သွေးကိုပဲ ထာဝရ မျှော်လင့်စောင့်စားနေတယ် ဆိုတာကိုတော့ နောက်ဆုံးအကြိမ်အဖြစ် ပြောထားပါရစေ”

မြတ်လေးနွယ် ပြုံးရအခက် ရယ်ရအခက် ဖြစ်သွားသည်။ အီလည်လည်ဖြစ်နေသော ချစ်ရေးဆိုမှုကို ယတိပြတ် အပြတ်ပြော၍ မရနိုင်အောင်ပင် ဖြစ်နေသည်။

“ကောင်းပြီ. . . ရှင့်စကား တည်ပါစေ”

“ယောက်ျားကတိစကားပါ ဒေါ်မြတ်လေးနွယ်”

ကားသည် မြတ်လေးနွယ် အိမ်ရှေ့၌ ညင်သာစွာ ထိုးရပ်လိုက်သည်။

“ဟင်. . . ရောက်တာကလဲ မြန်လိုက်တာ၊ စီးလို့ကောင်းတုန်း၊ ဦးဦး နောက်တစ်ခေါက် လာခေါ် ရင်လဲ ဒီကားနဲ့ပဲ ခေါ်နော်”

“အေး. . . အေး”

ဥမ္မာ့ခေါင်းကို သူက တစ်ချက်ပုတ်ပြီး ခေါင်းညိတ်ကာ အေးလိုက်သည်။

ခလုတ်နှိပ်ကာ တံခါးဖွင့်ပေးပြီးသည့်တိုင် သူက အောက်ဆင်းကာ ပို့လိုက်သေးသည်။ လူမှုရေး ဝတ္တရားအရ. . .

“ခွင့်ပြုပါဦး ဦးဒိုး”

ဟု မြတ်လေးနွယ် ပြောလိုက်သည်။ အိမ်ပေါ်သို့ တက်ပါဦးဟု ဖိတ်မန္တက ပြုစရာ မလိုအပ်ဘူးဟု ထင်ပါသဖြင့် ထိုစကားမျှသာ ဆိုလိုက်ခြင်း ဖြစ်သည်။

“ကျေးဇူးတင်ပါတယ် ဒေါ်မြတ်လေးနွယ်၊ ပြန်ပါဦးမယ်၊ ဆီးယူ ဝမ်းဒေး”

တစ်နေ့နေ့မှာ ဆုံစည်းဦးမည်တဲ့လား၊ သူ့ ကားပေါ် တက်ကာ ပြန်လည်ထွက်သွားသည်ကို ကားစက်သံအရလည်းကောင်း၊ ‘ဦးဦးရေ. . . တာ့တာ’ ဟူသော ဥမ္မာ့အသံစာစာလေး





ကြောင့်လည်းကောင်း သိလိုက်သော်လည်း မြတ်လေးနွယ် လုံးဝ လှည့်မကြည့်ပါ။

ခတ်ထားသော သော့ခလောက်ကို ဖွင့်နေသည်မှာ အ. ခေါက်ပေါင်း မရေတွက်နိုင်အောင် ရှိခဲ့သော်လည်း သည်တစ်ချီတွင်တော့ ရှောရှောရှူရှူ သော့ပေါက်ထဲ မဝင်ပါလား။

ဘာဖြစ်၍များ မိမိစိတ်သည် ဂဏှာမငြိမ် လှုပ်လှုပ်ခတ်ခတ် ဖြစ်နေရပါလိမ့်။



www.burmeseclassic.com

www.burmeseclassic.com





## အခန်း(၁၂)

"စားပါဦး သူငယ်ချင်း၊ ဇရမ်းလက်ဖက်အညွန့်ကလေး တွေချည်းပဲ"

ဆရာများ နားနေခန်း၌ ထိုင်လိုက်မိသည်နှင့် ခင်ခင်ထွေး က သူ၏စတီးလက်ဖက်အစ်ကလေးကို မြတ်လေးနွယ်ရှေ့သို့ ထိုး ပေးသည်။

မိမိသည် လက်ဖက်နှင့် မတည့်။ လက်ဖက်စားမိလျှ ရင်တုန်မောဟိုက်ကာ အသက်ရှူမဝသကဲ့သို့ဖြစ်ပြီး ညအိပ်ချိ တော်တော်များများကို ထိခိုက်တတ်သည်။





သို့သော် မြတ်လေးနွယ်သည် မိန်းမသားဖြစ်သည်။ ထို့ကြောင့် လက်ဖက်အလွန်ကြိုက်သည်။ တတ်နိုင်သမျှ လက်ဖက် သုပ်ကို ရှောင်ရှားနေတတ်သော်လည်း လက်ဖက်တွေ့လာလျှင် မိမိရှေ့မှောက် ရောက်လာလျှင်တော့ ရှောင်ရှား၍ မနေတတ်။

"ခင် သုပ်တာလား. . . ကောင်းသားပဲ"

လက်ဖက်အသားလေးနှင့် ပုဇွန်ခြောက် နီနီရဲရဲ ကျပ်ကင် ခြောက်လေးကို ခင်က တမြုံ့မြုံ့ ဝါးရင်း မေးလိုက်သည်။

"မန္တလေးက မိတ်ဆွေတစ်ယောက် လာလို့ လက်ဆောင် ပေးတာလေ၊ အရိုးတောင်းပေါ့။ စား. . . နွယ်၊ ယူ အော့ဖ်အချိန် လား"

"ဟုတ်တယ်. . . ခင်ကော"

"ခင်လဲ အော့ဖ်ပဲ၊ အတော်ပဲ. . . မေးရဦးမယ်"

ဆရာများ နားနေခန်း၌လည်း လူအတော်ရှင်းနေသည်။ ဆရာတစ်ယောက်သာ ခပ်လှမ်းလှမ်း စားပွဲ၌ တကုပ်ကုပ်နှင့် (Correction) လုပ်နေသည်။ မြတ်လေးနွယ်တို့စကားကို ကြားမည့် ဟန်မပေါ်။

"မေး"

ဒေါက်တာအောင်ဘ နှုတ်ဆက်ပွဲမှ မပြီးသေးသောစကား ကို ဆက်တော့မည်ဟု အလိုလို သိလေသည်။

"တိုးကို နွယ် သိပ်ချစ်ခဲ့တယ်ဆိုတာ ခင် သိပါတယ်"

မြတ်လေးနွယ် အတိတ်လွင်ပြင်သို့ သမင်လည်ပြန် ရောက်ရှိသည်နှင့် တမြုံ့မြုံ့ဝါးနေသော လက်ဖက်၏ စိမ့်တိန့်တိန့် ရသာသည်ပင်လျှင် ဘယ်သို့ရောက်သွားမှန်း မသိလိုက်။

"ဒါပေမယ့် ဆိုရိုးစကား ရှိတယ်မဟုတ်လား၊ သေသောသူ ကြာရင်မေ့၊ ပျောက်သောသူ ရှာရင်တွေ့ဆိုတဲ့ စကားအရဆိုရင်



www.burmeseclassic.com

www.burmeseclassic.com



တော့. . ."

"ဆိုရိုးဆိုတာက ငါးဆယ်ရာခိုင်နှုန်း ကျော်လွန်ရင် ကောက်ချက်ချ ဆွဲယူပြီး ဖြစ်ပေါ်လာတဲ့စကားတွေပါကွာ၊ အဲဒီ အများစုထဲမှာ နွယ်မပါဘူး ဆိုရင်ကောကွာ"

မိမိစိတ်ကို မိမိသာလျှင် နားအလည်ဆုံးဖြစ်၍ မြတ်လေး နွယ် ခပ်ပြတ်ပြတ်ပင် ပြောလိုက်နိုင်သည်။

ရင်တွင်း၌ မချိမဆန့်သော ဝေဒနာရပ် တိုး၍လာသည်။ တိုးကို သေလွန်ပြီးမှ ပို၍အချစ်တိုးသွားရသည်။ သနားခြင်း၊ ယူကျုံး မရခြင်းတို့သည် တွေးမိလေတိုင်း ရင်၌ တနုံ့နုံ့ဖြစ်နေသည်။

ထိန်းချုပ်နိုင်စွမ်း ရှိ၍သာ မျက်ရည်တို့သည် ပြင်ပ လောကနှင့် ထိတွေ့ခွင့် မရရှိခြင်း ဖြစ်သည်။ ရင်တွင်းမှာတော့ သောကမိုးရေတွေ ရွာနေလေပြီ။

"နွယ်. . . ခင့်စကားကြောင့် အဟောင်းဟာ အသစ်ဖြစ် သွားပြီလား"

နွမ်းလျသွားသော မြတ်လေးနွယ် မျက်နှာရိပ် မျက်နှာကဲ ကို အကဲခတ်မိဟန်ဖြင့် ခင်ခင်ထွေးက မေးလိုက်သည်။

မိမိရင်တွင်းဝေဒနာကို မချိပြုံးနှင့် ဖုံးဖိရန် ကြိုးစားရင်း

"နွယ့်အတွက် တိုးနဲ့ ပတ်သက်လာရင် ဘယ်သောအခါမှ မဟောင်းနွမ်းပါဘူး၊ ထာဝရ အသစ်အသစ် ဖြစ်နေသေးတယ် ခင်ရယ်"

"ဩော်. . . နွယ်ရယ်၊ နွယ်လဲ ဘာသာရေးမှာ ကိုင်းရှိုင်း လေ့လာတဲ့သူတစ်ယောက်ပဲ၊ သေသူအပေါ် စွဲလန်းတဲ့ ဒုက္ခသစ္စာ တရားကို သိမြင်ဆင်ခြင်သင့်တယ်လို့ ခင်ထင်တယ်လေ၊ အဲ. . . ခင့် နွယ့်ကို ဆရာလုပ်နေတာ မဟုတ်ဘူးနော်၊ သတိပေးတာ"

"ရပါတယ်. . . နွယ်တို့ ဆရာမတွေက သူများကို ဆရာ





မလုပ်ရရင် ကိုယ့်ကိုယ်ကိုတောင် ဆရာပြန်လုပ်နေတဲ့ လူမျိုးပဲဟာ၊ ပြောစမ်းပါ. . . နွယ် နားလည်ပါတယ်"

"နွယ့်အစား ခင် စိတ်မောလွန်းလို့ ပြီးတော့ နွယ့်အလှတွေ ကိုလဲ နှမြောတယ်၊ အပျိုကြီးဘဝနဲ့ မြေဩဇာ ဖြစ်ရမလား၊ မီးစာ ဖြစ်ရမလား"

"အပျိုကြီးမှလား. . . လူတိုင်း သေနေတာပဲ"

"ဒါပေမယ့် မတူဘူး၊ ခင်တို့ဆို အနာဂတ် မျိုးဆက်သစ် တွေ မပြတ်သွားအောင် မျိုးရိုးအမွေအနှစ် ထားခဲ့နိုင်တယ်"

"အဲ့ဒါ သံသရာစက်ဝန်း လည်ပတ်ရေးကို ရှေ့ရှုတဲ့အလုပ် လို့ ဘာသာရေးရှုထောင့်က ပြန်ယူဆလို့ ရတယ်လေ ခင်"

"နွယ်ရေ. . . နွယ့်ကိုတော့ လက်မြှောက်ပါတယ်၊ နွယ့် သဘောပဲ၊ ဒါပေမယ့် ခင် မေးချင်နေတဲ့ဟာလေးတော့ မေးပါရစေ ဦး"

"မေးပါလား. . . ခင်ပဲ ရစ်နေပြီးတော့"

မြတ်လေးနွယ်က လက်ဖက်နှင့် ပုဇွန်ခြောက်ကို တမြုံ့မြုံ့ ဝါးရင်း ပြောလိုက်သည်။

"သေသေချာချာ စဉ်းစားပြီးမှ ဖြေနော်"

"အမယ်လေးဟဲ့. . . ရှေ့နေမိန်းမပီပီ ရှည်တော်မူလိုက် တာ. . . ပြောစမ်းပါ"

နှစ်ဦးတည်းဆိုလျှင်တော့ ဟန်တွေပန်တွေ လုပ်မနေတော့ ဘဲ ရင်းရင်းနှီးနှီးပင် ဟောဟောဒိုင်းဒိုင်း ပြောတတ်ကြသည်ဖြစ်၍ မြတ်လေးနွယ် စိတ်မရှည်တော့သည့်အတိုင်း ငေါ့တော့တော့လေး ပြောလိုက်သည်။

ခင်ခင်ထွေးက အပြုံးမပျက် ဖြစ်နေရာမှ. . .

"ဦးဒိုးနဲ့ တိုးဟာ ခွဲမရအောင် တူသလား၊ ...ပြီးချက်



www.burmeseclassic.com

www.burmeseclassic.com



ရှိတယ်လို့ နင် ထင်သလား"

ခင်ခင်ထွေး၏သေသေချာချာ စဉ်းစားပြီးမှဖြေဟူသော စကားကို သဘောပေါက်မိသည်။

မြတ်လေးနွယ် တွေးရသည်။

ဒိုးကို ရုတ်တရက် တွေ့လိုက်ချိန်၌ တိုးအမှတ်ဖြင့် သတိ လက်လွှတ်ဖြစ်ကာ ဖြစ်ရပ်မှန်ကို မေ့သွားပြီး ဒိုးရင်ခွင်ထဲ တိုးဝင်မိ ခဲ့သည့်အဖြစ်ကို သတိတရ ပြန်လည်မြင်ယောင်လာပြန်သောအခါ ရှက်ကြက်သီးမွေးညင်းကလေးများ ပြန်လည် ထောင်ထသွား သယောင်ယောင်။

"ကိုင်း. . . စဉ်းစားရပြီ မဟုတ်လား၊ အခြားအမှာတွေလို မှဲ့လေးဘာလေး ကွဲလွဲချက် ရှိသလား"

မျက်နှာ၌ မှဲ့မရှိခြင်းကိုတော့ ကောင်းစွာသိသည်။ လည် ကုပ်၊ လက်မှာလည်း မရှိ။

"တိုးကတော့ ပြစ်မျိုးမှဲ့မထင်လေ"

"ဒါဖြင့် ဒိုးကကော"

"ဒါတော့ နွယ် ဘယ်သိမလဲ၊ သူ့ကို နွယ်က ဘာကိစ္စ သေသေချာချာ လိုက်ကြည့်နေရမှာလဲ"

"ဟုတ်ရဲ့လား. . . တိုးအမှတ်နဲ့ အလွမ်းပြေများ မကြည့်မိ ဘူးလား"

"ဟင့်အင်း"

"ဒါဖြင့် ဒိုးကို မြင်တဲ့အခါ တိုးအမှတ်နဲ့ တစ်ခါတစ်ရံ မေ့လျော့ဖြစ်ပေါ် မခံစားရဘူးလား"

ဤမေးခွန်းကို မြတ်လေးနွယ် လက်ဖက်မြို့ရင်း ခေါင်းကို ခပ်အေးအေးပင် ခါယမ်းလိုက်သည်။

"ဘယ်လိုမှ မနေဘူး၊ ဦးဒိုးဟာ တိုးမဟုတ်ဘူးဆိုတာ နွယ့်





သိတရားမှာ စွဲစွဲမြဲမြဲ ရှိနေလို့ပဲ"

"မဟုတ်ဘူးလေ. . . ဦးဒိုးကို တွေ့ဖန်မြင်ဖန်များတော့ နွယ့်စိတ်ထဲမှာ ဦးဒိုးကို တိုးဖြစ်စေချင်တဲ့စိတ်မျိုး တိုးသာဆိုရင်ဆိုတဲ့ ားမှုမျိုး လုံးဝမဖြစ်ပေါ်လာဘူးလားလို့လေ"

မြတ်လေးနွယ် တကယ်ကို စဉ်းစားရပြီ။ ဒိုးကို မြင်တိုင်း းကို သတိရသည်။ ထိုသတိရခြင်းတွင် 'ဒိုးဟာ တိုးဖြစ်ရင် သိပ် ာင်းမှာပဲ' ဟု မိမိတွေးဖူးပါသလား။

ခေါင်းကို လေးတွဲ့စွာ ခါယမ်းရင်း. . .

"နွယ် ဒိုးကို ဒိုးမှန်း တိုးကိုတိုးမှန်း ခွဲခြားသိနေတော့ င်မေးတဲ့ ခံစားမှုမျိုး လုံးဝမဖြစ်ပေါ်သေးဘူး၊ ဒါပေမယ့် တစ်ခု ာ့ ခံစားရတယ်၊ သူ့ကို မြင်တိုင်း တမင် မေ့မေ့ပျောက်ပျောက် ားနေတဲ့ တိုးကိုတော့ သတိရမှု ပိုပိုလာတယ်ဆိုတာ နွယ် ဝန်ခံပါ ယ်"

"နွယ် ဒီလိုဆို တိုးနဲ့ဒိုး တူညီချက်တွေ ကွဲလွဲချက်တွေကို ာ သတိပြုမိသလား"

"ခင်ဟာလေ. . . ရှေ့နေကတော် ပီသပါပေတယ်၊ အမျိုး း လှည့်ပတ်မေးနေတော့တာပဲ၊ နွယ်ကလဲ သိသိနဲ့ပဲ ဖြေရတော့ ပဲပေါ့၊ နွယ်လဲ ရင်ဖွင့်ချင်နေပါတယ်၊ ဘာဖြစ်လို့လဲဆိုတော့ ယ့်မှာ တိုးနဲ့ ပတ်သက်ပြီး ဆယ်နှစ်ကျော်ကျော် မျိုသိပ်ထားနိုင် မ်းရှိတဲ့ ဝေဒနာရပ်တွေဟာ ဒီနှစ်မှာ ဟင်းလင်းပွင့်ပြီး အတား ဆီးမဲ့စွာကို ခံစားနေရတယ်လေ"

မကုန်ခမ်းနိုင်သော သောကမျက်ရည်စက်တို့က ခွင့်မပြုမိ ဲလျက် မျက်ဝန်း၌ ကြီးစိုးချင်လာသည်။

ခေါင်းကို မသိမသာမော့၊ မျက်တောင် တဖျတ်ဖျတ် ခတ် ာ မျက်ရည်စတို့ကို သိမ်းဆည်းလိုက်ပြီးမှ မိမိထံမှ ဖွင့်ဟဝန်ခံ



www.burmeseclassic.com

www.burmeseclassic.com



ချက်ကို ငုံ့လင့်နေသော ခင်ခင်ထွေးအား. . .

"တိုးသာ နွယ့်လက်ပေါ်မှာ သေဆုံးသွားတာ မဟုတ်ခဲ့ရ
ဒိုးနဲ့တိုး နှစ်ယောက်ဆိုတာ နွယ် လက်ခံတော့မှာ မဟုတ်ဘူ
ဘာဖြစ်လို့လဲဆိုတော့ တိုးနဲ့ဒိုးဟာ ခွဲမရအောင် တူရုံမကဘူ
အပြောအဆို လေယူလေသိမ်း၊ အသံ၊ ဝတ်စားဆင်ယင်ပုံ၊ အကြို
ကအစ တူညီနေတယ်ဆိုတော့ နွယ်လေ တိုးကို အရမ်းသတိရလ
တတ်လွန်းလို့ ဦးဒိုးကိုလဲ မတွေ့ချင်တော့ဘူး၊ တော်ကြာ သူ့
ကြင်နာယုယ ဂရုတစိုက်ရှိမှုအပေါ်မှာ လွဲမှားစွာ သာယာမိမှ
စိုးရိမ်တယ်လေ"

"ဦးဒိုးလိုလူရဲ့ပရိုပိုစ့် လုပ်မှုကို ရတော့ကော ဘာဖြစ်သေ
သလဲ နွယ်ရယ်၊ ကိုယ့်သူငယ်ချင်း အချင်းချင်းမို့ ပြောရဦးမယ
အဲ. . . မရှက်တမ်း ဝန်ခံရမယ်ဆိုရင် ဦးဒိုးဆီက ကမ်းလှမ်းမှု
စောင့်မျှော်ခဲ့ကြတဲ့အပျိုတွေထဲမှာ ခင်တို့ ညီအစ်မတွေတောင် ပါ
ကြသေးတယ်"

"လုပ်ပြီကွာ. . . ဦးထွန်းအောင်နဲ့ တိုင်ပြောမယ်၊ နှု
ပိတ်ခတော့ ထွက်ချင်ပြီ ထင်တယ်"

"လက်ဖက်ပွဲ တင်ထားတယ်လေကွာ. . . မလုပ်လိုက်ပါ
ခင်က ပွင့်ပွင့်လင်းလင်း ပြောတာ၊ တကယ်ကွ. . . ဦးဒိုးက စု
စတားပဲ၊ သမီးရှင်တွေဆိုရင် အောင်သွယ်နဲ့ ပြောခိုင်းရတာ အမျ
ကြီးပဲ၊ အဲဒါကြောင့်လား မသိဘူး၊ ကိုယ်တော်က ဈေးကိုင်
တလောကလုံး သူ့လုပ်စာ စားနေရတဲ့အတိုင်းပဲ၊ မိန်းမဆို သူ့အ
ကလွဲလို့ ရှိတယ်ထင်ပုံ မရဘူး. . . ရှုတည်တည်နဲ့"

တိုးလည်း ရှုတည်တည်နှင့် မိမိနောက်မှ တကော
ကောက် လိုက်ကာ အတည်ပေါက် နောက်ပြောင်တတ်သည်။
အမူအရာလေးများကပင်လျှင် မိမိ၏အသည်းတံခါးကို ဖွင့်လှ





သွားနိုင်ခဲ့ခြင်း ဖြစ်သည်ကို သတိရလာပြန်သည်။

"တိုးလဲ ဒီလိုပါပဲ"

"ဟုတ်ပါတယ်. . . လောရဲ့ကင်းမှန်း ခင်သိပါတယ်၊
ကြောင့် ဘီအီးဒီကွင်း မြတ်လေးနွယ်လည်း တိုးရဲ့ကျော့ကွင်းမှာ
င်းသက်သွားရတာကို ခင်တို့ အမြဲသတိရနေတာ၊ ဦးဒိုးကို မြင်
င်း တိုးနဲ့နွယ်ကို ခင်တို့ ကြားလူတွေတောင် သတိရနေတယ်
ရင် ကာယကံရှင် နွယ်နေရာကနေ ခင် ခံစားကြည့်တာပါ။ ဦးဒိုး
မြင်ရင် နွယ် ဘယ်လိုခံစားရမယ်ဆိုတာ မစဉ်းစားတတ်အောင်
လို့ ပွင့်ပွင့်လင်းလင်း မေးပြီး အကြံဉာဏ်လဲ ပေးချင်လို့ ပြောရ
၊ တစ်ခါတစ်ရံမှာ နှလုံးသားကို ဦးစားပေးရမှာထက် ဦးနှောက်
အလိုလိုက်ရတဲ့အခါမျိုးလဲ ရှိတတ်တယ်"

"အချစ်ကို ဦးနှောက်နဲ့ ဆုံးဖြတ်လို့ရတဲ့အရာလို့ မင်းက
တ်ခံနိုင်ပေမယ့် ကိုယ်က လက်မခံနိုင်ဘူး ခင်"

"အချစ်နဲ့ ပတ်သက်ပြီး မစဉ်းစားရင်တောင် အိမ်ထောင်
နဲ့ ပတ်သက်ပြီး ဦးဒိုးကို ဦးနှောက်နဲ့ ရွေးချယ်လက်ခံသင့်တယ်
ထင်တယ်"

"ခင် တိုက်တွန်းချက်ကို နွယ်နားလည်ပါတယ်၊ ဒါပေမယ့်
က နွယ်မှန်တယ်လို့ ယူဆချက်ကို ဘယ်သောအခါမှ ပြင်နိုင်မှာ
တ်ဘူး ခင်၊ မင်း မောရုံပဲ ရှိမယ်၊ ဘာဖြစ်လို့လဲဆိုတော့ နွယ်က
းသားနဲ့ ပတ်သက်လို့ပဲဖြစ်ဖြစ် ငွေ ဂုဏ်ပကာသနဆိုတဲ့
ကြ်အချက်နဲ့ ဦးနှောက်နဲ့ ဆုံးဖြတ်တဲ့ အိမ်ထောင်ရေးကို ရွံမုန်း
ယ်၊ အိမ်ထောင်ရေးကို အချစ်နဲ့ပဲ တည်ဆောက်ချင်တယ်၊ တိုးနဲ့
ု အချစ်က သေဆုံးသွားပြီဆိုတော့ နွယ့်အတွက် အိမ်ထော
ကို ဦးနှောက်အခြောက်ခံ စဉ်းစားစရာ မလိုတော့ဘူးပေါ့။ ဒါပါ
ယ်၊ မင်း နွယ်အတွက် ဘာမှ စိတ်အပင်ပန်းမခံနဲ့၊ နွယ်က



www.burmeseclassic.com

www.burmeseclassic.com



ဘူးဆိုရင် ဖရုံမသီးတတ်ဘူး”

မြတ်လေးနွယ်က ပြောပြောဆိုဆို ပိုက်ဆံအိတ်နှင့် မှတ်
စာအုပ်ကို ကောက်ကိုင်လိုက်သည်။ အချိန်ပြောင်း လျှပ်စစ်ခေါ
လောင်းကလည်း မြည်နေလေပြီဖြစ်၍ မိမိအတွက် ထွက်ပေါ
ရသွားသည့်နွယ်ဖြစ်ကာ မြတ်လေးနွယ် အသက်ရှူချောင်သွ
သည်။

“ခင်က နွယ့်အတွက် စိတ်အပင်ပန်းခံ ပြောနေတာမဟု
ဘူး နွယ်၊ ဦးဒိုးအတွက် ပြောရတာ၊ ဘယ်ကဘယ်လို အနံ့ရသွ
တယ် မသိပါဘူး။ နွယ်နဲ့ခင် သူငယ်ချင်းမှန်း သိသွားတာနဲ့ အိမ်
မောင်တော်ဆီ ရောက်လာပြီး ခင်နဲ့ ရင်းနှီးမှုကိုပါ ရယူလာ
ခင်လဲ မနေသာလို့ ဖူးစာရေးနတ် လုပ်တာနွယ်ရဲ့”

မြတ်လေးနွယ် အံ့ဩသွားရသည်။ ဒိုးသည် ဤမျှအ
ခြေသွက်နေပါလား။ လုံးဝ မထင်မှတ်ထားသော စကားဖြ
ရုတ်တရက် ခွန်းတုံ့ပြန်မပြောနိုင်အောင် ဖြစ်သွားသည်။

ခင်ခင်ထွေးက လက်ဖက်ချိုင့် ဖုံးအုပ်လိုက်ပြီး စာအုပ်
စလင်းဘက်ကို လွယ်လျက်. . .

“ခင်လဲ ဝင်ရဦးမယ်”

နှစ်ဦးသား ဆရာများ နားနေခန်းမှ ထွက်လာစဉ်၌ မြ
လေးနွယ် ခင်ခင်ထွေးကို ပြောစရာစကား စဉ်းစားမိသွား၍. . .

“ခင်ရေ. . . အတော်ပဲ”

“ဘာလဲဟ အဆက်အစပ်မရှိ”

“သြော်. . . သူက ခင်တို့အိမ် ဝင်ထွက်နေပြီဆိုတော့
ညီမ အပျိုနှစ်ယောက် ကျန်သေးတယ်ဆိုတော့ အတော်ပဲလို့
အတွက် ခင် စိတ်ချလက်ချ ရှိသွားရတာပေါ့. . . မဟုတ်ဘူးလ

“အမလေးတော်. . . အဲဒီလိုသာဆိုရင် ခင်တို့က အ





ထက်အလွန် တံခွန်နဲ့ ကုက္ကားပါတော်၊ ဦးဒိုးက နွယ်မှနွယ်”

“ရှူး. . .”

ကျောင်းသားတစ်ဦး ကော်ရစ်တာထောင့်ချိုးမှ ပေါ်လာ
သဖြင့် ခင်ခင်ထွေးအား သတိပေးရင်း စကားစ ဖြတ်လိုက်ရသည်။

“သွားမယ်”

စကြံ့န်ထောင့်ကွေ့၌ ခင်ခင်ထွေးနှင့် လမ်းခွဲလိုက်ရသည်။

မြတ်လေးနွယ် ဝင်ရမည့် အတန်းရှေ့၌ ရပ်ရင်း ဆရာ
ထွက်အလာကို စောင့်ဆိုင်းစဉ် ခေါင်းထဲ ဝင်ရောက်လာသော
ခင်ခင်ထွေး၏လောလောလတ်လတ်စကားကို အတင်းနှင်ထုတ်ရန်
ကြိုးစားရင်း ကျောင်းသားများအား သင်ရမည့် သင်ခန်းစာကိုသာ
ထည့်သွင်းလိုက်သည်။ တစ်ခါတစ်ရံ မိမိလက်မခံနိုင်သော အ
ကြောင်းအရာကပင် မိမိအား အကြီးမားဆုံးသော အနှောင့်အ
ယှက် ဖြစ်တတ်ကြောင်း မြတ်လေးနွယ် ကိုယ်တွေ့ဖြင့် သိမြင်
လိုက်လေပြီ။



www.burmeseclassic.com

www.burmeseclassic.com



## အခန်း(၁၃)

"ဟဲ့. . ဒိုး. . လာလေ၊ သမီးရယ် ခေါ်လိုက်ပါဦး၊ ဘယ်လို ဟာမှန်းလဲ မသိပါဘူး"

မြတ်လေးနွယ် အခက်တွေ့သွားသည်။

အားနာစိတ်တို့ဖြင့် ဒေါ်သီတာ၏စကားကို မလွန်ဆန်နိုင်သောကြောင့်. . . ကားပေါ်က မဆင်းသော ဒိုးအား. . .

"ဦးဒိုးကော. . . အိမ်ပေါ် တက်ပါဦး"

ဟု ပြောပြီး ဒေါ်သီတာနှင့်အတူ အိမ်ထဲ ဝင်ခဲ့သည်။ သူ လိုက်လာသည် မလိုက်လာသည်ကိုတော့ ကြည့်မနေတော့ပေ။





"တမင် သမီး ကျောင်းပိတ်ရက်ကို စောင့်ပြီး လိုက်ပို့ခိုင်းရတာ၊ သမီးတို့များ နေနိုင်လိုက်တာ၊ လုံးဝရောက်မလာဘူး"

"နွယ် မအားလို့ပါ အန်တီ"

"အေးလေ. . . ဟုတ်တာပဲ၊ ဝန်ထမ်းသမားတွေဆိုတော့ အားရက်ကလေး တစ်ရက်မှာလဲ ကိုယ့်အိမ်ကိုယ် နားချင်မှာပေါ့။ ဒီတော့ အိမ်မှာ အားပြီး ငေးမျှော်နေတဲ့ ကြီးကြီးကပဲ မနေနိုင်တော့ ထွက်လာရတယ်"

ဒေါ်သီတာ စကားအစဉ် မပြတ်စဉ်၌ပင် ရိပ်ခနဲ သူ့အရိပ်ကို မြင်လိုက်ရသည်။

"မေမေ"

"ဪ. . . သား ထိုင်လေ၊ ဘယ့်နှဲ့ မိုးတိုးမတ်တတ်ကြီး"

"မထိုင်တော့ပါဘူး၊ သား သစ်စက် ခဏသွားလိုက်ပြီးမှ မေမေ့ကို ဝင်ခေါ်မယ်"

"ဟဲ့. . . နေဦးလေ၊ မေမေက သိပ်ကြာမှာမှ မဟုတ်တာ"

"သားလဲ ခဏပါပဲ"

မြတ်လေးနွယ် လုံးဝ ဝင်မပြောဘဲ ငြိမ်ငြိမ်ကလေး ထိုင်နေလိုက်သည်။ ရှုတည်တည်နှင့် လူကို ဂရုမစိုက်သည့်ပုံပန်းနှင့် သူ့မိခင်ကိုသာ ပြောဆိုပြီး နှုတ်မဆက်ဘဲ ထွက်ခွာသွားသည်။

ကောက်ညှင်းက မစေးဘဲ ဆန်ကြမ်းက စေးရသည့် အဖြစ်မျိုး ရောက်နေသည်။

"ဘယ်လိုကောင်မှန်းလဲ မသိပါဘူး သမီးရယ်၊ မိန်းကလေးတွေနဲ့ဆိုရင် သူ့မှာ မနေတတ် မပြောတတ်နဲ့"

ပြောပြောဆိုဆိုနှင့် သူမ၌ ပါလာသော ခြင်းတောင်းကို မြတ်လေးနွယ်အား ကမ်းပေးသည်။

"သမီးဖို့ကွယ်. . . သား ရန်ကုန်သွားတုန်း ဝယ်လာတဲ့



www.burmeseclassic.com

www.burmeseclassic.com

ပန်းသီးနဲ့မုန့်တွေ လာပို့တာ"

"အို. . . မဟုတ်တာ ကြီးကြီးရယ်၊ သမီးလဲ ရန်ကုန်ကို မကြာခဏ ပြန်နေတာပဲ၊ တစ်နေ့ကတောင် ဒေါ်လေးပြန်လာသေးလို့ ပါလာသေးတယ်၊ ကြီးကြီးပဲ ဝအောင်စားပါ"

ထိုစဉ်က ဘုန်းကြီးကျောင်းသာ လှူလိုက်ပြီး ဒေါ်သီတာအား သတိရသော်လည်း မပတ်သက်လို၍ မပို့ခြင်း ဖြစ်သည်။ အားနာစိတ်ဖြင့် ငြင်းဆန်လိုက်သည်။

"အမလေး. . . အိမ်မှာ အများကြီး၊ ယူ. . . ယူ. . . သွားသိမ်းထားလိုက်"

"ဒါဖြင့် ကြီးကြီး ခဏနေဦးနော်၊ ဒီနေ့ မနွလေး ကြာဆံချက်နဲ့ ရှောက်သီးသုပ် လုပ်စားတယ်၊ နွယ် သွားထည့်လိုက်ဦးမယ်"

"လုပ်မနေနဲ့. . . ကြီးကြီးဟာ ဧည့်သည်မဟုတ်ဘူး၊ ထမင်း အခုပဲ စားလာတယ်၊ နေပါဦး. . . သားလာမှ၊ ဒီကောင်က အဲ့ဒါမျိုး ကြိုက်တတ်တယ်၊ အင်း. . . နှစ်ယောက်စလုံးပါပဲလေ"

ဒေါ်သီတာမျက်နှာ ချက်ချင်းညှိုးသွားသည်။

ထို့အတူပင် မြတ်လေးနွယ် ရင်ထဲ နွမ်းလျသွားသည်။

လှည်းတန်းဈေး၌ ကြာဆံဟင်းခါးနှင့် ရှောက်သီးသုပ်ကို မညည်းညူတမ်း စားတတ်သောတိုးကို သတိရ လွမ်းဆွတ်ကြေကွဲသွားသည်။

"ဒါဖြင့် လက်ဖက်လေး သုံးဆောင်နှင့်ပါဦး၊ ဒေါ်လေးရေ ကြီးကြီးဖို့ လက်ဖက်အစ် ပြင်ခဲ့ပေးပါဦး"

"အေး. . . အေး"

အာရုံလွှဲပြောင်းလိုက်ရသည်။

ထိုစဉ် ဧည့်သည်တစ်ယောက် ထပ်ရောက်လာသည်။ ကျောင်းမှ မူလတန်းပြဆရာ ဦးလှစိုးဖြစ်သည်။ ရမယ်ရှာခြင်း





ဖြစ်သည်။

"ကျွန်မ မအားဘူး၊ ကျူရှင်လဲ မပြတာ ဆရာသိသားပဲ"

ထိုင်ပါဟုလည်း မပြောဘဲ ခပ်ပြတ်ပြတ်ပင် ပြောလိုက်ရသည်။

"ဆရာမကို ကျူရှင်ပြခိုင်းတာ မဟုတ်ပါဘူး၊ ဖြစ်နိုင်ရင် အဆိုင်းမင့်လေး ဖြေပေးပါလား၊ ဆရာမ အားတဲ့အချိန်မှာ ဖြေပေးပါလား၊ စာအုပ်ထားခဲ့မယ်နော် ဆရာမ၊ ခွင့်ပြုပါဦး"

ပြောပြောဆိုဆို မြတ်လေးနွယ်၏စာကြည့်စားပွဲပေါ်သို့ သူ၏ပို့ချချက်စာအုပ် တင်သွားပြီး ပြန်သွားလေသည်။

ဒေါ်သီတာသည် လူကြီးလူကောင်း ပီသစွာပင် စကားတစ်ခွန်းမှ ကြားဝင်မပြောဘဲ ငြိမ်သက်စွာ ထိုင်နေလိုက်သည်။

ဦးလှစိုး ပြန်သွားမှ. . .

"ကြီးကြီးရှိနေလို့ နွယ် အလုပ်ပျက်သွားသလား"

"မပျက်ပါဘူး. . . အပိုလုပ်တာပါ၊ ခု တံခါးဖွင့်ထားမိလို့ ဧည့်သည်လဲ ရှိနေတာ အခွင့်ကောင်းယူပြီး အိမ်ပေါ် တက်လာတာ၊ အစက နွယ် တံခါးတောင် ဖွင့်ပေးတာ မဟုတ်ဘူး"

"ဘာဖြစ်လို့လဲ"

"စိတ်ခါတ်မကြိုက်လို့ပါ. . . ကြီးကြီး လက်ဖက်သုံးဆောင်ပါဦး၊ ရေနွေးကြမ်းကော သောက်လိုက်ပါဦး"

ဒေါ်လေးဆီမှ လက်ဖက်ပန်းကန်ကို လှမ်းယူပြီး ရှေ့သို့ တိုးပေးကာ စကားစ ဖြတ်လိုက်သည်။

အညှီရှိရာ ယင်အုံတတ်သည့် သဘောသဘာဝကို သိရှိပါသော်လည်း ဆရာလှစိုး၏မေတ္တာတောင်းခံမှုကို ခါးခါးသီးသီး ငြင်းပယ်ထားသည့်တိုင် ကျားကုတ်ကျားခဲ တွယ်ကပ်နေသော ဆရာလှစိုးကို ရွံရှာမိသည် အမှန်ပင်။



www.burmeseclassic.com

www.burmeseclassic.com



"လက်ဖက်ကလေးက စားချင်စရာလေး"

ဒေါ်သီတာက လက်ဖက်ကို တစ်ဇွန်းခပ်စားပြီးမှ 'လာမယ့် လပြည့်နေ့မှာ ကြီးကြီးတို့အတွက် ရည်စူးပြီး ဆောက်လုပ်လှူဒါန်းတဲ့ ဘုန်းကြီးကျောင်းဆောင်သစ် ရေစက်ချပွဲ ရှိတယ်၊ အဲဒါ သမီးကို လာဖိတ်တာ"

တိုးအတွက် ရည်စူးသည်ဆိုသည်နှင့် မြတ်လေးနွယ်အား မလာမဖြစ်အောင် ချည်နှောင်ပြီး ဖြစ်သွားလေပြီ။

"ဟုတ်ကဲ့. . . နွယ်ကြိုးစားပါ့မယ်"

"ကြိုးစားပါ့မယ်တွေဘာတွေ လုပ်မနေနဲ့ သမီး၊ ဒိုးကို ကြိုခိုင်းလိုက်မယ်၊ ကြီးကြီးလဲ ဘာလုပ်လုပ် ဘာလှူလှူ သွားလေသူ သားတို့အဖေထက် သားတိုးအတွက်ပဲ လုပ်မိနေတယ်၊ ဘာဖြစ်လို့ လဲဆိုတော့ ကြီးကြီးမှာ အစွဲအလမ်း ဖြစ်နေလို့ပဲ"

"ရှင်. . ."

မြတ်လေးနွယ်အတွက် အထူးအဆန်း မဟုတ်သော်လည်း ဒေါ်သီတာနှုတ်ဖျားမှ ထွက်သောစကားဖြစ်၍ ထူးဆန်းသွားသည်။

"ဟုတ်တယ် သမီးရဲ့၊ တိုးဟာ မကျွတ်သေးဘူးဆိုတဲ့ အစွဲအလမ်း ဖြစ်နေတယ်"

မြတ်လေးနွယ် ကြက်သီးမွေးညင်းကလေးများ ထောင်ထသွားသည်။ မိမိနှင့် အယူအဆ တူနေပြီလား။

"ဘာဖြစ်လို့ ကြီးကြီးက အဲဒီလို ထင်ရတာလဲ"

"အိပ်မက်တွေကြောင့်ပေ့ါကွယ်. . . သမီးကော မမက်ဘူး လား"

"မက်ပါတယ်"

"ဟုတ်ပါတယ်. . . ဒီလိုဆို သေချာပါပြီ၊ သူ့အစ်မက ပြည်ကနေ ခေါ်နေတယ်၊ ကြို့ပင်ကောက် လေချွန်နတ် သွားမေးရ





အောင် အမေ့လာခဲ့ပါတဲ့"

"နွယ် ကြားဖူးပါတယ်. . . နာမည်ကြီးပဲ၊ သေသူရဲ့ဆွေမျိုး အသိုက်အဝန်းတွေ သွားမေးလေ့ ရှိကြတယ်၊ နွယ့်ကိုတောင် မေမေ က ပြောဖူးသေးတယ်"

"ဟုတ်လား"

ဒေါ်သီတာ မျက်နှာဝင်းပသွားသည်။ တစ်ဆက်တည်း. .

"သမီးက အယုံအကြည် ရှိလို့လား"

"အယုံအကြည်ရယ်တော့ မဟုတ်ပါဘူး၊ တစ်ခါတစ်ရံ လက်တွေ့ကျကျ စမ်းသပ်ကြည့်ပြီး လက်ခံသင့်တယ်လို့ ယူဆရင် လက်ခံလိုက်တာမျိုးတော့ ရှိပါတယ်၊ အခု တိုးကိစ္စမှာတော့ နွယ် ချိန်ဆနေတုန်းပဲ ရှိပါသေးတယ်"

"တူလိုက်လေ သမီးရယ်၊ ကြီးကြီးကိုယ်တိုင်လဲ သမီးလိုပဲ ယူဆတယ်၊ ဘာသာရေးအရ ကြီးကြီးက အမျှအတန်းဝေ ရေစက်ချ ကောင်းမှုကုသိုလ်တွေ လုပ်ပေးနေတဲ့ကြားက မကျွတ်လွတ်သေးဘူး ဆိုတာကို လက်မခံနိုင်အောင် ဖြစ်နေခဲ့တယ်၊ ဒါပေမယ့် တွေးကြည့် တော့လဲ ဖြစ်နိုင်တယ်လေ၊ သားရဲ့နောက်ဆုံးဘဝ ကူးပြောင်းခါနီး အချိန်ရဲ့အစွဲအလန်းမှာ ဘယ်နည်းနဲ့မဆို တရားစမွဲဆိုတာ ပါသွား နိုင်မှာ မဟုတ်ဘူးလို့ တွက်ဆမိတယ်"

ရင်တွင်း၌ သောကဝေဒနာကိုယ်စီ ငြိတွယ်ကုန်ကြသည်။

မေတ္တာ၏ကိန်းဂဏန်း အရေအတွက်ချင်း မတူညီကြ သော်လည်း တွယ်တာပုံခြင်း စွဲလန်းခြင်းတို့ကတော့ တူညီနိုင်လေ သည်။

"ဒါဖြင့် ကြီးကြီးသွားရင် သမီး လိုက်မလား"

"နွယ် အားမှာမဟုတ်ဘူး ကြီးကြီး၊ မိုးရာသီမှာ စာသင် ရက် အများဆုံးဆိုတော့ ပထမအစမ်းမတိုင်ခင် စာမေးပွဲများ တွန်း



www.burmeseclassic.com

www.burmeseclassic.com



သင်ထားရတယ်၊ ဒါကြောင့် ဒီလ နွယ် ရန်ကုန်တောင် မပြန်ဖြစ်သေးဘူး”

“အင်းလေ. . . နိုင်ငံဝန်ထမ်းဆိုတော့လဲ တာဝန်ရေးက အဓိက ဖြစ်နေတာကိုး၊ သမီး မလိုက်ဖြစ်လဲ ကြီးကြီးတော့ သွားလိုက်ဦးမှပဲ ထင်တယ်၊ သမီး ဘယ်လိုသဘောရသလဲ”

“လက်တွေ့သိရတာပေါ့. . . ကြီးကြီးအတွေ့အကြုံနဲ့ ယူဆချက်ကို ပြန်လာရင် နွယ့်ကို ပြောပြနော်”

သိချင်စိတ်ဟူသည် လူတိုင်း၌ ရှိသည်ထင်ပါသည်။

ဒိုးနှင့် မပတ်သက်ချင်သော သူသည် ဒိုး၏မိဘများနှင့် ပတ်သက်နေရလေပြီ။ ပတ်သက်ခြင်း၏အပေါ်၌ မိမိကိုယ်တိုင်လိုလားနေသကဲ့သို့ ရှိသည်။

“အေးပေါ့. . . ပြောပြမှာပေါ့၊ သမီးဟာ တိုးနဲ့ အပတ်သက်ဆုံးသူပဲဟာ၊ တိုးသာ ရှိခဲ့ရင် ခုလောက်ဆို. . .”

မြတ်လေးနွယ် မျက်နှာ၌ စတော်ဘယ်ရီရောင်များ ယှက်သန်းသွားသည်။ တစ်ဆက်တည်း လွမ်းစိတ်များ ရောထွေးလာသည်။

ထိုစဉ် ကားစက်သံ ညက်ညက်နှင့်အတူ သူ့ကား အိမ်ရှေ့ထိုးရပ်လိုက်သည်။ တစ်ဆက်တည်းဆိုသလို ဟွန်းသံပေါ်လာသည်။

“တီ. . . တီ”

စော်ကားတာလား၊ ရင့်တာလားဟူသော မခံချင်စိတ်ကို ချိုးနှိမ်လိုက်သည်။

“သြော်. . . ဒီကလေးနွယ် လုပ်ပြန်ပြီ”

“နွယ် ဟင်းခါးပြင်ထားလိုက်တော့မယ်နော်”

လောကဝတ်က ရှိနေသေးသဖြင့် လှမ်းဝင်ခဲ့ပြီး ဒေါ်လေးနှင့်အတူ ရှောက်သီးသုပ်နှင့် ဟင်းခါးပွဲကို ထမင်းပန်းကန်နှင့် ထည့်





တာ အိမ်ရှေ့သို့ မ,ခဲ့သည်။

သူ အိမ်ရှေ့ဆက်တီ၌ ရောက်နေလေသည်။

“သမီးလက်ရာလားဟေ့”

“ဟုတ်ကဲ့. . နှမ်းဖြူးရုံလို့လဲ ပြောလို့ရတယ်လေ၊ ဒေါ်လေးတ အောက်ခြေသိမ်း အကုန်လုပ်ပေးတာကို နွယ်က သုပ်ပေးရုံနဲ့ မြည်းရုံလောက် ဖြစ်နေတယ်လေ၊ သုံးဆောင်ပါ ကြီးကြီး. . . ဦးဒိုးရော”

“ဘယ့်နှယ့် ဦးဒိုးလဲ၊ အသက်ချင်း ဘယ်မှာ ကွာကြလို့လဲ၊ တိုးကို တိုးခေါ်မှတော့ တိုးညီ ဒိုးကို ဒိုးပဲ ခေါ်ပေါ့ သမီးရယ်၊ မောင်နှမတွေလိုပဲ သဘောထား၊ အကူအညီလိုရင် ဒိုးကို ခိုင်းသာခိုင်း၊ အားမနာနဲ့. . . ကြားလား”

“ဟုတ်ကဲ့. . .”

“ကောင်းတယ်ဟေ့. . . ခံတွင်းတွေ့လိုက်တာ”

ဒေါ်သီတာက ပြောဖော်ရသေးသည်။ ဒိုးကတော့ ခပ်တည်တည်နှင့် ရှောက်သီးသုပ် ခပ်စားလိုက်၊ ကြာဆံဟင်းခါးသောက်လိုက်နှင့် ဖြူဖွေးသော သူ့မျက်နှာပြင်၌ ချွေးများ သီးလာသည်ကို တွေ့လိုက်ရသည်။

မြတ်လေးနွယ် သက်ပြင်းသူခိုး ချလိုက်မိသည်။

တိုးလိုပဲ ချွေးထွက်သန်သူပါလား။

ဒါကြောင့်လည်း တိုး၌ ချွေးသုတ်ပုဝါ မွေးပွလေးများဆောင်ထားတတ်သဖြင့် မိမိပင်လျှင် တစ်ဒါဇင် အမှတ်တရ ဝယ်ပေးခဲ့ဖူးသည်ကို သတိရလိုက်သည်။

“ဟင်. . .”

စိတ်ထင်၍လား မသိချေ။ ဒိုးထုတ်၍ သုတ်လိုက်သောလက်ကိုင်ပုဝါလေးက တိုးအား ဝယ်ပေးခဲ့သော လက်ကိုင်ပုဝါနှင့်



www.burmeseclassic.com

www.burmeseclassic.com



အဆင်တူနေသည်။

လွန်ခဲ့သော ခုနစ်နှစ်ကျော် ကာလကပစ္စည်း ခုထက်တိုင် ရှိနေခြင်းများကို ဒိုးက ဆက်လက်သုံးစွဲရအောင် ပစ္စည်းမဲ့ လူတန်းစားလည်း မဟုတ်ပါဘူး။

"ဟင်. . . သမီး"

"ရှင်. . . ကြီးကြီး ဘာမေးလိုက်တာပါလဲ"

လွင့်ပါးသွားသော အာရုံတို့ကို ပြန်လည်စုစည်းယူကာ မေးလိုက်ရသည်။

"ဪ. . . သမီးက ရှောက်သီးသုပ်နဲ့ ကြာဆံဟင်းခါး ကြိုက်လို့လား"

"မဟုတ်ပါဘူး. . . တိုးအတွက် အားရက်မှာ ဘုရားဆွမ်းတော် ကပ်လိုက်နေကျမို့လို့ပါ"

"ဪ. . ."

ဒိုး၏မျက်ဝန်းရိပ်၌ အံ့ဩရိပ်နှင့်အတူ မိမိအား ခပ်စူးစူး လေး ကြည့်လိုက်သည်။

ရှောင်လွှဲလိုက်သော်လည်း မလွတ်ဖြစ်သွားသည်။

"တိုးသာ ရှိခဲ့ရင် ကမ္ဘာပေါ်မှာ ကံအကောင်းဆုံးလူ ဖြစ်မှာပဲ ထင်တယ်နော် မေမေ"

"ဪ. . . သူလည်း တိုးလိုပဲ ကလေးဆန်သူပါလား"

ဘာဖြစ်၍များ တိုးနှင့် ဤမျှ တူနေရတာလဲဟု မေးလိုက်ချင်ပါသည်။ သို့သော်. . .







## အခန်း(၁၄)

"ရှင်ဟာ ဆရာတစ်ယောက်ရဲ့သိက္ခာသမာဓိကို ထိန်းသိမ်းသင့်တယ်၊ ရှင့်ကို မလိုလားတဲ့ ကျွန်မနောက်ကို ရှင်ဆက်လိုက်စရာ မလိုဘူး"

ကျောင်းနှင့်အိမ်သည် ဘတ်စ်စီးလျှင်လည်း မထူးသဖြင့် လမ်းလျှောက်သွားပြန်လေ့ရှိသည်။ ဤသည်ကို အခွင့်ကောင်း ယူကာ အလစ်ချောင်းနေဟန်တူသော ဆရာဦးလှစိုးသည် အတူပြန်နေကျ ကျောင်းသူအဖော် မလာသည်နှင့် မြတ်လေးနွယ် ဘေးနားသို့ ဦးကပ်ကာ မရိုးနိုင်သော သူ၏အချစ်ဇာတ်ကို နားငြီးအောင်



www.burmeseclassic.com

www.burmeseclassic.com



ဖွင့်လှစ်နေလေသည်။

"အချစ်မှာ သိက္ခာတို့ သမာဓိတို့ မရှိဘူး နွယ်"

"ရှင် ကျွန်မကို နွယ်လို့ ခေါ်စရာလည်း မလိုဘူး၊ ရှင် ပြန်လှည့်တော့နော်၊ ကျွန်မ အော်လိုက်မှာ"

"ဒီထိအောင် မစိမ်းကားသင့်ပါဘူး၊ ဘာလဲ. . . ရာထူး မတူညီလို့လား၊ ဆင်းရဲလို့လား၊ ဒါတွေဟာ အချစ်မှာ မဆိုင်ဘူး ထင်တယ်၊ ကိုယ် ယောကျ်ားပါ။ နွယ့်ကို ဝမ်းဝအောင် လုပ်ကျွေးနိုင် ပါတယ်၊ ခါးလှအောင် ဆင်နိုင်ပါတယ်"

"အပိုမပြောနဲ့. . . ပြန်တော့လို့ ပြောနေတယ်နော်"

အလုပ်ခွင်ပိုင်းလည်း ရောက်နေပြီလည်းဖြစ်၊ ဟိုတိုင်ကြား သည်တိုင်ကြား လုပ်ရမည့်အရွယ်လည်း မဟုတ်သဖြင့် ကိုယ့်နည်း ကိုယ့်ဟန်ဖြင့်သာ ရှောင်ရှားနေခဲ့သည်။

"ကျွန်တော်က အကြမ်းနည်း မသုံးချင်လို့ နွယ့်ကို အနု နည်းနဲ့ ရင်ဆိုင်နေတာ၊ ဒါကို နွယ်က သိပ်စိမ်းကားနေမယ်ဆိုရင် တော့ နောက်ကို ကျွန်တော့်အဆိုးမဆိုနဲ့၊ ဒီမှာ နွယ်. . ."

ဒေါသတကြီး ဟစ်အော်ပစ်လိုက်ချင်သည်။

ပတ်ဝန်းကျင်၌ လမ်းသွားလမ်းလာများ ကျိုးတိုးကျဲတဲ ရှိနေသဖြင့် ဟန်မပျက်ပင် သွားလာနေရသည်။ ဒေါသတရား ကြောင့် ရုပ်ပျက်ဆင်းပျက် မဖြစ်အောင် ထိန်းချုပ်ထားရသည်။

"တီ. . . တီ. . . တီ. . . တီ"

မမျှော်လင့်ဘဲ ကားတစ်စီး မိမိတို့နံဘေး ထိုးရပ်လိုက် သည်။ ဒိုး ဆင်းလာသည်။

"ဒိုး နောက်ကျသွားတယ် သွေး. . . ဆောရီးနော်"

မြတ်လေးနွယ် တွေဝေနေစရာ မလိုပါ။ ဒိုးဖွင့်ပေးသော ကားပေါ် တက်ထိုင်လိုက်သည်။





တိုးသည် ချစ်သူအပေါ် သစ္စာစောင့်သိသော အခွင့် အရေး မယူတတ်သော ယောကျ်ားတစ်ဦး ဖြစ်သည်။

ထို့အတူ ဒိုးသည်လည်း မိမိ၏ယုံကြည်မှုကို အလွဲသုံးစား လုပ်မည့်သူ မဟုတ်ပါ။

"ကျေးဇူးတင်ပါတယ် ဦးဒိုး"

"မလိုပါဘူး. . . ခင်ဗျားကို ကူညီစောင့်ရှောက်ဖို့တာဝန် ကျွန်တော့်မှာ ရှိနေတယ်"

"ဒီတာဝန် ရှင့်ကို ဘယ်သူက ပေးလို့လဲ"

ဦးလှစိုး လမ်းပေါ်၌ တက်ခေါက်ရင်း ကျန်ရစ်ခဲ့သည်ကို ကျောနပ်စွာ ကြည့်ရင်းမှ သူ့အား မကျေမနပ် ဖြစ်သွားရပြန်သည်။

အဘယ်ကြောင့်ဆိုသော် သူ၏မျက်နှာသည် မိမိကားပေါ် ရောက်လာသည်နှင့် အချိုးတစ်မျိုး ပြောင်းသွားခြင်းကြောင့် ဖြစ် သည်။ မိမိအား အရေးမစိုက်သည့်အလား လုံးဝပင် ငဲ့စောင်း၍ ကြည့်ချေ။

ထို့ကြောင့် စောစောက ကျေးဇူးတင်စကားကိုပင် ပြန် ၍ရုပ်သိမ်းချင်စိတ် ပေါက်သွားပြီး ပြန်၍ဘုတောလိုက်မိသည်။

"ဒီတာဝန် ခင်ဗျားကို စောင့်ရှောက်ရမယ့်တာဝန်လား"

"ဟုတ်တယ်"

"အဟင်း. . . ပြောရရင် ရယ်စရာများ ကောင်းနေမလား"

အဟင်းဟု မထိတထိ မပွင့်တပွင့် ရယ်လိုက်ပုံမှာ တိုး ၏ တိုင်းပင် နှုတ်ခမ်းတစ်ဖက် ဘွန့်ရုံ ပြုံးလိုက်ခြင်း ဖြစ်သည်။ နှုတ်ခမ်းတစ်ဖက်တောင် ညာဘက်အခြမ်း ဖြစ်နေသည်။

"ရှင့်ဟာရှင် ရယ်ချင်လဲ ရယ်ပေါ့၊ ခုနစ်ဆယ့်ငါးကြားလို့ မှတ်ထားလိုက်မယ်"



www.burmeseclassic.com

www.burmeseclassic.com



"ဘာလဲ. . . ခုနစ်ဆယ့်ငါးပြား"

"ကျပ်မပြည့်တာ ပြောတာ"

"ဒီလိုဆိုလဲ ကိုးဆယ့်ကိုးပြားလို့ ပြောရောပေါ့ဗျာ. . . အဟင်း"

"ကဲပါ. . . ပြောပါ၊ ရှင့်ကို ဘယ်သူက တာဝန်ပေးလို့လဲ"

"တိုးလေ"

"တိုး"

"ဟုတ်တယ်. . . တိုးပဲ၊ ဒီကောင်ဟာ မသေခင် ကျွန်တော့်ကို အနိုင်ကျင့်ရုံမကဘူး၊ သေသွားတာတောင် အနိုင်ကျင့်တုန်းပဲ"

"ဘယ်လို အနိုင်ကျင့်လို့လဲ"

"အိပ်မက်နဲ့ ခိုင်း,ခိုင်းနေတယ်၊ သွေးကို စောင့်ရှောက်ပါ သွေးကို မစောင့်ရှောက်လို့ တစ်စုံတစ်ခုခုဖြစ်သွားရင် မင်းကို ငါ ကုပ်ချိုးသတ်မယ်တဲ့လေ၊ အဟင်း. . . အတော်အနိုင်ကျင့်တဲ့ အကောင်"

အတည်ပေါက်လိုလိုနှင့် ရွှတ်ရွှတ်နောက်နောက် ပြော ကြောင့် တိုးများလား၊ တိုးသေသွားတာ ဟုတ်ရဲ့လား၊ မိမိက တိုး အား သွေးတွေ မြင်ပြီး ခေါ်မရသည်နှင့် သတိလစ်သွားခဲ့သည် ထိုအချိန်၌ တိုး အသက်ထွက်သွားသည်ဆိုသည်မှာ တကယ် ဟုတ်ရဲ့လားဟုပင် ယုံမှားသံသယ ဖြစ်ချင်သွားသည်။

ထိုစဉ် ကားသည် အိမ်ရှေ့သို့ ရောက်သွားပြီဖြစ်၍ စက်ရပ်လိုက်သည်။

"နောက်ဆိုရင် ခင်ဗျားကျောင်းသွားဖော်လေး မလာ နေ့ဆိုရင် ကျွန်တော့်ကို ဖုန်းဆက်လိုက်၊ ဟိုပုဂ္ဂိုလ် အလိုက်ခံချင်ရ တော့ မဆက်နဲ့ပေါ့ဗျာ၊ မခံချင်ရင် ဆက်၊ ကျွန်တော်က အားတ မဟုတ်ဘူး၊ ခင်ဗျားကို အမြဲတမ်း မျက်လုံးဒေါက်ထောက် ကြည့်





နိုင်တာ မဟုတ်ဘူး၊ တိုးကို ကြောက်လို့သာ"

"ကျေးဇူးတင်ပါတယ်. . . ဒီတစ်ခါ တိုးနဲ့ တွေ့ရင် ကျွန်မ ပြောလိုက်ပါ့မယ်၊ ဦးဒိုးကို ဒီလောက် အနိုင်မကျင့်ပါနဲ့လို့၊ ပြီးတော့ သူ မလိုချင်တဲ့တာဝန်ကို အတင်းမပေးပါနဲ့လို့လေ"

"ဒီလိုဆို ကျေးဇူးပါပဲ၊ ကျွန်တော့်တာဝန် ပေါ့သွားတာပေါ့၊ အဟင်း. . . ခွင့်ပြုပါဦး ဒေါ်မြတ်လေးနွယ်"

"ကောင်းပါပြီ ဦးဒိုး"

မြတ်လေးနွယ် သူ့ကားမထွက်ခင်ပင် အိမ်ပေါ် တန်းတက်ခဲ့သည်။

ဒေါ်နု ဝရံတာတွင် ထိုင်နေသည်ဖြစ်ရာ မျက်လုံး၌ စပ်စုရောင်များဖြင့် လက်လျက် မိမိတို့အား ကြည့်နေသည်။

လှေခါးတက်ရသည်ကိုပင် ခြေလှမ်းများချင်ချင် ဖြစ်သွားသည်။

"ဘယ့်နှယ့်လဲ ဆရာမ. . . ပြည်တော်သာနေပြီလား"

"ဝေးပါသေးတယ်"

"ဒါဖြင့် ကျောင်းကြိုလာတာက"

"ဒီနေ့ အတူသွားနေကျ တပည့်လေး ကျောင်းမတက် တော့ ထုံးစံအတိုင်း ဟိုကြာကူလီက လိုက်လို့ အဲဒါနဲ့ သူ့ကားပဲ ဆက်စီးလာရတယ်"

"တော်သေးတာပေါ့ ဆရာမရယ်၊ ဒါကြောင့် ပြောတာ၊ ဘဝခရီးဖော်ဆိုတာ လိုအပ်ပါတယ်လို့၊ ဦးဒိုးနဲ့ ဆရာမကို ကြည့်ရ တာ ရှေ့သွားနောက်လိုက် ညီလွန်းလို့ပါ။ လက်ခံလိုက်ပါ ဆရာမ ရယ်"

"ကန်တော့ပါသေးရဲ့ပဲ ဒေါ်နုရေ"

ပြောပြောဆိုဆို အိမ်ထဲ ဝင်ခဲ့လိုက်သည်။ ဒေါ်နုကသာ



www.burmeseclassic.com

www.burmeseclassic.com



ပြောနေကြသည်။

မြင်းက မလှုပ်၊ ခုံက လှုပ်ချင်နေကြသည် ထင်ပါသည်၊ ဒိုးသည် တွေ့စကနှင့် လုံးဝမတူ။

ရွှေတိဂုံဘုရားပေါ်၌ တွေ့ဆုံပြီးနောက် သူ၏အမူအရာသည် လုံးဝပြောင်းလဲသွားခဲ့လေသည်။ မခံချင်စိတ်ဖြင့် တမင်အ... တိုက်နေခြင်းလား မသိနိုင်ချေ။

မည်သို့ဆိုစေကာမူ သူ ထပ်မံ၍ (ပရိုပို့စ်)မလုပ်တော့ခြင်းက မိမိအတွက် အနေချောင်စေသည်။ စိတ်မကျဉ်းကျပ်တော့...

"ဘယ်လိုဖြစ်လာပြန်ပြီလဲ"

"ဟိုဆရာစုတ်ပေါ့. . . လိုက်စကားပြောတယ်လေ"

"ဟိုနေ့ ဒေါ်သီတာ လာတုန်းက စာအုပ်ကြား ရည်း... စာ ညှပ်ပေးသွားရုံနဲ့တောင် အားမရသေးဘူးလား၊ ခံမနေ... ပါးရိုက်ပစ်လိုက်"

"ပါးရိုက်ပစ်လို့ ကိစ္စပြီးမယ်ဆိုရင် ရိုက်လိုက်ချင်ပါတယ်... ဒါပေမယ့် နွယ်လက်ဝါး သနတယ်၊ မနက်ဖြန်တော့ ဆရာမကြီး... မှာ တိုင်ချက်ဖွင့်ထားလိုက်တော့မယ်"

"အေးအေး. . . ကျောင်းမှန်းကန်းမှန်း သိအောင်တော... တိုင်ထား၊ အသွားအလာလဲ ဆင်ခြင်၊ သူများကျွေးတိုင်း လိုက်မစား... နဲ့"

"ဘာဖြစ်လို့လဲ"

ဒေါ်လေးသည် မြတ်လေးနွယ်၏ချိုင့်၊ ခါတ်ဖူးတို့ကို ထု... ကာ ဆေးကြောရင်းမှ. . .

"ဆေးခတ်ထားမှာစိုးလို့ပေါ့"

"ဒီခေတ်ကြီးမှာများ"

"ဒီခေတ်ကြီးရယ်လို့ ပြောလို့ရမလား၊ ဒီခေတ်က ပိုတော...





...ဆန်းကြယ်သေးတယ်"

ဒေါ်လေးနှင့်လည်း ဘာမှ တုံ့ပြန်ထပ်မပြောတော့ဘဲ အိပ်ခန်းထဲ ဝင်ခဲ့လိုက်သည်။

စားပွဲပေါ်မှ တိုးသည့် မိန့်မိန့်ကြီး ပြုံးပြနေသည်။ တိုးသာ သက်ရှိထင်ရှား ရှိနေပါလျှင် မျက်စောင်းထိုးကာ ရန်တွေ့လိုက်မိ... ည် ဖြစ်ပါသည်။

ယခုတော့. . .

"တိုးရယ်. . . အသေစောတယ်ကွယ်၊ သွေးဘဝ အထီး... ကျန်မှုနဲ့ ရှုပ်ထွေးအောင် ထားရစ်ခဲ့တယ်လား"

တိုး၏ခါတ်ပုံကို ကိုင်ကာ တိုင်တည်လိုက်သည်။ ထိုစဉ်က ...ဗိုလ်တောက်ကိုင်းနှင့် မိမိခေါင်းကို ထိခိုက်သွားသော ဒဏ်ရာသည် ...သေလောက်အောင် ဖြစ်ခဲ့ပါက ကောင်းလိမ့်မည် ထင်ပါသည်။

"တိုး. . . တကယ်ပဲ ဒိုးကို တိုးကိုယ်စား စောင့်ရှောက်ဖို့ ...ထားရစ်ခဲ့တာလား"

စိတ်တွင်း ပြောကြားမှုများကို တမလွန်မှ တိုးသိပါလျှင် ...ည်သို့ ရှိချေမည်နည်း။

"သမီးရေ. . . ရေချိုးတော့မလား၊ ဟင်းချိုအိုး တင်လိုက် ...တော့မလို့"

"ဟုတ်ကဲ့ ဒေါ်လေး. . . ချိုးတော့မယ်"

ထိုအခါကျမှ နေ့စဉ်လုပ်ဆောင်နေကျ ဝတ္တရားတို့ကို လုပ် ...ရန် သတိရလိုက်တော့သည်။

လူရယ်လို့ ဖြစ်လာပြီးကတည်းက မျက်စိနှစ်လုံး ပွင့်လာ သည့် မိုးလင်းမှသည် မိုးချုပ်သည်အထိ သမုဒ္ဒရာ ဝမ်းတစ်ထွာ အတွက် ခန္ဓာကိုယ် စက်ယန္တရားကြီး လည်ပတ်စေရေးအတွက် လှုပ်ရှားရုန်းကန်နေကြရသည်။



www.burmeseclassic.com

www.burmeseclassic.com



တိုးကို ဝင့်ကျွတ်သွားပြီဟုဆိုကာ ဖြေသိမ့်ရလေမည်လာ

မြတ်လေးနွယ် တွေးရင်း ခေါင်းထဲ ရှုပ်ထွေးလာသည်

"ဦးဒိုးရေ. . . ရှင်တစ်ယောက်တည်းကိုသာ တိုးက အနိုင်ကျင့်တာ မဟုတ်ဘူး၊ ဒီမှာလဲ အတူတူပါပဲ"

ဟု ဒိုးအား ရင်တွင်းမှ တိုင်တည်လိုက်မိသည်။

ပြီးမှ ဒိုးသည် ရင်တွင်းသို့ ရောက်ရှိနေပါလားဟု သတိမိလိုက်သည်။ အဝင်မခံနိုင်ပါ။

"တိုးရေ. . . တိုးကလွဲလို့ ဘယ်သူ့ကိုမှ မချစ်နိုင်ဘူး၊ ဒိုး တောင် အစားမထိုးနိုင်ပါဘူး၊ ဒိုးကိုလဲ အိပ်မက်နဲ့ အနိုင်ကျင့်မနေ ဦးနော်"

ရင်တွင်း၌ ပြောကြားလိုက်မိသည်။

မိမိရူးနေပြီလား၊ ဒိုးဘက်က ဘက်လိုက်စကားပြောနေမိ လားဟူ၍. . .။

"မြတ်လေးနွယ်ရေ"

"လာပြီ. . . လာပြီ"







## အခန်း(၁၅)

"ဒီလောက်မိုးကြီးနေတဲ့အချိန်မှာ ဘာကိစ္စ ပြန်ချင်ရတာ လဲ"

ဒေါ်သီတာ၏ကျောင်းရေစက်ချအလှူကို ရှောင်ရှားရန် တမင်ရန်ကုန်ပြန်ခဲ့ခြင်း ဖြစ်ကြောင်းကို ဒိုးအား ရှင်းပြလိုက်ပါက အဘယ်မျှ ဒေါပွလိမ့်မည်ကို မြတ်လေးနွယ် မခန့်မှန်းနိုင်။

"ဒါက ကျွန်မကိစ္စပါ၊ ရှင်ကကော ကျောင်းရေစက်ချပွဲ ရှိရက်နဲ့ ဘာဖြစ်လို့ ခရီးထွက်လာရတာလဲ"

"ဒါက ကျွန်တော့်ကိစ္စပါ"



www.burmeseclassic.com

www.burmeseclassic.com

ရဲတံခွန်ကား၌ ပြတင်းပေါက်နေရာယူထားသော မိမိဘေး၌ သူသည် လိုက်ပါလာခဲ့သည်။

"ကိုယ့်မိဘရဲ့ကျောင်းရေစက်ချပွဲမှာ ရှင် မနေနိုင်လောက်အောင် ကိစ္စက အတော်အရေးကြီးနေတယ်ပေါ့"

မြတ်လေးနွယ်သည် မိန်းမသားသာ ဖြစ်သည်။ သိလိုစိတ်ကို ထိန်းချုပ်နိုင်ခဲ့သည်။ ထို့ကြောင့် ထပ်ဆင့်မေးခွန်းထုတ်လိုက်သည်။ သို့တိုင်အောင် လေသံက အထက်စီးနှင့် ခပ်ပေါ့ပေါ့။

"ဒီလိုပဲပေါ့. . . တစ်ခါတစ်ရံ အဓိကနဲ့ သာမညမှာ အဓိကကို ရွေးချယ်လိုက်ရတဲ့အခါ ရှိတယ်"

သူကလည်း အလျှော့မပေး။

"ကြီးကြီးတစ်ယောက်တည်း ရှင် စိတ်ချတယ်လား"

"ဟား. . . မေမေသာ ဒီစကားကြားရင် အရမ်းဝမ်းသာသွားမှာပဲ"

"ဘာဖြစ်လို့"

"သူ့ရဲ့မတော်လိုက်ရတဲ့ သမီးသံယောဇဉ်မလေးဆီက အကြင်နာသမ်းတဲ့စကား ကြားလိုက်ရလို့လေ"

"ဒါက စကားအဖြစ် ပြောတာပါ၊ ရှင့်ကိစ္စက ဒီ့ထက်အရေးကြီးနေသလားလို့"

"ဒါက ကျွန်တော့်ကိုယ်ရေးကိုယ်တာကိစ္စပါ"

ဒိုးကလဲ သဲကြီးမဲ့ကြီး။ ပြင်ပလောကကို မိုးရေစက်နှင့် ရေဖွေးဖွေးကလွဲ၍ ဘာမှ မမြင်ရ။

မြတ်လေးနွယ် ဘာမှ ထပ်မပြောချင်တော့။ လက်ပိုက်ထိုင်ရင်း လွမ်းမောဖွယ်ရာ မြန်မာပြည်၏မိုးရာသီကိုသာ ငေးမောကြည့်နေမိသည်။

မိုးဆိုလျှင်လည်း မိုးမှ မိုးအဖြစ် ပီပြင်သော မြန်မာပြည်။





ဆောင်းဆိုလျှင်လည်း နှင်းဖွေးဖွေး၊ အေးအေးငွေ့ငွေ့ ငြိမ်သက်ကာ ပတ်ဝန်းကျင်ကို အလှဆင်တတ်သော ဆောင်း။ နွေဆိုလျှင်လည်း ရွက်ဝါလေးများ ကြွေလွင့်ကာ ဥသြသံချိုနှင့် ခြောက်သွေ့စေသော နွေ၊ ထိုကဲ့သို့ ဥတုသုံးလီကို ခံစားမှုသုံးမျိုး၊ အမြင်သုံးမျိုး၊ သာယာမှုသုံးမျိုးပေးနိုင်သော မြန်မာပြည်မှ စွန့်ထွက်ရန် မစဉ်းစားမိခဲ့ပါချေ။

ယခင် တိုးကွယ်လွန်သွားစဉ်ကာလက စိတ်လေလွင့်ကာ ဩစတြေးလျရှိ အဒေါ်များထံ အလည်ရောက်သွားခဲ့ဖူးသည်ကို အမှတ်ရမိသည်။ ကြာကြာမနေနိုင်ခဲ့။ မြန်မာပြည်သည်သာ နေထိုင်၍ အကောင်းဆုံးတိုင်းပြည်ဖြစ်သည်ဟု မြန်မာလူမျိုးပီပီ မှတ်ယူကာ ပြန်လာခဲ့သည်။

ကျောင်းပြီးအောင် တက်ပြီး မြန်မာပြည်အနှံ့ တာဝန်ထမ်းဆောင်ရင်းဖြင့် ချစ်သူနှင့် ကွေကွင်းရခြင်းကြောင့် ဖြစ်ပေါ်လာသော ဒုက္ခဆင်းရဲကို ကုစားယူလိုက်သည်။

မွန်ပြည်နယ်ကတော့ မိုးကောင်းသည်ဟု လက်တွေ့ကျကျ သိမြင်နေရလေပြီ။

ကားရပ်သွားသည်။ ခရီးသည်တွေ အတက်အဆင်းကြောင့်လား။

ရဲတံခွန်သည် ကြားခရီးသည် တင်ခဲသည်။ အတက်အဆင်း သိပ်မရှိ။

"ဘာဖြစ်ပါလိမ့်"

မိန်းမသား၏စပ်စုစိတ်ဖြင့် နှုတ်မှ လွှတ်ခနဲ ထွက်သွားသည်။

ဤသည်ကို ဘသားချောက မျက်လုံးအမှိတ်မဖျက်၊ လက်ပိုက်လျက် ကူရှင်နောက်မှီသို့ မှီကာ အိပ်ချင်ဟန် ဆောင်နေသည်။

အိပ်ပျော်ခြင်းတော့ မဖြစ်နိုင်။



www.burmeseclassic.com

www.burmeseclassic.com

မထူမပါးနှင့် ပိရိသော နှုတ်ခမ်းနှစ်လွှာကို ခပ်တင်းတင်း စေ့ထားသည်မှာ တိုးအတိုင်းပင်။

တိုသည် မိမိအား ပါလာချိန်၌ လာတွေ့လျှင် ရေချိုးနေ၍ ကြာသည်ဖြစ်စေ အလှပြင်နေ၍ ကြာသည်ဖြစ်စေ ပါလာဆက်တီ၌ ထိုကဲ့သို့ အိပ်ချင်ဟန်ဆောင်၍ စောင့်နေတတ်သည်။

'ဟင်းခနဲ' သက်ပြင်းသူခိုးကို ချကာ အကြည့်ကို လွှဲဖယ်လိုက်သည်။

တစ်ယောက်တစ်ပေါက် ပြောဆိုနေသော ခရီးသည်များကြောင့်လည်းကောင်း၊ ရှေ့မှ စီတန်းရပ်နေသော ကားတန်းရှည်ကြီးများကြောင့်လည်းကောင်း၊

ကားလမ်း ရေကျော်ကာ ဆက်လက်သွား၍ မရခြင်း ဖြစ်သည်တဲ့။

မိုးကလည်း သဲသဲမဲမဲ ရွာနေသဖြင့် ကားပေါ်မှ ဆင်းရန်လည်း ခက်နေသည်။

အလှူအတန်း ဘာသာရေးကိစ္စတို့ကို မျက်ကွယ်ပြု ရှောင်ရှားခဲ့သော ခရီးဖြစ်၍ အဆင်မပြေ မချောမွေ့ခြင်း ထင်ပါသည်။

ကားက ဟွန်းသံနှင့်အတူ ငြိမ့်ခနဲ တရွေ့ရွေ့ ထွက်လာသည်။

"ကားကြီးတွေတော့ ဖြတ်လို့ရတယ်တဲ့"

ဘယ်သူမှ မေးစရာ မလိုဘဲ သတင်းအလိုလို ရနေလေသည်။

'ဟင်းခနဲ' ထပ်မံ၍ သက်ပြင်းချလိုက်မိသည်။

ဒိုးက တုတ်တုတ်မှ မလှုပ်။

တစ်ခါတစ်ရံ သူတို့ညီအစ်ကိုသည် အသည်းယားစရာကောင်းလောက်အောင် တူညီနေကြသည်။





ထိုပုံစံမျိုးနှင့်သာဆိုလျှင် တိုးလက်မောင်းနှင့် ပခုံးသားကို ဆွဲဆိတ်ကာ ထုရိုက်ပစ်ခဲ့လိုက်သည်။

ယခုတော့ ဒိုးကို မကျေမနပ်စိတ်ဖြင့် ဥပေက္ခာပြုလိုက်ရုံမှအပ ဘာမှ မတတ်နိုင်။

"အင်း. . . ဒုက္ခ. . . ဒုက္ခ၊ အလှူရှောင်ချင်တာနဲ့ မိုးရွာထဲ ရေကြီးပြီး ဘယ်နေရာ ညအိပ်ရမယ် မသိတဲ့အဖြစ်နဲ့ ကြုံရတော့မယ်"

ကာလနဂါးထံမှ အသံထွက်လာသည်။ လုံးဝလှည့်မကြည့်ဘဲ မိမိအား ပြောတာ မဟုတ်သလို ပုံစံနှင့် နေလိုက်သည်။

ထိုအခါ. . .

"ချောချောလှလှ အဖော်မပါတဲ့ မိန်းကလေးတွေအတွက် အန္တရာယ် ဖိတ်ခေါ်နေသလို ဖြစ်နေတာနဲ့ အတူတူပဲဆိုတာ မသိလေရော့သလား"

'ဟွန်း' ခနဲ စိတ်တွင်း အသံပြုကာ မျက်စောင်း မသိမသာ ထိုးလိုက်သည်။

လူကို မထိတထိ စပ်ပုံမှာ တိုးအတိုင်းပါပဲဟုလည်း စိတ်တွင်း၌ တမ်းတလွမ်းမောဖွယ်ရာ ဖြစ်ကုန်သည်။

"နို့. . . ကျွန်တော်ပြောတာ မဟုတ်ဘူးလား ဆရာမ"

"မဟုတ်ဘူး"

"ဘာ့ဖြစ်လို့လဲ"

"ကိုယ့်ကိုယ်ကို ထိန်းသိမ်းနိုင်ရင် အန္တရာယ်ဆိုတာ အလိုလို ရှောင်ရှားပြီး ဖြစ်နေတတ်တယ်"

"ဟုတ်လား. . . ဒီလိုဆိုရင် ဆရာဦးလှစိုး နောက်မှာ ပါလာတယ်၊ ကျွန်တော် နေရာလဲထိုင်ပေးရမလား"

"ရှင့်သဘောပေါ့"


www.burmeseclassic.com

www.burmeseclassic.com



"မလုပ်ရဲပါဘူး. . . တိုးက အိပ်မက်ထဲ လိုက်ထိုးလို့ ရှောင်ပုန်းရတာနဲ့ မောနေပါ့မယ်"

မြတ်လေးနွယ် မေးလိုသော အကြောင်းအရာအတွက် လမ်းစပေါ်သွားလေသည်။

"အိပ်မက်နဲ့ ပတ်သက်လို့ ရှင် ဘယ်လိုယူဆသလဲ"

"စိတ်တန်ခိုးဆိုတာ ဆန်းကြယ်တယ်၊ စိတ်စွဲလန်းခြင်းကြောင့် အိပ်မက်ဖြစ်ပေါ်လာတယ်လို့လဲ ဆိုလို့ရတယ်၊ တစ်ခါတစ်ရံလဲ အစွဲအလမ်း မရှိဘဲ မောမောပန်းပန်းနဲ့ ဘယ်သူ့ကိုမှ သတိမရနိုင်ဘဲ ခေါင်းအုံးနဲ့ခေါင်း ထိတွေ့ပြီး အိပ်ပျော်တဲ့အခါလည်း ရှိတယ်၊ ဒါပေမယ့် အိပ်မက်မက်တဲ့အခါမျိုးကျရင် စိတ်အစွဲအလန်းကြောင့်လို့ ဆိုနိုင်ပါ့မလား၊ ဒါကြောင့် အိပ်မက်ဆိုတာ အငွေ့အသက်တစ်မျိုးဖြစ်သလို စိတ်ကို စိုးမိုးသွားနိုင်တဲ့ ဖန်ဆင်းရှင်တစ်မျိုးလဲ ဖြစ်တယ်လို့ ဆိုရမယ်"

"ကျွန်မမေးတာ အယုံအကြည် ရှိသလား မရှိဘူးလားလို့ မေးတာ"

"ခင်ဗျားကော"

"ကျွန်မမေးတာ အရင်ဖြေ"

တစ်ခါတစ်ရံ ကလေးမဆန်ချင်ဘဲ ဆန်နေရသည်။ ထိုသို့ဖြစ်အောင် သူ တမင်ဖန်တီးနေသလားဟုပင် ထင်မှတ်မှားရသည်။

"အဟင်း. . . ရှိတဲ့အခါ ရှိတယ်၊ မရှိတဲ့အခါ မရှိဘူး၊ ဘယ်အခါမျိုးမှာ ရှိသလဲ၊ ဘယ်အခါမျိုးမှာ မရှိဘူးလဲဆိုတာ မေးခိုးမှာလား"

"အလိုက်တသိ ဖြေရင် သိပ်ကောင်းမှာပေါ့"

မြတ်လေးနွယ် ခုချိန်၌ ဆရာ၏သိက္ခာ သမာဓိတို့ မေ့ပျောက်နေသည်။ ငယ်စိတ်ဖြင့် တစ်ခွန်းတင်မခံဘဲ ရွတ်နေမိသည်။





"ဟုတ်ကဲ့. . . အလိုက်သိတတ်ပါတယ်၊ အထူးသဖြင့် မိန်းမချောလေးတွေအတွက်ဆိုရင် ပိုပြီးအလိုက်သိတတ်သော ယောက်ျားတွေရဲ့ညာဉ်အရ ကျွန်တော် အလိုက်တသိ ဖြေရရင်. . . အဟမ်း"

ဘောဂဗလ သစ်စက်သူဌေးရယ်ဟု မြို့မျက်နှာဖုံး ဂုဏ်သရေရှိ လူကြီးလူကောင်း၏ဟန်ပန်သည် သူ့၌ ပျောက်ဆုံးနေသည်။

တိုးမှ တိုးအကျင့်အတိုင်းပဲ။

"စကားကို ကောင်းကောင်းပြော၊ အရောဝင်တိုင်း ကမ်းမတက်နဲ့"

ခပ်တည်တည်နှင့် မာန်လိုက်သည်ကို. . .

"တော်သေးတာပေါ့. . . ခွေးကလေး အရောဝင် ပါးလျက်နားလျက်လို့ မပြောလို့ ကျေးဇူးတင်ပါတယ်"

"ကဲပါ. . . အဲဒါနဲ့ပဲ ပြောမယ့်စကားဆီ မရောက်နိုင်ဘူး၊ ပြောပါဦး"

"မှတ်ထား. . . ကောင်းသောအိပ်မက် မက်ရင် လက်ခံယုံကြည်ပြီး မကောင်းသောအိပ်မက် မက်ရင် လက်မခံ မယုံကြည်ဘူး"

အတည်ပေါက် ပြောလိုက်သော သူ့စကားကို မြတ်လေးနွယ် ပြုံးချင်ချင်ဖြစ်သွား၍ တစ်ဖက်သို့ လှည့်ကာ. . .

"မှတ်သားလောက်ပါပေတယ် ပညာရှင်ကြီးရယ်" ဟုတော့ ပြောလိုက်သေးသည်။

"ဒါ အစပဲ ရှိသေးတယ်. . . ပေါင်းကြည့်ပါ၊ ကျွန်တော့်မှာ ဆရာမ အတုယူ မှတ်သားရမယ့် အသိပညာတွေ အများကြီး ရှိပါတယ်"



www.burmeseclassic.com

www.burmeseclassic.com



"ဘာပေါင်းကြည့်ပါလဲ"

"စကားကို ကိုယ်လိုရာဆွဲတွေးပြီး အဓိပ္ပါယ် မကောက်ပါနဲ့ ပေါင်းကြည့်ပါဆိုတဲ့စကားမှာ သူငယ်ချင်းပေါင်း၊ မိတ်ဆွေပေါင်း ဆွေမျိုးသားချင်းပေါင်း၊ လင်မယားပေါင်း အစရှိတဲ့ ပေါင်းသင်း ခြင်းတွေ အများကြီး ရှိပါတယ်"

"တော်ပါတော့ ဦးလှတောသားရယ်၊ ပြောမိတာ မှားပါ တယ်၊ ဒါနဲ့ ရှင်ကော လောနဲ့ပဲ ပြီးတာလား"

"မဟုတ်ဘူး. . . စီးပွားနယ်မှာပဲ စောက်ချရမယ်ဆိုတဲ့ အသိနဲ့ အီကိုပဲ ယူခဲ့ပါတယ်"

"အီကို ယူပေလို့သာပဲ တော်တော့တယ်၊ လောများ ယူရင် တိုးထက် ဆိုးမယ်"

တိုးဟူသောအမည်ကို မိမိနှုတ်ဖျားမှ ထွက်လိုက်ရသဖြင့် ရင်ထဲ ရှတတ ဖြစ်သွားသည်။ နှလုံးသားကို ခလုတ်တိုက်မိသွား သည့်နှယ် ဖြစ်သွားသည်။

မေ့မေ့ပျောက်ပျောက် ဘယ်အခါများ ထား၍ရပါမည် နည်း။

သူသည်လည်း ခပ်ငေးငေးလေး ဖြစ်သွားသည်။ အချင်း တစ်ခုတည်း မွေးတဲ့ အမွှာပေပဲ၊ ခံစားချက်ကတော့ ရှိပေမည်။

တစ်ဆက်တည်း တိုးအတွက် သူသည် အနစ်နာခံခဲ့သူပါ လားဟု တွေးမိပြန်သောအခါ ဒိုးကိုပဲ လေးစားရမလိုလို သနားရ မလိုလို ဖြစ်သွားသည်။

"တိုးသာ ရှိခဲ့ရင် ဆရာမကို ကျွန်တော် ခယ်မတော်နေရ ပြီပေါ့နော်၊ တူတွေ တူမတွေလဲ"

"အို. . . ဘာတွေလျှောက်ပြောနေတာလဲ၊ ပါးစပ်ကလဲ စည်းမဲ့လိုက်တာ"





မြတ်လေးနွယ် ရှက်သွေးနှင့် မျက်နှာလွှဲလိုက်သည်။

"ဆောရီး ဆရာမ၊ တစ်ခါတစ်ရံ လောကကြီးရဲ့မမှတာ တွေကိုပဲ လူတွေဟာ ရှက်စရာကိစ္စလို့ တလွဲမှတ်ယူတတ်ကြ တယ်နော်၊ မှန်တာ ပြောတာကိုလဲ ပါးစပ်စည်းကမ်းမဲ့တယ် ဖြစ် ရော"

"မဖြစ်နိုင်တာကို ရှင်ပြောနေတာကိုး"

"မိုးကလဲ ကောင်းလိုက်တာနော်"

"ဝါဆိုဝါခေါင် ရေဖောင်ဖောင်တဲ့၊ ရှင် မကြားဖူးဘူးလား၊ ဘာဖြစ်လို့ မိုးကောင်းကောင်းထဲ ခရီးထွက်လာသလဲ"

"ဟော. . . လှည့်ပတ်မေးပြန်ပြီလား၊ ဒါက ကျွန်တော့် ကိုယ်ရေးကိုယ်တာပါလို့ ပြောပြီးပြီပဲ၊ ဒါပေမယ့် သိချင်ရင် ကျွန် တော့်မေးခွန်း အရင်ဖြေရမယ်၊ ဘယ့်နှယ့်လဲ ဖြေမလား"

"ဖြေသင့်တယ်ထင်ရင် ဖြေမယ်"

"ဒီလိုဆိုရင် မမေးသင့်တော့ဘူး ထင်လို့ ကျွန်တော် မမေး တော့ဘူး. . . ခွင့်လွှတ်ပါ။ ကျွန်တော့်ကိုယ်ရေးကိုယ်တာကိစ္စနဲ့ ခရီး ထွက်တာပါ"

"ဆောရီးပဲ. . . ကျွန်မက သူများကိုယ်ရေးကိုယ်တာကို စပ်စုသလို ဖြစ်သွားတယ်"

"စပ်စုပါ. . . စပ်စုတယ်ဆိုတာ စိတ်ဝင်စားလို့,လို့ အဓိပ္ပါယ် သက်ရောက်တာမို့လို့ ဆရာမရဲ့စပ်စုခြင်းကို ကျွန်တော် နှိုင်ပါတယ်"

သူ့စကားသည် မှန်သောစကားဖြစ်၍ မြတ်လေးနွယ် ခံချင်သော်လည်း တုံ့ပြန်စရာစကား လုံးဝရှာမတွေ့သကဲ့သို့ ဖြစ် သွားသည်။

"ပဲခူးမှာ တံတားရေကျော်လို့ ကားတွေ ဆက်သွားလို့



www.burmeseclassic.com

www.burmeseclassic.com



မရဘူးတဲ့၊ အဲဒီတော့ ပြန်ချင်တဲ့လူရှိရင် လှည့်ပြန်လို့ ရတယ်နော်"

ကျိုက်ထိုအရောက်တွင် စပယ်ယာက ပြောသည်။

"ကားက ဘယ်အထိ သွားမှာလဲ"

"တာဝန်အရ ရန်ကုန်နဲ့ အနီးစပ်ဆုံး ကားသွားနိုင်တဲ့ နေရာအထိ ပို့ပေးမယ်"

"ဟိုရောက်တော့ကော"

"သက်ဆိုင်ရာတွေက စီစဉ်ပေးနေတယ် ပြောတာပဲ"

ကားစပယ်ယာနှင့် ခရီးသည်များ အပြန်အလှန် ပြောသံ ကြောင့် မြတ်လေးနွယ် စဉ်းစားရသည်။ ဒိုးက. . .

"ဘယ်လိုသဘောရသလဲ"

"ကျိုက်ထိုမှာ ကျွန်မအသိ မရှိဘူး"

"မဟုတ်ဘူး. . . ရန်ကုန်ဆက်သွားမှာလား၊ ကြံ့ရာကား ပြန်မလားဆိုတာ စဉ်းစားပြီးပြီလားလို့"

"ကျွန်မ ခွင့်နှစ်ရက် တင်ခဲ့တယ်၊ သိပ်အခက်အခဲ မရှိဘူး ဆိုရင် ရန်ကုန်ကို ရောက်အောင် သွားချင်တယ်"

"သွားချင်တယ်ဆိုရင် ဖြစ်ရမှာပေါ့"

"ရှင်ကကော"

"ခင်ဗျားသွားလိုရာကို အံ့ချရာယ် ကင်းရှင်းစွာနဲ့ ပို့ဆောင် ပေးဖို့က ကျွန်တော့်တာဝန်"

"ရှင့်ကိုယ်ရေးကိုယ်တာကိစ္စကကော"

"အဲဒါပဲပေါ့"

"ဘာ. . ."

"ဟုတ်တယ်လေ. . . အဲဒါ ကျွန်တော့်ကိုယ်ရေးကိုယ်တာ ပဲ"

"တော်. . ."





"ဟုတ်ကဲ့. . ."

ဒိုးသည် လက်ပိုက်ကာ မျက်လုံးလေးမှိတ်၊ ခေါင်းကို နောက်သို့ မှီလျက် ငြိမ်သက်သွားသည်။

မြတ်လေးနွယ်၌ ပြောစရာစကားတို့ ပျောက်ဆုံးသွား သည်။

ရင်၌ လှုပ်လှုပ်ခတ်ခတ် ဖြစ်သွားရသည်။

ဒိုး၏ဆိုလိုရင်းတို့သည် မိမိအား ချစ်ရေးဆိုနေခြင်းလား၊ ချစ် ဟူသောစကားတစ်လုံးမှ မပါဘဲ ချစ်သည့်အကြောင်းကို ဖွင့်သွားခြင်း ဖြစ်ပေမည်။

နောက်သို့ လှည့်ကြည့်လိုက်သည်။ ဆရာဦးလှစိုး၏ အော့ လုံးနာစရာ မျက်နှာကို မြင်သောအခါ ချက်ချင်း မျက်နှာပုပ်သိုး သွားမိသည်။ ရုတ်ချည်း မျက်နှာပြန်လွှဲကာ ဒိုးဘက် မသိမသာ ငဲ့ယိုင်မိသည်။

တိုးသာဆိုလျှင် သူ့ပခုံးထက် ခေါင်းမှီတင်ကာ ကြည်မွေ့ စွာ နေပြလိုက်မည်။

ယခုတော့ ဒိုးဖြစ်နေသည်။


ဒိုးသည် အရင်းနှီးဆုံးသော မျက်နှာနှင့် မိမိအတွက် စိမ်းဖြစ်နေခြင်းကလွဲ၍ မုန်းတီးရွံ့ရှာစိတ်ကို မြူမှုန်စမျှလောက် ရှာဖွေမတွေ့ရှိပါချေ။



www.burmeseclassic.com

www.burmeseclassic.com





# အခန်း(၁၆)

"ရိမ်းဂျားကားကြီးတွေနဲ့ သွားရမယ်တဲ့. . . ဘယ်လို

ငုပ်မိသဲတိုင် တက်နိုင်ဖျားရောက်ဟူသော စကား
နောက်မဆုတ်သောစိတ် ရှိသော မြတ်လေးနွယ်က ခေါင်းညိ
လိုက်သည်။

"သွားမယ်. . . မိုးပြီအများ ရေကြီးအများပေ့ါ မဟုတ်
လား"

ပဲခူးမြစ်ရေသည် မကြုံဖူးလောက်အောင် မြစ်ရေလျှံ
ကာ ရထားလမ်းနှင့် ကားလမ်းများကို ရေကျော်သဖြင့် လမ်း





တ်တောက်ကုန်တော့သည်။

နိုင်ငံတော် အဖွဲ့အစည်းမှ စီစဉ်ပေးသော ကားကြီးများ
ငြ် တစ်ဆင့်ပြောင်းကာ ရန်ကုန်သို့ ပို့ဆောင်ပေးကြသည်။

မဖြစ်မနေ သွားရသော ခရီးသည်များ နိုင်ငံ့ဝန်ထမ်းများ
ာ ကွန်ြေ့သိက္ခာတို့ကို ဘေးချိတ်ထားကာ ရိမ်းဂျားကားပေါ်သို့
ားဘီးမှတစ်ဆင့် လည်းကောင်း၊ နောက်လှေကားမှလည်းကောင်း
လှအယက် တက်ကာ ထိုင်ခုံမပါ မိုးတိုးမတ်တတ် ကျပ်ကျပ်သပ်
ပ်နှင့် လိုက်ပါသွားကြသည်။

ကားအစီးရေ များသော်လည်း ခရီးသည်များက ပိုများ
ဖြင့် ကားအရေအတွက်နှင့် ခရီးသည် အရေအတွက် မမျှအောင်
ဖ်နေသည်။

"ဆရာမ"

"ရှင်. . ဩော်. . ဆရာ ဘာကိစ္စလဲ"

ဆရာကြီးကို တိုင်ပြီးနောက် အနည်းငယ် ရန်အေးသွား
ဖြင့် ဦးလှစိုးသည် မိမိအား လက်လျှော့သွားလေပြီဟု မြတ်လေး
ယ် မှတ်ယူခဲ့သည်။

သို့သော် ယခု မိမိခရီး၌ လိုက်ပါလာခြင်းကြောင့် စိတ်ထဲ၌
းစနောင့် ဖြစ်နေခဲ့သည်။

ယခုလို ဆရာမဟု ခေါ်ပြီး အနားရောက်လာသော ဦးလှ
အား မြတ်လေးနွယ် ကွန်ြေ့ရစွာ ခွန်းတုံ့ပြန်လိုက်သည်။

အဘယ်ကြောင့်ဆိုသော် အနား၌ ဗိုး ရှိနေခြင်းကြောင့်
ည်း ဖြစ်သည်။

"ဆရာမ ရန်ကုန်ဆက်သွားဦးမှာလား"

"ဟုတ်ကဲ့. . . သွားမယ်"

"ရေက သုံးလေးရက်နဲ့ ကျမှာမဟုတ်ဘူး"



www.burmeseclassic.com

www.burmeseclassic.com



"ရပါတယ်. . . ကိစ္စမရှိပါဘူး"

"ကျွန်တော် ဘာအကူအညီ ပေးရမလဲ"

"ကိစ္စမရှိပါဘူး. . . ကျွန်မမှာ အဖော်ပါတာပဲ"

ဒိုးနား တမင်တိုးကပ်၍ ပြောလိုက်သည်။

"ကျေးဇူးတင်ပါတယ် ဆရာ၊ ကျွန်တော် ရှိနေပါတယ် ဆရာကော ဘယ်သွားမှာလဲ"

"ကျွန်တော် လှည့်ပြန်တော့မယ်"

"ဟုတ်လား. . . ဒါ အကောင်းဆုံးပါပဲ၊ သေရေးရှင်ရေး တမျှ အရေးကြီးတဲ့ကိစ္စ မရှိရင် ကိုယ့်နေရပ်ပြန်တာ အကောင်းဆုံး ပါပဲ"

"သွားမယ်"

ထာဝရ အပြီးတိုင် နှုတ်ဆက်သွားခြင်း ဖြစ်ပါစေဟု မြတ် လေးနွယ် ဆုတောင်းလိုက်မိသည်။ တစ်ဆက်တည်း ဒိုးက ဦးလှ ကို ပြောလိုက်သောစကားကြောင့် မြတ်လေးနွယ် စဉ်းစားရသည်

"သေရေးရှင်ရေးတမျှ အရေးကြီးတဲ့ကိစ္စ မရှိရင် ကိုယ့်နေ ရပ် ကိုယ်ပြန်တာ အကောင်းဆုံးပါပဲ" ဟူသောစကား။

မိမိ၌ ဘာအရေးတကြီးကိစ္စ ရှိနေသနည်း။ မိဘအိမ် ဘယ်အချိန်ပြန်ပြန် ရသည်။ မိဘများလည်း ကျန်းမာရေး ကော မွန်နေကြသည်။ မိဘအိမ်ရောက်ပြီး ပြန်ရခက်ခဲလျှင် ခွင့်ရက်ကျော် သွားနိုင်သည်။ မိဘများလည်း စိတ်ပူရပေမည်။

"အားခဲထား. . ဒီတစ်စီးမှာ ရအောင်တက်မယ်၊ နော လှေကားကတော့ လုတက်နိုင်မှာ မဟုတ်ဘူး၊ ဘီးကတက်၊ ကျွ တော် အရင်တက်ပြီး ဆွဲတင်ပေးမယ်"

ဒူးပေါ်ပေါင်ပေါ် နှင့် ကုပ်ကပ်နေကြသော အမျိုးသမီး များကို ကြည့်ပြီး ခေါင်းခါလိုက်သည်။





ရန်ကုန်၌ ရုံးဆင်းချိန် ကားကို အလုအယက် တက်စီးရ သောအဖြစ်ထက် ဆိုးနေသည်။

"ဘာဖြစ်လို့လဲ"

"ဆက်မသွားတော့ဘူး"

"ဟောဗျာ. . . ဆရာလှည့်ပြန်သွားလို့လား"

"ဘာ. . ."

မြတ်လေးနွယ် ဒိုးမျက်နှာကို စေ့စေ့ကြည့်လိုက်သည်။ ဒိုးကတော့ သူ့ပုံစံအတိုင်း နှုတ်ခမ်းနှစ်လွှာကို တင်းတင်း စေ့ကာ မပြုံး၏သို့ ပြုံး၏သို့ ရှိနေသည်။

"ဒီရုပ်ကို သေသေချာချာ ကြည့်ထား"

"ဆုံးဖြတ်ချက် ချပြီးရင် ရုတ်တရက် မပြင်တတ်တဲ့ ရုပ် မှန်းတော့ သိပါတယ်၊ ဒါပေမယ့် စဉ်းစားပြီးတဲ့အခါတော့ ပြောင်း တတ်တဲ့သဘောရှိသော ရုပ်မှန်းလဲ သိပါတယ်"

"ဟုတ်တယ်. . . စဉ်းစားကြည့်တော့ ရန်ကုန်ရောက်သွား တာ လွယ်တယ်ထား၊ ရန်ကုန်အပြန် ရေမကျသေးဘူးဆိုရင် ဘယ့်နှယ့်လုပ်မလဲ၊ လှည်းကူးနားမှာလဲ တံတားတစ်ခု ကျိုးသွား တယ်လို့ ကြားနေရသေးတယ်၊ အပြန် အချိန်မီ မရောက်ရင် အလကား အချိန်ကုန်သွားမယ် တွက်မိလို့"

"စောစောစီးစီးကသာ ဒီလိုအမြင်မှန်ရရင် ခုလောက်ဆို မော်လမြိုင်အိမ်မှာ နှပ်နေရပြီ၊ အခုတော့ ပဲခူးမှာ ညအိပ်ရမယ့် အခါန်း ဆိုက်နေပြီ"

"ရတယ်. . . မော်ကန်ဘက်မှာ ကျွန်မသူငယ်ချင်းအိမ် ရှိတယ်၊ အဲဒီမှာ သွားအိပ်ပြီး မနက်စောစောမှ ထပြန်မယ်"

"ကျွန်တော်လဲ လိပ်ပြာကန်ဘက်မှာ မိတ်ဆွေရှိတယ် အဲဒီ မှာ သွားအိပ်မယ်၊ အဆင်ပြေရင် ကားပါ စီစဉ်ပြီး ဆရာမကို



www.burmeseclassic.com

www.burmeseclassic.com



လာခေါ်မယ်. . . ဘယ့်နှယ့်လဲ"

"ဒါ အကောင်းဆုံးပဲ"

"ဒါဖြင့် လာ"

ပေါ့ပေါ့ပါးပါး ခရီးဆောင်အိတ်ကိုသာ မြတ်လေးနွယ် လွယ်ခွင့်ရသည်။ မြတ်လေးနွယ်လက်မှ ခြင်းတောင်းကို သူပင် ဆွဲယူသွားသည်။

ရေဖွေးဖွေးထနေသော ပဲခူးမြို့လယ်ကို ကျောခိုင်းကာ မှော်ကန်ဘက် ဦးတည်ခဲ့လိုက်သည်။

"အတွေ့အကြုံဆိုတာ ဝယ်ယူလို့ ရတာမဟုတ်ဘူး၊ ဒီနှစ် ရေဘေးဒုက္ခဖြစ်ရတဲ့အထဲ ကိုယ်တိုင်ပါဝင်ခွင့် ရသွားတယ်လို့ ပြော နိုင်တာပေါ့. . . မဟုတ်ဘူးလား"

ကြက်ခြေနီများ ကယ်ဆယ်ရေးများဖြင့် ရှုပ်ယှက်ခတ်နေ သော မြင်ကွင်းတို့ကို သမင်လည်ပြန် လှည့်ကြည့်လိုက်ပြီး သူ့ အပြောကို ခေါင်းညိတ်ကာ ထောက်ခံမိလိုက်သည်။ ကာယကံရှင် ရေဘေးဒုက္ခသည်တို့ဆိုလျှင် အဘယ်မျှ စိတ်ဆင်းရဲကြမည်နည်းဟု တွေးကာ စာနာမိသည်။

ပို၍ စိတ်ရှုပ်ထွေးမှုဖြင့် စာနာမိသည်က မြတ်လေးနွယ် သူငယ်ချင်းအိမ် ရောက်သွားချိန်၌ ဖြစ်သည်။

ဧည့်သည်များဖြင့် ပြည့်နှက်နေသည်။ ရေဘေးဒုက္ခသည် များဟု ပြောသည်။ သူငယ်ချင်းကလည်း အိမ်ထောင်ကျပြီး သူ့ အမျိုးသား တာဝန်ကျရာသို့ ပြောင်းရွှေ့လိုက်ပါသွားသည်တဲ့။

ငိုချင်စိတ်ကို မျိုသိပ်လိုက်ရသည်။

တစ်ခါတစ်ရံ တဇွတ်ထိုးနိုင်လှသော မိမိစိတ်က မိမိကို အလွန်ဒုက္ခပေးတတ်လေသည်။

"ရပါတယ်. . . သမီးလဲ ဒုက္ခရောက်လာလို့လား၊ ကဲပါ. .





ဒီလိုပဲ တိုးတိုးဝှေ့ဝှေ့ အိပ်ကြတာပေါ့၊ အန်တီ စီစဉ်ပေးပါ့မယ်"

"ကိစ္စမရှိပါဘူး အန်တီ၊ ကျွန်မ တခြားမှာ တည်းပါ့မယ်၊ ဒုက္ခမရှာပါနဲ့"

"ရပါတယ်. . . ဒုက္ခမရောက်ပါဘူး၊ အန်တီတို့အတွက် တစ်ယောက်စာ နှစ်ယောက်စာဟာ ဘာမှ ဒုက္ခမများတော့ဘူး၊ အမျိုးတွေ ဒုက္ခရောက်လာတော့လဲ ကူညီစောင်မရမှာပေါ့"

"ဟုတ်ကဲ့ အန်တီ၊ ဒါပေမယ့် ခိုင်နဲ့ မတွေ့ရတဲ့ အတူတူ တော့ တခြားသူငယ်ချင်းတွေဆီလဲ ရောက်တုန်းရောက်ခိုက် သွား ချင်လို့ပါ. . . ခွင့်ပြုပါနော်"

သူငယ်ချင်းမိခင် ကျေနပ်စေနိုင်သောအဖြေကို ပေးပြီး ထပ်မံ မတားဆီးနိုင်မီ ဖင်တကြွကြွဖြစ်နေသော ဒိုးသည်လည်း ထပြီးသား ဖြစ်နေသဖြင့် လိုက်ထွက်ခဲ့လိုက်သည်။

ခြံပြင်ရောက်တော့. . .

"ကိုင်း. . . ဘယ်များ သွားချင်တဲ့ အစီအစဉ် ရှိပါသေး သလဲ"

ရှုပ်ထွေးနေသော စိတ်တို့ကြောင့်. . .

"မရှိဘူး. . . ဘယ်မှာမှ မရှိဘူး၊ ရန်ကုန်ပဲ ပြန်တော့မယ်"

"ဟောဗျာ. . . မိုးလဲ ချုပ်ပါပြီ၊ ညနေစာလဲ မစားရသေး၊ ခြေထောက်ရေစိုကြီးနဲ့ အအေးမိပြီး ဖျားနေမယ်၊ ဒီတစ်ခါတော့ ကျွန်တော့်မိတ်ဆွေအိမ်ပဲ လိုက်ခဲ့ပါတော့၊ ခင်ဗျား စိတ်ချမ်းသာစေ ရပါ့မယ်"

"အာမခံ ရဲလှချည်လား"

"ရဲဆို လိုက်ကြည့်လေဗျာ"

"ဒါဖြင့်လဲ သွားတော့၊ မနက်ဖြန် အစောကြီး ပြန်မယ် နော်"



www.burmeseclassic.com

www.burmeseclassic.com



"စိတ်ချပါဗျာ. . . ခင်ဗျားစိတ်ချမ်းသာမှ ကျွန်တော် စိတ်အေးရသူပါ။ ဆိုက်ကား. . ."

ဆိုက်ကားတစ်စီး လှမ်းတားလိုက်သည်။ ဟုတ်သည်။ ခြေထောက်မှာ ထုံကျင်ကိုက်ခဲနေလေပြီ။

"ကားလမ်းကြောင်းဆိုရင် ကွေ့ပတ်နေရမယ်၊ တက်စီဂိတ်ဆီ လျှောက်ရဦးမှာမို့လို့ ဆိုက်ကားပဲ ငှားလိုက်တာ၊ စီးရဲရဲ့လား"

"ဘာလို့ မစီးရဲရမှာလဲ"

"ထိုင်. . . ရှေ့ကပဲ ထိုင်ပါ"

မိန်းမသားကို ဦးစားပေးတတ်သော ယောက်ျားအချို့၏ ညာဉ်မျိုးဖြင့် သူက ပြောလိုက်သော်လည်း. . .

ဗုဒ္ဓဘာသာ မြန်မာမိန်းကလေးပီပီ ယောက်ျားတစ်ဦး၏ ဘုန်းကံကို တန်ဖိုးထား နေရာပေးတတ်သည်။ သို့သော် ဦးစားပေးကြောင်း သူ မသိစေရန်. . .

"ဝိတ်များတဲ့လူက ရှေ့မှာ ထိုင်ပါ" ဟု ပြောလိုက်သည်။

"ဒါလဲ ဟုတ်တာပဲ"

သူက ရှေ့၌ ထိုင်လိုက်သည်။ သူထိုင်ပြီးမှ မြတ်လေးနွယ် ထိုင်သည်။ အဘယ်ကြောင့်ဆိုသော် ဆိုက်ကားသဘောသည် အနောက်ဘက်မှ အရင်ထိုင်ပါက ဦးထောင်သွားတတ်သော သဘောရှိခြင်းကြောင့်ပင်။

ဘာကြောင့်ရယ်ဟု တိတိကျကျ မပြောနိုင်သော်လည်း သည်တစ်ခါ ခရီးသွားရသည်မှာ ပျော်စရာ ကောင်းနေသည်။

ဒုက္ခရောက်နေသူများကို ကြည့်ပြီး စိတ်ပျက်လက်ပျက်နှင့် ကိုယ်ချင်းစာနာစိတ် ပွားမိသော်လည်း တစ်ခဏပင်။ လူတို့သည် သဘာဝအန္တရာယ် အခက်အခဲများကို ကျော်လွှားသွားလာနိုင်ကြသည် ဖြစ်ခြင်းကြောင့်ပင်။





အကယ်၍သာ ဤခရီး၌ မိမိတစ်ယောက်တည်းသာ ဖြစ်ပါက ယခုလောက် ကြံ့ကြံ့ခိုင် သွားလာနိုင်ပါမည်လား။ တဒင်္ဂဝင်ရောက်လာတတ်သော ကြည်နူးစိတ်တို့ကိုကော ရရှိနိုင်ပါ့မလား။

"ရှေ့လမ်းရောက်ရင် ညာဘက်ချိုး"

"ဟုတ်ကဲ့. . ."

သိပ်မဝေးကွာလှပါလား။

"ဟိုရှေ့က တိုက်အိမ်အနီကြီးရှေ့ ရောက်ရင် ရပ်လိုက်"

"ဟုတ်ကဲ့. . ."

"ကလင်. . . ကလင်. . . ကလင်"

တိုက်နီကြီးရှေ့တွင် ရပ်သည်နှင့် ဆိုက်ကားဆရာက ဘဲလ်သံပေးကာ အချက်ပေးလိုက်သည်။

အိမ်ထဲမှ တုတ်တုတ်မျှ မလှုပ်ကြ။

"လူရှိရဲ့လား"

"ရှိပါတယ်. . . ဒီကောင်က လူပျိုကြီး၊ စာရေးဆရာလေ၊ အိမ်ထဲမှာ ကုပ်ပြီး စာရေးနေတာ များတယ်"

မြတ်လေးနွယ် သံသယစိတ် အညှောင့်ကလေး စတင်ထွက်လာသည်။

ဒိုးသည် တိုး၏ညီမှန်သော်လည်း သူစိမ်းယောက်ျားတစ်ဦးသာဖြစ်သည်။ သူ့အကြောင်း ကိုယ်မသိချေ။ သူ၏အပြုအမူ အပြောအဆိုတို့သည် တိုးနှင့် တူသည်မှန်သော်လည်း တိုးစိတ်နှင့် တူညီနိုင်ပါ့မလား။ လူ့အတွင်းစိတ်သဘောသည် ခန့်မှန်းရ ခက်ခဲသည်။

"ဘသိုက်. . . ဘသိုက်"

". . . . . . . . . ."



www.burmeseclassic.com

www.burmeseclassic.com



အိမ်ရှေ့တံခါးမကြီး ပွင့်လာသည်။ မုတ်ဆိတ်မွေး ပါးသိုင်းမွေးများနှင့် လူတစ်ဦး ထွက်လာသည်။

“ဟ. . . ဘယ်သူလဲလို့၊ ဒိုးပါလား၊ မိန်းမ ဘယ်တုန်းက ယူလိုက်တာလဲ”

“ဟာ. . . ဒီကောင် လုပ်ပြီ၊ ဒါ ငါ့မိတ်ဆွေပါကွ၊ ရန်ကုန်သွားဖို့ ဒုက္ခရောက်တာနဲ့ မင်းဆီ ဝင်တည်းပြီး မနက်ဖြန် ပြန်ကြမလို့”

“ဟာ. . . ဆောရီး၊ လာ. . . လာ. . . အားမနာနဲ့”

စကားကို မဆင်မခြင် ပြောတတ်ပုံ ရသော်လည်း ဖော်ရွေပုံရသော ကိုဘသိုက်အသွင်ကြောင့် မြတ်လေးနွယ် အတန်ငယ် စိတ်အေးသွားသည်။

“ဒါ ငါ့မိတ်ဆွေ၊ မော်လမြိုင်ကပဲ. . . ဆရာမ ဒေါ်မြတ်လေးနွယ်တဲ့၊ ဆရာမ ဒါ ကျွန်တော့်သူငယ်ချင်းလဲဟုတ်၊ မိတ်ဆွေလဲဟုတ်တဲ့ ဦးဘသိုက်ပါ”

ရှုပ်ထွေးနေသော ဧည့်ခန်းသို့အရောက်တွင် ဒိုးက မိတ်ဆက်ပေးသည်။

“ဟုတ်ကဲ့. . . ဝမ်းသာပါတယ်”

“ကျွန်တော်ကလဲ ဝမ်းသာပါတယ် ဆရာမ၊ ဘာမှ အားမနာနဲ့၊ ကိုယ့်အိမ်ကိုယ့်ယာလို သဘောထား၊ အိမ်ကြီးက ကြီးပြီးကြောက်စရာကောင်းပေမယ့် ဘာမှမဖြစ်ပါဘူး၊ မကြောက်နဲ့ဆရာမ၊ ဆရာမအတွက် အခန်းသွားရှင်းလိုက်ဦးမယ်”

မိုးကလဲ တစိမ့်စိမ့် ရွာသွန်းနေသည်။ အိမ်အိုအိမ်ဟောင်းကြီး၌ မဟော်ဂနီရောင် တောက်နေသော ရှေးဟောင်းပရိဘောဂပစ္စည်းများကလည်း ဖုန်အလိမ်းလိမ်း။

“ခဏထိုင်ဦးနော်”





သူသည် ကုလားထိုင်တစ်လုံးအား ဖုန်ခါပေးပြီး ထိုင်စေသည်။

စိတ်ထဲ မလန်းဆန်းသည့်အပြင် မရှင်းသန့်တော့၊ စိတ်သည် ထိုင်းမှိုင်းသွားသည်။

“ဦးဒိုး. . . ဘယ်လဲ”

သည်ကြားထဲ မိမိအား ထားခဲ့ပြီး ထွက်သွားရန် ခြေလှမ်းပြင်လိုက်သော သူ့အား စိတ်မရှည်ချင်တော့။

“သွားဝိုင်းကူပြင်ပေးမလို့၊ နောက်. . ညနေစာ”

“တော်ပြီ. . . ဒီမှာ မတည်းချင်တော့ဘူး၊ ရှင်စောပု ဟော်တယ်မှာပဲ သွားတည်းတော့မယ်”

“ဟောဗျာ. . . ဘာဖြစ်လို့လဲ”

“စိတ်ထဲ မသိုးမသန့်ကြီး”

“ဖြစ်ရမယ်. . . ဘာမှ မဖြစ်ပါဘူး၊ အားနာစရာကြီး. . . စောစောကသာ ပြောခဲ့ရင်”

“ဘယ်သိမှာလဲ. . . ရှင့်သူငယ်ချင်းက ဒီလိုတစ်ယောက်တည်း ထိုင်းထိုင်းမှိုင်းမှိုင်းကြီး နေ့နေမှန်း ကြည့်ရတာ စိတ်မောစရာကြီး၊ ကျွန်မက မိန်းမဖော် တစ်ယောက်နှစ်ယောက် ရှိမယ်အောက်မေ့လို့ လိုက်လာတာ”

“ကျွန်တော်ရှိတာပဲ. . . မပူပါနဲ့၊ အသက်နဲ့ လဲပြီး စောင့်ရှောက်ပါ့မယ်”

‘ဟင်းခနဲ’သက်ပြင်းချလိုက်မိသည်။ စိတ်မောဖွယ်ရာကောင်းလွန်းလှသဖြင့် ဆုံးဖြတ်ချက်တစ်ခုကို ရှာမရအောင် ဖြစ်နေသည်။

လူကလဲ အနားယူလိုပြီ။ တစ်နေ့လုံး ထိုင်ခဲ့သဖြင့် ညောင်းချိနေသည့်ကြားက မိုးစွတ်စွတ်၊ ရေစွတ်စွတ်ဖြင့် ခြေ



www.burmeseclassic.com

www.burmeseclassic.com



ယောက်အေးနေသည်ကလည်း တစ်ကြောင်းကြောင့် အနေထိုင်ရ ခက်နေသည်။

"နေဦး ဒိုးရေ၊ ခုမှ စဉ်းစားမိတာ တစ်ခုရှိတယ်"

ခပ်ကြောင်ကြောင် အမူအယာဖြင့် ကိုဘသိုက် ပြန်ပေါ် လာပြန်သည်။

"ဘာလဲကွ"

"မင်းတို့ အပေါ်ထပ်မှာ အိပ်မလား၊ အောက်ထပ်မှာ အိပ် မလားဆိုတာ"

ဒိုးမျက်ဝန်းက မြတ်လေးနွယ်ထံ ကျရောက်လာသည်။

မြတ်လေးနွယ်အတွက် အကွက်ရသွားသဖြင့်. . .

"ဦးဘသိုက်မှာ အဖော်မရှိ ဘာမရှိနဲ့ အခက်အခဲ ဖြစ်နေ ရင် ကျွန်မတို့ ဟိုတယ်မှာပဲ သွားတည်းပါ့မယ်"

"ဟာ. . . မဟုတ်တာ၊ ဘာမှ မခက်ခဲပါဘူး၊ အိပ်ယာပြင် ရုံလောက်က အပန်းမကြီးပါဘူး၊ ဘယ်မှာ အိပ်မလဲ၊ ဘယ်လိုအိပ်ကြ မလဲဆိုတာ သိချင်လို့ပါ"

ကိုဘသိုက်သည် ပုံမှန်ဦးနှောက်ရှိသူမှ ဟုတ်ပါလေစဟု မြတ်လေးနွယ် သံသယဝင်သွားသည်။

ယခုမှ ရေဘေးဒုက္ခသည်များတွင် မြတ်လေးနွယ်လည်း တကယ့် စိတ်ဆင်းရဲခြင်း ဒုက္ခတွင် အပါအဝင် ဖြစ်သွားသည်။

"အောက်ထပ်မှာပဲ အိပ်မယ်ကွာ"

"အောက်ထပ်မှာ အိပ်ခန်းတစ်ခန်းထဲ ရှိတယ်၊ ဒေါ်မြတ် လေးနွယ်က. . ."

"မင်းကလဲကွာ. . . အောက်ထပ်အိပ်ခန်းမှာ ဆရာမ အတွက် ပြင်ပေးပြီး ငါက အိမ်ရှေ့ခန်းမှာ အိပ်မယ်ကွာ၊ ကိုင်း. . . ပြဿနာ အေးပြီလား၊ ရှင်းမကော ရှင်းရဲ့လား"





"ဩော်. . . အေး. . . ရှင်းပါတယ်၊ ကဲ. . . မရှင်းသေး တာ ရှိသေးတယ်"

"မင်းကတော့ကွာ၊ ကိုင်း. . . မရှင်းတာရှိ ငါ့ကိုမေး၊ လာ. . . ဘယ်အိပ်ခန်းလဲ၊ ဟိုအခန်းလား. . . သော့ဖွင့်ကွာ၊ ငါ ပိုင်းပြင်ပေးမယ်၊ မင်းလုပ်ပုံနဲ့ဆိုရင် ဒီည အိပ်ရမှာတောင် မဟုတ် တော့ဘူး၊ စားစရာတော့ ဟိုတယ်မှာ တစ်ခုခု သွားဝယ်ကွာ"

ဒိုးက ထိုသို့ ဆိုပြန်တော့လည်း မြတ်လေးနွယ် အားနာ သွားရသည်။

"အေး. . . အေး. . . မင်း ပိုင်းလုပ်တော့ အဆင်ပြေတာ ပေါ့၊ ဒါပေမယ့် စားစရာ ဟိုတယ်မှာ သွားဝယ်ဖို့ မလိုဘူးကွ၊ ငါ ဒီနေ့ ဘဲပေါင်းထားတယ်၊ ဒီနေ့ပဲ ဈေးဝယ်ထွက်တော့ ရေခဲသေတ္တာ ထဲမှာ အစုံရှိတယ်၊ ဘာစားချင်သလဲ ဆိုတာသာပြော"

"အဆင်ပြေသလိုသာ ကြည့်လုပ်ပါ ဘသိုက်ရာ၊ သွားပြင် ချေ"

"အေး. . . အေး. . . ခဏစောင့်၊ သိပ်မကြာပါဘူး၊ ခဏ နော် ဆရာမ"

"ရပါတယ် ဦးဘသိုက်၊ အထူးအထွေ မပြင်နဲ့နော်၊ ရှိတာနဲ့ ပဲ စားလို့ဖြစ်ပါတယ်၊ ကျွန်မ ဘာအကူအညီ ပေးရဦးမလဲ"

"ရပါတယ် ဆရာမ၊ အေးအေးဆေးဆေးသာ ထိုင်နေပါ၊ အဲဒါ အကောင်းဆုံးသော ကူညီမှုပဲ"

မြတ်လေးနွယ် ပြုံးလိုက်မိသည်။ ယောက်ျားတစ်ဦး၏ ကြံ့ခိုင်သော ခန္ဓာကိုယ်၊ မုတ်ဆိတ်မွေး ပါးမြိုင်းမွေးတို့ဖြင့် ခန့်ညားမှု ကို ဖန်တီးထားသော်လည်း ကိုယ်ဟန်က အနည်းငယ် နူးညံ့ပျော့ ပျောင်းသည်။ သွားလာပုံ၊ ပြောဆိုပုံ၊ လေယူလေသိမ်းမှအစ နူးညံ့ ပျော့ပျောင်းနေသဖြင့် ဦးဘသိုက်၏စိတ်ပိုင်းဆိုင်ရာ ချွတ်ယွင်းမှုကို



www.burmeseclassic.com

www.burmeseclassic.com



အနည်းငယ် ရိပ်မိသကဲ့သို့ ရှိသည်။

ဒိုးကို သည်လိုလူမျိုးနှင့် ပေါင်းတတ်ပါလားဟုလည်း အံ့အားသင့်ရသည်။

ညော့ခန်းနှင့် ကပ်လျက်အခန်းကို ဖုန်တဝုန်းဝုန်း တဒိုင်းဒိုင်း ခါနေသံ ကြားရသော်လည်း ထ၍မပြင်ပေးမိ။

ခြေကုန်လက်ပန်းကျနေပြီ။

"ဟတ်. . . ဟတ်. . . ချိုး၊ ဟတ်ချိုး"

ဖုန်ခါသူက ဘာမှမဖြစ်ဘဲ အပြင်မှ မိမိ နှာချေလေပြီ။

"ဒုက္ခပါပဲ ကိုဒိုးရ. . . ဖြည်းဖြည်းခါပါ၊ အိမ်ရှေ့မှာ ဆရာမ နှာချေနေပြီ"

မီးဖိုဘက်အခန်းမှ အသံထွက်ပေါ်လာသည်။

"ရ. . . ရပါတယ်. . . ဟတ်ချိုး"

အအေးမိလေပြီဟု သိလိုက်သည်။ ကိုယ်လက်တို့ပင် နာကျင်ကိုက်ခဲလာစ ပြုလေပြီ။ ယခုပင် လှဲ၍အိပ်ချလိုက်ချင်သည်။

ဒေါ်လေးကို မခေါ်ခဲ့ခြင်းကို နောင်တရလိုက်မိသည်။ ဒေါ်လေးသည် အနည်းငယ် ချူချာသဖြင့် ခရီးသွားရတာ ပင်ပန်းပါသည်ဟူသော စေတနာဖြင့် ထားရှိခဲ့သည်။

ယခုလို ဒိုးနှင့်သာ မတွေ့ခဲ့လျှင် အိတ်တစ်ဖက် ခြင်းတောင်းတစ်ဖက်နှင့် ဟိုပြေးသည်ပြေးနှင့် ဒုက္ခရောက်လိုက်မည် ဖြစ်ခြင်း။

ဟန်ဆောင်၍ပင် ဘယ်သူ့ကိုမှ အကူအညီပေးရန် မတတ်နိုင်တော့။

"ဆရာမ"

"လှဲချင် လှဲလို့ရပြီ၊ ရေချိုးခန်းလဲ အထဲမှာ အဆင်သင့်





ရှိတယ်"

ဒိုးစကားကို ခေါင်းညိတ်ရုံသာ ညိတ်ပြခြင်းဖြင့် နာခံလိုက်သည်။

"နေမကောင်းဘူးလား"

"ကောင်းပါတယ်. . . ဘာဖြစ်လို့ မေးတာလဲ"

"မျက်နှာနည်းနည်းနီနေသလားလို့"

"ဘာမှ မဖြစ်ပါဘူး"

မိမိဘာသာမိမိ ကြိတ်၍ဆေးသောက်လိုက်တော့မည်ဟု ဆုံးဖြတ်ပြီး ဖြစ်သဖြင့် သူ့အား ဘာမှ မဖြစ်သလိုဟန်မျိုးဖြင့် ပြောလိုက်ပြီး သူ ပြင်ဆင်ထားပေးရာ အိပ်ခန်းသို့ တန်းဝင်ခဲ့သည်။

ကျယ်ကျယ်ဝန်းဝန်း ရှိလှသည်။ သို့သော် ဖုန်တော့ သိပ်မပြောင်လှ၊ ထူထပ်နေသေးသည်။

သက်ပြင်းမောတစ်ချက် ချပြီး သားရေအိတ်ကို ဖွင့်လိုက်သည်။ ယခုမှ အခက်ကြုံရသည်။ မျက်နှာသုတ်ပုဝါ မပါ၊ ကိုယ့်မိဘအိမ် ကိုယ်သွားသည်ဆိုတော့ ဟိုမှာက မိမိပစ္စည်းတွေ ရှိနေသည်ဖြစ်၍ မျက်နှာသုတ်ပုဝါ မပါ၊ အင်္ကျီတစ်စုံနှစ်စုံက မိုးစိုပါက လဲချင်လဲရအောင်ဆိုကာ လိုရမယ်ရ ထည့်လာ၍ အတော်ဖြစ်သွားသည်။

"ဆရာမ. . ."

"ရှင်. . ."

"မျက်နှာသုတ်ပုဝါ လာပို့တာ"

ဒိုးအသံကြောင့် တံခါးဖွင့်ပေးကာ မျက်နှာသုတ်ပုဝါကို လှမ်းယူလိုက်သည်။

"ကျေးဇူး"

"နေမကောင်းရင် ရေမချိုးနဲ့နော်၊ ခြေလက်ပဲဆေး"

"ဟုတ်ကဲ့"



www.burmeseclassic.com

www.burmeseclassic.com

"ကဲ. . . နားချင်နားလိုက်၊ အားလုံး အဆင်သင့်ဖြစ်နေ နှိုးမယ်"

ပြောပြောဆိုဆို သူကပင် တံခါးဆွဲပိတ်ပေးကာ ထွက်သွား သည်။

သူစိမ်းယောကျ်ားတစ်ဦး၏ဂရုတစိုက် ရှိမှုကို ခံရခြင်း သည် ပထမဦးဆုံး ဖြစ်ပေမည်။

တိုးနှင့်က ချစ်သူဖြစ်၍ ချစ်သူ၏ဂရုတစိုက်ရှိမှုကို ကြည် မွေ့စွာ ခံစားရင်း ပျော်ရွှင်နေတတ်သည်မှာ အဆန်းမဟုတ်ဟု ထင်ပါသည်။

သို့သော် တိုးနှင့်က ရန်ကုန်ပရိဝုဏ်အတွင်းက လွဲ၍ ဝေးဝေးလံလံဆို၍ သံလျင်ကျောက်တန်း ရေလယ်ဘုရားလောက် ကိုသာ သွားဖူးသည်။ နှစ်ယောက်တည်း မဟုတ်။ သူငယ်ချင်း စုံတွဲများလည်း ပါကြသေးသည်။

ရုပ်ရှင်ကြည့်လျှင်လည်း ထို့အတူပင်၊ သူငယ်ချင်းလို သန့်ရှင်းခဲ့ကြသည်။ သွားလာလျှင်. . .

"လာစမ်းပါ သွေးရာ၊ တုံ့နှေးတုံ့နှေးနဲ့" ဟု ဆိုကာ မိမိ လက်ကို ဆွဲကာ ချိုင်းထဲ ညှပ်ထည့်ပြီး ခေါ်သွားတတ်သည်။

စိတ်မထင်လျှင် ခေါင်းခေါက်တတ်သေးသည်။

မှတ်မှတ်ရရ သူ့အနမ်း ခံရသောနေ့သည် သူနှင့်မိမိ ဘာ ခြားသွားသောနေ့။

ရင်မှာ ဆို့နင့်လာသည်။

ဘယ့်နှယ် မေ့မေ့ပျောက်ပျောက် ထားကာမှ တမ်းတ သတိရလွမ်းဆွတ်သော ဝေဒနာရပ်က မိမိထံ ဝင်ရောက်လာရ လိမ့်။

ဒိုးကြောင့် ဒိုးကြောင့် ထင်ပါသည်။





ခေါင်းမူးဝေကာ ဇက်များ လေးလံလာသည်။ မျက်နှာ သုတ်ပုဝါကို ကိုင်ကာ တံခါးရှေ့၌ ရပ်နေမိရင်း အတွေးရေယဉ် ကြော၌ တဒင် လွင့်ပါးသွားမှုကို သတိရကာ ထိန်းချုပ်လိုက်ပြီး ရေချိုးခန်းဘက် လျှောက်ခဲ့သည်။

မိမိကိုယ်မိမိ မကျေနပ်နိုင်အောင်လည်း ဖြစ်မိသည်။ ဘာကြောင့်များ သူ့အကူအညီကို လိုလိုလားလား လက်ခံနေရပါ သနည်း။

မြတ်လေးနွယ်သည် ယခင်လည်း ခရီးဝေးကို တစ် ယောက်တည်း သွားနေကျ ဖြစ်ခဲ့ပါသည်။ သီပေါ၌ တာဝန်ကျစဉ် တလည်း ဘယ်သူ့အကူအညီမှ မယူခဲ့ပါ။ ယခုမှသာ. . .

ရေချိုးခန်း ဝင်ပြီး ရေချိုးရနိုး မချိုးရနိုး ချီတုံချတုံ ဖြစ်နေ မိသည်။

ခြေထောက်လက်ထောက် ရေအရင်လောင်းပြီး ကမန်း ကတန်း ချိုးချလိုက်သည်။

ခိုက်ခိုက်တုန်တက်သွားသည်။

'ဒုက္ခပါပဲ. . . အဖျားသွေး ရှိတယ်ထင်ပါရဲ့' ဟု စိတ်တွင်း ညည်းတွားပြီး မြန်မြန်လောင်းချပြီး ဆပ်ပြာတိုက်၊ ပြန်လောင်းနှင့် အမြန်ဆုံး လုပ်သည့်ကြားက ခေါင်းသည် ထိုးအုံကိုက်ခဲမှု ပိုလာ သည်။

ရေကို စင်ကြယ်အောင် သုတ်ပြီး အဝတ်တစ်စုံ ထုတ်ဝတ် လိုက်သည်။

ပြီးသည်နှင့် အိပ်ယာပေါ် လှဲချလိုက်သည်။

ရှေ့ပေါင်းမှန်ဘီရိုကြီးတွင် တပ်ဆင်ထားသော လူတစ် ရပ်ကျော်စာ မြင့်သော မှန်ထဲ၌ နုံးခွေစွာ လဲလျောင်းနေသည့် မြတ်လေးနွယ်ကို တွေ့လိုက်ရသည်။ ကြည့်ရင်းကြည့်ရင်း၌ ပုခက်



www.burmeseclassic.com

www.burmeseclassic.com



သဖွယ် လှုပ်လာသည်။


"ဘုရား. . . ဘုရား"

အားယူ၍ ထလိုက်သော်လည်း မရတော့။ ခေါင်းသည် မိုက်ခနဲဖြစ်ကာ ခေါင်းအုံးပေါ် ပြန်ကျသွားသည်။

"ဒိုးရေ. . ."







## အခန်း(၁၇)

တအိအိ ပြိုဆင်းလာသော ပိတောက်ပန်းတို့သည် မိမိပေါ် မှန်အုပ်မိုးလာသည်။

မွန်းကျပ်မှုမှ ရုန်းထွက်နိုင်ရန် ပိတောက်ပန်း တောင်ကို ှာခိုင်းပြေးထွက်ခဲ့သည်။

မရ။ လမ်း၌ ပိတောက်များ ပြည့်လျှံနေသည်။

ပန်းပိတောက် ကောဇောခင်းထားသည်။

ပြေးလွှားရင်း ပိတောက်ပန်းစက်ကွင်းမှ ရုန်းထွက်၍ ပါချေ။



www.burmeseclassic.com

www.burmeseclassic.com



ကိုယ်လက်တို့ မသယ်နိုင်အောင် နုံးလာသည်။ ရင်အစုံ၏ ဖိုလှိုက်ဖိုလှိုက်ဖြစ်မှုသည် ဖားဖိုကြီး ဆွဲသည့်နှယ် ရှိုးရှိုးရှဲရှဲ မြည်နေ သည်။

ပိတောက်ပန်းတို့သည် အသွင်ပြောင်းသွားသည်။ မိုးရေ မိုးစက်တို့ ဖြစ်လာသည်။ မိုးက သည်းသည်းထန်ထန် လျှပ်ပန် လျှပ်နွယ်တို့က မဟူရာရောင်၊ မိုးသားကောင်းကင်၌ သဇင်ပန်းခိုင် နှယ် လင်းလင်းလက်လက်၊ ဝင်းဝင်းပြောင်ပြောင်နှင့် ရှိချေသည်။

မိုးရေထဲ လျှောက်လှမ်းရင်း ခြေထောက်တို့ကို ရေများ လွှမ်းမိုးနေသည်။ ပင်လယ်လည်းမဟုတ်၊ ကွင်းပြင်ကျယ်ကြီး ရေဖွေးဖွေးတို့နှင့် ပြည့်နေသည်။

မိုးရေများများသည် မိမိတစ်ကိုယ်လုံး ကြွက်စုတ်က ရေမွန်းသည့်နှယ် ဖြစ်အောင် သည်းသည်းထန်ထန် ပက်ဖျန်းလျ ရှိသည်။

ကမ်းနံဘေး၌ ထိုးရပ်နေသည်။

"တိုး. . ."

ဝမ်းသာအားရ ဟစ်အော်လိုက်သည်။

တိုးက မလာ၊ ခပ်တည်တည်နှင့်ကြည့်နေသည်။ ပိတော ပန်းတို့ကို ပွေ့ပိုက်ထားသည်။

"တိုးရေ. . . တိုးရေ"

တိုးထံသို့ တိုး၍တိုး၍သွားသော်လည်း ရောက်ရှိ၍ မသ သည့်အပြင် ဝေး၍ဝေး၍သွားသည်။

"တိုးရယ်"

ရေထဲမှ မောကြီးပန်းကြီး ပြေးလွှားရင်း မောဟိုက်လာ သည်။

"တိုး. . ."





"သွေး. . . မပြေးနဲ့"

"ဟင်. . ."

ရေထဲမှာလည်း တိုးတစ်ယောက်ပါလား။

ကုန်းပေါ် ကြည့်လိုက်၊ နောက်သို့ လှည့်ကြည့်လိုက်နှင့် ခါင်းတို့သည် ချာချာလည်ကာ တိုးတို့သည် အများကြီး ဖြစ်လာ၏။

"တိုး. . ."

"တိုး. . ."

"တိုး. . ."

တိုးကိုယ်ပွားအများကြီးသည် မိမိအပါး၌ အများကြီးဖြစ် ကာ ချာချာလည်လာသဖြင့် မူးဝေလာသည်။

ရပ်တည်ရာမရအောင် ဖြစ်ပေါ်လာသည်။ အသံကုန် စ်အော်လိုက်မိသည်။

"တိုး. . ."

"သွေး"



www.burmeseclassic.com

www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com





## အခန်း(၁၈)

"သွေး. . ."

တွယ်ရာမဲ့ လွင့်မျောနေသော ခန္ဓာကိုယ်သည် မှီတွယ်ရာ ရသွားသည့်အတွက် မြတ်လေးနွယ် အားကိုးတကြီး ဆုပ်ကိုင်လိုက်သည်။ မျက်ရည်စက်နှင့် ရောထွေးနေမှုဖြင့် ခိုက်ခိုက်တုန်အောင် ချမ်းတုန်ထုံကျဉ်နေသော ခံစားမှုကို စတင်သိရှိလိုက်ရသည်။

ခန္ဓာကိုယ်တစ်ခုလုံး ဆတ်ဆတ်တုန်ယင်နေသည်။

"သွေး. . ."

အိပ်မက်ဝက်ဘာမှ လွတ်မြောက်လာပြီဟု အားတက်သရော ထင်မြင်မိသော်လည်း မျက်လုံးအဖွင့်၌ မှုန်ရီဝေဝါးသော





တိုးရုပ်သွင်ကို ကိုယ်ပွားများစွာဖြင့် မြင်မက်မိသည်။

"သတိရပြီလား"

အုပ်မိုးကြည့်နေနှသော တိုးရုပ်သွင်ကို ပီသထင်ရှားစွာ တွေ့မြင်လိုက်ရသည်နှင့် အရာရာကို သဲကွဲစွာ တွေ့မြင်လိုက်သည်နှင့် စိုးရိမ်တကြီး ကြည့်နေသော တိုးနှင့် နောက်မှ လူစိမ်းတစ်ဦး။

ထိုလူစိမ်းကို မြင်ဖူးသလိုလို ရှိသဖြင့် စဉ်းစားကြည့်လိုက်သည်။ ကိုဘသိုက်။

အခြေအနေအရပ်ရပ်ကို သဘောပေါက်လိုက်မိသည်နှင့် ရှက်ရွံ့စိတ်နှင့် သေချင်စိတ်ပင် ပေါက်သွားသည်။

သူစိမ်းယောကျ်ားနှစ်ဦးရှေ့၌ ပက်လက်နှင့် အဖျားကြီးကာ သတိလစ်နေမိသည့်အဖြစ်ကို ရှက်ကြောက်ခြင်းက မျက်နှာတစ်ပြင်လုံး ပို၍ထူပူလာစေသည်။ တစ်ဆက်တည်း မိမိအားကိုးတကြီး ဆုပ်ကိုင်ထားသော လက်သည် ဒိုး၏လက် ဖြစ်နေသည်။

"အားမငယ်နဲ့ ဆရာမ၊ ဆရာဝန် ပင့်ထားတယ်"

ကိုဘသိုက်က အားပေးစကား ပြောလေသည်။

စေးထိုင်းထိုင်းဖြစ်နေသောလက်ကို ဖြန့်ကြည့်တော့. . .

"ဟင်. . ."

သွေးများကို တွေ့ရသဖြင့် မူးဝေလာသည်။ မျက်လုံးကို မှိတ်ကာ မူးဝေခြင်းကို ဖြေဖျောက်လိုက်သည်။

"ဆောရီး. . . ကျွန်တော့်လက်က သွေးတွေပါ။ ဆရာမလက်ကို ကူးသွားတာ၊ ကျွန်တော် ဆေးပေးမယ်"

ဒိုးက ညင်သာစွာ ရှင်းပြသည်။

ဒိုးလက်ကို မိမိက အားကိုးတကြီး ဆုပ်ကိုင်မိခြင်းလား၊ ဒိုးက စိုးရိမ်တကြီး ဆုပ်ကိုင်လာခြင်းလားကိုတော့ မတွေးချင်တော့။

ဒိုးလက်က ဘာဖြစ်၍ သွေးပေနေရသလဲ။



www.burmeseclassic.com

www.burmeseclassic.com



“ဒီကောင်က ဆရာမကို ခေါ်တာ၊ ခေါ်မရတော့ ပြတင်းပေါက်မှန်ကို လက်သီးနဲ့ ထိုးခွဲပြီး တံခါးဖွင့်ယူပြီး ဝင်တာ ဆရာမ အဲဒါကြောင့် သူ့လက်မှာ ဒဏ်ရာရပြီး သွေးပေနေတာ”

မြတ်လေးနွယ် ဒိုးအား ကြည့်လိုက်သည်။ စောစောက ‘သွေး’ ဟု စိုးရိမ်တကြီး ခေါ်သံသည် အိပ်မက်ထဲမှ တိုး၏ခေါ်သံလေလား၊ ယခုလက်ရှိအနေအထားမှ ဒိုး၏ခေါ်သံလေလား ဝေခွဲမရပါ။

မည်သို့ဆိုစေကာမူ ဒိုး၏အကြင်နာမျက်ဝန်းကို ကြည့်ကာ မျက်ရည်များ အတားအဆီးမဲ့စွာ ခုန်ပေါက်ပြေးထွက်လာသည်။

“ဘာဖြစ်လို့ ငိုရတာလဲ ဆရာမရယ်. . . အားမငယ်ပါနဲ့၊ ကျွန်တော်တို့ ရှိပါတယ်၊ ကိုဘသိုက်. . . ဆရာဝန် မလာသေးဘူးလား”

ဒိုးက ခြေမကိုင်မိ လက်မကိုင်မိဟန်ဖြင့် အားပေးရင်း ကိုဘသိုက်ကိုလည်း လှမ်း၍လောလိုက်သည်။

“ဒါကတော့ ငါလဲ ဘယ်သိမလဲ၊ ခေါ်ထားတာပဲ. . . လာမယ်လို့ ပြောတာပဲ၊ လာမှာပေါ့ကွာ”

“ဖုန်းထပ်ဆက်လိုက်ပါဦး. . . ထွက်လာပြီလားလို့”

“ဟင်း. . . ခက်တော့တာပဲ ဒိုးရယ်၊ ငါတော့ ထင်တယ်၊ လူနာထက် မင်းရောဂါက ပိုသည်းတယ်လို့ ထင်တယ်”

“မင်းကလဲကွာ”

မြတ်လေးနွယ် ခပ်စောင်းစောင်းလေး ရွှေ့ပြောင်းအိပ်ကာ မျက်ခွံတံခါး အသာပိတ်ကာ မှိန်းနေလိုက်သည်။

အနေခက်ခြင်း၊ အားငယ်ခြင်း၊ ရှက်ကြောက်ခြင်း ဝေဒနာရပ်တို့ကို မျက်ခွံတံခါးဖြင့် အကာအကွယ် ယူထားခြင်းသည်သာ အကောင်းဆုံး ဖြစ်လိမ့်မည် ထင်ပါသည်။





“ဆရာမ လက်ရေဆေးပေးမယ်နော်. . . ခွင့်ပြုပါ”

သူစိမ်းဆန်စွာဖြင့် ယဉ်ကျေးသိမ်မွေ့နေပြန်သည်။

ဆိတ်ဆိတ်နေခြင်းဖြင့်သာ တုန့်ပြန်လိုက်သည်။ သူနားလည်ဟန်တူပါသည်။ မိမိလက်ကို ညင်သာစွာ ကိုင်တွယ်ကာ ရေစိုအဝတ်လေးဖြင့် ပွတ်ပေးသည်။

ရင်မှာ နင့်ခနဲဖြစ်ကာ စောစောက ရပ်နားသွားသော မျက်ရည်စက်တို့ ပြန်လည်နိုးကြားသွားသည်။

“ဟာဗျာ. . . မငိုပါနဲ့၊ ဒိုးရှိပါတယ်”

ဒိုး၏အကြင်နာကို မိမိမှ မလိုချင်ဘဲ။ သို့သော် ငြင်းဆန်နိုင်သောအင်အားတို့ မရှိသကဲ့သို့ သူ့အယုအယကို လိုလားခြင်းနှင့် ကြေကွဲခြင်းတို့ ရောထွေးစွာ ခံယူလိုက်ရသည့်အတွက် ဝမ်းနည်းမိသည်။ တိုးနှင့်သာ ဆိုပါက. . .။

“ဆရာမကို ထမင်းစား လာခေါ်တော့ တံခါးခေါက်တာမရလို့ စိတ်ပူပြီး မှန်တံခါးဘက်က လှည့်ချောင်းတယ်၊ အော်သံလိုလိုလဲ ကြားမိတာနဲ့ ကြံရာမရဘဲ မှန်တံခါး ထိုးခွဲပြီး ဝင်လိုက်ရတယ်”

“နွယ်. . . နွယ်. . . အိပ်မက်မက်နေတယ်၊ တိုး. . . တိုးလေ”

“မတွေးပါနဲ့တော့. . . ကိုယ်တွေ ခြစ်ခြစ်တောက်ပူပြီး ဖျားနေတော့ စိတ်စွဲလမ်းရာ လျှောက်မက်တာ ဖြစ်မှာပါ”

မြတ်လေးနွယ် ဒိုးမျက်ဝန်းကို အားဖျော့သောအကြည့်ဖြင့် ကြည့်လိုက်သည်။

ကရုဏာပြုံး၊ နှစ်သိမ့်ပြုံး၊ အားပေးသောအပြုံးနှင့် ပြုံးကာ သူ့လက်ကိုသူ ရေစိုဝတ်နှင့် သုတ်သည်။

လက်ဖမိုးပေါ်မှ မှန်ကွဲဒဏ်ရာမှာ အရေခွံများပင် လန်



www.burmeseclassic.com

www.burmeseclassic.com



လျက်ရှိသည်။

"ကိုယ် ဝင်ခဲ့လို့ ရမလား"

အိပ်ခန်းဝမှ ခပ်ကြောင်ကြောင် မေးခွန်းသံ ထွက်ပေါ် လာသည်။

စောစောက ခွင့်မတောင်းဘဲ ဝင်ထွက်ခဲ့သော ကိုဘသိုက် သည် ယခုမှ ဘာစိတ်ကူးပေါက်သည်မသိ၊ လူမမာပင် ပြုံးလိုက်မိ သည်။

"မင်းကြီးတော် ဝင်ခဲ့လို့ရတယ်၊ ဘယ်သူမှ မင်းကို ကိုက် မစားဘူး"

"ငါ့ကို မကိုက်စားမှန်းတော့ သိပါတယ်၊ ဒါပေမယ့် အနှောင့်အယှက်များ ဖြစ်မလားလို့"

"ကိုင်း. . . ဆရာဝန်က ဘာတဲ့လဲ"

"ဆရာဝန်နဲ့တော့ မတွေ့ဘူး၊ ဒါပေမယ့် ထွက်လာပါပြီတဲ့ ခန့်မှန်းခြေအရဆိုရင် မကြာခင် ငါးမိနစ်အတွင်း ရောက်လာလိမ့် မယ်လို့ ငါယူဆတယ်"

"အေး. . . ယူဆရင် ရေနွေးအဆင်သင့် လုပ်ထား"

"ယောကျ်ားဆရာဝန်လား၊ မိန်းမဆရာဝန်လား"

မြတ်လေးနွယ် ကြားဖြတ်မေးလိုက်သည်။

"ယောကျ်ားဆရာဝန်"

"ဟင်. . ."

စိတ်ပျက်လက်ပျက် ထပ်မံဖြစ်မိပြန်သည်။ ရက်လွန်း၍ စောစောက တစ်ခါတည်း အဖျားတက်ကာ သေမသွားခြင်းအတွက် ကိုပင် စိတ်ထိခိုက်ရသကဲ့သို့ ဖြစ်သွားရသည်။

မိန်းမသားများသည် အသက်နှင့် လူလုပ်သည်မဟုတ်ဘဲ အရှက်ဖြင့် လူလုပ်ခြင်းဖြစ်ကြောင်း ယခုမှ သဘောပေါက်မိသည်။





ဆိုင်ကယ်သံသည် မိုးသံဖွဲဖွဲကို ဖောက်ထွင်း၍ မြတ်လေး နွယ်တို့ထံသို့ ဝင်ရောက်လာသည်။

"ဟော. . . လာပြီထင်တယ်၊ လူမှာ အသက်ထက် ဘာက မှ အရေးမကြီးဘူး၊ နေကောင်းသွားဖို့ အရေးကြီးတယ်၊ ဒိုးတို့ အားလုံးကို မောင်နှမတွေလိုပဲ သဘောထားလိုက်. . . ဟုတ်လား"

ဒိုးက အားပေးစကားဖြင့် နှစ်သိမ့်ပြန်သည်။ မိမိစိတ်ကို ဖောက်ထွင်းမြင်ရောက်နိုင်စွမ်းလည်း ရှိပါလားဟု တွေးကာ အားကိုးစိတ်ဖြင့် ခေါင်းညိတ်လိုက်သည်။

ယခုအချိန်မှာ မြတ်လေးနွယ်အတွက် ဒိုးသည်သာ အရင်း နှီးဆုံးသောသူ ဖြစ်နေခြင်းကြောင့်လည်း ဖြစ်သည်။

"ဒေါက်တာ လာပြီ"

"အအေးမိပြီး ဖျားတာ ဒေါက်တာ"

ကိုဘသိုက်အသံကို ကြားလိုက်ရသည်။

"ဒေါက်တာ စမ်းသပ်ပါစေဦးကွာ"

ဒိုးက မိကျောင်းမင်း ရေခင်းပြသလို ဖြစ်နေသော ကိုဘ သိုက် စကားကို ဟန့်တားလိုက်သည်။

"ခင်ဗျား. . . တိုး. . မဟုတ်နိုင်တာ၊ ဟင်. . . မြတ်လေး နွယ်ပါလား"

မြတ်လေးနွယ် အံ့အားသင့်သွားသည်။ မျက်လုံးပြန်ဖွင့် လိုက်သည်။

ဒိုးတို့အရွယ် ဆရာဝန်တစ်ဦး။ အသားညိုညို မျက်မှန် ထူထူနှင့် အညာသားပုံ ပေါက်နေသည်။

မြင်ဖူးသလိုလို ရှိသည်။

"ဒေါက်တာက သူ့ကို သိလို့လား"

"သိပါတယ် တိုး၊ တိုးနဲ့အပြိုင် ပရိုပို့စ်လုပ်ဖူးတာပဲ၊ တိုးက



www.burmeseclassic.com

www.burmeseclassic.com



ရသွားတော့မှ လက်လျှော့လိုက်ရတာ”

ဩော်. . . သိပြီ။ ဒေါက်တာမြင့်ဦး။

တိုး ဆုံးသွားပြီးနောက် ကျောင်းပြန်တက်ချိန်တွင် တစ်ကြိမ်ရောက်လာကာ ပရိုပို့စ်ထပ်လုပ်ဖူးသေးသည်။

“ကျွန်မအချစ်ဟာ တိုးနဲ့ သေဆုံးသွားပါပြီ၊ ဒါကြောင့် ကျွန်မ ဘယ်ယောကျ်ားကိုမှ မချစ်နိုင်တော့သလို အိမ်ထောင်လ မပြုတော့ပါဘူး” ဟု ယတိပြတ် ပြောလိုက်သည်။ ထို့နောက် လုံး ပေါ်မလာတော့ချေ။

“ဩော်. . . ကျွန်တော်က ဒိုးပါ၊ တိုးရဲ့အမွှာညီ”

“ကွန်ဂရက်ကျူလေးရှင်းဗျာ. . . ဒီလိုပဲ ဖြစ်ရမှာပေ ခင်ဗျား ကံကောင်းပါတယ်”

ဘာတွေလဲ။ ကိုဘသိုက်ကြီး ဘာတွေ ရှုပ်လိုက်သည်ဟု မပြောနိုင်ချေ။


မြတ်လေးနွယ် မျက်လုံးပြန်မှိတ်ထားလိုက်သည်။ ယခုနေ သတိမေ့မျောနေလျှင်လည်း ကောင်းလိမ့်မည် ထင်ပါသည်။

သူစိမ်းယောကျ်ားသုံးဦး၏ပြုစုကုသမှုကို မိမိရှက်ရွံ့ခြင်း များစွာဖြင့် မငြင်းမဆန် လက်ခံလိုက်ရတော့မည်။

‘အသွားမတော်တစ်လှမ်း’ ဖြစ်ခဲ့ရလေပြီ။ ဒီလိုမှန်း သိ လျှင် ခရီးမထွက်ခဲ့ပါဘူး၊ ယခုတော့ ကုသိုလ်အလုပ်ကို ရှောင်ရှား သဖြင့် ဒုက္ခရောက်ခြင်းထင့်။







## အခန်း(၁၉)

“ဟင်. . .”

ဆေးအရှိန်ဖြင့် အိပ်ပျော်သွားခြင်းမှ နိုးလာသောအချိန် တွင် ဒိုးကို ဒရင်းဘက်ပေါ်တွင် အိပ်ပျော်လျက်ရှိသည်ကို တွေ့ လိုက်ရသည်။

ခေါင်းက ရီဝေနေသေးသည်။ ကိုယ်ပေါ်မှစောင်ကို ခွာ လိုက်ချိန်တွင် ပထမဦးဆုံး သတိပြုမိလိုက်သည်က မိမိကိုယ်ပေါ်မှ အဝတ်အစားများ။

“အို. . .”



www.burmeseclassic.com

www.burmeseclassic.com

ညအိပ်စဉ်က ဝတ်ထားသော မိမိအင်္ကျီ မဟုတ်တော့ ရှပ်အင်္ကျီပွပွနှင့် ကျန်ရှိသောအိတ်ထဲမှ အဝတ်တစ်စုံမှ လုံချည်ဖြစ်နေသည်။

ဒါတွေ ဘယ်သူလဲပေးသနည်း။

ယောက်ျားနှစ်ဦးတည်း ရှိနေသောအိမ်တွင် ဘယ်သူလဲ ပေးစရာ ရှိသနည်း။

မျက်လုံးက တစ်ခန်းလုံး ဝေ့ဝဲရောက်သွားစဉ် အဝတ်စင်၌ ဖြန့်လှန်းထားသော မိမိအင်္ကျီနှစ်ထည် ဘရာစီယာနှစ်ထည်နှင့် ထဘီနှစ်ထည် လျှော်ပြီးလှန်းထားသည်။

ဘယ်သူ လျှော်ထားသနည်း။

အဝတ်လျှော် ငှား၍လျှော်ထားရအောင်ကလည်း ယခုမှ မိုးလင်းခါစ ရှိသေးသည်။

မိုးလေဝသ အခြေအနေကတော့ မကောင်းသေးပေ အုံ့အုံ့ပျပျနှင့် လွှမ်းမောဖွယ်ရာအသွင်ကို ဆောင်နေသည်။

စိတ်လျှော့လိုက်သည်။ ဖြစ်ဖြစ်သမျှ အကောင်းကြီးပဲဟု သဘောထားလိုက်သည်။ ခုတင်ပေါ်မှ အသာဆင်းပြီး စောင်တစ်ထည် ယူကာ ဒိုးအပါးသို့ ညင်သာစွာ ချဉ်းကပ်ခဲ့သည်။

နိုးသွားမှာ စိုးရိမ်သည်။

စောင်ကို ခြုံပေးရန်း ချီတုံချတုံ ဖြစ်နေသည်။ အကယ်၍ ခြုံပေးလိုက်၍ နိုးသွားပါက သူ့ခမျာ အိပ်ပျက်သွားရှာမည်။ ထို့ထက် ပိုဆိုးသည်က နိုးသွားလျှင် သူ့မျက်နှာကို မိမိမည်ကဲ့သို့ ရင်ဆိုင်ရမည်နည်း။

တရှူးရှူးနှင့် အသက်မှန်မှန်ရှူကာ အိပ်ပျော်နေသူသည် စောင်ခြုံပေးရုံမျှနှင့် မနိုးနိုင်ဘူးဟု ထင်ပါသည်။

ထို့ကြောင့် ညင်သာစွာ လွှမ်းခြုံပေးလိုက်သည်။





ဒိုးသည် တုတ်တုတ်မှ မလှုပ်ချေ။

ပင့်သက်မောကို မသိမသာ ခိုးချပြီး အသာလေး လှည့်ထွက်ခဲ့သည်။

ဒိုးနှင့်တိုးကို ခွဲခြား၍ ရနိုင်ပါတော့မလား။

ရင်ဝယ် လှိုက်ဖိုမောကာ ကတုန်ကယင်နှင့် ဖြစ်လာသည်။

ဟုတ်ပါသည် မိမိအဝတ်တွေကို လျှော်ပေးထားသူမှာ ဒိုးမှလွဲ၍ အခြားမည်သူဖြစ်နိုင်ပါအံ့နည်း။

အားနာခြင်းဖြင့် ကျေးဇူးတင်သွားမိသည်။

မျက်နှာသစ်၊ ကိုယ်လက်သန့်စင်ပြီး ရေအိမ်ခန်းမှ ထွက်လိုက်စဉ် ခြေလက်တို့သည် မသယ်နိုင်အောင် ဖြစ်လာသည်။ ဖျားနာသည့်အရှိန် ဆေးရှိန်တို့က လူကို နုံးစေသည် ထင်ပါသည်။

မနည်းပြန်ထွက်ခဲ့ရသည်။

"ဟာ. . . လဲတော့မှာပဲ၊ ဒိုးကို နှိုးလိုက်ပါလား"

ဘယ်အချိန်ကများ နိုးပြီး စောင့်နေသည်မသိ၊ မိမိအား အသင့်ပင် လာတွဲခေါ်သည်။

"ရပါတယ် ဒိုး. . . နွယ့်ကို"

"ဘာမှ မတွေးနဲ့၊ နေကောင်းအောင်နေ၊ ဒိုးမှာ တာဝန်ရှိတယ်၊ ဟိုကောင် တိုးက ညကတောင် သတိပေးသေးတယ်၊ ခုနကလဲ သူနှိုးလို့ ဒိုး နိုးသွားတာ၊ ရေချိုးခန်းထဲမှာ သွေး ချော်လဲနေဦးမယ်တဲ့လေ. . . အဟင်းဟင်း"

မိမိအား အရှက်သည်းမှု လျော့နည်းသွားစေရန် တမင်ရွှေချယ်၍ ဟာသနှောနေမှန်း ပြတ်လေးနွယ် နားလည်ပါသည်။

"ကိုင်း. . . အိပ်ယာပေါ်မှာပဲ သက်တောင့်သက်သာနေပါ၊ ဒိုး ယူ ဆေးသောက်နိုင်ဖို့အတွက် စားစရာတစ်ခုခု သွားစီစဉ်လိုက်ဦးမယ်"



www.burmeseclassic.com

www.burmeseclassic.com

ခုတင်ပေါင်၌ ခေါင်းအုံးနှစ်လုံး ဆင့်ကာ သက်တောင့်သက်သာ ထိုင်နိုင်စေရန် ပြုလုပ်ပေးပြီး. . .

"ယူက လူနာ၊ ကိုယ့်ကို နာစ်လို့ပဲ သဘောထားရင် ယူ့အနေရအထိုင်ရ သက်သာသွားလိမ့်မယ်. . . ဟုတ်လား၊ ဘာဘာညာညာ မတွေးနဲ့၊ နေကောင်းမှ ပြန်ပို့ပေးနိုင်မယ်၊ ပြန်ချင်ရင် နေကောင်းအောင်နေ. . . ဟုတ်လား"

ခေါင်းကို ဖွဖွခေါက်ကာ ချာကနဲ လှည့်ထွက်သွားသည်။

မြတ်လေးနွယ် ဒိုး၏နောက်ကျောကို ကြည့်ရင်း ကြေကွဲဖွယ် မျက်ရည်စက်တို့ လိမ့်ဆင်းလာကြပြန်သည်။

"တိုးလိုပါပဲ"

ချစ်သူလိုသာမက သူငယ်ချင်းလို၊ သူငယ်ချင်းတောင်မှ မိန်းကလေး သူငယ်ချင်း အချင်းချင်းလို ပွင့်ပွင့်လင်းလင်း ရင်းရင်းနှီးနှီး ပေါင်းသင်း၍ကောင်းသည်။

စိတ်မထင်လျှင် ခေါင်းခေါက်တတ်သည်မှာလည်း တိုးအတိုင်းပင်။

အားနာခြင်းဖြင့် သူ့အား မေတ္တာတုံ့ပြန်ရမည်လား။

ဒါလည်း မဖြစ်နိုင်။

အချစ်ဆိုသည်မှာ အားနာသဖြင့် ပေးဆပ်၍ရသော အရာမဟုတ်။

လက်အုပ်ချီ၍သာ ကန်တော့လိုက်တော့မည်။

ဒိုးရယ် ညီအစ်ကိုနှစ်ဦးနှင့် ရေးရေစက်က ဆုံ့ဆုံနိုင်လွန်းလှသည်။

"ခဏနော်. . . ဟိုကောင် မနိုးသေးတော့ နို့အိုးပြန်နွေးနေလို့၊ ယူ ငိုနေသလား. . . ဘာဖြစ်လို့လဲ"

ဒိုးသည် မတ်ခွက်တစ်ခွက် ကိုင်ကာ ရောက်လာသည်။





မြတ်လေးနွယ်၏မျက်ရည်စတို့ကို တွေ့မြင်လိုက်သည်နှင့် စိတ်ထိခိုက်သွားဟန်ဖြင့် မျက်နှာညှိုးနွမ်းသွားသည်။

ခေါင်းခါယမ်းလိုက်သည်။

"ရေကျက်အေး သောက်လိုက်ဦးနော်၊ အာခေါင်တွေ ခြောက်နေမှာပေါ့. . . ခဏလေး"

ရေခွက်ကို ခုတင်ဘေးစားပွဲပေါ် တင်ပေးပြီးနောက် အဝတ်တန်းမှ အဝတ်များကို ရုတ်ယူလိုက်သည်။

"ဘာလုပ်မလို့လဲ"

"မီးကင်ထားပေးမလို့လေ. . . တော်ကြာ ယူချွေးထွက်ရင် လဲစရာ မရှိဘဲ နေမယ်၊ ကျွန်တော်မျိုးက ခင်ဗျားကို ထားပြီး ဈေးမှာ အဝတ်အစား သွားမဝယ်ပေးနိုင်ဘူးဗျ၊ ပြီးတော့ ကိုဘဆိုက်ကို မှာလို့လဲ ကမောက်ကမဖြစ်မယ်"

"ဒုက္ခပါပဲ. . . ငရဲကြီးတော့မှာပဲ"

"ငရဲကြီးတော့ ကောင်းတာပေါ့၊ ငရဲလေးကို နိုင်တယ်"

ပြောပြောဆိုဆို ယူပြီး ထွက်သွားသည်။

ဒိုးရယ်. . . တိုးထက်တောင် သဘောကောင်းလှချည်လား။

ယောက်ျားတွေလည်း ချစ်လာမိလျှင် ထဘီရယ်ဘာရယ်ဟု မခွဲခြားတတ်တော့ဘူး ထင်ပါသည်။ ဒါကြောင့်လည်း ချစ်သူအား ညာလက်ရုံး ပေးအုံးမိသဖြင့် ဘုန်းနိမ့်သွားရရှာသော မင်းနှာအား အဖြစ်ဆိုးနှင့် ကြုံရသည့် ဒဏ္ဍာရီကို သတိရမိသည်။

"တင်ပရေချာ ယူရအောင်"

ချက်ချင်းပင် ပြန်ရောက်လာသည်။

ဟောလစ်တစ်ခွက်နှင့် မုန့်ဘူးပါလာသည်။

ပြဒါးတိုင်ကို ခါကာ. . .



www.burmeseclassic.com

www.burmeseclassic.com



"ဟာ. . ."

"ပေး. . . ကိုယ့်ဟာကိုယ် ယူမယ်"

"လူနာက နှာစ်ကို တယ်နိုင်ပါလား၊ ဒီလို လူနာအပေါ်
ဆိုးပုံမျိုးနဲ့ဆိုရင် ဘယ်နှာစ်မှ ကြာကြာခံမှာ မဟုတ်ဘူး"

မြတ်လေးနွယ် တုံ့ပြန်မပြောနိုင်တော့ပါချေ။ အပူ
တိုင်း ပြဒါးတိုင်ကို လျှာအောက် ထည့်ကာ နှုတ်ခမ်းနှစ်လွှာ
ဖိကပ်ပိတ်ထားရသောကြောင့် ဖြစ်သည်။

"ယူ့ဒေါက်တာက စိတ်မချစွာနဲ့ မကြာခင် ရောက်လ
လိမ့်မယ်၊ ဒါတောင် အမြင်ကတ်တာနဲ့ ယူ့ကို ဒိုးမိန်းမလို့ ပြော
ပြီးလို့"

"ဘာ. . ."

ပြဒါးတိုင် ပြုတ်ကျသွားသဖြင့် ကမန်းကတန်း ဖမ်းယူ
ပြန်ထည့်လိုက်ရသည်။

"ဟုတ်တယ်လေ. . . အချစ်မှာ တရားတယ် မတရား
တယ် မရှိဘူး၊ ယူ. . တိုးနဲ့ မရလို့ အပျိုကြီး လုပ်မယ်ဆိုလုပ်. .
ရတယ်၊ ဒိုးလဲ တစ်သက်လုံး လူပျိုကြီးဘဝနဲ့ စောင့်ရှောက်သွား
တယ်၊ အဲ. . . တိုးကလွဲရင် ဒိုးကို ယူမယ်ဆိုရင်လဲ ရတယ်၊ ဒါ
မယ့် တခြားဘယ်ယောကျ်ားကိုမှ မယူရဘူး. . . စိတ်မဝင်စားရ
သူတို့ရဲ့ယုယမှုကိုလဲ မခံရဘူး၊ ဒါ ဒိုးဆန္ဒပဲ၊ ဒါကြောင့် အပြတ်
ပြောလိုက်တယ်၊ ဝါကျွတ်ရင် လက်ထပ်မှာလို့လေ၊ ဒေါက်တာ
မျက်နှာအပျက်ပျက်နဲ့ ပြန်သွားရရှာတယ်"

မြတ်လေးနွယ် ဒိုးအား ငေးကြည့်မိသည်။ ကြည်လင်ေ
သူ့မျက်နှာက သောကဟူသမျှတို့ကို ရင်ဝယ် သိမ်းဆည်းတတ်
မရသော လူမျိုးဖြစ်ကြောင်း ဖော်ပြနေသည့်နှယ်ရှိသည်။

တိုးလည်း ထိုအတိုင်းပင်၊ သေဆုံးသွားသည့် နောက်





အချိန်အထိ ရွှင်ရွှင်ပျပျ ရွတ်ရွတ်နောက်နောက်နှင့် ဖြစ်သည်ကို
ရင်နင့်စွာ သတိရလိုက်မိပြန်သည်။

"ဒါပေမယ့်လဲ ယူ့ကို စိုးရိမ်တာနဲ့ မနက်ဖြန်တစ်ခေါက်
တော့ လာကြည့်ပေးပါဦး၊ ဒေါက်တာလို့ ရှေ့မျက်နှာ နောက်ထား
ပြီး ပြောလိုက်ရသေးတယ်၊ မှန်း. . . အပူတော့ ကျသွားပြီ ထင်
တယ်"

ပြဒါးတိုင်ကို သူ ယူလိုက်သည်။

"ရှင် အဲဒီလို သဘောထားသေးနုတ်မှန်း ကျွန်မ မသိဘူး"

"တစ်ရာတစ် ပွိုင့်တူးလောက် ရှိသေးတယ်၊ ဆိုပါဦး. . .
ဘာသဘောထား သေးနုပ်လို့လဲ"

"ရှင်နဲ့ကျွန်မနဲ့ ဘာဆိုင်သလဲ"

"ဒါကတော့ ယူက ငြင်းနေတာကိုး၊ ယူသာ မငြင်းရင်
အသက်ဆိုင်ဆုံးသောသူတွေ ဖြစ်သွားမှာပေါ့. . . မဟုတ်ဘူးလား၊
ကျွန်တော်ကတော့ စောစောက ပြောသလိုပဲ၊ အချစ်မှာ တရား
တယ် မတရားတယ် နားမလည်ဘူး၊ မှန်တယ်ထင်ရင် ပြောမှာပဲ၊
တိုင်း. . . ရန်တွေ့ကောင်းမနေနဲ့၊ ဆေးသောက်လိုက်ဦး၊ မပြန်ချင်
သေးဘူး. . . ကျွန်တော်နဲ့ နှစ်ယောက်တည်း နေချင်တယ်ဆိုရင်
တော့ မသောက်နဲ့"

"အံမယ်. . ."

သည်လူနှင့် တွေ့လျှင် အသက်အရွယ်ကိုပါ မေ့လျော့သွား
ပြီး ဆယ်ကျော်သက်ကလေးနှယ် ရန်တွေ့ချင်စိတ် ပေါ်ပေါ်လာ
သည်။

"ရော့. . . ဒါဖြင့် မုန့်နဲ့ ဟောလစ်လေး သောက်လိုက်ဦး
ကိုဘသိုက် နိုးမှ ကြက်သားဆန်ပြုတ် လုပ်ခိုင်းရမယ်"

"သူများတွေ ဒုက္ခရောက်တယ်၊ ဖြစ်နိုင်မယ်ဆိုရင် ဒီနေ့ပဲ



www.burmeseclassic.com

www.burmeseclassic.com



ပြန်ချင်တယ်"

"ဒါကတော့ ဒေါက်တာကို မေးကြည့်တာပေ့ါ၊ သူ လာ...
ပါ၊ ညက အိပ်ပျော်ရှာမှာ မဟုတ်တော့ မနက် နိုးရှာမှာ မဟုတ်ဘူး..."

"ရှင်ပဲ သူများကို စိတ်မချမ်းသာအောင် လုပ်လိုက်...
တော့. . ."

"ဒါကတော့ တူဖြစ်ရင် နှံလိုက်၊ ပေဖြစ်ရင် ခံလိုက်...
တိုးနဲ့ကျရင် ဒိုးက အမြဲပေဖြစ်ခဲ့တာကိုး"

"တိုးကို ဆွဲဆွဲမထည့်ပါနဲ့"

"ဘာဖြစ်လို့လဲ"

"သတိရလာလို့ပေါ့"

"ဒီလိုဆို နောက် ဘယ်တော့မှ မကြားစေရတော့ဘူး"

"အကောင်းဆုံးပဲ"

ထိုအခါ နှုတ်ခမ်းကို စေ့ကာ ပြုံးပြုံးကြီး ကြည့်လေသည်...

မြတ်လေးနွယ် ထိုအကြည့်ကို ဥပေက္ခာ ပြုလိုက်သည်...

"ရော့. . . ဆေးသောက်လိုက်ဦး"

မြတ်လေးနွယ် လက်ဖဝါး ခံယူလိုက်သည်။ ထိုလက်ဖဝါး...
ထဲသို့ ဒိုးက ဆေးလေးများကို ထည့်ပေးသည်။ ဘာဆေးတွေနည်း...
မြတ်လေးနွယ် ဆန်းစစ်၍မနေတော့၊ ယုံကြည်မှုက အပြည့်အ...
ရှိသည်။

သူ မှုတ်ပေးသော ဟောလစ်နွေးနွေးနှင့် သောက်ချလို...
သည်။

"ပြန်ချင်တယ်"

"ဒိုးသဘော မဟုတ်ဘူး"

"ဒေါက်တာကို ဖုန်းဆက်မေးပေး"

"ကိုဘသိုက် နိုးမှ"





"သူက ဘယ်တော့ နိုးမှာလဲ၊ အခုပဲ ရှစ်နာရီကျော်နေပြီ"

"နိုးမှာပေါ့"

သူ့အား ကြည့်ရင်း ညက အိပ်ဆေးရှိန်၊ အဖျားရှိန်တို့ဖြင့် အိပ်မက်လိုလို ဖြစ်နေခဲ့သည်။ သူသည် မိမိအား အင်္ကျီလဲပေးခဲ့သည်ကို တရေးရေးဖြင့် မှတ်မိလာသည်။

တစ်ကိုယ်လုံး မီးပုံဘေး ရောက်နေသည့်နှယ် ဖြစ်လာသည်။

မျက်လုံးကို ပြန်မှိတ်ထားလိုက်သည်။ အဖျားများ ပြန်တက်ချင်သလား။

"ဘာဖြစ်လို့လဲ"

"ပြန်ချင်တယ်"

"ကိုဘသိုက်ကို သွားနှိုးပြီး ဖုန်းဆက်ခိုင်းလိုက်မယ်"

"ကျေးဇူး"

"မလိုပါဘူးဗျာ. . . ယူ့ကျေးဇူးအတင်ခံချင်လို့ ကူညီတာ မဟုတ်ဘူးဆိုတာရယ် မျှော်လင့်ချက်နဲ့ ကူညီခြင်း မဟုတ်ဘူးဆိုတာလဲ ယူ့ခေါင်းထဲ စွဲစွဲမြဲမြဲ မှတ်ထားပါ"

မြတ်လေးနွယ် သူ့မျက်ဝန်းအား စေ့စေ့ကြည့်လိုက်သည်။

သူ့မျက်ဝန်းသည် ဖိတ်ဖိတ်တောက်နေသည်။ မာနရောင်များ၊ ယောကျ်ားမာနရောင်များ ဖြစ်မည်။

"ဒီလိုဆို ခုလိုအခြေအနေမျိုးမှာ ကျွန်မနေရာမှာ အခြားမိန်းမတစ်ယောက် ဆိုရင်ကော"

"မဖြစ်နိုင်ဘူး"

"ဘာဖြစ်လို့လဲ"

"အခြားမိန်းမတစ်ယောက်နောက်ကို ဒိုးက တကောက်ကောက် လိုက်မှာမှ မဟုတ်ပဲ၊ ခုလိုအခြေအနေမျိုးမှာ အခြားမိန်းမ



www.burmeseclassic.com

www.burmeseclassic.com



တစ်ယောက်နဲ့ ကြုံတွေ့စရာအကြောင်း မရှိလို့ပဲ"

"ဒါဖြင့် ရှင့်ရဲ့အရေးကြီးဆုံးသော ကိုယ်ရေးကိုယ်တာကိစ္စ ဆိုတာ ကျွန်မနောက်ကို လိုက်နေဖို့ပဲပေါ့"

"အရိပ်ပြလို့ အကောင်မမြင်တတ်ဘူးလား ဒေါ်မြတ်လေး နွယ်ရယ်၊ ကဲ. . ကဲ. . နားလိုက်ပါဦး၊ ယောကျ်ားတစ်ယောက်ရဲ့ ချစ်မြတ်နိုးစွာ အရိပ်တကြည့်ကြည့် ခံယူရခြင်းဆိုတာ ဂုဏ်ယူစရာ ကောင်းတဲ့ကိစ္စပဲလို့ ချမ်းမြေ့စွာ ခံယူတွေးတောပြီး အိပ်စက်လိုက်ဦး ဟုတ်လား"

"သေတော့မှာပဲ. . . ဒီလူနဲ့တွေ့" ဟု စိတ်ထဲကသာ အော် ပစ်လိုက်သည်။

သူက ပြုံးပြပြီး ထွက်သွားသည်။

တိုးသည် မိမိဘဝသက်တမ်း တော်တော်များများကို စိုးမိုး အနိုင်ယူထားသကဲ့သို့ ဒိုးသည်လည်း မိမိအား အနိုင်ယူနေပြီ ထင်ပါ သည်။

အမှာညီနောင် စက်ကွင်းကသာ မြတ်လေးနွယ် ရုန်းထွက် နိုင်လျှင် သံသရာစက်ဝန်း လွတ်မြောက်ဖို့ရန် မခက်ခဲတော့ဘူး ထင်ပါသည်။

မြတ်လေးနွယ် နွမ်းသျှစွာ တွေးတောကာ မှိန်းနေလိုက် သည်။

ဒိုးနှင့်တော့ ခက်နေပြီ။

တိုးနှင့်တုန်းကထက် ခက်ပြီထင်ပါသည်။

တိုးက ဆယ်ကျော်သက်အရွယ် စိတ်ထားနုနုလေးသို့ ဝင် ရောက်လာသော ချစ်ဦးသူ။ သူက. . .

ရင့်ကျက်နေပြီဖြစ်သော အရွယ်တော် တစ်စိတ်ဟိုင်းဘဝ ရောက်ကာ ကျောက်ဖြစ်နှလုံးသား ဖြစ်နေခဲ့သူကိုမှ ပန်းပုထုရန်





ကြိုးပမ်းနေသူဖြစ်သည်။

သို့သော် သူသည် အလွမ်းသောကကြောင့် ကျောက်ဖြစ် နေသော မိမိနှလုံးသားကို လှုပ်ကိုင်နိုင်စွမ်း ရှိနေသည်မှာတော့ သေချာလေသည်။

အဘယ်ကြောင့်ဆိုသော် သူ၏အကြင်နာနှင့် လုပ်ဆောင် ချက် ဟူသမျှတို့ကို အံ့သြခြင်းနှင့်အတူ ကြက်သီးမွေးညင်းလေးများ ထောင်ထသွားအောင် နှလုံးသားမှာ ထုံကျဉ်စွာဖြင့် အသိအမှတ်ပြု နေမိခြင်းကြောင့်ပင်။



www.burmeseclassic.com

www.burmeseclassic.com





## အခန်း(၂၀)

"ခေါင်းမူးသလား. . . မူးရင် ကျွန်တော့်ပခုံးပေါ် မှီအိပ်လိုက်ပါလား၊ သာတယ်နာတယ်လို့ သဘောမထားပါဘူး၊ စိတ်ချလက်ချသာ မှီအိပ်ပါ"

"ဟင်. . ."

မြတ်လေးနွယ် အိပ်ငိုက်စပြုနေသော မျက်လုံးအစုံသည် ပြူးထွက်သွားလေပြီ။ တိုးတုန်းကလည်း ဤသို့ ပြောဖူးသည်။

တိုး သူ့ဦးလေးကား ဆွဲယူကာ မင်္ဂလာဒုံဥယျာဉ် ထောင်ကြီး စစ်သချိုင်းတို့တွင် ပျော်ပွဲစားထွက်စဉ် ကားရှေ့ခန်း၌ တိုးနှင့်





မိမိ ထိုင်ခဲ့သည်။ ကားမောင်းရင်း တိုးပါးစပ်သည် အငြိမ်မနေတတ်။

"ချစ်သူရည်းစားဆိုတာ ဆိုးရန္တဲ့ရတယ်၊ တိုးပခုံးပေါ် မှာ မှီအိပ်ဖူးတယ် ရှိအောင် မှီအိပ်လိုက်ပါလား၊ သာတယ်နာတယ်လို့ သဘောမထားပါဘူး၊ စိတ်ချလက်ချသာ မှီအိပ်လိုက်လေ" ဟု. . .။

"ဘာဖြစ်လို့လဲ"

"ရှင်နဲ့တိုး ဘာဖြစ်လို့ ဒီလောက်တောင် တူနေရတာလဲ"

"တူဆို အချင်းတစ်ခုတည်း မွေးထားတဲ့ အမွှာကိုးဗျ"

"ဟုတ်ရဲ့လား. . . ရှင်တို့ တစ်ယောက်တည်းလား"

"ဟာ. . . လူတစ်ယောက်တည်းလို့ မြင်လာပြီလား၊ ဒီလိုဆို ဒိုးအတွက် အလားအလာ ကောင်းလာပြီပဲ"

"ပွဲလန့်တုန်း ဖျာခင်းတာပေါ့. . . ဟုတ်လား"

"မဟုတ်ပါဘူး. . . မိုးရွာတုန်း ရေခံတာပါ"

"ဘာထူးသေးသလဲ"

"ထူးတာပေါ့. . . ပွဲလန့်တုန်း ဖျာခင်းတာက သူများဒုက္ခရောက်တုန်း အခွင့်အရေးကို ကောင်းကောင်း အသုံးချလိုက်တာ၊ မိုးရွာတုန်း ရေခံတာက ဖြစ်ပေါ်လာတဲ့ သဘာဝ အကျိုးပေးအပေါ် မှာ ကိုယ်ကောင်းစွာနဲ့ အချိန်ကို အကျိုးရှိရှိ အသုံးချလိုက်တာဆိုတော့ ချမ်းကို ကွာခြားပါတယ်၊ ဒိုးက အခွင့်အရေးသမား မဟုတ်ဘူး၊ မှာ ရှိရင်းစွဲ မေတ္တာတရားအပြည့်နဲ့ ကူညီပေးတာပါ၊ ဒါတော့ ကြည်ထား"

"ယုံချင်ပါတယ်. . . ဒါပေမယ့် မယုံချင်ဘူး၊ ယောကျာ်း တာ အခွင့်အရေးသမားပဲ၊ ရသမျှ အခွင့်အရေးကို အပြည့်အဝ အသုံးချတာချည်းပဲ"

"အဲဒီယောကျာ်း အမျိုးအစားထဲ ဒိုးနဲ့တိုး ပါသလား"



www.burmeseclassic.com

www.burmeseclassic.com



နှုတ်ခမ်းကို တင်းတင်းစေ့ကာ ခပ်တည်တည်နှင့် ပြော လိုက်သည်။ ဒိုး၏စောင့်စည်းနိုင်မှုကို ကိုယ်တွေ့ တွေ့ကြုံခဲ့ရသဖြင့် ကျေးဇူးတင် အထင်ကြီးသွားခဲ့သည်။ ရင်မှာ တိတ်တခိုး လေးစား သွားမိခြင်းကိုတော့ နှုတ်မှ ဖွင့်ဟ၍ ဝန်မခံရဲသေးပါ။

မော်လမြိုင် ပြန်ရောက်ပြီးမှ သွားရောက်ကန်တော့လိုက် မည်ဟု တေးထားသည်။

"ပြောပါဦး ဒေါ်မြတ်လေးနွယ်၊ ဒေါ်မြတ်လေးနွယ်က ကော ပွဲလန့်တုန်း ဖျာခင်းတတ်တဲ့ လူစားလို့များ ဒိုးကို ထင် သလား"

"မထင်ပါဘူး. . . ဒိုးကို ကျေးဇူးလဲ တင်ပါတယ်"

"မလိုပါဘူး. . . ကျေးဇူးမတင်ချင်နေ၊ အထင်မမှားရင် ကျေနပ်ပါတယ်၊ တစ်ခါတစ်ရံ ရင်တွင်းမှာ မျိုသိပ်ထားရ ချစ်ခြင်းမေတ္တာတရား ပေါက်ကွဲလွင့်ပျံ့မှုကြောင့် ယူ စိတ်မချမ်းသာ ဖြစ်စေမယ့်စကားတွေ ပေါ်ထွက်လာခြင်းကို ကျွန်တော်က တော ပန်ရဦးမှာပါ"

"လူပျိုက အပျိုကို အခါအခွင့်သင့်တိုင်း ချစ်ရေးဆိုတာ အပြစ်တစ်ခု မဟုတ်ဘူးလို့ ကျွန်မနားလည်ပါတယ်၊ ဒါပေမ ငြင်းပယ်ပြီးသားအပေါ်မှာ အပ်ကြောင်းထပ်နေရင် တစ်ဖက်သ စိတ်အနှောင့်အယှက် ဖြစ်တတ်တယ် ဆိုတာကို ဦးဒိုး သဘေ ပေါက်ပေးပါ"

"ကျွန်တော် နားလည်ပါတယ်၊ ယူ စိတ်ချမ်းသာသ နေပါ။ နောက် ယူ့စိတ်ကို အနှောင့်အယှက်ဖြစ်စေမယ့် စကား မပြောတော့ပါဘူး၊ ပြီးတော့ ကျွန်တော့်ကိုလဲ နားလည်ပေ ကျွန်တော် ဘာမှ မပြောတော့ပေမယ့်လဲ ကျွန်တော့်ရင်ထဲကာ ကို နားလည်ပြီး ထပ်မံစဉ်းစားပေးနိုင်ဖို့ကိုပါ"





"လှတောသား. . . ကုလားကြီးနဲ့ အရာကြီး ဘာထူးသေး သလဲ"

အမျက်မပါသော မျက်စောင်းနှင့် ပြုံပြင်မှု မပါသော စကားကို ပြောလိုက်မိသည်။

ဒေါက်တာမြင့်ဦးက နောက်နေ့မှ ပြန်ပါ၊ မအိပ်ရ အနား ရလျှင် အဖျားတာရှည်သွားနိုင်သည် ဆိုသဖြင့် ပဲခူး၌ နှစ်ညအိပ်ခဲ့ ရသေးသည်။ သူ၏အပြုအစုပဲ ကောင်း၍လား၊ အိမ်ပြန်ချင်စိတ် တပဲ များနေ၍လားမသိ၊ ချက်ချင်းပင် ကောင်းသွားခဲ့သည်။

"ထောင်တန်စကား ရယ်ပေါ့အောင် မလုပ်ပါနဲ့ဗျာ၊ စတနာကို တန်ဖိုးမထားရင် နေပါ၊ မစော်ကားရင်ပဲ ကျေနပ်ပါ တယ်"

"ကျေးဇူးကန်းတဲ့လူစား မဟုတ်ပါဘူး၊ တစ်ခါတစ်ရံ ရင် ထဲက စကားတွေဟာ နှုတ်က ဖွင့်ဟလိုက်တာထက် မဖွင့်ဟဘဲ င်မှာ သိမ်းဆည်းလိုက်တာဟာ အကောင်းဆုံး ဖြစ်သွားတတ်တဲ့ ခါလဲ ရှိလေ့ရှိထ ရှိပါတယ်"

"ဒေါ်မြတ်လေးနွယ်ရယ်. . . ကျွန်တော်တော့ ခင်ဗျားကို ချစ်ပါတယ်၊ သေသောသူ ကြာရင်မေ့ဆိုတဲ့စကားကို ပယ်ဖျက် င်စွမ်းရှိတယ်"

"ဒါကတော့ ကျွန်မ တို့အပေါ် ထားရှိတဲ့ မေတ္တာတရားက တ်ရှိုင်းတာကိုး၊ ပြီးတော့ တို့အဖြစ်ဆိုးက မေ့ရက်စရာမှ မရှိတာ၊ ယ်တော့လေ. . . ဘယ်တော့မှ အစားထိုး မေ့ပျောက်နိုင်မယ် ထင်ပါဘူး"

"အချိန်က စကားပြောမှာပေါ့လေ"

"အချိန်ရဲ့တန်ဖိုးကို လူတွေကပဲ ဖန်တီးတာ မဟုတ်ဘူး ။ စောင့်ကြည့်လေ. . . အချိန်ကုန်သွားရုံကလွဲပြီး ဘာမှ ဖြတ်လေး



www.burmeseclassic.com

www.burmeseclassic.com



နွယ်ဟာ ပြောင်းလဲလာမှာ မဟုတ်ဘူး ဦးဒိုး၊ မိုးရွာတုန်း ရေခံလိုက်ပါ၊ မြန်မာပြည်မှာ မိန်းမဦးရေက ပိုများပါတယ်၊ ဦးဒိုးအတွက် မိန်းမရဖို့ မခဲယဉ်းပါဘူး"

"ဒိုးဟာ မိန်းမလိုချင်ရုံနဲ့ အိမ်ထောင်တစ်ခုကို ဖန်တီးမယ့်သူ မဟုတ်ဘူး၊ ချစ်ခြင်းမေတ္တာနဲ့သာ အိမ်ထောင်ရေးကို တည်ဆောက်ချင်တဲ့သူဆိုတာ ယူ ထပ်ပြီးမှတ်ထားလိုက်ပါဦး"

မြတ်လေးနွယ် ပြုံးနေလိုက်သည်။ တိုးနှင့် စကားနို[illegible] လုစဉ်ကလည်း မိမိသာ အရှုံးပေးလိုက်ရသည်က များသည်။ ယ[illegible] ဒိုးနှင့်လည်း ထိုသို့သာတည်း။

ပတ်ဝန်းကျင်၌ မိုးတစိမ့်စိမ့် ရွာသွန်းနေဆဲပင်၊ ထို့အ[illegible] မိမိ၏ရင်တွင်း၌ အေးမြနေသည်။ ပတ်ဝန်းကျင်၏အအေးဓါ[illegible] လေးများ ရင်တွင်းသို့ စိမ့်ဝင်လာခြင်းပေလား။ သို့တည်းမဟု[illegible] ဒိုး၏မေတ္တာတရားကပဲ ပူလောင်မှု မရှိခြင်းပေလား မသိနိုင်[illegible] ရင်တွင်းမှာ အေးမြနေသည်။

နာလန်ထ လူနာ၏ အားအင်လျော့ပါး နုံးနယ်ခြင်းလည်[illegible] မဖြစ်ပေ။

ဒိုးအား ကြောက်ရွံ့စိတ် ရှိုးတိုးရှန့်တန့်လည်း မဖြစ်ပေ[illegible]

တိုးသေဆုံးခြင်းကို မေ့လျော့ကာ ဒိုးအား တိုးကဲ့သို့[illegible] ရင်းရင်းနှီးနှီး ရဲရဲတင်းတင်းပင် ဆက်ဆံနေမိသည်။

တိုးအတွက် သောကမေ့လျော့သွားတတ်အောင်လ[illegible] ဒိုးက တမင်ပြုလုပ်ဖန်တီးနေသည့်နှယ် ရှိသည်။

"ဒေါ်မြတ်လေးနွယ်"

"ဆို"

"ဘာဆိုရမလဲ. . . ဒိုးမှာ သီချင်းကို အစအဆုံးရတဲ့အ[illegible] တစ်ပုဒ်မှ မရှိဘူး"





"တိုးလဲ အဲဒီလိုပဲ ပြောဖူးတယ်"

"အဲဒီနာမည် မပါဘဲ စကားပြောလို့ မရဘူးလား"

"မရဘူး. . . နွယ်မသေသရွေ့ နွယ့်ပါးစပ်မှာ တိုးက [illegible]ဘဝရ ရှိနေမှာပဲ"

"ရင်ထဲမှာတော့ မရှိတော့ဘူးပေါ့"

"တစ်ဘဝ မဟုတ်ဘူး၊ ဆယ်ဘဝ ဆယ်ကမ္ဘာတောင် [illegible]ည်နေမယ် ထင်တယ်"

"ရှုးသွပ်ရာ မကျဘူးလား"

"ချစ်ခြင်းမေတ္တာနဲ့ ပတ်သက်ပြီး ဆက်နွယ်စွဲလန်းခြင်းဟာ [illegible]စ်ဘဝ မကဘူး၊ ဘဝပေါင်းများစွာ ဆက်နွယ်ကျင်လည်နေမှု [illegible]ယ်ဆိုတာ ဓမ္မပဒတို့ ဘုရားဟော ကျမ်းစာရဲ့ သာဓကတွေမှာ [illegible]တတ်တာပါ"

"ရှေးရေစက်ပေါ့. . . ကျွန်တော် နားလည်ပါတယ်၊ [illegible]ကြောင့်လည်း ယုံကြည်မျှော်လင့်နေမိတာပဲ၊ ကိုင်း. . . ပျင်းရင် [illegible]တယ်လို့ မထင်နဲ့၊ ကျွန်တော့်အိတ်ထဲမှာ တိုးဒိုင်ယာရီ ရှိတယ်၊ [illegible]ယူလိုက်ပါ"

မိမိနှင့် ဒိုးကြားတွင် ချထားသော အိတ်နှစ်လုံးအနက် [illegible]သားရေခရီးဆောင်အိတ်ကို ဖွင့်လိုက်သည်။

"ပိုက်ဆံအိတ်အနက်. . . ယူလိုက်"

"အာဏာကြီးပဲ. . . ကားကို ရပ်ပြီး ယူပေးရင် ရရဲ့သား

သူက ပြုံးနေသည်။

မိမိကိုယ်ကို ဆရာမပါလားဟူသောအချက် အသက်[illegible]ယ်ကိုပါ မေ့လျော့ပြီး တိုးကို ဆိုးနွဲ့နေကျအတိုင်း နွဲ့မိလေသည်။

ထိုမိမိ၏နွဲ့ဆိုး,ဆိုးမှုကိုကပဲ သူ့အသည်းဆွဲကိုင်[illegible]ယူ



www.burmeseclassic.com

www.burmeseclassic.com



ထားခြင်း ဖြစ်နေမည်လားဟု တွေးလိုက်မိသည်နှင့် ဆင်ခြင်ရ
ဆုံးဖြတ်လိုက်သည်။

ရတော့မည် မဟုတ်၊ မောင်နှမသဖွယ် ရင်းရင်းနှီး
နေထိုင်ပြောဆိုပြီးမှ အကြောင်းမရှိဘဲ ဖွတ်မိုတ်ကာ တန်းတန်း
ပြန်တော့လည်း ကောင်းမည်မထင်ပါ။

"တွေ့သလား"

"အင်း. . ."

တိုး၏ဒိုင်ယာရီ စာမျက်နှာဟောင်းကို ဖွင့်ပြီး အ
အလွှား ဖတ်လိုက်သည်။

တိုးပြောသကဲ့သို့ပင် ဖြစ်သည်။ သွေးကို ဘယ်နေ့
စတွေ့သည်။ ဘာအရောင် ဝတ်သည်။ ဘာစားသည်။ ဘ
လောက်ဖိုး ရှင်းခဲ့ရသည်ကအစ ပါသည်။

ဝေဒနာရပ်တို့သည် အဟောင်းမှအသစ် ပြန်ဖြစ်
သဖြင့် ဆက်မဖတ်တော့ဘဲ မူလနေရာသို့ ပြန်ထည့်ပေးလိုက်သ

"တိုးပစ္စည်းတွေ သိမ်းတော့"

"အဲဒီ ဒိုင်ယာရီစာအုပ်ကလေး ရကတည်းက သွေး
ဒိုးနှလုံးသားထဲကို ဝင်ရောက်လာခဲ့တယ်ဆိုရင် ဒေါ်မြတ်လေးန
ယုံမှာလား"

"မပြောတော့ဘူးဆို. . . ကတိကလဲ စက္ကန့်ပဲ ဆိုင်းထ
ထင်ပါရဲ့"

"ကတိတည်ပါတယ်. . . ကျွန်တော် ဒေါ်မြတ်လေးနွယ်
ချစ်ရေးဆိုနေတာ မဟုတ်ဘူး၊ သွေးကို ချစ်တဲ့အကြောင်း ဒေါ်မြ
လေးနွယ်ကို ပြောပြနေတာ"

"ဘာထူးသလဲ"

"ကုလားကြီးနဲ့ အရာကြီး အတူတူပဲဟာလို့ ပြောမလို့





တူဘူး. . . သွေးဟာ မြတ်လေးနွယ်နဲ့ တခြားစီပဲ"

"ဘာဖြစ်လို့လဲ"

"တိုးရဲ့သွေးဟာ မာနလုံးဝမကြီးဘူး၊ သဘောကောင်း
တယ်၊ တစ်ဖက်သားအပေါ် စာနာကြင်နာတတ်တယ်၊ ပွင့်ပွင့်လင်း
င်းလဲ ပြောတတ်တယ်၊ ဟန်မဆောင်တတ်ဘူး"

"ဒီလိုဆို နွယ်က"

"ဆန့်ကျင်ဘက် တွေးကြည့်လေ"

မြတ်လေးနွယ် စိတ်ဆိုးချင်ပါသည်။ သို့သော် စိတ်ဆိုး၍

"နွယ်ဟာ မာနကြီးတယ်၊ သဘောပုပ်တယ်၊ တစ်ဖက်သား
ပေါ် ကိုယ်ချင်းစာတရား လုံးဝမထားဘူး၊ မြူစိစိနိုင်တယ်၊ ဟန်
ာင်တတ်တယ်ပေါ့. . . ဟုတ်လား၊ ဒီလောက် ဂုဏ်ပုဒ်တွေ များ
မိန်းမနောက်ကို ဘာဖြစ်လို့ ကောက်ကောက်ပါအောင် လိုက်နေ
သးသလဲ"

"အမေးရှိလို့ အဖြေရှိမယ်နော်၊ ကတိဖျက်တာ မဟုတ်ဘူး"

"တော်ပြီ. . . ဒါဆို မဖြေနဲ့တော့"

"မေးပြီးစကားကို ရုပ်သိမ်းလို့ ရသလား"

"ရတယ်"

"ဖြေပါရစေ. . . အရမ်းဖြေချင်လို့ပါ"

"မဖြေနဲ့တော့"

"ဘာဖြစ်လို့လဲ"

"အဖြေသိနေလို့"

"ဟား. . . ဝမ်းသာစရာပဲ၊ ဒိုးရင်တွင်းစကားတွေကို ယူ
တယ်ပေါ့၊ ဟုတ်လား"

"တော်ပြီကွာ. . . မပြောနဲ့တော့"



www.burmeseclassic.com

www.burmeseclassic.com



မြတ်လေးနွယ် မျက်နှာတည်ချင်သော်လည်း တည်၍မ
တော့ချေ။

ဒိုးကို စိမ်းဏားမည် ကြံရွယ်သော်လည်း ရင်မှာ အ
အလျောက် ခင်မင်ရင်းနှီးနေမိသည်။

"ဒါထက် ကြီးကြီးက ဘယ်တော့လောက် ပြည်သွားမှာလ

စကားလမ်းကြောင်း ပြောင်းလဲပစ်လိုက်သည်။

"စကားလွဲမှန်းသိသိနဲ့ပဲ ဖြေရဦးမှာပဲ"

မြတ်လေးနွယ် မကြားဟန် ပြုနေလိုက်သည်။

"ကျွန်တော် ပြန်ရောက်ပြီးရင် သွားမယ်"

"အဲဒီကျွန်တော်ကတော့ လိုက်မသွားဘူးလား"

"အဲဒီကျွန်တော်က နှလုံးသားရပ်ဝန်း တည်ရှိရာမှာပဲ အ
ရှိနေလို့ ဘယ်လိုမှ မလိုက်နိုင်ပါဘူး"

"လောကကြီးမှာ နှလုံးသားကိစ္စနဲ့ပဲ အချိန်ကုန်ဆုံး
တယ်ပေါ့နော်"

"တစ်ကဏ္ဍစီပေါ့လေ. . . အမြစ်ရှိမှ သစ်ပင်ရှင်သန်
သလို အချစ်ရှိမှ လူသားဆန်တဲ့လောကကို ဖြစ်ထွန်းစေတယ်
အချစ်အတွက် တစ်ခါတစ်ရံ အချိန်ကုန်ဆုံးသင့်လဲ ကုန်ဆုံးရမှာ
ရယူပိုင်ဆိုင်လိုမှုအတွက် ပေးဆပ်မှုဆိုတာတော့ ရှိရမှာပဲပေါ့. .
မဟုတ်ဘူးလား"

"မဟုတ်ဘူး"

"ဒါဖြင့် ဘာနဲ့ ကုန်ဆုံးသင့်သလဲ"

"အလုပ်အလုပ် တရားမှတ်ပြီး ဘဝသံသရာက လွတ်
ဖို့အတွက် အလုပ်လုပ်သင့်တယ်"

"အဟင်းဟင်း. . . ဒါက အရွယ်သုံးပါးမှာ နောက်
အရွယ်မရောက်သေးဘူးလေ၊ ဒုတိယအရွယ်ပဲ ရှိသေးတယ်၊ မိ





ပြီး ပါရမီဖြည့်ဖက်ကို ရှာရမယ့် အရွယ်လေ၊ ယူကသာ ကျွန်
တော့်ရဲ့ပါရမီဖြည့်ဖက်အဖြစ် ရပ်တည်ပေးပြီး တတိယအရွယ်
အတွက် ဘုရားသွားကျောင်းတက်ရရင် ကျွန်တော် ကမ္ဘာကြီးကို
ကျောက်ထိုးကြည့်ပစ်လိုက်မယ်"

"ကင်းမြီးကောက် ထောင်ပြီးတော့လား"

"မဟုတ်ဘူး အုန်းပင်စိုက်ပြီးတော့လေ"

"ဘာထူးသလဲ"

"ကုလားကြီးနဲ့ အရာကြီးလေ"

မြတ်လေးနွယ် ပြုံးလိုက်မိသည်။

တိုးရယ်. . . ခွင့်လွှတ်ပါ၊ တစ်ခါတစ်ရံတော့လည်း တိုးနဲ့
တွေ့ဆုံတော့မည့်သက်ပြီး အမြဲတစေ လွမ်းဆွတ်မှိုင်းဝေနေသော စိတ်နှလုံးကို
ကြက်ပေါက်ပေးလိုက်သည်။

တိုးအပေါ် သစ္စာဖောက်ရာ ကျနေပြီလား။ မဟုတ်ပါဘူး။

မိမိနှလုံးအိမ်၌ တိုးသာလျှင် ရှိနေပါသည်။ တိုးရဲ့ကိုယ်ပွား
အား တိုးအမှတ်ဖြင့် ရဲတင်းရင်းနှီးစွာ ဆက်ဆံမိခြင်းကို တမလွန်
တိုးသည် ခွင့်လွှတ်နိုင်လိမ့်မည် ထင်ပါသည်။

ဒိုးအား ရင်းနှီးခြင်းသည် ချစ်ခြင်းမှ မဟုတ်ပေပဲ။ တိုး၏
နေရာ အစားထိုးခြင်းလည်း မဟုတ်ချေ။

သို့သော် ရင်းနှီးခြင်းသည် ချစ်ခြင်း၏အစ ဖြစ်သည်
ပါက. . .


မြတ်လေးနွယ် သက်ပြင်းငွေ့ငွေ့ ချလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com





## အခန်း(၂၁)

"ဦးဒိုးကော. . . ကြီးကြီး"

"ဘယ့်နဲ့ ဦးဒိုးတုန်းပဲလား"

မြတ်လေးနွယ် ပြုံးလိုက်မိသည်။ ဒိုးအတွက် ကချင်ပုဆိုး နှင့် ရယ်ဒီမိတ် မာတင်ရှပ်တစ်ထည်၊ မျက်နှာသုတ်ပုဝါတစ်ထည် ဝယ်ယူကာ သွားခဲ့သည်။

ရှေ့မျက်နှာ နောက်ထားကာ ဒိုးအား ကန်တော့လို မည်။

"ရှိပါတယ်. . . ထိုင်. . . သမီး ဘာနဲ့လာသလဲ၊ လာမယ်





ဆိုရင် ဖုန်းကြိုဆက်လိုက်ရောပေါ့၊ သား လာခေါ်လိမ့်မှာပေါ့"

"ရပါတယ် ကြီးကြီး"

"ကိစ္စရှိသလား"

"ဒိုးက နွယ့်ကို ဂရုတစိုက် ပြုစုစောင့်ရှောက်တာ ကျေးဇူး တင်လို့ လာကန်တော့တာပါ ကြီးကြီး"

"ဒိုးက ပြောတော့ပြောသား၊ ကြီးကြီး လာကြည့်ဦးမလို့၊ အလှူကိစ္စပြီးတော့ လူလဲ နည်းနည်း ပန်းသွားတာနဲ့ မလာဖြစ်တာ"

"ရပါတယ် ကြီးကြီး၊ နွယ်ကတောင် စိတ်မကောင်း ဖြစ်နေ တာ၊ အလှူကို မလာဖြစ်တဲ့အပြင် ဒိုးကပါ. . ."

"ဒါကတော့ အရွယ်ရောက်လာသူတွေရဲ့ဆန္ဒသဘောပေါ့ ကွယ်၊ ကိစ္စမရှိပါဘူး. . . ကြီးကြီးက ဒိုးကို နားလည်ပါတယ်၊ တကယ်တော့ ဒိုးဟာ အရာရာကို. . အဲ. . အရာရာဆိုတာကလဲ သူ့အစ်ကိုနဲ့ မိဘအပေါ်မှာ အနစ်နာခံခဲ့တဲ့ သူတော်ကောင်းသား လေးပါကွယ်၊ ဒိုး ရှိနေခြင်းကြောင့်လဲ ကြီးကြီးဟာ လူ့လောကမှာ ပျော်တယ်လို့ ဆိုရမှာပေါ့"

သားဖြစ်သူကို အမွှန်းတင်နေသော ဒေါ်သီတာကို ကြည့် ကာ မြတ်လေးနွယ် စိတ်တို့သည် ဂနာမငြိမ် ဖြစ်လာသည်။

ဒိုးနှင့် မိမိအား ဒေါ်သီတာသည် အသေအလဲ သဘောတူ ကာ ဆွယ်တရားဟောနေခြင်းလား။

ဒိုးကိုလည်း မျက်နှာပူသလိုလို ရှိသည်။

ကိုယ့်ပေါ် ပြုဖူးသော သူ့ကျေးဇူးကို ဆပ်ရမည်မှာ လာ မည်သည်။ မြတ်လေးနွယ် ဒိုးကို လိုက်လှဲစွာပင် ရင်နှင့် ဆန့်အောင် ကျေးဇူးတင်သွားမိသည်။ ဒိုးသည် မိမိအတွက် ဖော်ကောင်းတစ်ယောက်၊ တနည်းအားဖြင့် မိခင်က သားပေမီး ပေါ် ရင်အုပ်မကွာ ပြုစုစောင့်ရှောက်သည့်နည်းတူ ပြုစုစောင့်



www.burmeseclassic.com

www.burmeseclassic.com



ရောက်ခဲ့လေသည်။ တွေးမိလေတိုင်း တစိမ့်စိမ့်နှင့် ပီတိပွားက
ကျေးဇူးတင်ရသည်။

ပြန်ရောက်ပြီး နောက်နေ့ ခတ်စာများ ပွေ့ပိုက်က
နေကောင်းရဲ့လားဟု လာကြည့်ပြီးနောက် ပျောက်နေသည်မှ
လေးရက်ခန့် ရှိသွားသည်။

နောက်ဆုံး သူ၏ကျေးဇူးက မိမိအား ခြောက်လှန့်လျ
ရှိပြန်သည်။

“ဒိုးက နေမကောင်းရက်ကနေ ပုံပန်နေသေးတယ်”

“သူ နေမကောင်းဘူးလား”

“ဒီနေ့မှ ရေချိုးရတယ်လေ”

“ခြော်. . . နွယ်လဲ မသိပါလား”

“ဘယ်သိမလဲကွယ်. . . သူက အကြောင်းမကြားနဲ့ဆို

“ဟော. . . ဒါကြောင့် မနက်က ရွှေကျီးသာတယ်လို့ ထ
လိုက်သား၊ နေကောင်းသွားပြီလား”

“နွယ် မေးရမှာပါ၊ နေမကောင်းတာ ဘာဖြစ်လို့ မှ
သလဲ”

“အကြောင်းထူးမှာမှ မဟုတ်ဘဲ”

ရင်ထဲမှ တစ်မျိုးတစ်မည်သော ဝေဒနာရပ်ကို ခံစားလို
ရသည်။ ဝမ်းနည်းသွားသည်။ မိမိသည် သူ့အတွက် အသုံးမ
အရာမရောက်သောသူတစ်ဦးအဖြစ် သူ မှတ်ယူထားပါလား
“စကားပြောကြဦး. . . ကြီးကြီး သမီးအတွက် တစ်
သွားစီစဉ်လိုက်ဦးမယ်”

ဒေါ်သီတာက တမင်ရှောင်ထွက်သွားခြင်း ဖြစ်သည်
မြတ်လေးနွယ် သဘောပေါက်သည်။

“လာမယ်မထင်လို့ အကြောင်းမကြားတာပါ”





“လာမယ်လို့ ဘာဖြစ်လို့ မထင်သလဲ”

“ရင်ထဲက အဲဒီလိုပဲ ထင်နေလို့”

“တကယ်လို့ ဝတ္တရားအရ လာမယ်ဆိုရင်ကော”

“ဝတ္တရားအရပဲလာလာ၊ ဘာကြောင့်ပဲလာလာ၊ ထခုန်
မတတ် ဝမ်းသာသွားမိမှာပဲ၊ ရောဂါတွေလဲ ထွက်ပြေးသွားမှာ
အမှန်ပဲ၊ ဘာဖြစ်လို့လဲဆိုတော့ အမြင်ချင်ဆုံးနဲ့ အတမ်းတဆုံး
မျက်နှာကို မြင်လိုက်ရလို့ ဖြစ်မှာ”

“တော်ပြီ. . . တော်ပြီ၊ နောက်ဆုံးတော့ ဒီဘူတာပဲ ဆိုက်
တာပဲ”

ပြောပြောဆိုဆိုနှင့် မြတ်လေးနွယ်သည် ထိုင်ရာမှ ထကာ
သူ့ရှေ့ရှိ ကော်ဇောပေါ်၌ ကျုံ့ကျုံ့ထိုင်လိုက်သည်။

ထိုအခါ ဒိုးက အလန့်တကြား ထလိုက်ကာ. . .

“ဟ. . . ဘာလုပ်တာလဲ”

“ကန်တော့မလို့”

“ကန်တော့ရအောင် ဘုန်းကြီးမှ မဟုတ်ဘဲ”

“ဒိုးကလဲကွာ. . . စေတနာပျက်အောင် မလုပ်နဲ့၊ ဒိုးကို
မကန်တော့ရသေးရင် အဲဒီ ဒိုး နွယ့်အဝတ်တွေ လျှော်တဲ့ကိစ္စနဲ့
ပတ်သက်ပြီး နွယ့်ကို ခြောက်လှန့်နေတယ်၊ မကန်တော့ရသေးရင်
နေလို့ထိုင်လို့ ရမှာ မဟုတ်ဘူး၊ ဒါကြောင့် နွယ် ကန်တော့ပါရစေ၊
လက်ခံပါ ဒိုး”

မြတ်လေးနွယ် ကြိုတင်စဉ်းစားထားသည့်အတိုင်း အနူးညွှံ
ဆုံး အသိမ်မွေ့ဆုံး ကြိုးပမ်းပြောဆိုလိုက်သည်။

ဒိုးသည် ရှက်ကိုးရှက်ကန်းနှင့် မျက်နှာအထားရခက်ခဲ
ဖြင့် ရဲတွတ်နေသော မျက်နှာနှင့် မြတ်လေးနွယ်ရှေ့ ဒူးထောက်ချ
လိုက်ကာ. . .



www.burmeseclassic.com

www.burmeseclassic.com



"မလုပ်ပါနဲ့ သွေးရယ်၊ ဒိုးလေ. . . ဒိုး၊ သွေးကို မြတ်နိုးလွန်းလို့ လုပ်ပေးတဲ့ကိစ္စပါ။ အဲဒီအချိန်မှာ သွေးကို ကူညီမယ့်သူဟာ ဒိုးတစ်ယောက်တည်းပဲ ရှိတယ်မဟုတ်လား. . . ဒါကြောင့်ပါ။ ပြီးတော့ ဒိုးနဲ့သွေးက သက်တူရွယ်တူတွေပဲ၊ ကန်တော့ရအောင် မလိုအပ်ပါဘူး၊ ထပါ. . . ဒိုး အနေခက်လို့ပါ"

"ဒိုး. . ."

မြတ်လေးနွယ် မျက်ရည်များ ရစ်ဝဲလာသည်။ မေတ္တာပေးနေသူ ရှိပါသည်။ ထိုမေတ္တာတရားသည် အင်အားအကြီးမားဆုံးနှင့် အခိုင်ခန့်ဆုံး အလုံခြုံဆုံးသော မေတ္တာတရား ဖြစ်ပါသည်။ ထို မေတ္တာတရားကို မိမိသည် ငြင်းပယ်နေမိသည်။ ထိုငြင်းပယ်ခြင်း အတွက်လည်း စိတ်ထဲ၌ ကြေကွဲနေမိပြန်သည်။

လက်ခံရန်လည်း တိုးအတွက် ကြေကွဲနေပြန်သည်။

မိမိရူးသွပ်နေပြီလားဟု မြတ်လေးနွယ် ထင်မှတ်မိသည်။

"သွေး. . ."

"နွယ့်ဆန္ဒကို လိုက်လျောပါ"

ဒိုးသည် လေးတွဲ့စွာ ခေါင်းညိတ်လိုက်သည်။

မြတ်လေးနွယ် သူ့ရှေ့၌ လက်အုပ်ချီကာ သုံးကြိမ်ဦးချလိုက်သည်။

"ကိုင်း. . . ကျေနပ်ပြီလား၊ ထတော့"

ဒိုးသည် ပွေ့ထူရန် လက်လှမ်းလိုက်ပြီးမှ သတိရပြီး လက်ကို ပြန်လည်ရုပ်သိမ်းလိုက်သည်။

မြတ်လေးနွယ် အသာထကာ ဆိုဖာပေါ် ပြန်ထိုင်ပြီး. . .

"နောက်ပြီး ဒိုးကို တိုးကြိုက်တဲ့အရောင်နဲ့ လက်ဆောင်ပစ္စည်း ဝယ်ခဲ့တယ်"

"ဒါတော့ ကိုယ် လက်မခံနိုင်ဘူး၊ ကိုယ့်စေတနာကို တန်ဖိုး





ဖြတ်လိုက်တာလား"

"မဟုတ်ပါဘူး၊ နွယ်လေ. . . ဒိုးအကျႌ ဝတ်ခဲ့ဖူးတယ် မဟုတ်လား၊ အဲဒါနဲ့ သတိရပြီး ဝယ်ခဲ့တာ၊ နောက် ဒိုး မျက်နှာသုတ်ပုဝါနဲ့ သုတ်ခဲ့တော့ ဒိုး ဘုန်းနိမ့်မှာစိုးပြီး ထပ်ဝယ်ပေးတာ၊ ဒိုး အတွက် ပေါ်များမှန်း သိပေမယ့် နွယ်က တန်ဖိုးထား အမှတ်တရ ပေးတာပါ. . . ယူနော်"

"ကျွန်တော်ယူမှ စိတ်ချမ်းသာမယ်ဆိုရင်လဲ ယူပြီး သိမ်းဆည်းထားပါ့မယ်၊ ဩော်. . . ဒိုးမှာလဲ ယူနဲ့ ပတ်သက်ပြီး သိမ်းဆည်းရတဲ့ အမှတ်တရတွေ များနေပြီ"

"ဘာရှိသေးလို့လဲ"

မြတ်လေးနွယ် မျက်မှောင်တွန့်ကာ စဉ်းစားပြီး မေးလိုက်သည်။

"တိုးဆီက ရတဲ့ သွေးနဲ့ ပတ်သက်တဲ့ ဒိုင်ယာရီ၊ နောက် ဝဲခူးမှာတုန်းက ယူသုံးခဲ့တဲ့ ကိုယ့်ရဲ့အသုံးအဆောင်တွေ၊ အခု ဒါတွေ"

"ယောကျ်ားတွေဟာ စိတ်ကူးယဉ်ဆန်တတ်လိမ့်မယ်လို့ ထုံးဝမထင်ခဲ့ဘူး"

"ယောကျ်ားဖြစ်ဖြစ် မိန်းမဖြစ်ဖြစ် အစွဲအလန်းကြီးတတ်တဲ့လူဟာ ကြီးတာပါပဲ၊ ကိုယ်မြတ်နိုးတဲ့သူရဲ့အငွေ့အသက်ဆိုရင် ဆံပင်ချည်လေးတွေကိုတောင် နှမြောပြီး သိမ်းဆည်းထားတတ်တဲ့ ယောကျ်ားမျိုးတောင် ရှိသေးတယ်"

"သမီးနွယ်ရေ. . . ထမင်းစားရအောင်"

"ဟာ. . . မဟုတ်တာ၊ နွယ်မစားပါဘူး၊ အိမ်မှာ ချက်ထား ပြီးသားတွေ"

ဒေါ်သီတာသည် ညှော်ခန်းဝမှ အသံပြု ဝင်လာသဖြင့်



www.burmeseclassic.com

www.burmeseclassic.com



မြတ်လေးနွယ် မေးလိုသောစကားကို မမေးတော့ဘဲ ရင်၌ပင် မျိုသိပ်ကာ ဒေါ်သီတာအား ငြင်းဆန်လိုက်ရသည်။

"ဒီလိုသူစိမ်းဆန်တဲ့ ငြင်းပယ်မှုမျိုး မလုပ်ပါနဲ့ သမီးရယ်၊ သမီးအိမ်က ထမင်းဟင်းကို အိမ်နီးချင်း ပေးလိုက်လို့ ရပါတယ်၊ ဒီနေ့ ဒိုးလဲ နာလန်ထ ထမင်းစားမှာနဲ့ သူတို့ ညီအစ်ကိုအကြိုက် ငါးရံ့အူဟင်းကို ရှားရှားပါးပါး ရှာဖွေဝယ်ပြီး ချက်ထားရတာ၊ လာ. . ထ. . သမီး၊ ကြီးကြီး စိတ်မကောင်းအောင် မလုပ်ပါနဲ့"

မြတ်လေးနွယ် ငြင်းဆန်ရ ခက်ခဲသွားလေပြီ။

"ဟုတ်ပါတယ်. . . ယူသာ ထမင်းဝင်စားရင် နာလန်ထတော့ တစ်ခါတည်း ခံတွင်းကောင်းသွားမှာပဲ. . . လာပါ"

ဒိုးကပါ ထပ်ဆင့်ခေါ်နေသည်။

မြတ်လေးနွယ် ထလိုက်သည်။ သည်သားအမိကို မိမိ ရှောင်၍ရနိုင်မည်မဟုတ်၊ သည်မြို့က ခွာသွားမှသာလျှင် ရနိုင်လိမ့်မည်။

လေးတွဲ့စွာ ထလိုက်သည်။

"သန်ဘက်ခါ ပြည်သွားမယ်၊ အဲဒီကတစ်ဆင့် ကြို့ပင်ကောက် သွားမယ်လေ၊ သမီးအိမ်ကို ဘာမှာဦးမလဲ"

"မမှာတော့ပါဘူး ကြီးကြီး"

ရွှေလမ်းငွေလမ်း ပေါက်သွားမှာစိုးသဖြင့် မြတ်လေးနွယ် လမ်းစ မဖွင့်ပေးလိုပါ။

"တိုးကိုကော"

"သွားလိုရာ သွားနိုင်တယ်လို့ ပြောပေးပါ ကြီးကြီး"

ထိုစကားကိုတော့ စဉ်းစားစရာ မလိုပဲ ပြောလိုက်မိသည်။ ရင်မှာတော့ ကြေကွဲပွင့်များ မိုးရိပ်ဆင်နေလေသည်။

တိုးအား နှောင်ဖွဲ့ခြင်းဖြင့် ဘဝဆိုး၌ မကျင်လည်စေလို





ပါ။

မိမိအား စွဲလမ်းခြင်းကြောင့်ဖြစ်စေ၊ မိမိက စွဲလန်းခြင်းကြောင့်ဖြစ်စေ၊ တိုးဘဝအား နှောင်ဖွဲ့ခြင်း မဖြစ်စေလိုခြင်းသည် မိမိ တိုးအပေါ် ထားသော မေတ္တာတရား ဖြစ်သည်။

ထို့ကြောင့် ကြို့ပင်ကောက် လေချွန်နတ်အား ခေါ်မေးသည်ဆိုရာ၌ သေသူ၏ဝိညာဉ်ကို ခေါ်၍မေးခြင်း ဖြစ်သည်ဟု ကြားဖူးသည်။

တစ်ဆင့်စကားနှင့် ကြားရခြင်း ဖြစ်သော်ငြား တမလွန်တို့ ဝိညာဉ်တို့ ဆိုသည်မှာ မရှိဘူးဟု မပြောနိုင်။

ထမင်းစားပွဲတွင် ထိုင်သော်လည်း စားချင်စိတ်တို့ ကုန်ခမ်းသွားသည်။

"ရော့. . . ငါးရံ့အူဟင်းလေ၊ အချို့လူတွေဆိုရင် ငါးရံ့အူရဲ့တန်ဖိုး မသိတော့ လွှင့်ပစ်တတ်ကြတယ်၊ ကြီးကြီးတို့ကတော့ ငါးရံ့အူဟင်းဆိုရင် ဘယ်လောက်ဈေးကြီးကြီး ဝယ်စားတတ်တယ်"

"နွယ်လဲ အစက ငါးရံ့အူဟင်း မကြိုက်ဘူး၊ စားရကောင်းတဲ့ ဟင်းလျာမှန်းလဲ မသိဘူး၊ တိုးက ကြိုက်တော့ နွယ်လည်း လိုက်စားရင်း ကြိုက်သွားခဲ့တာပဲ၊ ဒါပေမယ့် တိုး မရှိတော့တဲ့နောက် အဲဒီဟင်းမြင်တိုင်း တိုးကို သတိရတတ်လို့ မစားဖြစ်ခဲ့တော့ဘူး"

"ကိုင်း. . . ဘဝချင်းက ခြားနားနေပြီ၊ သေသူအတွက် ရှင်လူတွေ လုပ်ပေးရမယ့်အလုပ်က လွမ်းဆွတ်တမ်းတပြနေဖို့ မဟုတ်ဘူး သမီး၊ သေသူဟာ ဘဝကူးမကောင်းရင် ကောင်းသွားအောင် ရည်စူးပြီး သူ့အတွက် ကောင်းမှုကုသိုလ်တွေ များများလုပ်ပေးပြီး အမျှအတန်းဝေပေးဖို့ တာဝန်ရှိတယ်လို့ ကြီးကြီး ထင်တယ်၊ ဒါကြောင့် တိုးအတွက်တော့ သမီးနှလုံးသားကို အနာတရ အဖြစ်ခံပြီး တမ်းတလွမ်းဆွတ်မနေပါနဲ့တော့ကွယ် ဟုတ်လား၊



www.burmeseclassic.com

www.burmeseclassic.com



ကိုင်း. . စား. . သမီး၊ ဒါလေးက ကင်မွန်သုပ်ကလေး၊ တက်တက်တော့ ရှောက်သီးနဲ့ အချဉ်သုပ်ထားလိုက်တာ. . . စားကြည့်စမ်း"

ဒေါ်သီတာ၏စကားတို့သည် မြတ်လေးနွယ်၏ရင်တွင်းသို့ ပန္နက်စိုက်ထူပြီးသား ဖြစ်သွားလေသည်။

ဒိုးက ငြိမ်သက်စွာဖြင့် ထမင်းကို တမြုံ့မြုံ့စားနေသည်။

ဒိုးသည် နှုတ်မှ စကားတစ်ခွန်းမှ မပြောတတ်သော်လည်း မျက်ဝန်း၌ စကားပေါင်း အသချေ ပြောနေလေသည်။

ငါးရံ့အူဟင်း တစ်မျိုးတည်းနှင့်သာ ထမင်းကို မြိန်ရည်ယှက်ရည် စားနေသောဒိုးသည်. . .

ဒိုးလည်း တိုးလိုပါပဲ။


ဒိုးနဲ့တိုးဟာ. . .

ရုပ်နာမ်မတူတာကလွဲလျှင် အားလုံးဟာ အတူတူကြီးပါပဲ။ နှလုံးသား တည်ဆောက်ပုံ။

စိတ်အာရုံအစွဲအလမ်းကပါ တူညီနေတယ်ဆိုတာ သွေးယုံပြီလားဟု မေးနေသယောင်ယောင်။







## အခန်း(၂၂)

"ဟဲလို. . . ဦးဒိုးနဲ့ တွေ့ချင်လို့ပါ"

"သွေး. . . အဲ. . . ဒေါ်မြတ်လေးနွယ်၊ ကိစ္စရှိလို့လား"

မထင်မှတ်သော တယ်လီဖုန်းကြောင့် ထင်သည်။ ဒိုးအသံသည် ရှင်ကြည်ကာ ပျာယာခတ်နေသည်။

"ဟုတ်တယ်"

"ယူ့ကျောင်းကို လာခဲ့ရမလား"

"မဟုတ်ဘူး. . . မလာခဲ့နဲ့၊ နွယ် ပြောစရာရှိလို့"

"ပြောလေ. . . ဒိုးနားထောင်နေတယ်"



www.burmeseclassic.com

www.burmeseclassic.com



"ကြီးကြီး ပြန်ရောက်ပြီလား"

"မရောက်သေးဘူး. . . ဘာဖြစ်လို့လဲ"

"သိချင်လို့"

"ဘာတွေ သိချင်လို့လဲ. . . ဒိုးသိခွင့်ရှိသလား"

"ရှိပါတယ်. . . ဒါပေမယ့်"

ကျောင်းဖုန်းကို ကိုယ်ရေးကိုယ်တာကိစ္စအတွက် အကြာကြီး အသုံးပြုရမှာ လိပ်ပြာမသန့်သကဲ့သို့ ရှိသည်။ ထို့ကြောင့်. . .

"ဦးဒိုး. ."

"ပြောပါ"

"ညနေအားရင် အိမ်လာခဲ့ပါလား"

"အိုကေ. . . ယူ့အတွက်ဆိုရင် ညနေမှ မဟုတ်ဘူး၊ အမြဲအားတယ်၊ ကျောင်းဆင်းချိန် လာကြိုပေးရင်း တစ်ခါတည်း လိုက်ခဲ့လို့ ရမလား"

"ရပါတယ်. . . အဖော်ကျောင်းသူတွေပါ ခေါ်ခဲ့မှာနော်"

"ရပါတယ်. . . ဘယ်နှစ်ယောက်ခေါ်ခေါ်"

"ဒါပဲ ဦးဒိုး"

"နေပါဦး"

"ဘာကိစ္စ ရှိသေးလို့လဲ"

"ဒီနေ့ မင်္ဂလာ ရှိသွားပြီဆိုတာ ပြောမလို့"

"ဂျလောက်"

မြတ်လေးနွယ် တယ်လီဖုန်းခွက်ကို ချလိုက်သည်။

"ဆရာမ. . . ဧည့်သည်တဲ့"

ဆရာမကြီး ရုံးခန်း၌ ဖုန်းဆက်ပြီးပြီးချင်း ထွက်အလာ ရုံးအကူစာရေးလေးက ပြောသဖြင့် မြတ်လေးနွယ် စဉ်းစားရသည်။ မိမိဆီ ဘယ်ကဧည့်သည်များ လာစရာ ရှိလို့ပါလိမ့်။





"ဘယ်မှာလဲ"

"ပါလာမှာ စောင့်နေတယ် ဆရာမ"

"ဪ. . ."

ဆရာမများ ပါလာခန်းသို့ မြတ်လေးနွယ် လှမ်းလိုက်သည်။ ခန်းစီးကို လှပ်အဝင်၌. . .

"ကြီးကြီး"

"ဟုတ်တယ် သမီးရေ၊ တွေ့ချင်ပြောချင်လွန်းလို့ အိမ်တောင် မပြန်နိုင်သေးဘဲ တန်းလာခဲ့တာ"

ဒေါ်သီတာကို တွေ့လိုက်ရခြင်းကို မြတ်လေးနွယ် အံ့အားသင့်ခြင်း သိပ်မဖြစ်မိချေ။

"သမီးမိဘတွေလဲ နေထိုင်ကောင်းကြပါတယ်၊ သမီးအတွက် ငွေ၊ စာနဲ့ မုန့်တွေတောင် ပေးလိုက်သေးတယ်"

"ကြီးကြီး ဝင်သွားလို့လား"

"အသွားမှာ ဝင်ပြီး ပြန်မယ့်အချိန် ပြောခဲ့တယ်၊ အပြန်သမီးဆီ မှာစရာရှိတာ မှာရအောင်လို့"

မြတ်လေးနွယ် ထူးထူးထွေထွေ အံ့အားသင့်ခြင်း ဖြစ်မနေတော့ပါချေ။

"တိုးနဲ့ တွေ့ခဲ့လား"

"အဲ့ဒါကို ပြောချင်လွန်းလို့ လာခဲ့တာပဲ၊ ဒီလို သမီးရဲ့ သချ္ချိန်နတ်က အမှောင်ခန်းထဲ ဝင်သွားရတယ်၊ ကြီးကြီးတို့လိုပဲ တွေက အများကြီးပဲ၊ အမှောင်ထဲမှာ ထိုင်နေရတာပေါ့၊ ကြီးကြီးနဲ့ တ်မှန်ရယ် ဝတ်မှုန်အမေရယ် ပူးပူးကပ်ကပ်နဲ့ ထိုင်ရင်း ကြက်သီး ဖြန်းဖြန်းနဲ့ စိတ်ဝင်စားစွာ ကိုယ့်အလှည့် စောင့်နေတုန်း 'မေမေ မေ' နဲ့ တိုးအသံ ပီပီသသပါပဲ၊ ကြီးကြီးနားထဲမှာတော့ တိုး အသံစစ်စစ်ပဲ၊ ကြားလိုက်ရပြီး အံ့အားသင့်နေတုန်း အဲ့ဒီက



www.burmeseclassic.com

www.burmeseclassic.com

အဘွားကြီးက 'တိုးဆိုတဲ့သူငယ် လာပြီ၊ မိခင်ပါရင် ထူးလိုက်လေ' လို့ ပြောတော့ ကြီးကြီးလဲ အသံပြုရတာပေါ့။ 'သားတိုး မေမေ ရှိတယ်' လို့လဲ ပြောရော ငိုသံထွက်လာတယ်၊ ကြီးကြီးလဲ ရောငိုတာ ပေါ့။ ဝတ်မှုန်တို့ သားအမိလဲ ငိုကြတာပဲ"

မြတ်လေးနွယ်ပင်လျှင် မျက်ရည်များ ရစ်သိုင်းလာသည်။

မိမိကိုယ်တိုင် ဒေါ်သီတာ ပုံဖော်ပြသော လေချွန်နတ် အခန်းတွင်းသို့ ရောက်နေသည့်နှယ်ရှိသည်။

"အဘွားကြီးက ငိုမနေနဲ့၊ မေးစရာရှိ မြန်မြန်မေးကြလို့ ပြောတော့မှ ကြီးကြီးလဲ သတိရပြီး စိတ်ကို ထိန်းချုပ်ပြီး အခု သားဘယ်မှာလဲဆိုတော့"

မြတ်လေးနွယ် အသက်ရှူရန်ပင် မေ့လျော့သွားသည်။

ဒေါ်သီတာက မျက်ရည်စို့ကာ ရင်ထဲပါ သောကအလုံး ဆို့လာဟန်တူသည်။ မနည်းအားတင်းလျှက် ကြိုးစားပြောလိုက်ရှာ သည်။

"ပိတောက်ပင်မှာတဲ့လေ"

"အို့. . . တိုးရယ်"

မြတ်လေးနွယ် ထိန်းချုပ်မှုတရား လွတ်ထွက်သွားသည်။ မျက်ရည်တို့မှာ မျက်ခွံတံခါးကို အတင်းဖွင့်ကာ အရှိန်အဟုန် ပြင်းစွာဖြင့် ခုန်ပေါက်ပြေးထွက်လာသည်။

"ဒါနဲ့ ကြီးကြီးလဲ ဆက်မေးလိုက်တယ်၊ သား ဘာဖြစ်လို့ အဲဒီမှာ အကြာကြီး နေ့,နေရတာလဲ၊ မေမေတို့ အမှုဝေတာ မရဘူး လားလို့"

မျက်ရည်စီးကြောင်းတို့ ရပ်တန့်ကာ နားထောင်နေမိ သည်။

"ကြားတယ်. . . ဒါပေမယ့် နေရာလဲပစ်မယ့်သူ မလာ





သေးလို့တဲ့လေ၊ ကြီးကြီးတော့ ချုံးပွဲချ ငိုပစ်လိုက်တယ်၊ အဲဒီအချိန် မှာပဲ သွေး. . . သွေးဆိပဲ သားလာချင်တယ်လို့ ပြောသွားပြီး ငိုက်သံတွေနဲ့ ပျောက်သွားတယ်"

မြတ်လေးနွယ်ရင်၌ ဆို့နင့်သွားသည်။ ဒေါ်သီတာကို ဘာ ပြန်ပြောရမှန်း မသိအောင်ပင် စကားပြောခြင်းအတတ်ပါ ပျောက် ဆုံးသွားလေသည်။

ဒေါ်သီတာ မျက်ရည်များ သုတ်ကာ သူ၏လက်ကိုင်အိတ် ကို ဖွင့်ပြီး စာအိတ်နှင့် ငွေငါးထောင် ထုတ်ပေးသည်။

"ပစ္စည်းတွေတော့ ညနေမှ သားနဲ့ ပို့ခိုင်းလိုက်မယ်၊ စာနဲ့ အမီးအမေ ပေးလိုက်တဲ့ငွေပဲ၊ မိုးတွင်းကို ခရီးထွက်မလာပါနဲ့လို့လဲ လိုက်တယ်၊ လိုအပ်ရင် ဖုန်းဆက်လိုက်ပါ။ သူတို့ပဲ လာခဲ့ပါ့မယ်တဲ့၊ ငိုင်း. . . ကြီးကြီး ပြန်တော့မယ်"

"ဟုတ်. . . ဟုတ်ကဲ့"

ထိုအခါကျမှ မျက်ရည်သုတ် ငွေနှင့်စာအိတ်ကို လက်ကိုင် အိတ်ထဲ ထည့်ပြီး ဒေါ်သီတာအား ပေါ်တီကိုအောက်အထိ ရောက် အောင် လိုက်ပို့ပေးလိုက်သည်။

ရင်ထဲ၌ ပြောစရာ စကားတို့သည် လုံးဝ ထွက်ပေါ်၍ လာဘဲ မချိပြုံးနှင့်သာ နှုတ်ဆက်လိုက်ရသည်။

ဒေါ်သီတာ၏ကားလေး မြင်ကွင်းမှ ပျောက်ကွယ်သွားမှ မိနောက်နားတွင် ခင်ခင်ထွေး ရပ်နေကြောင်း သိလိုက်ရသည်။

"ဘယ့်နှယ်လဲ. . ယောက္ခမလောင်းကြီးက ဘာတွေ အလွမ်း ယ်သွားသလဲ"

မြတ်လေးနွယ် ပြုံး၍ ခေါင်းခါပြလိုက်သည်။

"နွယ်ရယ်. . . ကင်းနိုင်တာလဲ မဟုတ်ဘဲနဲ့၊ ကိုယ့်အပေါ် လားတဲ့မိသားစုနဲ့ နွေးနွေးထွေးထွေးဆိုရင် ဘယ်လော[illegible]ကောင်း



www.burmeseclassic.com

www.burmeseclassic.com



မလဲ"

"နွယ် စဉ်းစားနေပါတယ်၊ သွားမယ်. . . နွယ် အတန်းဝ
ရဦးမယ်"

"ဟဲ့. . . ငိုထားတဲ့မျက်နှာကြီးနဲ့၊ ကရင်ပတ်စ်လေး ဘာ
လေး ဖို့သွားဦးနော်"

"အင်း. . ."

မြတ်လေးနွယ် ယခုအချိန်၌ ဘယ်သူနှင့်မှ စကားမပြော
ချင်ပါ။ တစ်ယောက်တည်း တွေးပြီး စဉ်းစားနေချင်သည်။

ဆရာများ နားနေခန်း ရောက်သည်နှင့် မျက်နှာ
တို့ပတ်နှင့် တို့ကာ အနည်းငယ် ပြုပြင်လိုက်ပြီး မိဘများစာ
ဖွင့်ဖတ်လိုက်သည်။ မိခင်ကပဲ ရေးထားသည်။

သမီးနွယ်...

ဒေါ်သီတာ ရောက်လာသေးတယ်၊ ပြီးခဲ့တဲ့ တစ်ပတ်ကျော်က သမီးပြန်လာတာ ရေကြီးပြီး ပဲခူးကနေ လှည့်ပြန်လို့ မေမေတို့ဆီ ရောက်မလာဘူးဆိုတာလဲ ဒေါ်သီတာ ပြောပြမှ သိရတယ်။

ဒေါ်သီတာဟာ သဘောထားပြည့်ဝတဲ့ အမျိုးသမီးကြီးဖြစ်လို့ မေမေတို့လဲ သမီးအတွက် စိတ်အေးရတယ်။

သူ့ကိုယ်သူ မိတ်ဆက်ပြီး လက်ဆောင်တွေနဲ့ ရောက်လာလို့ မေမေတို့ အံ့အားသင့်နေခဲ့ရတယ်၊ ဒါပေမယ့် တိုးနဲ့ ဦးရဲမြင့်မှန်း သိတော့ စိတ်အေးသွားတယ်၊ ကြို့ပြင်ကောက်က အပြန်မှာ ဝင်လာဦးမယ် ပြောလို့ မေမေ တကြိုရေးထားတာ။

ဒေါ်သီတာက သူ့သဘောထားကို မေမေ့ကို ဖွင့်ဟသွားသေးတယ်၊ သူ့သား တိုးနည်းတူ ဦးကလဲ သမီးအပေါ်မှာ စွဲစွဲလန်းလန်း မြတ်နိုးနေတာဖြစ်လို့ မေမေတို့ကသာ သဘောတူမယ်ဆိုရင်





သမီးကို ဝိုင်းနားချပေးပြီး ဝါကျွတ်ရင် မင်္ဂလာကိစ္စ စီစဉ်ချင်တဲ့ အကြောင်း ကို ပွင့်ပွင့်လင်းလင်း ပြောသွားတယ်လေ။

ဒီ အတွက်တော့ သမီးစိတ်ထဲ စနိုးစနောင့် မဖြစ်စေချင်ဘူး၊ သမီးကို ကျော်လွန်ပြီး သူက ဖွင့်ပြောတာ မဟုတ်ဘူး၊ လူကြီးတွေ သိထိုက်သင့်တယ်၊ ဝိုင်းဝန်းပြီး ကူညီနားချပေးစေချင်လို့ မေမေ့ကို တစ်ဖက်လှည့်နဲ့ ပြောရှာတာ၊ သမီးသိမှာကိုတောင် စိုးရိမ်နေသေးတယ်၊ ဒီအတွက်တော့ ဒေါ်သီတာအပေါ် ဘယ်လိုမှ မအောက်မေ့နဲ့""

ဦးကို မေမေ မတွေ့ဖူးပေမယ့် သမီးအတွက် အကောင်းဆုံးသော ဘဝခရီးဖော် ဖြစ်လိမ့်မယ်ဆိုတာ မေမေကော ဖေဖေကော ယုံကြည်လက်ခံတယ်၊ ဒါကြောင့် သမီးတစ်သက် အိမ်ထောင်မပြုတော့ဘူးဆိုတဲ့ ဆုံးဖြတ်ချက်ကို ပြင်ဆင်ပြီး ဦးကို စဉ်းစားလက်ခံပေးပါလို့ မေမေတိုက်တွန်းချင်တယ်။

ကိစ္စကတော့ ဒါပါပဲ၊ သမီးလဲ မလာတာ သုံးလလောက် ရှိပြီဆိုတော့ ငွေလိုမယ် ထင်တာနဲ့ ငါးထောင်ပို့ပေးလိုက်တယ်။

သီတင်းကျွတ် ကျောင်းပိတ်ရက်မှပဲ ပြန်လာခဲ့တော့၊ အဲဒီအခါမှာ မေမေတို့ ဝမ်းသာရမယ့် အဖြေမျိုး သမီးပြောနိုင်လိမ့်မယ်လို့လဲ ယုံကြည်ထားလိုက်မယ်။

တစ်အိမ်သားလုံး ကျန်းမာကြပါတယ်၊ သမီး ကျန်းမာပါစေလို့ ဆုတောင်းပေးလျက်...

မေမေ

မြတ်လေးနွယ် သက်ပြင်းချလိုက်သည်။

စိတ်ထဲ၌ ဘယ်သူ့အပေါ်ကိုမှ အပြစ်မတင်မိပါချေ။ ကံကြမ္မာကိုသာ ယိုးမယ်ဖွဲ့မိသည်။



www.burmeseclassic.com

www.burmeseclassic.com




အချိန်ပြောင်း ဘဲလ်သံမြည်သွားခြင်းကို ကျေးဇူးတင်လိုက်မိသည်။

တွေဝေငေးမောချိန်ကို ဖျောက်ဖျက်ပစ်လို့ ရနိုင်ခြင်းကြောင့်ပင်။

တစ်ခါတစ်ရံ တာဝန်ချိန်သည် လူ့စိတ်ကို ထိန်းကွပ်အပေးနိုင်ဆုံး ဖြစ်သွားတတ်လေသည်။







အခန်း( ၂၃ )

"နွယ် အစတုန်းကတော့ ပြောစရာအကြောင်းအရာက တစ်မျိုးပါ။ ဒါပေမယ့် ကြီးကြီးလာသွားတော့ တစ်မျိုးပြောင်းလွဲသွားတယ်"

"မေမေပြောပါတယ်၊ သူရောက်ရောက်ချင်းပဲ အိမ်တောင် မပြန်နိုင်သေးဘဲ ယူ့ဆီကို အရင်ဝင်တဲ့အကြောင်း"

"ဒါပဲလား"

"ပြီးတော့ ပစ္စည်းတွေလဲ ပို့ခိုင်းလိုက်သေးတယ်"

"ဒါပဲလား"



www.burmeseclassic.com

www.burmeseclassic.com



ထိုအခါ ဒိုးသည် မိမိအား ငဲ့စောင်းကြည့်လိုက်သည်။

"ဘာထူးသေးလို့လဲ"

"ရှင် ယောက်ျားမပီသဘူး"

"ဗျာ. . ."

ကားခေါင်းသည် အနည်းငယ် ခါယမ်းသွားသည်။ ကား

၌ မိမိတို့ နှစ်ဦးတည်းမဟုတ်၊ ကျောင်းသွားဖော် ကျောင်းသူလေ

များ ပါလာသေးသည်ကို သတိပြုမိကာ လောကြီးသွားသည့် စကာ

များကို ပြန်လည်ထိန်းသိမ်းလိုက်သည်။

"အိမ်ရောက်မှပဲ ဆက်တော့မယ်"

ဒိုးသည် လုံးဝ ခွန်းတုန့်မပြန်တော့ဘဲ ကားကိုသာ ဂ

တဲစိုက် မောင်းနှင်နေသည်။

သို့သော် သူ့မျက်နှာ၌ အတွေးရိပ်တို့ စိုးမိုးခြင်းကြော

လုံးဝကြည်လင်မှု မရှိချေ။

အိမ်ရှေ့၌ ကားရပ်လိုက်သည်နှင့် ကျောင်းသူလေးမျာ

ဆင်းကာ. . .

"တီချယ် သွားတော့မယ်နော်၊ ဦးဦး ကျေးဇူးတင်ပါတယ်

ဟု နှုတ်ဆက်ထွက်ခွာသွားခြင်းကိုပင် ခေါင်းညိတ်ရုံသာ အသ

အမှတ် ပြုလိုက်နိုင်သည်။

ရင်ထဲ၌ အကျိတ်အခဲ ကိုယ်စီဖြင့် ကားပေါ်မှ ဆင်းလိုက

ကြသည်။

ကားနောက်ခန်းမှ ခြင်းတောင်းကို သူ သွားယူခြင်းက

မြတ်လေးနွယ် မစောင့်တော့ဘဲ အိမ်ပေါ် တန်းတက်ခဲ့သည်။

"ဒေါ်လေး. . . ဦးဒိုးဆီက ပစ္စည်းတွေ သွားယူလိုက်

ဦး"

ဟု အသံပြုပြီး ရေအိုးစင်ဆီသို့ လျှောက်ခဲ့ကာ ရေတ





ခွက် ခပ်သောက်လိုက်သည်။ ရင်ထဲ လောင်မြိုက်နေသော အပူမီး

ကို ရေစင်တစ်ခွက်သည် ငြိမ်းအေးမှုကို မစွမ်းဆောင်နိုင်ပါချေ။

ဒိုးသည် အိမ်ပေါ် တက်လာပြီး ခေါင်းရင်းဘက် ဆက်တီ၌

ထိုင်လိုက်သည်။

သူ့မျက်နှာသည် ညှိုးနွမ်းခြင်း အလျဉ်းမရှိပါချေ။ ယော

က်ျားမာနရောင်ဖြင့် အနည်းငယ် တင်းမာနေသည်။

မြတ်လေးနွယ် သူနှင့် မျက်နှာချင်းဆိုင် ဆက်တီ၌ ဝင်ထိုင်

လိုက်သည်။

ထိုအချိန်အထိ သူသည် ဣန္ဒြေရစွာဖြင့် နှုတ်ဆိတ်နေဆဲ

ဖြစ်သည်။ ဤပုံစံကလည်း တိုး စိတ်အနှောင့်အယှက် ဖြစ်သည့်

အခါ နေသည့်ပုံစံအတိုင်းပင်။

တူ့တူနိုင်လွန်းလှချည်လား အမွှာညီအစ်ကိုရယ်၊ မိမိဘဝ

ကို ဤမျှ စိုးမိုးနိုင်ခြင်းအတွက် စိတ်အနှောင့်အယှက်ပင် ဖြစ်မိလေ

သည်။

"ဦးဒိုး. . . ဒီစာ ဖတ်ကြည့်ပါ"

မိခင်စာ ပေးဖတ်လိုက်ခြင်းသည် မိခင်တို့၏သဘောထား

ကို အသိပေးရာများ ရောက်လေမလားဟု အစက တွေးမိသော်

လည်း ခုရှုပ်မှ နောင်ရှင်းမည်ဟု တွေးမိလိုက်သည့်အတွက် စာအား

ပေးဖတ်လိုက်သည်။

သူက အေးဆေးစွာပင် ဖတ်ပြီး စာရွက်ကို ပြန်ခေါက်ပြီး

အိတ်ထဲ ထည့်ပြီး မြတ်လေးနွယ်အား ပြန်ပေးလိုက်သည်။

"ဒီအကြောင်းကိုတော့ မေမေ ကျွန်တော့်ကို မပြောပြဘူး"

"ရှင် မညာနဲ့၊ ဒါ ရှင့်ဉာဏ်အကုန်ပဲလား"

"ဘာဉာဏ်လဲ"

"ယောက်ျားပီပီသသ ဝန်ခံပါ ဦးဒိုး"



www.burmeseclassic.com

www.burmeseclassic.com



"တော်ရုံစော်ကားရင် ကောင်းမယ်ထင်တယ် ဒေါ်မြတ်လေးနွယ်"

"ရှင် သိပ်ဟန်ဆောင်ကောင်းတာပဲ"

"ဒီမှာ ဒေါ်မြတ်လေးနွယ်၊ ခင်ဗျား ဘာကြောင့် ကျွန်တော့်ကို အပြုံးတကြီး စွဲချက်တင်နေတယ်ဆိုတာ ရှင်းပြပါဦး"

"ရှင်က ကျွန်မကို ပြောတော့ ကျွန်မသဘောမတူရင် ဘယ်တော့မှ ပရိုပို့စ် မလုပ်တော့ပါဘူး၊ ကျွန်မ စိတ်ချမ်းသာစေရပါမယ်ဆို"

"ဟုတ်တယ်လေ. . . ကျွန်တော့်ကတိကို ကျွန်တော် တတ်နိုင်သမျှ ထိန်းသိမ်းခဲ့တာ ယူ အသိဆုံး နေမှာပါ"

"ဒါက ရှင် နားလှည့်ပါးရိုက်တာပဲ"

"ဗျာ"

"ဟုတ်တယ်. . . ကျွန်မကို တစ်မျိုးပြောပြီး တစ်ဖက်လှည့်နဲ့ လူကြီးတွေကို နားဖောက်ခိုင်းတာ ရှင့်ရဲ့ယောက်ျားဉာဏ် အကုန်ပဲလား"

"သြော်. . . ဒါလား၊ ဒါကို ယူက ယောက်ျားမပီသဘူးလို့ ဆိုလိုတာ ထင်တယ်၊ ဟား. . . ကျွန်တော်သဘောပေါက်ပြီ"

"ရှင် ဘာပြင်းချင်သေးလဲ"

"မငြင်းချင်ပါဘူး. . . ဒါပေမယ့် ရှင်းချင်တယ်"

"လိပ်ကို ကြမ်းပိုးဖြစ်အောင် ပြောမလို့လား"

"မဟုတ်ပါဘူး. . . ဆင်ကြီးကို ကြမ်းပိုးဖြစ်အောင် ပြောမလို့၊ အဟင်း. . . ဟင်း ဒေါ်မြတ်လေးနွယ်ရယ်၊ ကိုယ့်အပေါ် ဒီလောက်မြတ်နိုးတန်ဖိုးထားတဲ့ ယောက်ျားတစ်ဦးနဲ့ ဆုံတွေ့ရခြင်းအပေါ် ဘာဖြစ်လို့များ အနာတရဖြစ်ပြီး စိတ်ထိခိုက်နေရတာလဲ"

"အပိုတွေ မပြောနဲ့၊ နွယ်သိချင်တာဖြေ"





"ကျမ်းကျိန်ပါ့မယ်. . . ဘုရားစူးပါရစေရဲ့လို့ ကျိန်ပြောရမယ့်ခေတ် မဟုတ်ဘူးနော်၊ ဒါပေမယ့် ကိုယ့်ရဲ့ကိုယ်စောင့်နတ်ကို ကိုယ် တိုင်တည်ပြောရရင် မေမေမေးလို့ မေမေ့ကို ယူပြောတဲ့ အတိုင်း ရင်ဖွင့်မိတာကလွဲလို့ ဘာမှ အပိုမပြောမိဘူး၊ ယူ့မိဘတွေ ဆီလဲ မြန်းဖို့ကိစ္စ မပြောမိဘူး၊ ဒါ ကျွန်တော့်ရဲ့မှန်သောသစ္စာပဲ၊ အဲ. . . ဒီမှန်သောသစ္စာစကားကြောင့် ချစ်သောသူနဲ့ ဆုံစည်းရပါလို၏လို့တော့ သစ္စာတိုင်တည်ရဲတယ်. . . တိုင်တည်လိုက်တယ်"

"တကယ်လား"

"ယူဟာ လူကြီးဆန်မလိုလိုနဲ့ တစ်ခါတစ်ရံ ကလေးသိပ်ဆန်တာပါပဲလား ဒေါ်မြတ်လေးနွယ်၊ စိတ်သာချ. . . ယူ့ဆန္ဒမပါဘဲ ဘယ်သောအခါမှ လက်ထပ်ခြင်းကို မဖြစ်စေရပါဘူးလို့ ကျွန်တော် ထပ်ဆင့်ကတိပေးပါတယ်"

မြတ်လေးနွယ် ချက်ချင်းယုံကြည်လိုက်သည်။

"နွယ် ယုံကြည်စိတ်ချနေမယ်နော်၊ အဲဒီယုံကြည်မှုကို ရှင် အလွဲသုံးစား မလုပ်နဲ့နော်"

"မလုပ်ပါဘူး. . . စိတ်ချပါ။ ဒီမှာ. . . ကျွန်တော့်ရဲ့ ငါ့ဝမ်းပူစာ မနေသာတဲ့ နှလုံးသား တောင်းဆိုချက်ကို သိတဲ့ မေမေရဲ့မိဘမေတ္တာတရားနဲ့ ဝတ္တရား ရှိတဲ့အတိုင်း ဖန်တီးပေးတဲ့ အပေါ်မှာလဲ အမျက်မထားစေချင်ဘူးနော် ဒေါ်မြတ်လေးနွယ်"

"လူကြီးတွေအပေါ်မှာ နွယ် ဘယ်တော့မှ အမျက်မထားတတ်ပါဘူး၊ မိဘဆိုတာ သားသမီးတွေအပေါ်မှာ ချစ်ဇောအဟုန်များလွန်းတော့ တစ်ခါတစ်ရံ အမှားအယွင်းတွေ ဖြစ်ချင်ဖြစ်သွားတတ်တယ်၊ နွယ် နားလည်ပါတယ်"

"ကိုင်း. . . ဒါဖြင့် ယူ ကျွန်တော့်ကို ဖုန်းဆက်ခေါ် ရတဲ့ အကြောင်းရင်းကို ပြောပါဦး"



www.burmeseclassic.com

www.burmeseclassic.com



သည်တစ်ခါ တိတ်ဆိတ်ကာ ငိုင်တွေရသူမှာ မြတ်လေးနွယ် ဖြစ်သွားသည်။

တစ်ဆက်တည်း ကြက်သီးမွေးညင်းများ ထောင်ထသည်အထိ ကြောက်စိတ်များ ဝင်လာသည်။

"ပြောလေ"

"ဒိုး. . ."

". . . . . . . ."

ဒိုးသည် မျက်လုံးအကြည့်ဖြင့်သာ သူ့ထံမှ အဖြေကို တောင်းခံလိုက်သည်။

"နွယ် ငယ်ငယ်က လုံးဝ မကြောက်တတ်ဘူး၊ ဒါပေမယ့် အခု အရမ်းကြောက်တတ်နေပြီ"

"ဘာဖြစ်လို့လဲ"

"ညက အိပ်မက်မက်တယ်၊ ကြောက်စရာကြီး၊ တိုးလေ. . တိုး. . နွယ့်နောက်ကို ပြေးပြေးလိုက်လို့ နွယ် ထွက်ပြေးရင်း ချောက်ထဲ လိမ့်ကျတဲ့ အိပ်မက်ကြီးပဲ မက်နေတယ်"

"ဒါ ကြောက်စရာလား၊ သွေးလေချောက်ခြားပြီး အစာမကြေလို့ မက်တာပဲ ဖြစ်မှာပါ"

ဒိုးက နှစ်သိမ့်ရန် ကြိုးစားလိုက်သည်။

သို့သော် မြတ်လေးနွယ်က ကိုယ့်ဝမ်းနာ ကိုယ်သာ သိသည်။ ဘုရားစာ နာနာရွတ်ကာ ဒေါ်လေးကိုပါ အိပ်ခန်းထဲ ခေါ်အိပ်နေရသည့်အဖြစ်ကိုတော့ ပြောမပြတော့ပါ။

တိုး၏ရုပ်သွင်သည် အရင်လို မဟုတ်၊ မှုန်မှုန်ဝါးဝါးနှင့် တစ်ခါတစ်ရံလည်း မီးလျှံလိုလို တစ်ခါတစ်ရံလည်း ပိတောက်ပင်ပေါ်က ကျစဉ်ကအတိုင်း သွေးအလူးသားနှင့် ပြေးလိုက်နေတတ်သည်။





ထိုအခါ တိုးအပေါ် စွဲလန်းခဲ့မိသောစိတ်တို့ ပျောက်ဆုံးကာ ကြောက်လန့်တကြား ပြေးလွှားခဲ့မိခြင်းသည် တိုးအား မချစ်တော့ခြင်း၏ ပြယုဂ်ပေလားဟုပင် မြတ်လေးနွယ် တွေးတောကာ စိတ်မောနေမိသည်။

"ကြီးကြီးစကားအရဆိုရင် တိုး. . . တိုး မကျွတ်လွတ်သေးဘူးပေါ့နော်"

"အဲဒီလိုဆိုရင် နွယ်တို့ ဘာလုပ်ပေးရမလဲ၊ တိုး ဘဝကူးကောင်းအောင် ဘာလုပ်ပေးရမလဲ"

"ကုသိုလ်ကောင်းမှုလုပ်ပြီး အမျှအတန်း ပေးဝေရုံထက် ဘာမှ ပိုပြီးမလုပ်တတ်တော့ဘူး၊ ကျွန်တော်တို့လဲ လုပ်ပေးနေတာပဲ၊ ပိုလုပ်ပေးကြတာပေါ့၊ သူလဲ ကျွတ်ချိန်တန်နေပြီ ထင်ပါတယ်၊ ဒါကြောင့် ဒီလောက် အိပ်မက်တွေ ပေးနေတာ ဖြစ်မယ်၊ စိတ်ထဲ သိပ်အစွဲအလန်း မထားပါနဲ့၊ ကြောက်စရာ မဟုတ်ပါဘူး"

ဒိုးက တည်ငြိမ်စွာဖြင့် မြတ်လေးနွယ်အား အားပေးစကားပြောသည်။

မြတ်လေးနွယ် ဆတ်ခနဲ ခေါင်းညိတ်ကာ. . .

"နွယ် တိုးကိုတော့ မကြောက်ပါဘူး၊ ဒါပေမယ့် စိတ်ထဲ ချောက်ခြားတယ်၊ တိုးရဲ့နောက်ဆုံးအချိန်ကို ပြန်ပြန်မြင်ပြီး အိပ်လို့မရတော့ဘူး"

"ကျွန်တော် ရွှေအပတ်ထဲ ကြို့ပင်ကောက် သွားလိုက်ဦးမယ်"

"လေချွန်နတ် သွားမေးမလို့လား"

"ဟုတ်တယ်. . . မေမေပြောတာကို မယုံလို့ လက်တွေ့ကျကျ သွားကြည့်မလို့"

"နွယ်လဲ သိတင်းကျွတ်ရင် သွားလိုက်ဦးမယ်၊ ရွှေအပတ်



www.burmeseclassic.com

www.burmeseclassic.com



တောင် ရန်ကုန်ထပ်သွားဦးမလားလို့"

"ဘာဖြစ်လို့လဲ"

"ဝေမာတို့အိမ် သွားချင်တယ်"

"အတိတ်ရဲ့ဝေဒနာဟောင်းတွေဟာ မတူးဖော်ဘဲနဲ့တောင် ဒီလောက်ကြီးစိုးနေရင် ပြန်လည်တူးဖော်မိရင် ယူ ခံနိုင်ရည်ရှိပါ့မလား"

ဒိုးအား လေးစားစွာ ငေးစိုက်ကြည့်လိုက်မိသည်။ ဒိုးနေရာမှာ အခြားသူစိမ်းတစ်ဦးဦးသာ ဆိုပါက မိမိအပေါ် ဤမျှ စိတ်ရှည်လက်ရှည်နှင့် ကြင်နာစကား ဆိုနိုင်ပါ့မလားဟု။

"ပြီးခဲ့တာတွေကို ပြန်လည်စဉ်းစားနေမယ့်အစား ကိုယ့်ရဲ့လက်ရှိဘဝမှာ ပျော်ပျော်နေနိုင်ဖို့ ကြိုးစားပါ၊ ဒီလိုဆို ကိုယ် ရန်ကုန်သွားရင် ယူ လိုက်မလား၊ ကိုယ် ကားတစ်စီး ယူသွားမယ်၊ ဟိုတစ်ခါကလို သူများကားဆွဲရတဲ့အဖြစ် ဖြစ်မှာစိုးလို့ ယူ လိုက်မယ်ဆိုရင်တော့ ကားတစ်စီး ယူသွားမယ်"

"ရပါတယ်. . . မလိုက်တော့ဘူး၊ သွားရင် ရထားနဲ့ပဲ သွားလိုက်တော့မယ်"

"ယူတစ်ယောက်တည်းလား"

"ဟင့်အင်း. . . ဒေါ်လေး ခေါ်သွားမယ်"

"ဒီလိုဆို ဒီအပတ် စနေလက်မှတ် ကိုယ် ဘွတ်ကင်လုပ်ထားပေးလိုက်မယ်"

"ကျေးဇူးပဲ"

"မလိုပါဘူး. . . အိပ်မပျော်ရင် ဆရာဝန်ပြပြီး အိပ်ဆေးတစ်မျိုးမျိုး သောက်အိပ်မလား၊ ဆေးခန်းလိုက်ပို့ပေးမယ်လေ"

"ရပါတယ်. . . ကြိုးစားကြည့်ဦးမယ်၊ ယူကော တိုးမကျွတ်ဘူးဆိုတာ ယုံသလား"





"မယုံဘူး. . . မယုံလို့ သွားကြည့်မလို့၊ ကိုယ့်ကိုလဲ ဝေမာတို့ အိမ်လိပ်စာ ပေးထားပါလား"

"ဘာသွားလုပ်မလို့လဲ. . . တော်ကြာ ဝေမာတို့ အိမ်သားတွေက တိုးအမှတ်နဲ့ လန့်ကုန်ဦးမယ်"

"သူတို့ တိုးဗျာပနတုန်းက ဒိုးကို မြင်ဖူးကြပါတယ်"

"ဩော်. . . တော်သေးတာပေါ့"

မြတ်လေးနွယ်သည် ဒိုးကမ်းပေးသော မှတ်စုစာအုပ်လေး၌ ဝေမာ၏အိမ်လိပ်စာ ရေးပေးလိုက်သည်။

"ပြန်တော့မယ်"

"ကောင်းပြီ"

"ကိုယ့်အပေါ် သံသယ ကင်းပါတယ်နော်"

"ဘာကိုလဲ"

"ယူ့ကို ရယူပိုင်ဆိုင်လိုမှုအတွက် ကိုယ်တိုင်ပဲ အားထုတ်ကြိုးပမ်းမယ်၊ တစ်ပါးသူရဲ့အကူအညီနဲ့ အတင်းနှောင်ဖွဲ့ မကြိုးစားဘူးဆိုတာတော့ ယူ သံသယကင်းကင်းနဲ့ ယုံကြည်ထားလိုက်ပါလို့ပဲ ကိုယ်ပြောချင်တယ်"

မြတ်လေးနွယ် ခေါင်းညိတ်လိုက်သည်။ အစကတည်းကမှ ဒိုးအပေါ် အမျက်မရှိခဲ့တာ၊ တစ်ခါတစ်ရံတော့လည်း ဆိုးနွဲ့ချင်သဖြင့် ရန်တွေ့ကြည့်ခြင်း ဖြစ်ကြောင်းကို ဒိုးက သိမည်မထင်ပါ။

"ပြန်တော့လေ. . . ကြီးကြီး မျှော်နေမယ်"

"အိမ်မပြန်သေးဘူး. . . သစ်စက်သွားရဦးမယ်"

"ဒါဖြင့် ညနေစာစား နောက်ကျနေမှာပေါ့"

"ဒီလိုပဲ တစ်ခါတစ်ရံ ကိုးနာရီထိုးမှ စားဖြစ်တယ်"

"အို. . . ဒီလိုဆို ဒီမှာ စားသွား၊ နွယ် သွားပြင်လိုက်မယ်"

"ကျေးဇူးတင်ပါတယ် နွယ်၊ ဒီည ကိုယ် ထမင်းစားဖို့ မလို



www.burmeseclassic.com

www.burmeseclassic.com



တော့ဘူး"

"ဘာဖြစ်လို့လဲ"

"ယူ့ဆီက အကြွင်နာစကား ကြားလိုက်ရလို့ ဝမ်းသာပီတိကို စားပြီး အားရှိသွားလို့လေ. . . သွားမယ်"


ပြောပြောဆိုဆိုနှင့် ထကာ ထွက်သွားလေသည်။

မြတ်လေးနွယ် မျက်စောင်းထိုးရင်း ကျန်ရစ်ခဲ့သည်။

ထိုမျက်စောင်း၌ အမျက်လုံးဝ မပါခြင်းကိုတော့ မိမိသာလျှင် အသိဆုံး။







## အခန်း(၂၄)

"ဟယ်. . . ထူးထူးဆန်းဆန်း ဧည့်သည်ပါလား"

ကလေးချိုလျက် ဖြူတစ်ဗျင်းတောင်းနှင့် ထွက်လာသော ဝေမာကို ကြည့်ကာ စိတ်ပျက်လက်ပျက် ဖြစ်သွားသည်၊ အပျိုတုန်းကနှင့် တစ်ခြားစီ။

"မောင်ရေ. . . ထွက်ခဲ့ပါဦး၊ ဒီမှာ ဝေမာတို့ရဲ့အချစ်သစ္စာရှင်မလေး ရောက်လာလို့"

"လုပ်ပြီဟာ"

"ထိုင်. . . နင့်အကြောင်းကို မောင့်ကို ပြောပြထားလို့



www.burmeseclassic.com

www.burmeseclassic.com



မောင်က မြင်ဖူးချင်နေတာ"

ဝေမာ့ယောက်ျားသည် သင်္ဘောသားဖြစ်သည်။ ဝေမာ လက်ထပ်တော့ မြတ်လေးနွယ် နိုင်ငံခြားရောက်နေသဖြင့် လက် သာ ပို့ပေးလိုက်နိုင်သည်။ ထို့ကြောင့် ဝေမာ့ယောက်ျားအား မမြ ဖူးခဲ့ချေ။

ဆက်တီ၌ ဝင်ထိုင်ရင်း နိုင်ငံခြားဖြစ် ဖိမ်ခံပစ္စည်းများနှ ရှုပ်ထွေးနေသော ဧည့်ခန်းကို ကြည့်ပြီး ယခင်က ရှေးဟောင် ဆက်တီများဖြင့် ကျယ်ဝန်းနေသော ဧည့်ခန်းကို အမှတ်ရမိသည်

အသားညိုညို ဗိုက်ရွဲရွဲနှင့် ဘီယာဖော ဖောနေယ တူသော လူတစ်ဦး ထွက်လာသည်။

"ဓာတ်ပုံထဲကထက် အပြင်မှာ ပိုလှတာပဲ၊ ခင်ဗျားသူငယ် ချင်းက ပီတောက်ပင်အောက် ရောက်တိုင်း ချစ်ပုံပြင်ကို အမှ တရ အမြဲပြောတတ်လို့ ကျွန်တော် နားယဉ်ပြီး တွေ့ချင်နေတာ အတော်ပဲ"

ရုပ်ဆိုးသော်လည်း အပြောကောင်းသော စကားကြွယ် ရသော ဝေမာ့ယောက်ျားကြောင့် မြတ်လေးနွယ် အနေခက်သွ သည်။ ပြုံးပြုံးနှင့်သာ ထိုင်နေလိုက်သည်။

"အလည်သက်သက်ပဲလား"

"ဆိုပါတော့"

"ခုထက်ထိ အလွမ်းဝေဒနာ မပျောက်သေးဘူးလား"

"ကြိုးစားနေတုန်းပဲ"

ဝေမာ၏အမေးကို စိတ်မပါစွာ ဖြေရင်း မျက်လုံးသ ဧည့်ခန်းဘေး ပြတင်းပေါက်မှတဆင့် အရိပ်ထိုးနေသော ပိတော ပင် ရှိရာသို့ ငေးမျှော်နေမိသည်။

"သူငယ်ချင်းနှစ်ယောက် စကားပြောဦး၊ ကျွန်တော် သ





တို ထိန်းထားပေးမယ်"

"ကောင်မလေးကို စားစရာတစ်ခုခု လုပ်ခိုင်းလိုက်ပါဦး မောင်"

"အေး. . . အေး"

သို့ဆိုပြန်တော့လည်း အိမ်ထောင်ဖက်ဆိုသည်မှာ တကယ့် တို ဘဝအဖော်မွန်ပါပဲဟု မြတ်လေးနွယ် တွေ့မြင်မိလေသည်။

"ဘာမှ မလုပ်ခိုင်းနဲ့တော့ ဝေမာ၊ ငါ အခုပဲ ပြန်မှာ"

"ဟ. . . ဒါဖြင့် ဘာလာလုပ်တာလဲ"

"အတိတ်ခြေရာလေးတွေ လာကောက်တာလို့ပဲ မှတ်ယူ လိုက်ပေါ့၊ ဒါထက် အန်တီတို့ကော"

"သူ့သမီးကြီးအိမ် လိုက်သွားလေရဲ့"

"တီတီ. . . တီတီ"

"ဟော. . . ဧည့်သည်တစ်ယောက် လာပြန်ပြီထင်တယ်၊ ဘယ်သူပါလိမ့်"

ဝေမာက ဧည့်ခန်းထဲက ထွက်သွားသည်။

"ဟင်. . . မြတ်စွာဘုရား၊ ငါ အိပ်မက်များ မက်နေတာ လား သွေးရာ"

ဝေမာသည် မျက်လုံးပြူး မျက်ဆန်ပြူးနှင့် ဧည့်ခန်းတံခါးမ ကြီးရှေ့၌ ရပ်ကာ နောက်သို့ လှည့်ကြည့်လိုက်၊ ပြင်ပသို့ ကြည့်လိုက် နှင့် လုပ်ကာ ပြောလိုက်သဖြင့် မြတ်လေးနွယ် မျက်လုံးအစုံလည်း ဒါတီကိုအောက် ရောက်သွားသည်။

"ဟင်. . ."

ဒိုးကို မြင်လိုက်ရသဖြင့် အလိုလို ထရပ်ပြီးသား ဖြစ်သွား သည်။

"ငါ့ကို မျက်လှည့်လာပြနေတာတော့ မဟုတ်ပါဘူးနော်



www.burmeseclassic.com

www.burmeseclassic.com



သွေး"

"မဝေမာ ထင်တယ်၊ ကျွန်တော် တို့ရဲ့ညီ ဒိုးပါ၊ မှတ်မိ

တယ်နော်"

"မှတ်မိပါတယ်. . . ဒီမှာ သွေးလဲ ရောက်နေလို့"

"ဟုတ်လား. . . ခုမှ သူရောက်တယ်လား၊ ကျွန်တော်

ကြို့ပင်ကောက်က တန်းလာခဲ့တာ"

"ဝင်လေ ဒိုး"

"မဝင်တော့ဘူး. . . ကျွန်တော် ပိတောက်ပင် သွားကြည့်

ချင်လို့"

"သွားကြည့်တာပေါ့. . . သွေးကော"

"လိုက်မယ်. . . ငါလဲ အဲဒီအတွက် လာခဲ့တာပဲ"

"နင်တို့နှစ်ယောက် ဘယ်မှာ ဆုံကြသလဲ"

ဝေမာက စပ်စုသော မျက်လုံးများဖြင့် မြတ်လေးနွယ်တို့

နှစ်ယောက်ကို အကဲခတ်နေလေသည်။

ဒိုးက မျက်စိတစ်ဖက် မှိတ်ပြကာ. . .

"ကြာလှပြီလေ"

"ဒါနဲ့တောင်ဟယ်. . . ဒီအချိန်အထိ နေနိုင်ကြတာ အံ့ဩ

ပါရဲ့"

"ဘာလဲဟ. . . ဘာဆိုင်လို့လဲ"

"အံ့တယ် မိသွေးရယ်၊ ဒီလောက်တူတဲ့ လူတစ်ယောက်

နင် စိမ်းကားနိုင်တယ်လား"

ဝေမာကဲ့သို့ သူငယ်ချင်းတိုင်းက သိလျှင် မိမိကိုသာ

အပြစ်တင်မည်ဟု မြတ်လေးနွယ် အလိုလို သိနေသည်။

"နင်တို့က အပေါ်ယံလောက်ပဲ မြင်ပြီး တွေးတာကိုး၊ နှလုံး

သားကိစ္စဆိုတာ အပေါ်ယံအတွေးနဲ့ တွေးလို့ ဆုံးဖြတ်လို့ မရဘူး





ဒိုးသည် ရှေ့မှ ထွက်သွားသည်။ ဝေမာက နောက်မှ

လွှတ်တမ်း သူ သိချင်သည်ကို စကားတွတ်ထိုးကာ လိုက်ပါလာ

သည်။

"သူကော လူပျိုကြီးပဲလား"

"အင်း. . ."

"နင့်ကို ပရိုပို့စ် မလုပ်ဘူးလား"

"နေမလား"

"နင် ဘယ်လိုမှ မခံစားရဘူးလား"

"အင်း. . ."

"မယုံဘူး"

"ချွတ်"

"ဝုန်း"

"အား. . . ဒိုး"

မမျှော်လင့်သော အဖြစ်အပျက်ကြောင့် မြတ်လေးနွယ်

တ်လုံးများ ပြာဝေသွားပြီး ဒိုး လဲရာသို့ ပြေးခဲ့မိသည်။

ပိတောက်ပင်အောက်သို့ ရောက်သွားသော ဒိုးသည်

ကောင်းထောက်မစွာဖြင့် ကျိုးကျလာသော ပိတောက်ကိုင်းကြီး

အောက်မှ လွတ်ကင်းသွားခဲ့သည်။

"ဒိုး. . . ဘာဖြစ်သွားသေးသလဲ"

ဒိုးက ဖုတ်ခါထပြီး မြတ်လေးနွယ်ကို အားပေးပြုံးဖြင့်

ပြုံးပြကာ. . .

"ဘာမှမဖြစ်ပါဘူး. . . ကံသီပေလို့"

ကံသီပေလို့ဟု ဒိုးက ပြုံးရယ်ကာ ပြောလိုက်နိုင်သေး

သည်။ မြတ်လေးနွယ်မှာ ကြက်သီးဖြန်းဖြန်းထလျက်ရှိသည်။

"လာ. . . အိမ်ပေါ် ပြန်တက်ရအောင်၊ မိုးကြီး. . .တော့



www.burmeseclassic.com

www.burmeseclassic.com



သစ်ကိုင်းတွေလဲ ဒဏ်ရာရထားတယ်ထင်တယ်"

လေမတိုက်ဘဲ အလိုအလျောက် ကျိုးကျလာသော သစ်ကိုင်းစိုကြီးကို ကြည့်ကာ မြတ်လေးနွယ်နှင့် ဝေမာမှာ ကြက်သေသေနေမိသည်။

မိန်းမသားများသည် ယောကျ်ားများထက် ပိုကာ အယူသီးကြသည်ဟု ဆိုနိုင်သည်။ တစ်ယောက်နှင့်တစ်ယောက် ကြည့်မိကာ 'ဘယ့်နှယ့်လဲ' ဟူသည့်သဘော။

ဒိုးက. . .

'လာကြတော့လေ' ဟု ထပ်မံခေါ်တော့မှ သတိဝင်ပြီး အိမ်ဆီသို့ ခပ်သွက်သွက် လျှောက်ခဲ့ကြသည်။ နောက်သို့ လုံးဝလှည့်မကြည့်မိတော့ပါချေ။

"ဒေါ်ဝေမာကို ကျွန်တော် တစ်ခု တောင်းပန်ချင်ပါတယ်"

ပေါ်တီကိုအောက်အရောက်တွင် ဒိုးက ရပ်လိုက်ပြီး လှမ်းပြောလိုက်သည်။

"ဘာများပါလိမ့်. . . အိမ်ပေါ် တက်ပြီး အေးအေးဆေးဆေး ပြောပါလား ဒိုးရယ်၊ ဝေမာတော့ ကျောချမ်းလွန်းလို့"

"ဘာဖြစ်လို့လဲ ဝေ"

"ပိတောက်ကိုင်း ကျိုးလို့လေ မောင်၊ ကံကောင်းလို့ ဒိုးတို့ မထိတယ်"

"ဩော်. . . ဖြစ်ရမယ်၊ ကျွန်တော်က ဒီအိမ်ရောက်ကတည်းက အဲဒီပိတောက်ပင်ကြီးကို ခုတ်ပစ်ချင်နေတာ ကြာပြီ၊ မဝေကေ ပိတောက်ချစ်သူဆိုတော့ မခုတ်ပစ်ရက်ဘူးလေ၊ ဒီလောက်အိုနေတဲ့အပင်ဟာ တစ်နေ့နေ့မှာ လူတွေကို အန္တရာယ်ပေးနိုင်တယ်ဆိုလဲ မရဘူး၊ ဒါနဲ့ ဒီအတိုင်းပဲ ကြည့်နေရတော့တာ"

မြတ်လေးနွယ် ရင်၌ တုန်လှုပ်ချောက်ခြားသွားသည်။





"မခုတ်ပါနဲ့. . . နေပါစေ၊ သူ့ဟာသူ နေတာပဲ"

အကယ်၍သာ တိုး၏ဝိညာဉ် နားခိုရာအပင်လေး ဖြစ်ပါက တိုး အနေခက်သွားနိုင်သည်။ ဘယ်မှာများ သွားနေရပါမည်နည်း။

"ဒါကတော့ အိမ်ရှင်တွေရဲ့သဘောပဲပေါ့၊ ဒါပေမယ့် ကျွန်တော် တစ်ခုတော့ တောင်းဆိုချင်တယ်"

"ဘာများလဲ"

"သံယောင်ပါးလောက် ပင့်ပြီး အဲဒီပိတောက်ပင်အောက်မှာ ပရိတ်ရွတ်လိုက်ချင်လို့ပါ"

"စောစောကလို ပိတောက်ကိုင်း ကျိုးကျရင် ဘယ့်နှယ့်လုပ် မလဲ ဒိုး"

ဝေမာက စိုးရိမ်မကင်းသံနှင့် မေးလိုက်သည်။

ဒိုးက ခေါင်းခါကာ. . .

"ကောင်းတာ လုပ်တာပဲ၊ ဘာမှ မဖြစ်နိုင်ပါဘူး"

"ရပါတယ်. . . ဦးဒိုးတို့ဆန္ဒအတိုင်းပါပဲ၊ ကျွန်တော် မာလီကို ခေါ်ပြီး နေရာချထားလိုက်ပါ့မယ်"

"ဝေမာတို့ ပင့်နေကျ ဘုန်းကြီးရှိရင် တစ်ခါတည်း သွားပင့်ရအောင်"

"ရတယ်လေ. . . သားအိပ်နေတုန်း သွားလို့ရတယ်၊ ဒီလိုလုပ်ပါလား၊ ကျွန်မနဲ့ မိသွေးနဲ့ သွားလိုက်မယ်"

"ဆွမ်းပါ ကပ်လိုက်ချင်တယ်. . . ဖြစ်မလား၊ ဒန်ပေါက်မှာလိုက်မယ်၊ ဖုန်းဆက်ထားလိုက်ပါလား"

"ဒန်ပေါက်·လုပ်မနေပါနဲ့၊ တစ်နေရာရာက ဟင်းစုံဝယ်လိုက်မယ်၊ ထမင်းသာ ထပ်ချက်ခိုင်းထားလိုက်ပါ၊ မောင်. . . ဆတို့လဲ ကုသိုလ်ပါရအောင်"



www.burmeseclassic.com

www.burmeseclassic.com



"အိုကေ. . . စိတ်ချ၊ မောင် အားလုံး စီစဉ်ထားမယ် ဝေတို့သာ အဆင်ပြေအောင် လုပ်ခဲ့"

"ဒရိုင်ဘာနဲ့ကားက (၁၀)နာရီကျမှ ဘုန်းကြီးကျောင်းကို လွှတ်လိုက်နော်၊ ဝေတို့က စောင့်ပြီး မပင့်ခဲ့တော့ဘူး"

"အိုကေ"

ဝေမာ၏အမှာတော်ပုံ ချောင်းက မပြီးဆုံးနိုင်သေးချေ။

ဝေမာ့ယောက်ျားသည် အတော်သဘောကောင်းပုံ ရသည်။

ဒိုးက ပိတောက်ပင်ဘက်သို့ ထွက်သွားခြင်းကို မြတ်လေး နွယ် စိတ်ထဲ စိုးရိမ်မကင်း ဖြစ်နေမိသည်။

ကံကောင်းထောက်မစွာဖြင့် ထိုနေ့က နေလည်း သာနေ သည်။

"နင်တို့ဟာက ဘယ်လိုလဲဟ"

"မသိဘူးလေ"

"တိုးကို မကျွတ်ဘူး ထင်လို့လား"

"အင်း. . . နင်တို့ကော ဘာထူးထူးခြားခြား ဖြစ်သလဲ"

"မဖြစ်ပါဘူး. . . ဒါပေမယ့် အခုမှ ငါ သတိထားမိတယ် သားကို ချီပြီး ခြံထဲ လမ်းလျှောက်ရင် အရမ်းငိုတယ်၊ အဲ. . . ဟုတ်တယ် ဟုတ်တယ်၊ အဲဒီပိတောက်ပင်နား ရောက်တဲ့အခါ ပိုငိုတယ်၊ အမလေး. . . အခုမှ တွေးမိပြီး ကျောချမ်းလိုက်တာ"

"တိုးကိုစွပြီးတော့ ပိတောက်ပင် ခုတ်ပစ်ဖို့ နင်တို့ သတိ မရကြဘူးလား"

"မရကြပါဘူး. . . အမေက ခုတ်မယ်တော့ ပြောဖူးသား ဒါပေမယ့် အဘွားက ဟဲ့. . . အပင်တွေ လျှောက်ခုတ်မနေနဲ့ ရုက္ခစိုးတွေ နေစရာ မရှိဘဲ နေမယ်လို့ ပြောပြီး တားတော့ မခုတ်





ဖြစ်ခဲ့ဘူး၊ ဒါပေမယ့် သိတဲ့အတိုင်း ပိတောက်ပင်က တစ်နှစ်တစ်ခါ လိုလို အချိုင်ခံနေရတော့ ပိတောက်ပွင့်ပြီးတိုင်း အကိုင်းအခက် အတော်အချိုးခံလိုက်ရတော့ ငါတို့ကတောင် ပိတောက်ပင်ကြီးကို သနားနေတာ၊ တကယ်တမ်း တိုးသာ အဲဒီအပင်မှာ ဖွတဲ့. . . မပြောကောင်း ပြောကောင်း မကျွတ်လွတ်ဘဲ ရှိနေမယ်ဆိုရင် ငါတို့ ပိုတောင် မခုတ်ရက်သေးတယ်၊ သူ နေစရာ မရှိရင် သနားစရာ ဟယ်"

ဝေမာက သူငယ်ချင်းဖြစ်သော မိမိနှင့် ပတ်သက်၍ တိုး ကိုပါ ခင်တွယ်နေသူ ဖြစ်ခဲ့သည့်အလျောက် သံယောဇဉ် မကင်း သော စကားဖြင့် ပြောလိုက်ရှာသည်။

"အေးလေ. . . ကြို့ပင်ကောက် လေချွန်နတ် သွားမေး တော့ အဲဒီပိတောက်ပင်မှာ ရှိနေတယ်တဲ့"

"ဟုတ်မယ်. . . ဟုတ်မယ်. . . ဖြစ်နိုင်တယ်တဲ့၊ သူ ကျွတ် သွားအောင် ဘာလုပ်ပေးရမလဲ"

"မသိဘူး. . . ဒိုးတော့ သိပုံရတယ်၊ ဒါကြောင့် အပင် အောက် ပရိတ်နာခိုင်းတာဖြစ်မယ်"

"အင်းနော်. . . စောစောက သူ့ညီကို လှမ်းစလိုက်တာ ထင်တယ်၊ အမလေး. . . ကျောချမ်းလိုက်တာ"

မြတ်လေးနွယ်တော့ ကျောမချမ်းနိုင်တော့ချေ။ ချစ်ဦးသူ အတွက် ရတက်မအေးနိုင်အောင် ဖြစ်နေရသည်။

ချစ်ဦးသူအပေါ် ဘဝဆိုးနှင့် မရှိစေချင်ပါ။ ကောင်းသော ဘုံဗွာနဓ်သာ ရှိစေချင်သည်မှာ ချစ်သူအတွက် စေတနာ။

ဤဘဝ ဤမျှနှင့်သာ ရေစက်ပါလာခြင်းဖြစ်သည်။ ဤ ဘဝ၌ ပြန်လည်ဆုံစည်းဖို့ရာသည် ဘယ်နည်းနှင့်မျှ မဖြစ်နိုင်တော့၊ သို့ဆိုပြန်လျှင် သေလွန်သွားသူတို့သည် ကောင်းသောဘုံဘဝသစ်



www.burmeseclassic.com

www.burmeseclassic.com

သို့ ရောက်သွားရန် ပြုလုပ်ပေးရမည့် တာဝန်မှာ မိမိ၏တာဝန်သာ ဖြစ်သည်ဟု ယုံကြည်သည်။ တိုးအတွက် လုပ်စရာရှိသည့် ကောင်းမှုကုသိုလ်မှန်သမျှ လုပ်ပေးလိုက်တော့မည်။ ကြောက်လန့်နေ၍ ဖြစ်မည်မဟုတ်၊ တိုးအား ချစ်ရာရောက်စေချင်ပါသည်။ နှစ်ရာမရောက်စေချင်ပါ။

မိမိ တိုးကို တကယ်ချစ်ပါသည်။

တိုးအတွက် တွေးမိလေတိုင်း စိတ်ချမ်းသာခြင်းကို မဖြစ်မိခဲ့ပါချေ။

"နင် တိုးကို ချစ်တုန်းပဲလား"

"အမြဲအောက်မေ့သတိရနေတုန်းပဲ၊ တိုးဘဝဟာ လူ့လောကကို ပြန်မရောက်တဲ့တိုင် နတ်ဘုံနတ်နန်း စသည်ဖြင့်ပေါ့လေ၊ ကောင်းရာဘုံကို ရောက်သွားမယ်ဆိုရင် ငါ ကျေနပ်ပါပြီ၊ ခုဟာက. . ."

"အေးလေဟယ်. . . အစိမ်းသေဘဝဆိုရင် မကျွတ်မလွတ်ဘဲ သေခါနီး စွဲလန်းနေရာမှာ နာနာဘာဝ ဖြစ်တတ်တာများတယ်"

"ဒါတွေကို ကိုယ်တွေ့မကြုံတွေ့ခဲ့ဖူးတော့ ငါလည်း သတိမပြုမိခဲ့ဘူး၊ မော်လမြိုင်ရောက်ပြီးမှ အိပ်မက်တွေ စိပ်လာပြီး ဒိုးနဲ့ဆုံပြီးတဲ့အချိန်မှာ ငါ သတိထားမိလာတယ်လေ၊ ဒါကြောင့် ငါ ဒီကို တမင်လာတာ၊ ပိတောက်ပင်နဲ့ ပတ်သက်ပြီး နင်တို့မှာ ဘာများ ထူးထူးခြားခြား ခံစားရသလဲလို့ သိချင်လာတယ်"

"ငါတို့လဲ အနူမှဲ့ အမှတ်မဲ့ပဲလေ၊ ဒါပေမယ့် ဒိုးလုပ်သလို လုပ်လိုက်တာ အကောင်းဆုံးပဲ"

"တကယ်လို့ ပရိတ်တွေဘာတွေ ရွတ်လိုက်လို့ရှိရင် တိုးတရားနာခွင့်ကြုံပြီး ကျွတ်သွားနိုင်တယ်ပေါ့. . . ဟုတ်လား"





"အေးလေ. . . အဲဒီလို ထင်တာပဲ"

"ဒါဖြင့် သူ ဘယ်ဘဝ ရောက်သွားနိုင်သလဲ"

"ဒါတော့ ငါလဲ မသိဘူး"

"လူ့ဘဝကော ပြန်ရနိုင်သလား"

"ရချင် ရနိုင်တာပေါ့၊ ငါလဲ နောက်ထပ် သားတစ်ယောက် လိုချင်နေတာနဲ့ အတော်ပဲ၊ အဟင်း. . . တိုးလို ချောချောလှလှလေးသာ ရရင်"

"ရမလား. . . နင့်ယောက်ျားက ရုပ်ဆိုးတာ"

ဝေမာ့သားလေး ရုပ်ဆိုးဆိုးနှင့် ဝေမာ့အမျိုးသားကို ပြန်လည်မြင်ယောင်ရင်း အားမနာတမ်း ပြောလိုက်မိသည်။

ဝေမာက တဟဲဟဲ ရယ်လျက်. . .

"ဟဲဟဲ. . . အရုပ်ဆိုးပေမယ့် အမျိုးမှန်တယ်လေ၊ ငါ့ကို အလိုလိုက်တယ် ချစ်တယ်. . . ပြီးရောပေါ့၊ မိန်းမသားတစ်ယောက်ရဲ့ဘဝမှာ ဒါ အရေးကြီးဆုံးပဲ"

"ဒီလိုဆို ကိုယ့်ကိုလဲချစ်၊ အရမ်းအလိုလိုက်၊ အစစအရာရာ အနစ်နာခံတတ်ပြီး လိုလေသေးမရှိလဲ ထားနိုင်တယ်၊ ပြီးတော့ ရုပ်လဲ ချောတယ်ဆိုရင်ကော"

"အဲဒီမိန်းမဟာ ကမ္ဘာမှာ ကံအကောင်းဆုံး ဖြစ်မှာပေါ့"

မိမိသည် ဘာဖြစ်၍များ ကံကောင်းခြင်းကို မလိုချင်ရပါသနည်း။

"ငါတို့ မိန်းမသားတွေရဲ့ ကံကြမ္မာ အနိမ့်အမြင့်ဟာ လင်ယောက်ျားတွေအပေါ်မှာ မှီနေတတ်တယ်၊ ဘုန်းကောင်းတော့ စင်ခံ၊ လင်ကောင်းတော့ တစ်သက်စံ ဆိုရမှာပေါ့"

မြတ်လေးနွယ် ဦးခေါင်းထဲသို့ စဉ်းစားစရာများ တစ်စစီ တစ်စစီ ဝင်ရောက်လာလေသည်။ ချည်ခင်စများ ရှုပ်ထွေးနေသည့်



www.burmeseclassic.com

www.burmeseclassic.com

နှယ်ပင်။

အတွေးအိမ်၌ နက်နက်နဲနဲ တွေးစရာများ ကိန်းဝပ်လာလေသည်။

သက်ပြင်းတစ်ချက် ချလိုက်မိသည်။ သို့မှသာ ရင်မှာ တင်းကျပ်တစ်ဆို့နေသော အစိုင်အခဲမှာ လှုပ်လှုပ်ရှားရှားဖြစ်သွားပြီး အသက်ရှူလမ်းကြောင်း ပွင့်သွားသည့်နှယ် ဖြစ်သွားရသည်။

တိုးနှင့် ပတ်သက်၍ ချောက်ခြားခဲ့ရသော အိပ်မက်ဆိုးဝက်ပါမှ လွတ်မြောက်သင့်ပြီဟု မြတ်လေးနွယ် ယုံကြည်ပါသည်။

ထို့အတူ တိုး၏ကံကြမ္မာသည် မိမိအပေါ် မူတည်နေသည်ဟုလည်း. . .။





အပိုင်း(၄)

ချစ်သူလိပ်ပြာ

www.burmeseclassic.com

www.burmeseclassic.com





# အခန်း(၂၅)

"ဒိုး. . . ယုံကြည်သွားပြီလား"

"ဘာကိုလဲ"

"တိုး မကျွတ်လွတ်ဘူးဆိုတာကိုလေ"

"မယုံခဲ့ဘူး. . . ဒါကြောင့် လက်တွေ့ စမ်းသပ်တာ"

"ဘယ်လိုစမ်းသပ်တာလဲ"

"မဝေမာတို့အိမ် လိုက်လာပြီး ပိတောက်ပင်အောက် သွား ခဲ့တာလေ"

"သစ်ကိုင်းကျိုးကျတာလား"





"အင်း. . . ဟုတ်တယ်၊ တိုး စတာ၊ ဒီကောင်က နည်းနည်း ကြမ်းတော့ ဒိုးကို ကံကောင်းလို့ မထိတယ်၊ ဒိုးပြန်တော့မယ်၊ အန်တီ တို့ကော နှုတ်ဆက်တယ်လို့ ပြောလိုက်ပါ"

"ဟုတ်ကဲ့"

ဒိုးအား ပေါ်တီကိုအောက်အထိ လိုက်ပို့ပေးရင်း. . .

"ဒိုး ဘယ်တော့ မော်လမြိုင် ပြန်မှာလဲ"

"မနက်ဖြန် အမြန်ရထားနဲ့လေ"

"ဟင်. . . နွယ်လဲ မနက်ဖြန် ပြန်မှာ"

"အဲဒါသိလို့ ဒိုးလဲ မနက်ဖြန် ပြန်တာပေါ့. . . သွားမယ်"

မြတ်လေးနွယ် အသည်းတယားယားနှင့် ကျန်ရစ်ခဲ့သည်။

တိုးနှင့် ပတ်သက်၍ သောကဝင်ရောက်နေသည့်ကြားက ဒိုးနှင့် ပတ်သက်၍ ရင်မှာ လှိုက်ဖို၍ ခံစားမှု ဝေဒနာသစ်တစ်ရပ် တိုးပွားလာသယောင်ယောင် ဖြစ်ရသည်။

သို့သော် ထိုခံစားမှု ဝေဒနာရပ်ကို အမည်မတပ်တတ်ပါ ချေ။

"ဟဲ့. . . ကားသံကြားလို့ ကမန်းကတန်း ဆင်းလာတာ၊ ဒိုးပြန်သွားပြီလား"

"ပြန်သွားပြီ. . . မေမေတို့ကိုတောင် နှုတ်ဆက်သွားသေး တယ်"

"အေးလေ. . . သမီးတို့ လွတ်လွတ်လပ်လပ် စကားပြော ရအောင် တမင်အပေါ် တက်သွားတာ"

"သမီးတို့က အမြဲ လွတ်လွတ်လပ်လပ် တွေ့နေရတာပဲ"

"ဒါဖြင့် အခြေအနေက မေမေတို့ စိတ်ချမ်းသာရတော့ မယ့် အနေအထားလား"

"သီတင်းကျွတ်ဖို့ ဘယ်လောက် လိုသေးသလဲ မေမေ"



www.burmeseclassic.com

www.burmeseclassic.com



"တစ်လ"

"ဖြစ်နိုင်ရင် သမီးက အခုတောင် ဆောင်ချင်တာ"

"ကြည့်စမ်း. . . ခွေးမလေး"

မြတ်လေးနွယ် ရယ်မောလိုက်သည်။ မြတ်လေးနွယ်၏ ဆုံးဖြတ်ချက်တစ်ရပ်သည် ပိုင်ပိုင်နိုင်နိုင် ဖြစ်သွားခြင်းကြောင့် မိခင်အား ကျီစယ်လိုက်ခြင်း ဖြစ်သည်။

"ရန်ကုန်မှာတော့ မင်္ဂလာဆွမ်းပဲ လာကျွေးမယ်၊ မော်လမြိုင်မှာပဲ ဆောင်လိုက်မယ်၊ နော်. . . မေမေ"

မိခင်မျက်နှာ၌ ပီတိရောင် ဖုံးလွှမ်းသွားသည်။

"တကယ်လား သမီး"

"တကယ်ပေါ့. . . ဒီကိစ္စဆိုတာ ကလေးကစားစရာမှ မဟုတ်တာ၊ ဒီကြားထဲ ဒိုးတို့သားအမိ လာကြပါလိမ့်မယ်၊ အဲဒီအခါ မေမေတို့ ရက်သာ သတ်မှတ်လိုက်ကြတော့"

"အေး. . . အေး. . . ဒါဖြင့် နင့်အဖေကို သတင်းသွား ပေးလိုက်ဦးမယ်"

မိခင်က အပေါ်ထပ်သို့ မမောနိုင် မပန်းနိုင် တက်သွားသည်။ မြတ်လေးနွယ် စကားကျွံသွားလေပြီ။

ကြမ်းကျွံလျှင် နုတ်၍ရသည်။ စကားကျွံလျှင် နုတ်လို့မရ။ စကားအတိုင်းသာဆိုလျှင် မိမိတော့ အရှက်ပိုရလိမ့်မည်ထင့်။

သို့သော် ဒိုးအား ယုံကြည်ခြင်းက ရင်၌ သန္ဓေတည်လျက် ရှိသည်။ မနက်ဖြန် မော်လမြိုင်သို့အပြန် ရထားပေါ်၌ ဒိုးကို ပြော ရလိမ့်မည်။ ထိုအခါ ဒိုးအား ပြောလိုက်တော့မည်ဟု. . .။







## အခန်း(၂၆)

"ဒိုး. . ."

ရထားပေါ်၌ တွဲတစ်တွဲတည်း မှန်သော်လည်း နေရာက ဝေးလှမ်းကွာဝေးနေသည်။ ဒိုးက လာရောက်စကားပြောတတ်သော်လည်း ဒေါ်လေးက ပါနေသည်။

နောက် ခရီးသည်များကလည်း ရှိနေသဖြင့် မြတ်လေးနွယ် ပြောလိုသော အကြောင်းအရာတို့ကို မပြောဖြစ်တော့ဘဲ ရင်တွင်း၌သာ မျိုသိပ်ထားလိုက်ရသည်။

သဘော်ဆိပ်၌ ဒိုးအား ကားလာကြိုသည်။ ဆလွန်းကား ဖြစ်နေသဖြင့် ဒိုးနှင့် လွတ်လွတ်လပ်လပ် ပြောခွင့်မသာသည့်ကြောင့်



www.burmeseclassic.com

www.burmeseclassic.com



အိမ်ရောက်ရောက်ချင်း ကားပေါ်မှ ဆင်းတော့မည့်ပုံ မပေါ်သော ဒိုးအား ရွှေမျက်နှာ နောက်ထားကာ ခေါ်လိုက်သည်။

"ဒိုး အိမ်ပေါ် မတက်တော့ဘူးလား"

ဒိုးသည် မျက်နှာရိပ် မျက်နှာကဲကို ကောင်းစွာ နားလည် ရသည်။

မိန်းမကလေးထိန်းကာ လောကဝတ်တရားအရ မေးလိုက် သောအခါ အမေး၏နောက်ကွယ်၌ ဆန္ဒပါသော ဖိတ်ခေါ်ခြင်းဖြ ကြောင်း နားလည်ပုံရသည်။

တံခါးဖွင့်ဆင်းကာ တည်ငြိမ်စွာပင် အိမ်ပေါ် တက်ခဲ့လေ သည်။

"ထိုင်ပါဦး ဒိုး"

"ကိစ္စရှိနေသလား"

"ရှိတယ်"

မြတ်လေးနွယ် အားယူလိုက်သည်။ အစက လွယ်လွ ကူကူ ပြောထွက်နိုင်လိမ့်မည်ထင်သော စကားတို့သည် တကယ တမ်း ပြောခွင့်ကြုံလာသောအခါ ချောချောရှုရှု ထွက်မလာတေ ချေ။

သက်ပြင်းတစ်ချက် ချလိုက်မိသည်။

"ယူ ဘာပြောချင်လို့လဲ ပြောလေ"

"ဒိုး နွယ့်ကို စိတ်မပျက်ဘူးလား"

"အိုး. . . ဘာများလဲလို့ ဘာလို့ စိတ်ပျက်ရမှာလဲ၊ အ ရေးမှာ စိတ်ရှည်ခြင်းဟာ အောင်မြင်ခြင်း တစ်ရပ်ပဲလို့ ဒိုးယုံကြ တယ်"

"ဒါဖြင့် ဒိုး. . ဟိုလေ. . ဟို"

ရှက်ရွံ့ခြင်း မီးအစွယ်သည် မြတ်လေးနွယ်အား ဟပ်လ





နှိသည်။

"ပြောပါ သွေးရယ်၊ ဒိုးနဲ့ ယူ့အကြားမှာ ဖုံးကွယ်ခြင်း တန်ဆောင်ခြင်းဆိုတာ မရှိသင့်ပါဘူး"

"ဒိုး နွယ့်ကို လက်ထပ်ဖို့ အဆင်သင့်ပဲလားလို့"

"ဟာ. . . သွေးရယ်"

ဒိုးသည် ဝမ်းသာအားရ ထရပ်လိုက်သည်။ ရွှန်းလက်သွား သော မျက်လုံးအစုံနှင့် မျက်နှာတစ်ပြင်လုံး ပီတိရောင်များ တောက်လျက်။

"တကယ်လား သွေး၊ ဒီနေ့လား မနက်ဖြန်လား၊ ချက်ချင်း စဉ်လိုက်မယ်၊ သွေးအတွက်ဆို အမြဲအဆင်သင့်ပဲ"

"ဝါကျွတ်မှ"

"ဟား. . . ဟုတ်သားပဲ၊ ဒိုး အိပ်မက် မက်နေသလား တောင် ထင်မိတယ်၊ သွေး တကယ်ပြောနေတာလား"

"ဒီကိစ္စမျိုးက ကျီစယ်စရာလား ဒိုး"

"ဒါဖြင့် ဒိုးကို သွေး ချစ်နိုင်ပြီလား"

မြတ်လေးနွယ် ပြုံးကာ ခေါင်းညိတ်လိုက်သည်။ မိန်းမများ မာယာလက်နက်သည် နှလုံးသားကို လိမ်ညာဖုံးကွယ်နိုင်စွမ်း သည်ဟု မြတ်လေးနွယ် သိလိုက်ပြီ။

"ဟား. . . ဝမ်းသာလိုက်တာ၊ ဒိုး ဘာလုပ်ရမလဲ"

မျောက်အုန်းသီးရသည့်နှယ် ဂနာမငြိမ်၊ ထိုင်လိုက် လိုက်နှင့် ဖြစ်နေသည်။

"ဒိုး ဘာလုပ်ရမလဲဆိုရင် အိမ်ပြန်လိုက်တာ အကောင်း းပဲ၊ ကြီးကြီးကိုပါ ဝမ်းသာရအောင် သတင်းအမြန်ပြန်ပေး ဦး"

"အား. . . ဟုတ်တယ်၊ ညနေစောင်း မေမေ ပြန်လာခဲ့



www.burmeseclassic.com

www.burmeseclassic.com



မယ်"

"ဟာ . . . ချက်ချင်းကြီး ခေါ်မလာနဲ့လေ၊ မျက်နှာပူတ ပေါ့"

"ဒိုးကိုကော"

"ဒိုးကတော့ . . . ဟာ . . . မသိတော့ဘူး၊ ဒိုးကလဲ . . ဘယ်လိုမှန်းလဲ မသိဘူး၊ နွယ်ရှက်လာပြီ . . . ပြန်တော့ဆို"

မြတ်လေးနွယ် ရယ်ချင်လာသည်။ တိုးကဲ့သို့ပင် ဒိုးအာ ချစ်ရသည်မှာ ရှင်းသန့်ဖြူစင် ကြည်မွေ့နေသည်။ မိမိအာ တစိမ့်စိမ့် ကြည့်ကာ အေးမြခြင်းဖြင့်သာ တမ်ဖိုးထားတတ်သေ တိုးကဲ့သို့ပင် စိတ်ထားမျိုး ဒိုး၌ ရှိနေဟန်တူသည်။

"ဒါဖြင့်ရင်လဲ ပြန်မယ်၊ ပြန်လဲ မပြန်ချင်သေးဘူး၊ ဘယ် လဲ မသိဘူး၊ မေမေ့ကို ပြောပြီး ဒိုးပြန်လာခဲ့ဦးမယ်"

"ဟင် . . . ဒီကို ခဏခဏ မလာနဲ့လေ"

"ဘာဖြစ်လို့လဲ စေ့စပ်ဖို့ အရင်စီစဉ်ရဦးမယ်"

"ဒါကတော့ မေမေတို့ဆီ သွားပြောထားလိုက်၊ ပြီးေ ပေါ့"

"လက်ထပ်ပြီးရင် နွယ် ဒိုးတို့အိမ်ကြီးမှာပဲ လိုက်နေမလာ ဒါမှမဟုတ် သီးသန့်အိမ်ထပ်ဝယ်ပေးရမလား"

"ဒိုးတို့ ဘိုးဘွားမိဘတွေ လက်ထက်ကတည်းက နေခဲ့ အိမ်မှာပဲ နေမှာပေါ့"

"ဟာ . . . အရမ်းကို တော်တဲ့ သွေးပါလား၊ ဒိုးတော့ က မှာ ကံအကောင်းဆုံးလူသား ဖြစ်ပြီထင်တယ်"

"ဟုတ်ပါတယ် ဦးကံကောင်းရယ် . . . ပြန်ပါတော့နေ

"အင်း . . . အင်း၊ ဒီတစ်ခါ တကယ်ပြန်ပြီ၊ ဒါပေ ညဘက် လာခဲ့ဦးမယ်"





"အခုပဲ ညနေရောက်နေပြီ၊ နောက်နေ့မှ လာခဲ့တော့"

"ကျောင်းလာကြိုမယ်"

"သဘောပဲ"

မကြာခင် လက်ထပ်တော့မည့်သူအား ဤမျှတော့ လိုက်လျှောသင့်သည်ဟု မြတ်လေးနွယ် သဘောပေါက်မိသဖြင့် ဒိုးအား ခေါင်းညိတ်ကာ ကျေနပ်စေရန် ပြောလိုက်ရသည်။

ထိုအခါမှ ဒိုးသည် အိမ်ပေါ်မှ ဆင်းဖြစ်တော့သည်။ အား ထွက်သွားသည်အထိ လှမ်းကြည့်နေမိစဉ် . . .

"ဘယ်လိုလဲ ဆရာမ . . . ဘယ်တော့လဲ"

"နီးပြီ ဒေါ်နုရေ"

"တကယ်လား ဆရာမ"

"နွယ်က ညာပါ့မလား"

"ဒါဖြင့် အလွမ်းဝေဒနာရပ်ကို မြတ်မြတ်နိုးနိုး မခံစား တော့ဘူးပေါ့"

"မခံစားတော့ဘူး ဒေါ်နုရေ၊ အလွမ်းဝေဒနာဆိုတာ ဇိမ်ခံ ည်းတစ်ခုလို ဇိမ်ခံပြီး ခံစားလို့ကောင်းတဲ့ အရာမဟုတ်ဘူး၊ ရင် နှလုံးရောဂါ ဖြစ်သွားမှာ စိုးရတယ်၊ ဒါကြောင့် အလွမ်းကို သင့်ဖြစ်ထိုက်တာနဲ့ အစားထိုး ကုသလိုက်တော့မယ်"

"ကောင်းပါတယ် ဆရာမရယ်၊ ဒါ အကောင်းဆုံးပဲ၊ လူ့ သာကသက်တမ်းဟာ တိုတိုလေးပဲ၊ ပူဆွေးသောကနဲ့ သက်တမ်း န်ဆုံးမယ့်အစား ပျော်ရွှင်ခြင်းနဲ့ ကုန်ဆုံးရရင် အကောင်းဆုံးပဲ၊ ါနုတို့တော့ အရမ်းဝမ်းသာသွားပြီ၊ အိမ်က သမီးတို့ကို သတင်း းပို့လိုက်ဦးမယ်"

ဒေါ်နုပါ မြင်ကွင်းမှ ပျောက်ကွယ်သွား၏။ ထိုအခါကျမှ တာဆမ်းထားရသော မြတ်လေးနွယ် မျက်နှာသည် ပြန်လည်



www.burmeseclassic.com

www.burmeseclassic.com




တည်ငြိမ်သွားသည်။

မိန်းမသားများ၏ အစွဲအလန်းနှင့် တယူသန်မှုသည် တော်ရုံတန်ရုံနှင့် မပျောက်ပျက်တတ်ကြောင်းကို သိရှိကြဟန်မတူ







## အခန်း( ၂၇)

"ဟဲလို"

"ဟဲလို. . . အမိန့်ရှိပါ"

"ဝေမာနဲ့ တွေ့ချင်လို့ပါ"

"ဟုတ်ကဲ့ ဘယ်သူလို့ ပြောပေးရပါမလဲ"

"နွယ်ပါ. . . မြတ်လေးနွယ်ပါ"

"သြော်. . . ကျွန်တော်ပါ။ နေကောင်းကြတယ်နော် မမြတ်လေးနွယ်"

"ကောင်းပါတယ်"



www.burmeseclassic.com

www.burmeseclassic.com



ဝေမာယောက်ျားက ဘာကြောင့်များ နေကောင်းကြပါသလဲဟု မေးလိုက်ရသနည်း။ ဒိုးနှင့်ကိစ္စ သိသွားကြ၍လား။

"ခဏနော်. . . ကျွန်တော် ခေါ်လိုက်မယ်"

"ဟုတ်ကဲ့"

မြတ်လေးနွယ် တိတ်ဆိတ်ခြင်းကို သည်းမခံနိုင်သည့်အလား ရင်ခုန်စွာ စောင့်ဆိုင်းနေမိသည်။

"မိသွေးလား"

"အေး. . ."

"နင် ဘယ်က ဆက်တာလဲ"

"မော်လမြိုင်က၊ ငါ မေးစရာရှိလို့"

"နေဦး. . . ငါအရင်မေးဦးမယ်"

"နင်တို့ လက်ထပ်ကြတော့မလို့ဆို"

"ဘယ်သူပြောသလဲ"

"နင့်အမေနဲ့ ဗိုလ်ချုပ်ဈေးမှာ တွေ့လို့ ပြောလိုက်တာ ဟုတ်လား. . . ချက်ချင်းကြီး ဘယ်ကဘယ်လို ဆုံးဖြတ်ချက် ပြောင်းသွားတာလဲ"

"ဒီလိုပဲပေါ့. . . တစ်ခါတစ်ရံ လူ့လောကကြီးမှာ စဉ်းစား တွေဝေ ဝေးမောလွမ်းဆွတ်ခြင်းနဲ့ အချိန်ကုန်နေမယ့်အစား စိတ် ထင်တာကို လက်တွေ့ကျကျ စမ်းသပ်လိုက်ရင် ပိုကောင်းမယ် ထင်လို့"

"ဘုရားရေ. . . အိမ်ထောင်ရေးကို အစမ်းသပ်ခံအရာလို့ သဘောထားတယ်လား"

"ဒီလိုလဲ မဟုတ်ပါဘူး၊ ဒိုးကို ယူရင် ကမ္ဘာမှာ ထ အကောင်းဆုံးမိန်းမ ဖြစ်နိုင်မယ် ထင်လို့လေ၊ သူချစ်ကို ရှာလိုက် တာပါ။ ငါ တိုးအပေါ် သစ္စာဖောက်ရာ မကျပါဘူးနော်"





"အမယ်လေးဟဲ့. . . သစ္စာရှင်မကြီးရယ်၊ ဟိုက ဘယ်ဘဝ ရောက်လို့ ရောက်မှန်းမသိ"

"ငါ မေးစရာရှိလို့"

"ဘာလဲမေး"

"နင်တို့အိမ်က ဟိုပိတောက်ပင်ကြီး ရှိသေးလား"

"မရှိတော့ဘူး. . . ခုတ်ပစ်လိုက်ပြီ၊ တိုးအတွက် ပရိတ်ရွတ် ပြီး နောက်နေ့ပဲ မောင်က ထင်းသမားတွေကို ပင်လုံးကျွတ် အပြတ် ရောင်းလိုက်တယ်"

"ထင်းသမားတွေ တက်ခုတ်တော့ ဘာမှ မဖြစ်ဘူးလား"

"မဖြစ်ပါဘူး. . . ငါ့အထင်တော့ တိုးရှိခဲ့ရင်လဲ တစ်ခါ တည်း အဲဒီပိတောက်ပင်စောင့်ဘဝက ကျွတ်လွတ်သွားလို့ဖြစ်မယ်"

"ဖြစ်ပါစေ"

"နင်ကော ဘယ်လိုထင်သလဲ"

"ငါတော့ မထင်တတ်ဘူး၊ ဒါပါပဲ. . . ငါ အဲဒါ သိချင်လို့ မေးတာ"

"နင်တို့ မင်္ဂလာဆောင်ရင် မော်လမြိုင်တော့ မလာတော့ ဘူး ရန်ကုန်မှာ မင်္ဂလာဆွမ်းကျွေးပဲ လာမယ်နော်"

"ရပါတယ်. . . ကလေးကော နေကောင်းရဲ့လား"

"ကောင်းပါတယ်"

"ဂွတ်နိုက် ဝေမာ"

"ဂွတ်နိုက်"

တယ်လီဖုန်း စကားပြောခွက်ကို ချလိုက်သည်။

ညက အိပ်မက်,မက်သည်။ တိုးသည် ဝတ်ဖြူစင်ကြယ် ဝတ်ထားသည်။ သို့သော် မျက်နှာညှိုးနေသည်။ မိမိရှေ့သို့ ဝင်ရပ် ကာ စကားမပြောပဲ ငိုမယောင် မျက်နှာနှင့် ငေးကြည့်နေသည်။



www.burmeseclassic.com

www.burmeseclassic.com



ထိုအခါ မိမိက တိုး. . . တိုးဟု ခေါ်သော်လည်း သူသည် လှမ်းမလာခဲ့။ စကားလည်း တစ်ခွန်းမှ မဟဘဲ ပျောက်ကွယ်သွားလေသည်။

မြတ်လေးနွယ်က တိုး. . . တိုးဟု ခေါ်ရင်း လန့်နိုးခဲ့ရသည်။

"ဘယ်ဘဝ ရောက်နေသလဲ တိုးရယ်"

တယ်လီဖုန်းရှေ့တွင် ငိုင်၍ရပ်နေမိသည်။

"ဆက်ပြီးပြီလား သမီး"

ဒေါ်သီတာအသံ ထွက်ပေါ်လာမှ မြတ်လေးနွယ် အတိတ်လွင်ပြင်မှ ပြန်လည်နိုးထလာသည်။

"ဟုတ်ကဲ့. . . ပြီးပါပြီ ကြီးကြီး"

"ဒါဖြင့် ထမင်းစားရအောင်"

"မစားတော့ပါဘူး ကြီးကြီး"

"ဟိုကောင့်ကို စောင့်မစားနဲ့တော့၊ အခုဆို အလုပ်ပိုကြီးစားနေတယ်၊ စီးပွားရေးကလဲ အရမ်းကို ကောင်းလာတယ်၊ ရာဘာခြံတွေ ထပ်ဝယ်လိုက်ပြန်ပြီ သမီးရေ"

"ဟုတ်ကဲ့"

စီးပွားရေးကို မြတ်လေးနွယ် စိတ်မဝင်စား။

"ကြီးကြီးလဲ သမီးလာနေမှ စိတ်ချလက်ချ ရိပ်သာဝင်ရတော့မယ်"

မြတ်လေးနွယ် ပြုံးရုံသာ ပြုံးနေလိုက်သည်။ သမုဒယ မကင်းနိုင်သော ပုထုဇဉ် လူသားတစ်ဦးသည် သံယောဇဉ်တို့ လွယ်ကူစွာ ဖြတ်နိုင်လိမ့်မည်မဟုတ်ဟု. . .

"ဘာလဲ မေမေ၊ ဘယ်တော့ ရိပ်သာဝင်မှာလဲ"

ဒိုးသည် မည်သည့်အချိန်က ပြန်ရောက်ကာ ခြေ့ခန်းထဲ





သို့ တိတ်ဆိတ်စွာ ဝင်ရောက်လာသည် မသိလိုက်။

"ဟော. . . သားပြန်လာပြီလား၊ မေမေက သမီးကို ပြောနေတာ၊ သမီးလာနေမှ မေမေလဲ ရိပ်သာကို စိတ်ချလက်ချ ဝင်နိုင်တော့မယ်လို့လေ"

"ဟုတ်ရဲ့လား မေမေ၊ တော်ကြာ ပုတီးကိုချ၊ မြေးကို မ,နေရဦးမယ်"

မြတ်လေးနွယ် ထူထူပူပူ ဖြစ်သွားသည်။

အိမ်ထောင်မှု သံသရာစက်ဝန်း၌ မိမိလည်ပတ်ရဦးတော့မှာပါလားဟု စဉ်းစားမိလိုက်လေသည်။ ထိုသို့ စဉ်းစားမိလိုက်သည်နှင့် စကားကို ပြန်လည်ရုပ်သိမ်းချင်စိတ် ပေါက်သွားသည်။

သို့သော် စကားကျွံသွားခဲ့လေပြီ၊ နှုတ်၍မရတော့ပါချေ။

"သား ရေချိုးလိုက်ဦးမယ် မေမေ၊ သွေး. . . ခဏနေ၊ ပြီးရင် ထူးထူးဆန်းဆန်း ပြစရာ ရှိသေးတယ်၊ ပြီးမှ ထမင်းစားတာပေါ့. . . ဟုတ်လား"

ဒိုးက သူ့ထုံးစံအတိုင်း လူကြီးဆန်ဆန် အေးအေးဆေးဆေး ပြောပြီး အိမ်ပေါ်ထပ်သို့ တက်သွားလေသည်။ သို့သော် သူ့အသွင်သည် လန်းဆန်းနေသည်။ လိုတာရ၍ ပြည့်စုံသောသူ တစ်ဦး၏ပျော်ရွှင်လန်းဆန်းခြင်းမျိုး။

"သားက အရမ်းပျော်နေတာ၊ ဖိတ်စာကိစ္စတောင် သမီးမိဘတွေနဲ့ တိုင်ပင်ပြီး တစ်ခါတည်း စီစဉ်လိုက်ကြမယ်၊ သမီးဆန္ဒဘာများရှိသေးသလဲ"

"မရှိပါဘူး. . . ကြီးကြီးတို့ ကောင်းသလိုသာ စီစဉ်ပါ၊ သိပ်ခမ်းခမ်းနားနား မလုပ်ပါနဲ့"

"ဘယ်ဟုတ်မလဲ. . . တစ်သက်မှာ တစ်ခါပဲ ဆောင်ရတဲ့ မင်္ဂလာပွဲအတွက် မိန်းမသားတွေရဲ့ဘဝမှာ ဂုဏ်ယူရတဲ့ပွဲမျိုးဖြစ်



www.burmeseclassic.com

www.burmeseclassic.com



အောင် ဆောင်ရွက်ပေးရမှာ ယောက်ျားလေးဘက်က တာဝန်ပဲ သမီး၊ ကြီးကြီးတို့က တာဝန်အရတင် မဟုတ်ဘူး၊ သားကလဲ သမီးကို မြတ်နိုးလွန်းတော့ အရမ်းကို တန်ဖိုးထား ခမ်းခမ်းနားနား လုပ်မှာ၊ ခန်းမမှာ လုပ်ရင်တောင် ကျဉ်းနေမှာစိုးလို့ အိမ်ခြံက ကျယ်တော့ ခြံထဲမှာပဲ စတိတ်ရှိုးနဲ့ အငြိမ့်ပါ သွင်းမယ်လေ"

"ဟာ. . . ဒိုးက ဘာတွေလျှောက်လုပ်မှန်းလဲ မသိဘူး၊ အဲ့ဒီလောက်ကြီးဆိုတော့ နွယ် အနေခက်တယ် ကြီးကြီး၊ သိပ်မချဲ့ပါနဲ့"

"အိုကွယ်. . . ဒီလောက်ကိုတောင် ဒိုးက အားရတာ မဟုတ်ဘူး၊ ရန်ကုန်ဆွမ်းကျွေးကိုလဲ အင်းလျားလိပ်မှာပဲ ကျွေးဖို့ စီစဉ်နေတာ"

"ငွေကုန်လူပမ်းနဲ့ ကြီးကြီးရယ်၊ ရန်ကုန်မှာတော့ စာသင်တိုက်တစ်တိုက်မှာပဲ သံဃာကုန် ဆွမ်းသွားကပ်ချင်တယ်၊ အဲဒီဆန္ဒတော့ နွယ့်မှာ ရှိနေတယ်"

"အေးလေ. . . ဒိုးနဲ့ ညှိနှိုင်းကြ၊ ကြီးကြီး ထမင်းပွဲ သွားစီမံလိုက်ဦးမယ်"

"နွယ်လဲ ဝိုင်းလုပ်ပေးမယ်"

"နေပါ သမီး၊ အဖော်တွေ ရှိနေတာပဲ၊ သူတို့ လုပ်မှာပါ"

ဒေါ်သီတာသည် တမင်ရှောင်ထွက်သွားပြန်သည်။

ယခုမှ မြတ်လေးနွယ် ခက်နေလေပြီ။ တစ်ခါတစ်ရံ မိမိဖန်တီးလိုက်သော ဘဝဇာတ်လမ်းသည် အိပ်မက်ပမာ ဖြစ်နေသည်။ တစ်ခါတစ်ရံ တကယ့်အဖြစ်အပျက်မှ ဟုတ်ပါလေစဟု ထင်လိုက်ရသည်။

အိပ်မက်၏ခြောက်လှန့်ခြင်းသည် ယခုထက်တိုင် မပြီးဆုံးသေးပါလား။





တိုး သေလွန်ပြီးနောက်၌ အလွမ်းအိပ်မက် သံသရာ ရှည်ခဲ့ရသည်မှာ ယနေ့ထက်ထိ မလွန်မြောက်နိုင်သေးချေ။

"သွေးတစ်ယောက်တည်း ထား,ထားသလား"

"ဒိုး ဆင်းလာမှာပဲဟာ"

ဒိုးအပေါ် ဆက်ဆံမှုကတော့ အပိုဟန်ဆောင် တန်ဆာဆင်စရာ မလိုပါချေ။ ဒိုးအား သူငယ်ချင်းလို တရင်းတနှီးပင် ပြောဆိုရဲသည်။

"လာ. . . ထမင်းမစားခင် ထူးဆန်းတာ ပြစရာ ရှိနေတယ်"

"ဘယ်မှာလဲ"

"ခြံထဲမှာ"

"သွားလေ"

"ဘာများ ထူးဆန်းပါလိမ့်" ဟူ၍ မြတ်လေးနွယ် တွေးဆတာ ဒိုးနောက်သို့ လိုက်ခဲ့လေသည်။ ဒိုးသည် ခြံထဲသို့ ခေါ်သွားသည်။

ခြံစည်းရိုး ပတ်ပတ်လည်၌ ပိတောက်ပင်များ အုပ်မိုးထောက်ရှိသည်။

လွမ်းရိပ်တို့ပင် ညို့ချင်လာသည်။

"ဒီမှာ ကြည့်ပါဦး နွယ်"

"ဘာလဲ ဒိုး"

"ဒီနေရာမှာ တိုးက ပုဂံဘက် သွားတုန်းက ယူလာတဲ့ အာညိုပင်ကို စိုက်ထားတာ၊ တိုး ဆုံးသွားပြီးတဲ့နောက် အပင်လေး ခြောက်သွေ့သွားလို့ စင်တောင် ဖြုတ်ခဲ့ရတယ်၊ အခု ဘယ်က ဘယ်လို ပြန်ထွက်လာတယ် မသိဘူး. . . ကြည့်စမ်း၊ အညွန့်တောင် ဆော်တော်ရနေပြီ"



www.burmeseclassic.com

www.burmeseclassic.com



"ဒါများ ဒိုးရယ်. . . ဆန်းသလား၊ မြေကြီးထဲမှာ အမြစ်ကျန်နေလို့ နေမှာပေါ့"

"အဟင်း. . . သွေးအတွက် မသိဘူး၊ ဒိုးအတွက် ဆန်းတယ်၊ တိုးက ပြောသွားတယ်၊ အဲဒီအပင်ပွင့်ရင် တိုးဆီ လူကြုံနဲ့ ပို့ပေး၊ သွေးကို ပန်ခိုင်းမလို့၊ သွေးက ခွာညို မမြင်ဖူးဘူး ပြောလို့တဲ့လေ၊ ဒိုးကိုကော မာလီကိုကော ဂရုစိုက်ဖို့ မှာသွားခဲ့တာ၊ တိုးမရှိတော့တဲ့နောက် မေ့နေခဲ့ပြီး အပင်ခြောက်ရတဲ့ဘဝ ရောက်ခဲ့တယ်"

"ဒိုး"

မြတ်လေးနွယ်က ဒိုးအား မော့ကြည့်၍ ညင်သာစွာ ခေါ်လိုက်သည်။

"တိုးကို အရမ်းချစ်တာပဲလား"

"ဘယ့်နှဲ့မေးပါလိမ့်. . . တိုးဟာ ဒိုးဘဝရဲ့အစိတ်အပိုင်းတစ်ခုပဲ"

"တကယ်လို့ ခုနေ တိုး ပြန်လည်ရှင်လာရင် ဒိုး ဘယ်လိုလုပ်မလဲ"

"သွေးကမှ မဖြစ်နိုင်တဲ့ အထူးအဆန်းကို ပြောတာပဲ"

"သွေးမေးတာ ဖြေပါ"

မြတ်လေးနွယ် နှုတ်မှ အလိုအလျောက် သွေးဟု ပြောင်းလဲသွားသည်။

"အနိုင်ကျင့်တာလား"

"အဲဒီလို ယူဆရင် မဖြေနဲ့တော့"

"ဟိုး. . . ဖြေပါ့မယ် ကျောင်းအစ်မရယ်"

မြတ်လေးနွယ် မူနွဲ့ကာ အနိုင်ယူချင်လာသည်။ ဒိုးအပေါ်ယုံကြည်ကိုးစားခြင်းကြောင့် ဖြစ်ပေါ်လာသော နွဲ့ဆိုးဆိုးမှု ဖြစ်ပါ





သည်။

"တိုးပြန်ရှင်လာရင် ဒိုးက နောက်ဆုတ်ပေးပြီး တိတ်တိတ်ကြိတ်ဆွေးလိုက်ရုံပဲပေါ့ သွေး၊ နောက်မှလဲ မွေးသေး၊ မိဦးလဲ မှည့်ချင်လို့ ရမလား"

"မဖြစ်နိုင်ဘူးထင်လို့ ဒီစကား ပြောတာလား"

"ဟောဗျာ. . . အမျိုးမျိုးပါလား၊ ဖြေပြန်တော့လည်း ကျေနပ်မှု မရှိပါလား၊ ဒိုးတော့ ကိုးကားစရာကျမ်းတွေ ရှာဖွေထားမှထင်တယ်၊ ကဲပါ သွေးရယ်၊ အတိတ်ကာလထဲကို ပြန်လည်ထွက်ပြေးမနေပါနဲ့တော့၊ အနာဂတ်ရဲ့ကမ္ဘာသစ်ကိုပဲ ဖန်တီးနေကြရအောင်"

"ရနိုင်မလား ဒိုး၊ တိုးနဲ့ ကင်းကွာပြီး ဘယ်သူတွေ နေနိုင်ကြမှာမို့လို့လဲ"

"နေနိုင်အောင် ကြိုးစားကြတာပေါ့၊ သွေး ကြားဖူးလား"

"ဘာကိုလဲ"

"ဩော်. . . အတိတ်ကာလထဲသို့ ထွက်ပြေးခြင်းဟာ အနာဂတ်ရဲ့စိန်ခေါ်မှုကို တုန့်ပြန်ခြင်း မဟုတ်ဘူးတဲ့လေ"

"အနာဂတ်ရဲ့စိန်ခေါ်မှုကို တုံ့ပြန်ခြင်းက ဘာလဲဟင် ဖွေပွန်လား ဒိုး"

"ဖြစ်နိုင်တယ်"

"ဖြစ်ကိုဖြစ်ရမယ်လို့ သွေးယူဆတယ်"

"ကိုယ့်ကိုယ်ကို သွေးလို့ ပြောနိုင်ပြီလား သွေး"

"ပြောနိုင်ရမှာပေါ့. . . သွေးတို့ဟာ အနာဂတ်ရဲ့စိန်ခေါ်မှုကို ပစ္စုပ္ပန်အနေအထားနဲ့ လက်တွေ့ကျကျ ချီတက်နေကြတာပဲ မဟုတ်လား"

"သွေး ဘာကို ဆိုလိုတာလဲ"

"မသိဘူး"



www.burmeseclassic.com

www.burmeseclassic.com



"ဟောဗျာ. . . ကိုယ်ပြောတာ ကိုယ်မသိဘူးလား"

"ဟုတ်တယ်"

"ရှုးမျှား ရှုးနေသလား"

"ဟောတော်. . . အခုမှ သိတယ်လား၊ တိုး မရှိတော့တဲ့နောက် စိတ်မမှန်တော့တာ အခုထက်ထိပဲနော်၊ အဲ. . . အချိန်ရှိသေးတယ်၊ ပြန်ရုပ်သိမ်းမယ်ဆိုရင် ရုပ်သိမ်းလို့ရတယ်"

"ဘယ်သောအခါမှ ရုပ်သိမ်းလိမ့်မယ် မဟုတ်ဘူး"

"သွေးဘက်က ရုပ်သိမ်းရင်ကော"

"ဟာ. . . မလုပ်ကောင်းဘူး၊ မျက်စိစွန်တတ်တယ်"

မြတ်လေးနွယ် ခြောက်ကပ်စွာ ရယ်မောလိုက်သည်။

ဒိုးကတော့ မိမိအား ငေးစိုက်ကြည့်ရင်း ကြည်မွေ့စွာဖြင့်

"ချစ်ခြင်းမေတ္တာတို့ အိမ်ထောင်ရေးတို့ဆိုတာ ကစားစရာမဟုတ်ဘူး ဆရာမကြီး"

"ဒါဖြင့် ဘာလဲ"

"အိမ်ထောင်ရေးဟာ ချစ်ခြင်းမေတ္တာရဲ့အသုံးချခံပစ္စည်းပဲ၊ မှတ်ထား ကလေးမ"

"ဩော်. . . ဟုတ်ကဲ့"

"မလျှောင်ပါနဲ့ဗျ. . နို့. . ကျောင်းအစ်မက ကျွန်တော့်ကို မချစ်လို့လား"

"ဟာ. . . ဒိုးကလဲ ဘာတွေလိုက်မေးနေတာလဲ၊ မချစ်ဘဲဘယ်သူက လက်ထပ်မှာလဲ၊ အိမ်ထောင်ရေးဟာ ချစ်ခြင်းမေတ္တာရဲ့အသုံးချခံ ပစ္စည်းဆို"

"ဟုတ်ပါတယ်. . . ဒါပေမယ့် မြစ်တို့ရဲ့ပရိယာယ်ထက်များတဲ့ မိန်းမတွေရဲ့ မာယာသဘောကို ကျွန်တော် နားမလည်ဘူး မိန်းမတွေဟာ သမရိုးကျ တွက်ချက်ထားတဲ့ ချစ်ခြင်းမေတ္တာရဲ့





ပုံသေနည်းတွေကို လွဲပြောင်းပစ်နိုင်စွမ်း ရှိကြလို့ပဲ"

မြတ်လေးနွယ် ပြုံးရယ်ခြင်းဖြင့် သူ၏စကားများကို ပေါ့ပျက်သွားစေလိုက်သည်။

"ဒိုးက ရှည်းစားမရှိဘူးသာ ဆိုတယ်၊ မိန်းမတွေရဲ့သဘာဝကို သိနေလိုက်တာ"

"ဒါကတော့ လက်တွေ့မှ မဟုတ်ပါဘူး၊ လေ့လာသုံးသပ်ရင်လဲ သိနိုင်တာပဲ"

ကျယ်ဝန်းသော ခြံဝန်းအတွင်း အလှမွေးထားသော ဂျပန်မြက်ခင်းက အိမ်ဘေး၌ တစ်ဇကေ ရှိနေသည်။ စိမ်းလန်းခြင်းသည် မျက်စိကို အပန်းဖြေရာ၌ အကောင်းဆုံး ဖြစ်ဟန်တူသည်။

"ဒီမြက်ခင်းပေါ်မှာလဲ ညှော်ခံပွဲ ကျင်းပဖို့ စီစဉ်ထားတယ်၊ ကျေနပ်ရဲ့လား သွေး၊ ဘာများလုပ်ချင်သေးလဲ"

"ဘာမှ မချဲ့ချင်ဘူး၊ သွေးသဘောသာဆိုရင် ရုံးတက်လက်မှတ်ထိုး၊ မင်္ဂလာ ဆွမ်းကျွေးလိုက်ရင် ပြီးပြီ၊ ဘောဂဗလဆူငွေးမင်းလေးရဲ့မင်္ဂလာပွဲ သေးနုပ်နေမှာစိုးလို့သာ"

"ဟား. . ဟား. . ပြောင်းပြန် ဒေါ်မြတ်လေးနွယ်ရယ်၊ ယောကျ်ားတွေအတွက်က ဘာအရေးလဲ၊ မိန်းမသားတွေအတွက်သာ အရေးကြီးတာ. . . ဒါကြောင့်"

"ဒီလိုဆိုလဲ ဘာဖြစ်လို့ ဒီလောက် ချဲ့နေရတာလဲ၊ မချဲ့နဲ့တော့. . . အကျဉ်းချုံးလိုက်တော့"

"မလုပ်ပါနဲ့. . . တစ်သက်မှာ တစ်ခါပဲ ဆောင်ရတဲ့ မိန်းမသားတွေရဲ့မင်္ဂလာကို တကယ့်ကို ခမ်းနားစေချင်တယ်၊ တတ်နိုင်နေတာပဲ၊ နောက်ပြီး မင်္ဂလာ လက်ဖွဲ့ခြင်း သည်းခံပါလို့ ဖိတ်စာမှာတစ်ခါတည်း ထည့်လိုက်မှာပါ။ ဧည့်ပရိသတ်တွေအပေါ်လဲ လက်ဖွဲ့ကြောင့် စိတ်မှာ ဝန်ပိမှုမျိုး မဖြစ်စေချင်ဘူးလေ၊ ကျေနပ်ပါ သွေး



www.burmeseclassic.com

www.burmeseclassic.com



ရယ်"

မြတ်လေးနွယ် သက်ပြင်းသူခိုး ချလိုက်မိသည်။

တိုးနှင့် ဆက်နွယ်ပြီးမှ သိကျွမ်းခဲ့ရသော ဒိုးတို့မိသားစု သည် မိမိအပေါ် စေတနာသန့်သန့်နှင့် တန်ဖိုးထားခြင်းကို တွေ့မြင်ခံစားရလေ၊ နှလုံးသား၌ အမည်မသိသော ဝေဒနာရပ်တို့ ခံစားရလေ ဖြစ်သည်။

"သွေး. . . လာ ထမင်းစားရအောင်၊ နည်းနည်းတော မှောင်လာပြီ"

ဒိုးသည် အစစအရာရာ လူကြီးတစ်ယောက်ကဲ့သို့ပ ဦးဆောင်သွားတတ်သည်။

မိမိထံမှ လက်ထပ်ခွင့် ပေးလိုက်သည့် နောက်ပိုင်း ပို၍ပ ကြွခြေရလာသည်။

"သွေးကို ပိုင်ဆိုင်ခွင့်ရတဲ့အတွက် ဒိုး အိပ်မက်,မက်ေ သလားတောင် ထင်နေတယ်၊ ဒါပေမယ့် ရင်ထဲမှာ ပြည့်ပြည့်ဝ မပျော်နိုင်ဘူး"

"ဘာဖြစ်လို့လဲ"

"သွေးရဲ့ရင်ထဲက လျှို့ဝှက်ချက်ကို သိနေသလိုလို ရှိလို့

"ဘာရယ်"

မြတ်လေးနွယ် အံ့အားသင့်သွားသည်။ မိမိနားကြားမှ လွဲလေရော့သလားဟူသောအသိဖြင့် ထပ်မံမေးလိုက်သည်။

"ဒိုး ဘာပြောလိုက်တာလဲ"

"ဪ. . . ဒိုးဟာ နွယ့်ရင်ထဲက လျှို့ဝှက်ချက်ကို သိေ သလိုလိုပဲလို့ပါ"

"သွေးရင်ထဲက လျှို့ဝှက်ချက်ကို ဒိုးသိတယ်ဟုတ်လာ

"ဟုတ်တယ်"





"ဘာလဲ. . . ဒါဆို ဘာလဲပြော"

"ဆောရီးပဲ သွေး၊ ဒိုး မပြောချင်ဘူး၊ ဒိုးက သံသယ ရှိနေ တာပါ. . . မသေချာသေးဘူး၊ သေချာတဲ့တစ်နေ့ကျရင် ဖွင့်မေးမှာ ပါ"

"သံသယ ရှိနေတဲ့သူနဲ့ အိမ်ထောင်တစ်ခုကို တည် ာက်လို့ ရပါ့မလား"

"မဟုတ်ဘူး. . . အိမ်ထောင်ရေးကို ထိခိုက်နစ်နာစေတဲ့ သံသယ မဟုတ်ပါဘူး"

"ဒါဖြင့် ပြော ဒိုးရာ၊ သွေး အိပ်မရ စားမရနဲ့ စိတ်ကို နှောင့်အယှက်ဖြစ်အောင် ဒိုးမလုပ်နဲ့"

ဒိုးသည် ဟက်ခနဲ တစ်ချက်ရယ်ကာ စင်တင်ထားသော ခင်းလောင်းပန်းပြာလေးများကို ဆတ်ခနဲ ခူးကာ အဝေးသို့ ပစ် ပါတ်လိုက်သည်။

"ဪ. . . သွေးရင်ထဲမှာ တိုးဟာ အမြဲရှိနေမယ်ဆိုတဲ့ ဝှက်ချက်ကို သိနေတဲ့ သံသယပါ"

"အဟင်း. . . ဟင်း"

သည်တစ်ခါတော့ မြတ်လေးနွယ် လှောင်ရယ် ရယ်လိုက်မိ ည်။

"ဒီအတွက်တော့ သံသယ မဖြစ်နဲ့"

"တကယ်လား. . . သွေး တကယ်ပြောတာလား"

"အဟင်း. . . ဟင်း၊ သံသယ မပွားနေနဲ့တော့၊ အဲဒါ တကယ်ပဲလို့ တိုးဟာ ဘယ်သောအခါမှ သွေးနှလုံးသားထဲက ပျောက်မသွားဘူးဆိုတာ အစစ်အမှန်ပဲ၊ ဒါကို ဒိုး မကျေနပ်ရင် ရနိုးပဲ"

"ဒီလိုဆိုရင် ဒိုးဟာ တိုးရဲ့အစားထိုးခံပေါ့. . . ဟုတ်လား"



www.burmeseclassic.com

www.burmeseclassic.com



"ဒိုး ဒါတွေ အစကတည်းက ရိပ်မိသိရှိနေမယ်ဆိုရင် သွေး ကို ပရိုပို့စ်လုပ်ဖို့ မကောင်းဘူး၊ သွေး ပြောခဲ့သားပဲ မဟုတ်လား ကဲပါ ဒိုးရယ်၊ ဒိုးဆန္ဒမပါဘူး၊ စိတ်မချမ်းသာဘူးဆိုရင် အချိန်တွေ ရှိပါသေးတယ်နော်၊ ဖိတ်စာတောင် မရိုက်ရသေးဘူး မဟုတ်လား"

"တော်ပါတော့ သွေးရယ်"

ဒိုးမျက်နှာ၌ ကြေကွဲရိပ် ဆင်သွားသည်။ တိတ်ဆိတ်ခြင်း နှင့်အတူ ယှဉ်တွဲလိုက်ပါလာသည်။

မြတ်လေးနွယ်လည်း ဝမ်းနည်းသွားသည်။ တစ်ခါတစ် ဟန်မဆောင်တတ်သော မိမိအမှန်စကားအတွက် တစ်ဖက်လူမှာ စိတ်မကောင်း ဖြစ်သွားခြင်းကိုလည်း မိမိပင် စိတ်ထိခိုက်သွား သည်။

"ဒါပေမယ့် ဒိုးရယ်၊ သွေး. . . အဲ. . . နွယ် ကြိုးစားပါ့မယ် အိမ်ထောင်ရေးနဲ့ အချစ်ကို သုညဘဝကနေ တစ်ပြိုင်နက် စ,နိုင် အောင် ကြိုးစားပါ့မယ်၊ ဒီအတွက် နွယ့်ကို နားလည်ခွင့်လွှတ် ပါ"

"ရပါတယ် သွေး၊ ဒိုးရဲ့မေတ္တာလောဘကြောင့် သွေး စိတ် ထိခိုက်သွားရင် ဒိုးရဲ့အမှားပါ၊ ဒိုး အရာရာကို ဥပေက္ခာပြုနိုင် အောင် ကြိုးစားပြီး မေ့ပျောက်ထားပါ့မယ်"

"အဲဒီလိုဆိုရင် အဲဒီသွေးကို အရင်ပျောက်အောင်လုပ်ပြီး ဒိုးက သွေး သွေးလို့ ခေါ်နေရင် တိုး ခေါ်နေသလိုပဲ"

"ခေါ်ပါရစေ. . . ရပါတယ်၊ သွေးနှလုံးသားမှာ တိုးရှိ လဲ ရှိပါစေ၊ တိုးကို မနာလိုဖြစ်စရာ အကြောင်းမရှိပါဘူး၊ ဘဝချင်း မတူညီကြတော့ပဲ"

အိမ်ဝ၌ စောင့်မျှော်နေသော ဒေါ်သီတာကို တွေ့လိုက် သည်နှင့် ဒိုးမျက်နှာ ပြောင်းလဲသွားသည်။ အပြုံးရိပ်ကို ပြောင်း





ဖန်တီးလိုက်သည်။

လိုချင်သော အရာရာကို ရသဖြင့် ကမ္ဘာမှာ အပျော်ဆုံး ဖြစ်နေသော လူသားတစ်ဦးပမာပင်။

ဩော်. . . တတ်လဲ တတ်နိုင်တဲ့ ဒိုးပါလား။

ထို့အတူ မိမိကကော ဘာထူးသေးပါသနည်း။



www.burmeseclassic.com

www.burmeseclassic.com





## အခန်း(၂၈)

"သွေးရေ. . . အညောင်းမိမယ်၊ ထကွာ"

"ကော်ရက်ရှင်တွေ မပြီးသေးဘူး ဒိုးရဲ့"

"ဟာကွာ. . . ဒိုး ဝိုင်းလုပ်ပေးမယ်"

"အား. . . မရပါဘူး၊ ကိုယ့်ဟာကိုယ်လုပ်မှ တပည့်တွေ အရည်အချင်း သိရမှာပေါ့"

"ခဏပါကွာ. . . ကိုယ်ဝန်ဆောင် မိခင်ဆိုတာ လ[illegible] လျှောက်ပေးရတယ်၊ ဒါမှ မီးဖွားရ လွယ်ကူမှာ"

"သူပဲ သိနေ၊ ဒီလိုဆို ပြီးရင် သွေးရီဂျစ်စတာကို လ[illegible]





လုပ်ပေး"

"အိုကေ. . ကိုင်း. . ထတော်မူပါ ကျောင်းအစ်မရယ်"

ဒိုးက စာကြည့်စားပွဲမှ မြတ်လေးနွယ်ကို ယုယစွာ တွဲထူလိုက်သည်။

သွေးက ကြည်မွေ့စွာပင် ထလိုက်သည်။

"သားတို့ ဘယ်လဲဟော့"

"လမ်းလျှောက်မလို့ မေမေ"

"မေမေကော လိုက်ပါဦးလား"

"တော်ပြီ. . တော်ပြီ. . လမ်းလျှောက်ပြန်လာရင် ထမင်းစားဖို့ မေမေ စီစဉ်လိုက်ဦးမယ်"

"မေမေကလဲ အဖော်တွေ ရှိသားနဲ့"

"ဟဲ့. . . သမီး တည့်မယ့်ဟင်းလျာတွေ အဆင်ပြေဖို့လိုတယ်ဟဲ့ ငဒိုးရဲ့၊ နင် ဘာသိလို့လဲ၊ မိခင်စားနိုင်မှ ကလေးအားရှိမှာ၊ ကဲ. . . သွားကြ၊ မမှောင်စေနဲ့၊ မှောင်တာနဲ့ ပြန်ဝင်"

"ဟုတ်ကဲ့. . . မေမေ"

မြတ်လေးနွယ်သည် ဒိုး၏လက်ကို မှီတွဲကာ ညင်သာစွာ လျှောက်လှမ်းခဲ့သည်။

"ခွာညိုပန်းတွေ ဖူးနေပြီ"

"ဟင်. . . မဟုတ်နိုင်တာ၊ အပင်လေးက ငယ်ငယ်လေး နဲ့"

"ဟုတ်ပါတယ်ဆို. . . သွေးကလဲ၊ ဒိုးပြောတာ မယုံရင် ကြည့်"

"အင်းပါ. . . ဆောင်းတွင်းပွင့်တယ်ဆိုရင် သူက ကြောက်ဆောင် ကျနေပြီ၊ ဇန်နဝါရီထဲ ရောက်နေပြီနော်"

"အင်းလေ. . . အပင်သစ်ဆိုတော့ အားယူနေတာ ဖြစ်မှာ



www.burmeseclassic.com

www.burmeseclassic.com



ပေါ့"

"ဒိုး. . ."

"ဟင်. . ."

"သားလေးယူချင်သလား၊ သမီးလေး ယူချင်သလား"

"သမီးဆိုရင် မေမေ့အတွက် တိုးတိုးဖော် ရတယ်တဲ့၊ သမီး ရလဲ ကောင်းတယ်၊ သားရလဲ ဒိုးတို့အတွက် ရှင်ပြုရဟန်းခံနဲ့ ကုသိုလ်ပိုရတယ်၊ ဘယ်သူဖြစ်ဖြစ် ကောင်းတယ်၊ သားသမီးပဲ ဒိုးက တော့ သားဖြစ်ဖြစ် သမီးဖြစ်ဖြစ် ချစ်မှာပဲ၊ သွေးကော. . ."

"သွေးလဲ ဘာဖြစ်ဖြစ်ပါ"

"ဒိုးတော့ သမီးလေး မွေးလာရင် ခွာညိုလို့ နာမည်ပေး မယ်"

"ဘာဖြစ်လို့လဲ. . . လှလည်း မလှဘဲနဲ့"

"ဩော်. . . ဒါပေမယ့် သွေးဆီက အဖြေရတဲ့နေ့မှာ ခွာညိုပင် ပြန်ထွက်လာတယ်၊ နောက် ထူးထူးဆန်းဆန်း အပင်ဖို့ မှာပဲ ခွာညိုပွင့်တယ်၊ သွေး ပန်ဆင်ခွင့် ရတယ်၊ ဒါကြောင့် ခွာညိုလို့ ပေးမယ်"

"နေ့နံကိုက်ဦးမှကိုး ဒိုးရယ်၊ မိဘတွေက ကိုယ့်အစွဲအလမ်း နဲ့ကိုယ် လျှောက်ပြီး မှည့်လိုက်လို့ သားသမီးရဲ့ ဇာတာနဲ့ မကိုက်ညီတဲ့ နာမည်ကြောင့် တိုးတက်သင့်သလောက် မတိုးတက်ဘဲ ဆုတ်ယုတ် သွားရတာတွေလဲ ရှိတတ်တယ်၊ ဒါကြောင့် သွေးတော့ သားသမီး ရရင် သေသေချာချာ တွက်ချက်ပြီးမှ ပေးမယ်"

"ဟုတ်ပါတယ် ကျောင်းအစ်မရယ်၊ ဒိုး မှားသွားပါတယ် ကျောင်းအစ်မ ပြောတဲ့အကြံဟာ အကောင်းဆုံးပါပဲ"

"ဟော. . . ဒိုး၊ ငုံတောင် ငုံနေပြီနော်"

မြတ်လေးနွယ် အံ့အားသင့်စွာဖြင့် ခွာညိုပင်လေး ရှိရာသို့





လျှောက်သွားလိုက်သည်။

"မနက်ဖြန် ပန်ရတော့မှာပေါ့"

"အင်း. . . ဒိုး ထခူးပေးမယ်၊ ကျောင်းသွားရင် ပန်သွား နော်"

"ဘုရားတင်မယ်. . . ပိုမှ ပန်မယ်"

"အစက ပန်းကြိုက်ပြီး အခုမှ ဘာပန်းမှ မပန်တော့ဘူး၊ ဘယ်လိုဖြစ်သလဲ မသိဘူး၊ မေမေပြောတာများ ဟုတ်နေမလားပဲ"

"မေမေက ဘာပြောလို့လဲ"

"ယောက်ျားလေး မွေးမှာတဲ့. . . အလှမကြိုက်လို့တဲ့"

"ဟုတ်လို့လား"

မြတ်လေးနွယ် မျက်တောင် ပုတ်ခတ်ပုတ်ခတ် လုပ်ကာ ကြည်နူးခြင်းကို ဖုံးကွယ်လိုက်သည်။

"ဟုတ်မယ်ထင်တယ်၊ လာ. . . အိမ်တစ်ပတ်ပြည့်အောင် လျှောက်ရအောင်၊ မေမေလဲ ရိပ်သာဝင်မယ်ဝင်မယ်နဲ့ သွေး တို့ယ်ဝန်ရှိတာနဲ့ မဝင်နိုင်ဘူး၊ တော်ကြာ မြေးရပြီးတော့လဲ ဝင်နိုင် မှာ မဟုတ်တော့ဘူး ထင်တယ်"

"ဒိုးပြောသလို ပုတီးကိုချ၊ မြေးကို မ, ရပြီထင်တယ်၊ သွေး ပြောပါတယ်၊ သွေးအတွက် ဘာမှ မပူနဲ့လို့"

"နေပါစေ သွေး၊ သူ စိတ်ချမ်းသာသလို နေပါစေ၊ အသက်ငါးဆယ်ကျော်လာတဲ့ အဘိုးကြီး အဘွားကြီးတွေအတွက်က သူတို့ကို အနိုင်ကျင့်ပြီး တီတီတာတာ ပြောတတ်တဲ့ မြေးဟာ မရှိမဖြစ် လိုအပ်တယ်၊ ဒါမှ ကျန်းမာကြလိမ့်မယ်"

မြတ်လေးနွယ် ဒိုးလက်မောင်းကို ဖျစ်ညှစ်လိုက်မိသည်။

"သူပဲ ပြောတတ်တယ်"

"အဟုတ်ပြောတာပဲ"



www.burmeseclassic.com

www.burmeseclassic.com



မြတ်လေးနွယ် ပြုံးရုံသာ ပြုံးနေလိုက်သည်။ ဒိုးကို ယူမိခြင်းအတွက် မြတ်လေးနွယ်သည် ကံအကောင်းဆုံး ဖြစ်ရသည်။ ဒိုးသည် မိမိမျက်နှာကို အညိုမခံ၊ ချစ်ခင်ကြင်နာယုယစွာဖြင့် ထာဝရ ရှိနေတတ်သည်။

ထို့ကြောင့် မြတ်လေးနွယ် ဆုံးဖြတ်ချက်သည် မှန်ကန်ခြင်း၏တဝက်သို့ ရောက်ရှိနေလေပြီ။

"ဒိုး. . ."

"ဘာလဲ သွေး"

"ဝေမာဆီ ဖုန်းဆက်ချင်တယ်"

"ဆက်လေ. . . ဘာကိစ္စ သတိရလို့လဲ"

"မဟုတ်ဘူး. . . သူက သွေးထက် (၂)လ ပိုစောတယ် မဟုတ်လား"

"ဘာ(၂)လ,လဲ"

"ကိုယ်ဝန်ပြောတာပေါ့"

"အဲဒါ ဘာဖြစ်သလဲ"

"သူ့ယောက်ျားကို မှာထားဖို့ ပြောမလို့"

"ဘာမှာမလို့လဲ"

"ဝေမာ မွေးရင် ဘာလေး မွေးသလဲဆိုတာ ဖုန်းအရင်ဆက်ပါလို့"

"သြော်. . . ဘာများလဲလို့ အရေးတကြီးလုပ်လို့ ဝေမာကို တော်တော်ချစ်တယ်ထင်တယ်"

"ဒိုးကလဲ. . . သိချင်လို့ပေါ့"

မြတ်လေးနွယ် မျက်စောင်းထိုးကာ ခြေဆောင့်လိုက်သည်။ ချစ်၍ဆိုးနွဲ့ခြင်းဖြစ်ကြောင်း ဒိုးက သိရှိနားလည်စွာ ခွင့်လွှတ်ရယ်မောရင်း. . .





"ခြေသိပ်မဆောင့်နဲ့. . . ချိုင့်ခွက်တွေ ဖြစ်နေလို့ သားသားတို့ မီးမီးတို့ ဆော့တဲ့အခါ လဲနေဦးမယ်"

"ဒိုးနော်"

ဒိုးလက်မောင်းကို ဆွဲဆိတ်လိုက်ပြီးနောက် ဖက်တွယ်လိုက်သည်။ အပြစ်ဆိုဖွယ်ရာ မရှိသောဒိုးကို မြတ်လေးနွယ် သံယောဇဉ် နှောင်ဖွဲ့ကာ တွယ်တာလာလေသည်။ အလုပ်ကိစ္စဖြင့် တစ်ညနှစ်ည ဝေးကွာနေရသည့် နေ့ရက်များအတွက် လွမ်း၍မဆုံးနိုင်အောင် ခံစားရသည်။

သို့ဆိုလျှင် အချစ်နှင့် အိမ်ထောင်ရေးကို သုညဘဝမှ တစ်ပြိုင်နက် စခြင်းသည်လည်း ခိုင်မာတတ်သော အိမ်ထောင်ရေးကို ဖြစ်စေတတ်သည့်အခါလည်း ရှိတတ်သည်ဟု မြတ်လေးနွယ် ယူဆခဲ့ခြင်းသည်လည်း ယခုအချိန်အထိတော့ မှန်ကန်နေသေးသည်။

လင်မယားချစ် ဖြစ်လာတော့လည်း ဒိုးကို ခွဲမရအောင် ချစ်မိခြင်းသည် မြတ်လေးနွယ်ကပဲ ပိုခြင်း မဟုတ်နိုင်ပါ။

"မှောင်နေပြီတဲ့ ဆရာ၊ မေမေကြီး ခေါ်ခိုင်းလိုက်တယ်"

"အေး. . . အေး. . . လာပြီလို့ ပြောလိုက်"

ညီအစ်ကို မသိတသိ အချိန်လေးကိုပင် မှောင်ပြီဟု အကဲပိုသော ယောက္ခမလုပ်သူ၏မေတ္တာတရားကိုလည်း မြတ်လေးနွယ် ကြည်နူးစွာပင် ခံယူပြီး ခြေလှမ်းကို အနည်းငယ် သွက်သွက်လှမ်းလိုက်ရလေသည်။



www.burmeseclassic.com

www.burmeseclassic.com





## အခန်း(၂၉)

"ဟဲလို"

"မမြတ်လေးနွယ်လား. . . ကျွန်တော် ကျော်အောင်ပါ၊ ဝေမာ့ယောက်ျားပါ"

"ဪ. . . ဟုတ်ကဲ့ ပြောပါ"

"ဝေမာ မွေးပြီ"

"ဟုတ်လား. . . ဘာလေးလဲဟင်"

"မိန်းကလေးပါ"

"ဪ. . . ဝေမာကော နေကောင်းရဲ့လား"





"ကောင်းပါတယ်. . . ဘယ်နေ့က မွေးသလဲ"

"မနေ့ကပဲ"

"အကျနေ့ကြီးပေါ့"

"ဟုတ်တယ်. . . မမြတ်လေးနွယ်ကော ဘယ်တော့လဲ"

"ဇွန်လကုန်နဲ့ ဇူလိုင်လဆန်းလို့ မှန်းထားကြတာပဲ"

"ဒါပဲနော် မမြတ်လေးနွယ်၊ ကျွန်တော် ဆေးရုံပြေးလိုက်ဦးမယ်"

"ဟုတ်ကဲ့. . . ဟုတ်ကဲ့၊ ခုလို သတိတရ ဆက်တာ ကျေးဇူးတင်ပါတယ်"

"နဲတားမိုင်းပါ. . . ဂွတ်နိုက်"

"ဂွတ်နိုက်"

မြတ်လေးနွယ် တယ်လီဖုန်း စကားပြောခွက်ကို အသာပြန်ချလိုက်သည်။

"ဘာတဲ့လဲ သမီး"

"ဝေမာ မွေးသွားပြီတဲ့ မေမေ"

"ဘာလေးလဲ"

"မိန်းကလေး"

"ဘယ်နေ့က မွေးတာလဲ"

"မနေ့က"

"ဪ. . ."

မြတ်လေးနွယ်နည်းတူ ဒေါ်သီတာမျက်နှာပါ မှိုင်းရိပ်ဝေသွားသည်။

မနေ့က တိုးအတွက် ဆယ်နှစ်မြောက် ဆွမ်းကျွေးခဲ့ကြသည်။ တိုးသေဆုံးသည့်နေ့၌ မွေးဖွားခဲ့သည့် ဝေမာ့သမီးလေးအား မြင်ဖူးချင်လာသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဒိုး ရွှေအပတ် ရန်ကုန်သွားရင် ဝေမာတို့အိမ် သွားခိုင်းလိုက်ဦး သမီး၊ ကလေးအတွက် လက်ဆောင်လေးတွေပါ ဝယ်ပေးလိုက်ရအောင်"

"ဟုတ်ကဲ့ မေမေ"

ဒေါ်သီတာသည် ကလေးအတွက် သိုးမွေးဆက်ထိုးနေသည်။ ခေါင်းစွပ် ခြေစွပ်ကလေးများကို ထိုးနေသည်မှာ ရောင်စုံပင်။

မြတ်လေးနွယ် အိမ်ရှေ့ပန်းခြံထဲ ဆင်းခဲ့သည်။

ဒိုးအား စောင့်မျှော်နေခြင်းဖြစ်သည်။

ဒိုးအား သတင်းပေးချင်နေပြီ။

ပိတောက်ပင်များမှာ အစွမ်းကုန် ဖူးလျက်ရှိသည်။ အရွက်များကိုပင် ဖုံးအုပ်လုမတတ် ဖူးတံစီလျက်ရှိသည်။

ချက်ချင်း သတိရလိုက်သဖြင့် အိမ်ထဲသို့ ပြန်ဝင်ခဲ့သည်။

"ဘုရားသိကြားမလို့ ဝေမာယောက်ျား ဆေးရုံမသွားပါစေနဲ့" ဟုလည်း စိတ်တွင်း၌ ကြိတ်၍ ဆုတောင်းမိသည်။

"ဟဲလို"

မိန်းမသံ တစ်သံ ထွက်ပေါ်လာသဖြင့်. . .

"ဦးကျော်အောင် ရှိပါသလား"

"မရှိပါဘူးရှင်. . . အခုပဲ အပြင်သွားပါတယ်၊ ဘယ်သူဆက်တယ်လို့ ပြောပေးရပါမလဲ"

အိမ်ဖော်မိန်းကလေး ထင်ပါသည်။

"ဩော်. . . ဒါဖြင့် တစ်ခုမေးစရာရှိလို့ပါ၊ ညီမပဲ ဖြေနိုင်ရင် ဖြေပါ"

"ရှင်. . . ဟုတ်ကဲ့"

တစ်ဖက်မှ ကြောင်သွားပုံရသည်။ ထစ်ထစ်ငေါ့ငေါ့ ဖြစ်





သွားသည်။

မြတ်လေးနွယ်လည်း ကိုယ့်ကိုယ်ကို ရယ်ချင်သွားသည်။ မိမိကိုယ်တိုင်လည်း ခပ်ကြောင်ကြောင်အလုပ်ကို လုပ်မိနေပြီ ဖြစ်ခြင်းကြောင့်ပင်။

"မနေ့က အဲဒီမှာ ပိတောက်ပွင့်သလားဆိုတာ သိချင်လို့ပါ"

"ဟင့်အင်း. . .မပွင့်သေးဘူး၊ အဖူးတွေတော့ ကြီးနေပြီ"

"အေးအေး. . . ဒါပါပဲကွယ်"

မြတ်လေးနွယ် တယ်လီဖုန်းခွက် ပြန်ချလိုက်သည်။

"ပွင့်တယ်တဲ့လား သမီး"

"မပွင့်သေးဘူးတဲ့ မေမေ"

"ဩော်. . . အေး၊ ဒီမှာနဲ့ တူတူပဲ ထင်ပါတယ်၊ မိုးရိပ်မရသို့ မပွင့်ဘူး ထင်ပါတယ်"

အတွေးကိုယ်စီနှင့် ငြိမ်သက်သွားကြသည်။


တိုးနှင့် ပတ်သက်၍ အိပ်မက်များ မမက်တော့သော်လည်း ရင်တွင်း၌ ဝေဒနာကိုယ်စီနှင့်တော့ ရှိနေကြစမြဲပင်။



www.burmeseclassic.com

www.burmeseclassic.com





## အခန်း(၃၀)

ဒိုး ရန်ကုန်သွားသည်။

အိပ်မရနိုင်သဖြင့် ဒိုး၏စာကြည့်ခန်း၌ စာအုပ်များထို ဟိုလှန်သည်လှန်နှင့် လျှောက်မွှေနေမိသည်။

နေ့စဉ်မှတ်တမ်းစာအုပ်လေးကို အံဆွဲထဲ၌ တွေ့လိုက်သည်။

စာအုပ်ကို ဖတ်ရန်နှင့် မဖတ်ရန်နှင့် ချီတုံချတုံ စဉ်းစား သည်။ သို့သော် လင်နှင့်မယားပဲ၊ လင်နှင့်မယားကြား၌ လျှို့ဝှ အကြောင်းအရာ မရှိသင့်ဘူးဟု ယူဆလိုက်သည်။





စာအုပ်ကို လှန်လိုက်သည်။ ဒီနှစ်အတွက် စာအုပ်ဖြစ်နေ သည်။

ဇန်နဝါရီလ တစ်ရက်မှ စသည်။

ခွာညိုပွင့်သည်။ ပန်ပေးသည်ကအစ အသေးစိတ် ပါ သည်။ သို့သော်. . .

သွေးသည် ဟန်မပျက်ပါ။ ဒိုးအပေါ် စိမ်းကားသော နိုပ်အယောင် မတွေ့ရပါ။ သို့သော် သွေးဒိုင်ယာရီထဲမှ စာများ သည် မိမိအား ခြောက်လှန့်နေဆဲဖြစ်သည်။

"ဟင်. . ."

မြတ်လေးနွယ် အံ့အားသင့်သွားသည်။ စိတ်မကောင်းခြင်း လာလည်း ဖြစ်မိသည်။

ဒိုင်ယာရီ ရေးတတ်ခြင်းသည် ကောင်းသောအလေ့အထ သည်။

သို့သော် တစ်ခါတစ်ရံ ဒိုင်ယာရီစာအုပ်သည် နှလုံးသား နေသဘောထားကို ဖော်ကောင်လုပ်တတ်သော အနိုင်မာဆုံး တ်သေတစ်ရပ် ဖြစ်နေတတ်သည်။

"တူးတူ. . . တူးတူ. . . တူးတူ"

တယ်လီဖုန်းသံ မြည်လာသည်။

ဒိုးထံက ထင်ပါသည်။

"ဆရာမ. . . ဆရာ့ဆီက ဖုန်း"

"အေး. . . လာပြီ"

ပေါ့ပါးစွာပင် စာကြည့်ခန်းမှ ထွက်ခဲ့သည်။ ဒရင်းဘက် ၌ ဟက်တောင့်သက်သာ လှဲလျောင်းချလိုက်ပြီး. . .

"ဒိုး. . ."

"သွေး. . . နေထိုင်လို့ သက်တောင့်သက်သာရှိရဲ့လား"



www.burmeseclassic.com

www.burmeseclassic.com



"မရှိဘူး"

"ဟင်. . . ဘာဖြစ်လို့လဲ၊ ဆရာဝန် မခေါ်ဘူးလား၊ မေ
ကော ဘာမှ မလုပ်ပေးဘူးလား"

မြတ်လေးနွယ် လွင်လွင်ကလေး ရယ်မောလိုက်သည်။ မိ
အပေါ် ဤမျှ ကြင်နာ ဂရုတစိုက်နှင့် ချစ်လွန်းသော ဒိုးအပေါ်
ပြန်လည်မချစ်ဘဲ နေနိုင်ပါအံ့နည်း။

မိမိအသည်း ဤမျှမမာ။

"ဘာရယ်နေတာလဲ သွေး"

"အဟင်း. . . ဟင်း၊ ဒိုးကို သဘောကျလို့၊ မေးခွန်းတွေ
များလွန်းလို့လေ"

"ဒါက ကျောင်းအစ်မကို စိတ်ပူတာကိုးဗျ။ ကိုင်း. . .
ပြောပါဦး၊ ဖျားတာလား"

"ဟုတ်တယ်"

"ဟင်. . . တင်ပရေချာ ဘယ်လောက်ရှိသလဲ"

"ဘယ်လောက်မှ မရှိဘူး. . . လွမ်းဖျားလေ၊ ဒိုး ဒီည ပြ
မလာဘူးဆိုတော့ စားလို့မရ အိပ်လို့မရနဲ့ လွမ်းဖျား,ဖျားနေတာ.
သိရဲ့လား"

"သွေးရယ်. . . တကယ်ပြောတာလား"

"ဒိုးက သွေးစကားဆို မယုံသလိုပဲ၊ အမြဲ တကယ်လား
မေးနေတာ ဘာဖြစ်လို့လဲ၊ သွေးကို မယုံရင် ဘာဖြစ်လို့ ယူခဲ့သေ
လဲ"

"သွေး. . . ဘာတွေပြောနေတာလဲကွာ၊ ဒိုး ဝေမာတို့အိ
ရောက်ခဲ့တယ်"

မြတ်လေးနွယ်မျက်လုံး၌ အားတက်သရော အရိပ်အ
ယောင်များဖြင့် သိလိုစိတ်စောကာ. . .

☺ အောင်မြင်စာပေ ☺



"တွေ့လား. . . ကလေးတွေ့ခဲ့လား"

"တွေ့တယ်"

"ဘယ်သူနဲ့ တူသလဲ"

"သူ့အဖေအတိုင်းပဲ၊ ပြာပြာလေး၊ အဟက်. . ဟား. . .
ဟား"

"သူများသားသမီးကို၊ သူ့သားကျမှ ဝင့်လည်နေမယ်"

"ကိုယ့်သားက ကိုယ်နဲ့ တူရင်လဲ ချောမယ်၊ မိန်းမနဲ့ တူရင်
တော့ အတိုင်းထက်အလွန်ပေါ့နော်၊ ဒီအဖေနဲ့ ဒီအမေက မွေးတဲ့
ကလေးဟာ ဘယ်လိုနည်းနဲ့မှ မပြာနိုင်ဘူး၊ ဖွေးဥနေရမှာပေါ့. . .
ဟုတ်ဘူးလား"

"ဒိုး"

"ဟင်. . . ဘာလဲ သွေး"

"သွေးရဲ့ဒိုင်ယာရီဟောင်း စာအုပ်လေး တွေ့မိသေးလား"

"ဘာစာအုပ်လဲ. . . မှတ်စုစာအုပ်လား"

"အပြာရောင် သားရေဖုံးလေးနဲ့လေ"

"စားပွဲအံဆွဲထဲမှာ ဖြစ်မှာပေါ့"

"မရေးဖြစ်တာ ကြာတော့ မေ့နေတယ်"

"အခု ရေးဦးမလို့လား"

"အင်း. . . ဒိုးကို လွမ်းတယ်ဆိုတဲ့အကြောင်း"

"သွေးရယ်. . . ခုချက်ချင်းတောင် ပြန်လာချင်ပြီ"

"မလုပ်ပါနဲ့. . . ညကြီးမင်းကြီး ခရီးသွားတာ မကြိုက်ဘူး၊
ကိစ္စပြီးမှ ပြန်လာနော်"

"အင်း. . အင်း. . ဒါပဲ၊ သွေး အိပ်တော့နော်၊ အနွေးထည်
ခြုံပြီး စာတွေ ဖတ်မနေနဲ့"

"အင်းပါ ဒိုးရဲ့"

☺ အောင်မြင်စာပေ ☺

www.burmeseclassic.com

www.burmeseclassic.com




"အိပ်မက်လှလှ မက်ပါစေ"

ဒိုးထံမှ တယ်လီဖုန်း ချသွားသည်။ ဒိုးအား အပြတ်မေး လိုက်မည်ဟူသော စကားတို့သည် တကယ်တမ်း မမေးရက် မပြော ရက်တော့ပါချေ။

ငြိမ်သက်နေသော နှလုံးသား ကန်ရေပြင်ထဲသို့ ခဲမချလို တော့ပါ။ ရှိပါစေတော့။







## အခန်း(၃၁)

မြတ်လေးနှင့် မှတ်စုစာအုပ်ဟောင်းကို ပြန်လှန်လိုက် သည်။

ဝတ်မှုန်တို့ သားအမိက ပိတောက်ပင်အောက် တရားနာ ကြောင်း ဖုန်းဆက်ပြောပြလိုက်သောအခါ ကြို့ပင်ကောက် လချွန်နုတ်ထံ နောက်တစ်ခေါက် သွားမေးခဲ့သည်။

တိုးအား ခေါ်၍မရတော့။ အဘွားကြီးက ခေါ်မရလျှင် နာဘာဝလောက,က ကျွတ်လွတ်သွားပြီဖြစ်ခြင်းကြောင့်ဟု ပြော လိုက်သည်။

တိုး ဘယ်ဘဝ ရောက်သွားပြီလဲ။



www.burmeseclassic.com

www.burmeseclassic.com



သို့သော်. . .

ညက တိုးကို အိပ်မက်,မက်သည်။ ဝတ်ဖြူစင်ကြယ်နှင့် မျက်နှာညှိုးညှိုးငယ်ငယ်နှင့် ကြည့်နေသည်။ စကားလည်း တစ်ခွန်းမှ မပြော။

နိုးလာသည်နှင့် သွေးဆုံးဖြတ်ချက် မှန်ကန်သည်ဟု ယုံကြည်မိသည်။

ဝိညာဉ်တွေရဲ့ဘဝကို နားမလည်ပေမယ့် တိုးသည် မကောင်းဆိုးဝါးဘဝမှတော့ လွတ်မြောက်သွားပြီဟု ယုံကြည်ခဲ့သည်။ သို့သော် တိုး၏အစွဲအလန်းသည် မိမိအပေါ်၌ များစွာတည်နေသည်။

မြတ်စွာဘုရားတောင် ဘဝပေါင်းများစွာ ကျင်လည်ရသည်ကို ငါးရာ့ငါးဆယ် နိပါတ်တော်၌ သာဓက ထင်ရှားစွာ ရှိနေလေသည်။

တိုးသည် ထပ်မံ၍ ဘဝသစ် ကျင်လည်ရဦးမည်။

ထို့ကြောင့် တိုးအတွက် နားခိုရာ ရရန် သွေး စွန့်စားတော့မည်။ တိုးကို ချစ်လွန်း၍ လျှို့ဝှက်ဆန်းကြယ်မှုများနှင့် ပြည့်နှက်နေသော ဝိညာဉ်လောကကို စိန်ခေါ်လိုက်သည်။

တိုးအတွက် ဒိုးကို လက်ထပ်လိုက်ခြင်းသည် သွေးအမှား မဟုတ်နိုင်ပါ။

ဒိုးကို ချစ်နိုင်လိမ့်မည်ဟု ယုံကြည်ခြင်းလည်း ပါသည်။

တိုးရေ. . အမျှ. . အမျှ. . အမျှ။ သွေးရဲ့ဝမ်းတွင်းမှာ လာရောက်သန္ဓေတည်လှည့်ပါဟု ဘုရားရှိခိုးတိုင်း အမျှဝေဆုတောင်းလိုက်တော့မည်။

၁၀ ၅၊ ၉၉ ၀၄

☺ အောင်မြင်စာပေ ☺



ထူးဆန်းသည်။ ပိတောက်ပန်းများ ပုံအောနေသည့်ပေါ်၌ ကလေးလေး လက်ကားယား ခြေကားယားနှင့် ဖြစ်ကာ အာခေါင်နီလေး ခြစ်ခြစ်အော်နေသည်။ ကလေးတစ်ကိုယ်လုံးမှာ ရဲတွတ်နေအောင်ရှိသည်။ ယောက်ျားကလေးဖြစ်သည်။ သွေးက ကလေးကို ပွေ့ချီရန် ပီတိလွှမ်းသောမျက်နှာဖြင့် လှမ်းသွားသည်။

ထိုစဉ် အိပ်ရာမှ နိုးလာသည်။

ဒိုးအား ပြောပြကောင်းနိုး မကောင်းနိုး စဉ်းစားလိုက်သည်။ မပြောတော့ပါဘူး၊ ဒိုးက အယုံအကြည် မရှိလျှင် ခက်မည်။ ကိုယ်လက်မအီမသာ ဖြစ်လာသည်။ အိုဂျီထ ပြချင်သည်ဟုသာ ပြောပြီး ဒိုးကို ပို့ခိုင်းလိုက်သည်။

အိုဂျီစမ်းသပ်ပြီးတော့ ဝမ်းသာစရာ အဖြေစကား ကြားခဲ့ရသည်။ ဒိုးမှာ ဝမ်းသာလွန်း၍ အိမ်အပြန် ကားပေါ်မှ ပွေ့ချီကာ အမေ့ထံသို့ ဝမ်းသာအားရ ခေါ်သွားကာ သတင်းပေးခဲ့သည်။

"ဝမ်းသာလိုက်တာ ဒိုးရယ်၊ သွေးတို့သားအမိအပေါ် ဘယ်သောအခါမှ မငြိုးမငြင်နဲ့ ထာဝရ ချစ်သွားနိုင်ရမယ် သိပ်ကောင်းမှာပဲနော်"

☺ အောင်မြင်စာပေ ☺

www.burmeseclassic.com

www.burmeseclassic.com

ဒိုးကို လက်ထပ်ဖို့ ခါးခါးသီးသီး ငြင်းဆန်ခဲ့ပြီးမှ တိုးယ မကျွတ်လွတ်ဘူးဆိုတာ သိလိုက်တာနဲ့ စိတ်ကူးတစ်မျိုး ချက်ချ ပေါ်လာခဲ့သည်နှင့်အညီ ဒိုးအား လက်ထပ်ရန် ဆုံးဖြတ်လိုက်သည်

ဒိုး သံသယ ရှိများရှိနေမလားဟု တွေးခဲ့မိသော်လည် မိန်းမသားတွေရဲ့အယူသီးမှုကို ဒိုး နားလည်သိရှိမှာ မဟုတ်ဘ ထင်ပါသည်။ သွေးတိုးစမ်းသည့်အနေဖြင့် မေးကြည့်မိသေးသည်

"ဒိုးရေ. . . လူသေရင် လူဖြစ်နိုင်သေးသလား"

"ဖြစ်ချင်မှ ဖြစ်မယ်၊ သူ့ရဲ့အကုသိုလ်ကံ အနည်းအမျာ ပေါ် မူတည်ပြီး နတ်၊ လူ၊ ပြိတ္တာ၊ ရက္ခစိုး၊ နာနာဘာဝ၊ ငရဲ ပြိတ္တာ၊ အသူရကာယ် စသည်ဖြင့် အမျိုးမျိုး ဖြစ်သွားနိုင်တယ် ဘာဖြစ်လို့ မေးတာလဲ"

"သိချင်လို့ပါ. . . လူသေရင် လူဖြစ်တယ်ဆိုတဲ့ ကျင် မြောင်းတဲ့ ဝါဒအစွဲရှိသူတွေက ရှိတယ်နော်"

"ဒါပေါ့. . . အယူဝါဒဆိုတာ အမျိုးမျိုး ဖြစ်ပေါ်တတ်တာ ပဲ၊ ဒိုးကတော့ ဒိုးတို့ ဗုဒ္ဓရှင်တော် ဟောကြားတဲ့ တရားဟော ကျမ်းဂန်တွေကလွဲရင် ဘာမှ အယုံအကြည် မရှိပါဘူး"

ထိုသို့ ဒိုးက ပြောလေ၊ ဒိုးကို အိပ်မက်အကြောင်း ပြော မထွက်လေ ဖြစ်ခဲ့ရသည်။ ဒါပေမယ့် သွေးရင်ထဲမှာ တိုးရောက်နေ ပြီလို့ အလိုအလျောက် ခံယူမိတယ် ဒိုး။

ဟုတ်မှာပါ. . . သွေး စွဲလန်းလို့ ထင်ယောင်ထင်မှား ဖြစ် တာ မဟုတ်ပါဘူး၊ တကယ်ပါ၊ တိုးဟာ အခွင့်သာရင် သွေးဆီက လွဲပြီး ဘယ်ကိုမှ သွားမယ်မထင်ဘူး။







## အခန်း(၃၂)

မြတ်လေးနွယ် ဘောပင်လေးကို ကောက်ကိုင်လိုက်သည်။ ရင်တွင်း၌ ဖြစ်ပေါ်နေသော ခံစားမှုကြောင့် မျက်နှာ၌ ပြုံးရောင် သမ်းသည်ကို စားပွဲတင်မှန်၌ ပေါ်လာသော မိမိရုပ်သွင်ကို မြင်ရ ခြင်းဖြင့် သိလိုက်သည်။

ဒိုးထံမှ ဖုန်းလာပြီးနောက် ဝေမာ ရင်သွေးနှင့် ပတ်သက် ၍ သံသယ ကင်းလိုက်ရပြီ။

ဝေမာ့သမီးဟာ တိုး ဝင်စားတာ ဘယ်နည်းနှင့်မှ မဖြစ် နိုင်ပါဘူး။


www.burmeseclassic.com

www.burmeseclassic.com



ဝင်စားစရာ ရှိလျှင် တိုးသည် သွေးဝမ်း၌သာ ဝင်စားရမည်။

ဒိုးနဲ့ မေမေကတော့ သွေးရဲ့ပျာယာခတ်နေမှုကို ဘာမှ မမေးကြသော်လည်း တိုးကို မျှော်လင့်နေကြမှာပါဟု သွေးယုံကြည်သည်။

ဒိုးရယ်. . . လွမ်းလိုက်တာ. . .။

တိုးတုန်းက သူငယ်ချင်းချစ်နှင့် ချစ်သော ချစ်သူပမာ ချစ်ခဲ့ရခြင်းသာဖြစ်သည်။

ဒိုးနဲ့က သူငယ်ချင်း၊ အားကိုးရသော လင်သားချစ်နဲ့ ဆိုတော့ နှိုင်းစရာ မရှိအောင် ဖြစ်ခဲ့ရပြီ။

တိုးနဲ့က သေကွဲ,ကွဲရ၍ လွမ်းဆွေးရခြင်း ဖြစ်ခဲ့သည်။

ဒိုးနဲ့က နေ့ခင်းခွဲရတာတောင် နာရီပိုကြာသွားလျှင် လွမ်းရသည်။ မျှော်တော်ရောင် မင်းသမီး ဖြစ်ခဲ့ရသည်။

ညရေးညတာ တစ်မြို့တစ်နယ်စီ နေရတော့ တစ်ရက်တာ နှစ်ရက်တာတို့ ခွဲရခြင်းကိုပင် တစ်ကမ္ဘာ၊ နှစ်ကမ္ဘာဟု ထင်မှတ်မှားကာ လွမ်းဆွတ်တမ်းတရပြီ။ တစ်သက်တာသာ ခွဲရလျှင် သွေးတော့ ရင်ကွဲနာကျပြီး သေလိမ့်မယ်ထင်တယ် ဒိုးရယ်။

တိုး လူဝင်စားအဖြစ်နဲ့ ဝင်စားစရာ ရှိရင် သွေးဝမ်း၌သာ ဝင်စားလိုတဲ့ဆန္ဒနဲ့ ဒိုးကို လက်ထပ်ခဲ့သည်။

အချစ်နဲ့ အိမ်ထောင်ရေးကို သုညဘဝက စခဲ့ပေမယ့် မေတ္တာရှိရင်းစွဲ ရှိတဲ့အတွက် ဒိုးကို တစ်သက်မခွဲတမ်း စွဲစွဲမြဲမြဲ ချစ်သွားပြီ ဒိုးရေ။ အမြန်ပြန်လာတော့နော်။

နောက်တစ်ခါ ဒိုး ဒီမြို့ကလွဲပြီး ဘယ်ကိုမှ မသွားနဲ့တော့၊ သွားရင် သွေးလိုက်မယ်၊ ကျောင်းပိတ်ရက်တွေသွား၊ အဲ. . . နောက်ဆိုရင် သွေးတို့သားအမိ လိုက်ရမှာပေါ့နော်၊ အဲဒီအခါသာ





ဒိုးက ဒီသားအမိ ရှုပ်လိုက်တာလို့ မပြောနဲ့။

ဪ. . . ဒိုး သွေးသားလေး မွေးခဲ့လို့ရှိရင်. . .

ဒိုးတို့လို စနေမှာ မွေးရင် တိုးနာမည် ထည့်မှည့်မယ်နော်။

ပိတောက်တွေ ပွင့်ပါစေလို့လဲ ဆုတောင်းနေတယ်၊ ဒိုး ကျေနပ်ရဲ့လားဟင်။

ကျေနပ်မှာပါနော်။

ဒါမှ ဒိုးနဲ့ သွေးရဲ့သားလေးဟာ သူ့ဦးလေး ဝင်စားတာလို့ ပြောလို့ရမှာ၊ ဘဲဥကြက်ဥ မကျွေးနဲ့၊ ဒါမှ ဒိုးကို. . .

“ဖေဖေ ဒိုးဆလံ” လို့ စကားပြောတတ်ရင် ခေါ်မှာပေါ့၊ ဟုတ်လား ဒိုး။

တော်ပြီ. . . အိပ်တော့မယ် ဒိုးရာ၊ ဒိုးကို လွမ်းလွမ်းနဲ့ ဘာတွေလျှောက်ရေးနေမိမှန်း မသိဘူး။

မြတ်လေးနွယ် ဘောလ်ပင်ကို ချပြီး မိမိရေးထားသော ဒိုင်ယာရီကို ပြန်ဖတ်လိုက်သည်။

ကျေနပ်စွာ ပြုံးပြီး စာအုပ်ကို ပိတ်ကာ စားပွဲအံဆွဲထဲ ပြန်ထည့်လိုက်သည်။ ဒိုးပြန်ရောက်လျှင် ညစဉ်လိုလို ဤစားပွဲ၌ သူ့စာရင်းဇယားတွေကို စစ်ဆေးတွက်လေ့ရှိသည်။ ထိုအခါ မိမိ ဒိုင်ယာရီကို ဖွင့်ဖတ်မိပေလိမ့်မည်။

ဖတ်မိပါက. . .


ဒိုး. . . မိမိအချစ်အပေါ် သံသယ ကင်းစင်နိုင်လိမ့်မည် ဟုလည်း. . .။



www.burmeseclassic.com

www.burmeseclassic.com





## အခန်း(၃၃)

"အား. . . ပိတောက်နံ့ မွှေးလိုက်တာ ဒိုးရာ၊ ပိတောက်တွေ ပွင့်နေလားဟင်"

မြတ်လေးနွယ် အိပ်ယာမှ နိုးနိုးခြင်း သင်းပျံ့လာသော ပိတောက်ရနံ့ကို ရှူရှိုက်ရင်း မျက်လုံးမဖွင့်ဘဲ မေးလိုက်သည်။

နုထွေးညှို့သက်သော ပန်းပွင့်ဖတ် အေးစက်စက်ကလေးများသည် ပါးပြင်သို့ လာထိသည်။

"ဒိုးနော်"

"ကာလနဂါးမလေး ထတော့တဲ့၊ ပိတောက်ပန်းတွေကနိုးနေတယ်"

☺ အောင်မြင်စာပေ ☺



"အင်း. . ."

မြတ်လေးနွယ် မျက်လုံးဖွင့်လိုက်သည်။ နေခြည်နုနုလေးအောက်၌ ပိတောက်ပန်း တစ်ပွေ့တစ်ပိုက်ကြီးနှင့် ဒိုးကို တွေ့လိုက်ရသည်။

မြတင်းပေါက် လိုက်ကာအလွှင့်၌ ပိတောက်ပင်ကြီးက ရွှေဝါရောင် ပန်းတဘက်ကို ခြုံလွှမ်းလျက် မိမိအား ဆီးကြိုနှုတ်ဆက်လေသည်။

"ပိတောက်က ဇူလိုင်လဆန်းလဲ ပွင့်တာပဲလား"

"ပွင့်တာပေါ့. . . မိုးရတာကိုး"

"ဟင်. . . သကြံန်မိုး ရမှ ပွင့်ရမှာကိုများ၊ သူ့ရာသီလဲ မဟုတ်ဘဲနဲ့"

"သူ့ရာသီက ဘယ်ရာသီမို့လို့လဲ"

"တန်ခူးပေါ့"

"ဟုတ်လိမ့်မယ် ကျောင်းအစ်မရဲ့၊ ယောမင်းကြီး ဦးဘိုးလှိုင် ရေးတဲ့ ဥတုဘောဇန သင်္ဂဟ ကျမ်းမှာတော့ တော်သလင်းသီတင်းကျွတ်လမှာသာ ပဒုမ္မာကြာ၊ ခေါင်ရန်း၊ ပိတောက်၊ ရင်းမာသောပန်းတို့သည် ပွင့်ကုန်၏တဲ့ဗျ၊ ဒါကြောင့် အခါမဟုတ်ဘဲ ပွင့်တဲ့ပိတောက်ကို ကျောင်းအစ်မရေ ဘုရားကပ်ပြီး ဝအောင် န်လိုက်. . . ဟုတ်လား"

"အင်း. . . ထူလေ၊ ပိတောက်ကိုပဲ ပိုက်လို့ နာလိုဘူးနော်၊ ဒီပိတောက်တွေကို ခြွေပစ်လိုက်မယ်"

"မလုပ်ပါနဲ့ ကျောင်းအစ်မရယ်၊ ကျောင်းအစ်မအတွက် တောကြီး ဝီရိယကောင်းစွာနဲ့ ကိုယ်တိုင်ခူးထားတာပါ"

ဒိုးက ပိတောက်ပန်းများကို မှန်တင်ခုံပေါ် လှမ်းတင်လိုက် သက်ဆန့်တန်းကာ ကမ်းလင့်နေသော မြတ်လေးနွယ်ကို အသာ

☺ အောင်မြင်စာပေ ☺

www.burmeseclassic.com

www.burmeseclassic.com



ဆွဲယူ ပွေ့ထူလိုက်သည်။

"အား. . . ခါးနာလိုက်တာ ဒိုးရာ၊ တစ်မျိုးကြီးပဲ"

မြတ်လေးနွယ်၏မျက်နှာလေး ရှုံ့မဲ့သွားသည်။ ဒိုး ပျာလောင်ခတ်ရပြီ။

"ဟင်. . . ဟုတ်လား၊ မေမေရေ. . . မေမေ"

မြတ်လေးနွယ်ကိုလည်း မနိုင်မနင်း ပွေ့ချီထားလျက်မှလည်း အိပ်ခန်းထဲမှ လှမ်းထွက်ခဲ့သည်။

"ဘာလဲ သား. . . အလန့်တကြား"

"သွေး ခါးနာလို့တဲ့"

"မွေးချင်ပြီ ထင်တယ်. . . ဖုန်းဆက်လိုက်တော့လေ၊ ဒေါက်တာကို ပြောပြလိုက်၊ ဆေးရုံတင်တော့ဆိုရင်လဲ တင်ရအောင်"

"မေမေပဲ ဆက်လိုက်ပါ"

"ရသေးတယ် ထင်တယ်၊ ချစ်မဲ့ပါ ဒိုးရယ်၊ လမ်းလျှောက်ရအောင်၊ ပိတောက်ပင်အောက် တွဲခေါ်နော်"

"သွေးကလဲကွာ"

"မွေးရလွယ်အောင်ပါ"

"အင်း. . . အင်း. . . သွေးသဘောပဲ"

မြတ်လေးနွယ်ကို အသာချပေးလိုက်သည်။

မြတ်လေးနွယ်က ပြက္ခဒိန်ကို မော့ကြည့်လိုက်သည်။

မျက်နှာလည်း ဝင်းထိန်သွားသည်။

"ဒီနေ့ စနေနေ့ပါလား ဒိုးရဲ့"

"သွေးရယ်"

ဒိုးက မြတ်လေးနွယ်၏ပခုံးလေးကို သိုင်းဖက်ကာ ကရုဏာ မျက်ဝန်းလေးဖြင့် ကြင်နာစွာ စိုက်ကြည့်လိုက်သည်။





"ခေါ်ခဲ့တော့တဲ့ သားရေ၊ သားတို့ သွားနှင့်၊ မေမေ ပစ္စည်းတွေ ထည့်ပြီး လိုက်ခဲ့မယ်၊ ဩော်. . . သားက ကားမမောင်းနဲ့၊ ဒရိုင်ဘာ မောင်းခိုင်း၊ ဒေါ်လေးကိုလဲ ခေါ်သွား"

"ဟုတ်ကဲ့ မေမေ"

သားအမိ နှစ်ယောက်စလုံး ပျာလောင်ခတ်သွားသည်။

မြတ်လေးနွယ်ကတော့ ခါးကို နှိပ်ကာ ကျွတ်ကျွတ် စုတ်သပ်ရင်းမှ. . .

"ပိတောက်ပန်းတွေပါ ယူခဲ့နော် ဒိုး"


ဟု လှမ်းပြောလိုက်သေးသည်။



www.burmeseclassic.com

www.burmeseclassic.com





## အခန်း(၃၄)

နောက် ငါးရက်အကြာတွင် လုပ်သားပြည်သူ့နေ့စဉ်နှင့် ကြေးမုံသတင်းစာတို့၌ မင်္ဂလာသတင်းတစ်ပုဒ် ပါလာလေသည်။

မင်္ဂလာသတင်း

ဖေဖေဦးနိုး(ဘောဂဗေဒလယ်သစ်စက်)မေမေဒေါ်မြတ်လေးနှင့်(အကိုစ်အောင် အ.ထ.က(...)မော်လမြိုင်)တို့မှ(၆.၆.၉၂)၊စနေနေ့နံနက်(၉)နာရီ(၃၆)မိနစ်တွင် သားဦးရတနာ 'တိုးတက်ထွန်း' ကိုကျန်းမာစွာဖွားမြင်ပါကြောင်းနှင့်သားသားလေး အသက်(၁၂၀)တိုင်ပါစေသော်...။

. . . . . . . . . . ဟူ၍ ဖြစ်ပါသည်။

**မြပုလဲခင်**

☺ အောင်မြင်စာပေ ☺

www.burmeseclassic.com